www.burmeseclassic.com

မောင်ညိုမှိုင်း(သန်လျင်)

# အတိုင်းမသိ ကျက်သရေမင်္ဂလာရှိပါဘိတယ်ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## မှတ်တမ်း

| ထုတ်ဝေသည့်ကာလ | ထုတ်ဝေသူ |
|---|---|
| ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ | စိတ်ကူးသစ်စာပေ<br>ဦးတင်ထွန်း(၀၀၄၃၅) |
| မျက်နှာဖုံး<br>*Han Ni Aung* | ရုံး• အမှတ်-၁၄၉၊ ပထမထပ်(ယာ)<br>ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| စာစီစာရိုက် / အပြင်အဆင်<br>မော်မော်*(New Idea)* | အမှတ်-၂၅၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၃၉၁၃၂၂၊ ၀၉၅၁၃၉၂၆၄ |
| ဖလင်<br>*Eagle* | |
| ပုံနှိပ်တိုက်<br>*New Day Printing* | အုပ်ရေ - ၅၀၀ အုပ် |
| ဦးလှမျိုးပိုင်(၀၁၄၀၄) | တန်ဖိုး - ၂၅၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

"ကိန္နရာချောင်းခြား ပတ်ပျိုး"

ငယ်တိုးအတွင်းဝန် (ရေး)

သဖြန်
ပုလဲသီ၊
တစ်ကွဲစီ ဘယ်ကံဖန်လို့၊
ကြုံရဟန်ထူး။
သွင်းလေဆောင်၊
စုံကျေး သည်မြိုင်ချောင်က၊
နီးလွယ်အောင် ကြံတော်မူကြပ်၊
လေးပါး နတ်မျိုး။ ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူရဲ့အမှာ

ကျွန်တော်ရဲ့ ကျေးဇူးရှင်ဆရာကြီးသည် ဆရာကြီး ဦးတင်မောင်(ဝင်း)ဖြစ်သည်။ ဆရာကြီးသည် ကုက္ကုဋ္ဌာသယမဟိဒ္ဓစေတိယ်တော်ကြီးရဲ့ ပွဲကိုင်အရှင် ဘိုးတော်ပွင့်၏ ပညာစဉ် တပည့်တစ်ဦးဖြစ်သည်။

ကျွန်တော်တို့ တပည့်၊ သား၊ မြေးများက အဖေဆရာကြီးဟု ခေါ်ကြသည်။ အဖေဆရာကြီးဦးတင်မောင်(ဝင်း)က ကုက္ကုဋ္ဌာသယမဟိဒ္ဓိ စေတိယ်အရှင် ဘိုးတော်ပွင့်ရဲ့ ပညာစခန်းအကြောင်းကို မကြာခဏပြောပြသည်။

ဘိုးတော်ပွင့်၏ ဆရာသခင်များဖြစ်ကြသော ဘိုးတော်အေး၊ ဘိုးတော်ပြူးတို့၏ သိဒ္ဓိ၊ မဟိဒ္ဓိပညာစခန်းအကြောင်းများကိုလည်း ပြောပြလေ့ရှိသည်။ ထို့အတူ ပထမံ ဘိုးဘိုးအောင်၊ ရက်ကန်းစင်တောင်ဆရာတော်၊ ဘားမဲ့ဆရာတော်၊ အဘ ရာကျော်ဆရာတော်၊ ရှင်အဇ္ဇဂေါဏ တို့အကြောင်းများ ...။

ဝိဇ္ဇာမိုရ်အောင်မင်းခေါင်၊ အဖေနွဲ့၊ အဖေလူ၊ အဖေရှင်စသည့် ပုဂ္ဂိုလ်ထူးများအကြောင်း ဝိဇ္ဇာကြီးများ၊ ဝိဇ္ဇာမိုရ်ကြီးများ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများရဲ့ဘဝနှင့် ကြီးစားအားထုတ်မှု၊ သာသနာပြုများ၊ သတ္တဝါအကျိုး ဆောင်ရွက်ခဲ့ပုံများအကြောင်းတို့ကို စိတ်ဝင်စားဖွယ်ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ပုဂ္ဂိုလ်ထူးများ၊ ဝိဇ္ဇာကြီးများ၊ သိဒ္ဓိမဟိဒ္ဓိ ပုဂ္ဂိုလ်ကြီးများအကြောင်း ကို လပြည့်နေ့ ဆေးပေါက်ပွဲ၊ ပညာအဆင့်တက်ပွဲသို့ ကြွရောက်လာကြသည့် ရဟန်း ပညာရှင်၊ ဆရာ့ဆရာကြီးများက ဆွေးနွေးပြောဆိုကြသည်ကို ကျွန်တော် မကြာခဏ ကြားနာရ၏။ စိတ်ထဲမှာလည်း စွဲထင်နေ၏။

ဘိုးတော်ပွင့်သည် ရောဂါဝေဒနာကို ရေစင်ရေမန်းနှင့် ကုပေး၏။ အခြား ဆေးဝါးကို သုံးစွဲခြင်းမပြု။ သစ္စာပြု၍တိုက်သော ရေစင်သည် မြွေဆိပ်ကိုပင် ပြယ် စေသည်။

ကျွန်တော်သည် အဖေဆရာကြီး ဦးတင်မောင်(ဝင်း)နှင့် ကျေးလက်တောရွာ၊ မြို့များပါ ဆေးကုအဖော်လိုက်သွားခဲ့သည်။ ရေစင် ရေမန်းနှင့် ပယောဂပါမကျန် ပျောက်ကင်းချမ်းသာအောင် ကုပေးခဲ့သည်ကို မြင်ခဲ့ရသည်။

ရေစင်နှင့် မြွေပွေးကိုက်ခံရသည့် ဆေးရုံပြောင်းကုရတော့မည့် လူနာကို ဆေးရုံမရောက်စေပဲ အသက်ရှင်အောင်ကုခဲ့၏။

ပညာသည် စန်းကဝေကို သူပြုစားခဲ့သည့်လူနာအား ၎င်းပညာသည် ကိုယ် တိုင် ပြုစားချက်ပြန်နှုတ်စေအောင် ပြုခဲ့သည်။

နင်တို့ပြုစားထားတာ နင်တို့ကုန်စင်ရှင်းလင်းအောင် လုပ်ကြ၊ သမီးတို့ဟာ နောက်ပြောင်ရယ်မော ပြောခဲ့သည်။

ပညာသည်အိမ်က တည်ခင်းကျွေးမွေးသော ဟင်းပွဲစုံ ထမင်းဝိုင်းမှာ အဖေ ဆရာကြီးနဲ့ တပည့်ကျွန်တော် ထမင်းစားခဲ့သည်၊ အဖေဆရာကြီး ကြိုပြောထားသည့် အတိုင်း သူနှိုက်စားတဲ့ဟင်းခွက်ကိုပဲ ကျွန်တော်လည်း ခပ်စားခဲ့သည်။ အိမ်ရှင် ပညာသည်က ကြက်သား၊ အမဲသား၊ ပုဇွန်ထုပ်ဟင်းများ စားပါဆရာကြီးဟု ဆိုတော့ နင်တို့မိသားစုပဲ အားရပါးရစားကြဟု ပြောပြီး ရယ်လေရာ ပညာသည်မိသားစု မျက်စိ မျက်နှာ ပျက်တော့၏။

ကျွန်တော်သည် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် လောကီပညာရပ်များကို စိတ်ဝင် စားသည်။ စွန့်စွန့်စားစား လေ့လေ့လာလာလည်း ပြုခဲ့သည်။ ဒီလိုနှင့် အောက်လမ်း ဆရာများ၊ ခုလတ်ပညာသည်များ၊ အထက်ဂိုဏ်းဆရာများနှင့်လည်း ကြုံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပညာရှင် ကုလားအောက်လမ်းဆရာ၊ ဘိုးတော်အတု၊ နတ်ကတော်၊ မျက်လှည့်ပြ၊ လူဆိုး၊ ခါးပိုက်နှိုက်၊ လူလိမ်ပွဲစား၊ သိဒ္ဓိဝင်ပစ္စည်း ရောင်းသူများ၊ ဂျိုးအမ ...။ မီးကူး၊ မကူးစမ်းသူများနှင့်လည်း ကြုံတွေ့ရင်းနှီး သိချင်တာ မေးမြန်းခဲ့၏။

အင်း ပညာရှင် ရဟန်းနှင့်လည်း ကြုံဖူးသည်။

အဂ္ဂိရတ်သမားတွေနှင့်လည်း ယနေ့တိုင်ရင်းနှီးပြီး သိချင်တာကိုလေ့လာသည်။ ကျွန်တော့်အဘိုးကား သေသည့်တိုင် အဂ္ဂိရတ်ဖိုထဲမှ မထ။ ရေခွက်ထဲ ဓာတ်လုံးမျောကာနဲ့ ဝုန်းကနဲ မီးထ,တောက်တာ မြင်ဖူးသည်။

လက်သန်းဖျားခန့် ဓာတ်လုံး၊ ယောက်ျားဆယ်ယောက် မ,ရွှေ့မရဖြစ်တာလည်း၊ ကိုယ်တိုင်မြင်ဖူးသည်။

ပြီး ... ပါးစပ်ထဲ တံတွေးထွေး,ထွေးထည့်ပြီး ပယောဂကု၊ ပညာပေးတဲ့ ကဝေမယ်တော်ကြီးနှင့်လည်း ကျွန်တော်တို့ အမေ၊ အဖေနှင့် ကြုံခဲ့ ကုခံခဲ့ရဖူးသည်။

ကျွန်တော်က ပြဇာတ်ကရတာ ဝါသနာကြီးသည်။ ကျွန်တော်တို့အရပ်မှာ ပြဇာတ်တွေအပြိုင်ကတော့ ပညာသည်နှင့် 'တိုက်'၍ ပွဲကမရ ရန်ဖြစ်၊ မီးပျက်ဖြစ်ရတာလည်း ကြုံခဲ့ဖူးသည်။

ပညာသည်ဖော်ထုတ်ပွဲလည်း မြင်ဖူးသည်။

ပြောရလျှင် ... ကျွန်တော် တွေ့ကြုံ၊ ရင်းနှီး၊ လေ့လာ၊ ပညာယူ၊ အောင်မြင်၊ ရှုံးနိမ့်၊ ပြေး ဖြစ်ခဲ့ရသည့် အတွေ့အကြုံတွေကို အရင်းပြု၍ စာရေးချင်လာသည်။ ထူးဆန်းသော၊ ထူးခြားသော၊ လူ၊ ပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ သတ္တဝါ၊ ရုပ်ဝတ္ထုပစ္စည်းတွေ၊ ပညာရပ်များအကြောင်း ဝတ္ထုရေးတော့သည်။

အချို့ အသက်ကြီးရင့်၍ ကွယ်လွန်ကုန်ကြပြီ။

သူတို့ အတွေ့အကြုံ၊ သူတို့အောင်မြင်မှု၊ အကျိုးပြုမှု၊ သူတို့ကျရှုံးမှု၊ သေမပြေး ပြေးခဲ့ရပုံများ၊ အသက်လု ကုခဲ့ရသည်များ၊ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များအကြောင်းကို နေ့စဉ် ညစဉ် ကျွန်တော့်ကိုပြောပြသောအခါ၊ ကြားနာရသောအခါ ကိုယ်တွေ့များနှင့်ယှဉ်တွဲ၍ သူတို့ရဲ့ ဖြစ်ရပ်ဆန်းကြယ်အကြောင်းများကို ပုံများကို၊ ဝတ္ထုရှည် စီစဉ်ရေးသားလိုက်ရပါသည်။

ဆရာသခင်တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းကိုးစာအုပ်များ

– ပါဒနိုင်ငံတော်ရာဇဝင် (ပြည်ငယ်သာ ဦးထွန်းရီ)
– မဟာဂီတ (နိုင်ငံတော်မှ)
– လယ်တီဆရာတော်ဘုရား၏ ဘာသာရေးပုစ္ဆာ အမေး၊ အဖြေ။
– မဟာသရဖူပဉ္စမကိုးစောင်တွဲကျမ်း။
– ဝိဇ္ဇာမယ သိဒ္ဓိဆေးကျမ်း။
– လက်တွေ့ ပယောဂ အင်းကျမ်း (အရှင်ရေဝတ)
– ပထမံဘိုးဘိုးအောင် အထုပ္ပတ္တိ
– ဆရာတော် ဦးသီလ
– ဝိဇ္ဇာမိုရ်အောင်မင်းခေါင်
– ဗုဒ္ဓဘာသာဝင်များနှင့် နတ်ကိုးကွယ်မှုပြဿနာ (ဦးလှသိမ်းထွန်း)
– သာသနာပြု မဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ (ကျော်စံလင်း)
– မြန်မာနိုင်ငံမှ ရဟန္တာ ပုဂ္ဂိုလ်ထူးများ (မောင်ပန်းမွှေး)
– ပထမံထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ (ဦးသန့်–လာဘ်မိုးရွှေ)

ဘုန်းရောင်ဂျာနယ်၊ ဂမ္ဘီရမဂ္ဂဇင်း၊ သူရဂ္ဂမဂ္ဂဇင်း၊ ရောင်ပြန်မဂ္ဂဇင်း၊ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း အစရှိသော မဂ္ဂဇင်း၊ ဂျာနယ်များမှာပါဝင်သည့် စာပေပညာရှင်များ၊ စာရေးဆရာများ၊ သုတေသီများပြုစုရေးသားသည့် ဆောင်းပါးများ၊ စာပေစာအုပ်များကို ဖတ်ရှုလေ့လာ ကိုးကားပါသည်။ ဆရာတို့အား လေးစားစွာဦးတော်တင်ပါသည်။

"လူပုဂ္ဂိုလ်ကြီးများ အနေဖြင့်"

ဆရာတော် အရှင်အာစာရ၊ ဆရာကြီးဦးတင်မောင် (ဝင်း)၊ ဆရာကြီး မင်းသိဒ္ဓိခေါင်၊ အင်းဝိဇ္ဇာအဖေကြီး ဦးဘိုးအုန်း၊ ဆရာဦးမြင့်စိုး (သန်လျင်)၊ ဆရာဦးစိုးမြင့် (ကွယ်လွန်)၊ ဗူးဘုရားကျောင်းတိုက် ဆရာတော် အရှင်ဝေပုလ္လ၊ စာရေးဆရာ အဂ္ဂိရတ်ပညာရှင် ဆရာမင်းကြည်လှိုင်၊ မယ်တော်ကြီးအမေဖံ ... အစရှိသော၊ စာပေပညာရှင်များ၊ ပညာစဉ်ဆရာများ၊ လောကီဝိဇ္ဇာလိုင်းမှ ဆရာရှင်များ၊ ပုဂ္ဂိုလ်အပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ရပါသည်။



မောင်ညီမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

# ၁

"ဟော့ ... ငမှိုင်းရှိလားကွ"

"ဟော့ ... ငမှိုင်းရှိလား"

အိမ်ရှေ့ကခေါ်နေတဲ့ အသံဗျ။ ငမှိုင်းရှိလားတဲ့။ ခေါ်သံကြားရချိန်တုန်းက ကျွန်တော်တို့မိသားစု ထမင်းစားနေတဲ့အချိန်။

"ဟော့ ... ငမှိုင်းရှိလားလို့ မေးနေတာ မကြားကြဘူးလား"

အသံကတော့ ခပ်မာမာပဲ ...။

"သမီး နင့်အဖိုးလားမသိဘူး သွားကြည့်လိုက်စမ်း"

သမီးအကြီးမ လက်ဆေးပြီး အိမ်ရှေ့ကိုထွက်သွားပြီးကြည့်တယ်။ တစ်မိနစ်မကြာဘူး။ အကြီးမ ထမင်းဝိုင်း ပြန်ရောက်လာတယ်။

"နင့်အဖိုး မဟုတ်ဘူးလား"

"မဟုတ်ဘူး အဖေ"

"ဒါဖြင့် ... ဘယ်သူတုံး"

"အရူး ... အရူး"



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးလား ...အရှုံးက ငါ့နာမည်သိနေပါလား"

"ဦးလေးအေးကြူတို့၊ ဦးဝင်းရှောင်ကြီးတို့ ချွန်တွန်းတွေ သင်ပေးလို့ ရောက်လာတာနေမှာပေါ့ အဖေရဲ့"

"အေး ...ဟုတ်ချင်ဟုတ်မယ်။ အေးကြူနဲ့ ဝင်းရှောင်ကြီးက လူနောက် လူပြောင်၊ လူချွန်တွေရယ်။ အပေါင်းအသင်းမှန်သမျှကို အကုန်ဒုက္ခပေးတဲ့လူတွေ။ ကိုင်း ...ထမင်းသာစားကြ ..."

"ဟုတ် ..."

ဒါနဲ့ ကျွန်တော်တို့မိသားစု ပြန်ထမင်းစားနေတုန်းမှာပဲ ...။

"ဟေ့ ...ငမှိုင်း။ မင်းက ငါ့တောင် ထွက်မတွေ့ဘူးပေါ့ ဟုတ်လား ဟေ့ ...ဟေ့ ...ဟေ့ ...ဟေ့"

"အဟွတ် ...အဟွတ် ...အဟွတ်"

အိမ်ရှေ့က ခေါ်နေတဲ့အသံကို အာရုံပြုလိုက်လို့ထင်ရဲ့။ စားနေတဲ့ငါး ဟင်းက အရိုးစူးပါရော။

"အှေ့ ...အဟွတ်"

"အဖေ ...အဖေ ...ဘာဖြစ်လို့လဲ ဟင် ဟင်"

"အရိုး ...အရိုး ...လည်ချောင်းထဲမှာ စူး ...စူး ...အဟွတ်"

"ဟောတော့ ...အဖေရေ ရေသောက်လိုက် ..."

အကြီးမ ...သောက်ရေသွားခပ်နေတုန်းမှာပဲ အိမ်ရှေ့ခြံဝက စောစောက အရှုံးလိုလိုလူရဲ့ အော်ပြောသံကို ကြားရပြန်ပါရော။

"ဟေ့ကောင် ငါးရိုးစူးနေပြီမဟုတ်လား"

"လူမိုက်ကောင်ရ၊ နွားလိုကောင်ရ ...။ ငါးကြင်းရိုးက ခရင်းခွလိုကွ။ အရိုးက မြိုးထဲဝင်တဲ့ငါးလို ပြန်ထွက်မရတော့ဘူး မဟုတ်လား"

"ဟေ့ကောင်၊ ပျောက်ချင်ရင် သောက်မြင်ကပ်အောင် မလုပ်နဲ့။ အိမ် ရှေ့ထွက်ခဲ့ကွ။ ငမိုက်သားရ"

လည်ချောင်းထဲ အရိုးစူးငြိနေလို့ မြိုမရ၊ စားမရ စိတ်ညစ်နေတုန်း၊ အိမ် ရှေ့ခြံဝရောက်နေတဲ့(သမီးအကြီး အပြောအရ) အရှုံးဆိုတဲ့လူကြီးရဲ့ ငှက်ဆိုးထိုး သံလို အသံကြီးကို ထပ်ကြားပြန်ပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတာက ...

ဒီ ... သောက်ရှူးက ကျွန်တော့်လည်ပင်း အရိုးစူးငြိနေတာ ဘယ်လိုလုပ် သိတာတုံး။ ကလေး,လေးယောက်လည်း ထမင်းဝိုင်းမှာ ရှိနေတာရယ်။ ပြီး ... စူး နင်တဲ့အရိုးကို ငါးကြင်းရိုးခက်ရင်းခွလို့ အော်ပြောလိုက်တာလည်း ကွက်တိမှန် မနေတယ်။

ကျွန်တော်တို့မိသားစု စားနေတဲ့ဟင်းက ငါးကြင်းဆီပြန်။

အတော်အတန်တော့ ထူးဆန်းနေပြီ။

အိမ်ရှေ့ကအရူးရဲ့ ရမ်းတုတ်အပြော မှန်နေတာကြောင့် ကလေးတွေ လည်း အံ့သြနေကြရဲ့။

"အဟုတ် ... အေ့ ... ဝေါ့"

"အဖေ ... အဖေ ... သူ သူသိနေတယ်နော်"

"အေး ... အေး ... ဟူး"

"ပျောက်ချင်ရင် ထွက်ခဲ့တဲ့။ ပြောနေတယ် အဖေ"

"အဖေ ခဏထွက်ကြည့်လိုက်မယ်"

ကျွန်တော် အိမ်ရှေ့ကို ထွက်ခဲ့လိုက်တယ်။ တွေ့ပါပြီဗျာ ... အရူးမှ များစွာ။ မိုးကြိုးပစ် အရူးအစစ်ပါဗျာ။ ဆံပင်အရှည်ကို နောက်ကျောဖြန့်ချထား ရဲ့။ အလို ... အရူးကြီးရဲ့ဆံပင်က အနက်ရောင်မဟုတ်ဘူးဗျ။

အဖြူရောင်။

တစ်ခေါင်းလုံး တစ်အုံလုံး ဖွေးဖြူနေတဲ့ ကြာဆံရောင်။

ကြည့်စမ်း ...

နားမှာပန်ထားတာက နားတောင်းတစ်ဖက် နားကွင်းတစ်ဖက်။

ညာဘက်နားပေါက်မှာ ပန်ထားတဲ့ နားတောင်းက ရွှေတော့မဖြစ်နိုင် ကြေးနားတောင်းကြီး။ နားတောင်းကျောက်ကတော့ နေရောင်နဲ့ထိလိုက်တိုင်း မျောင်တွေဖြာလို့။ စိန်လား၊ ဥဿဖယားလား။ ပယင်းလား။

အလို ...

သူ့တစ်ကိုယ်လုံးမှာ အင်းကွက်တွေ ပြည့်နေတာပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ ချင်းတိုင်းရင်းသူတွေ ပရဲထိုးသလိုပဲ။ လေးထောင့်ထပ်တွန့် အင်းတွေက ပါးနှစ်ဖက်အပြည့်။ နဖူးအပြည့် မေးစေ့အပြည့် ...။

ရင်ဘတ်က အင်းတွေက ...

လေးထောင့်စမအင်းကြီး၊ အင်းလေး ...

စက်ဝိုင်းပုံစံအင်းနဲ့ စက်ဝိုင်းပတ်လည် ဂါထာစာတန်းတွေနဲ့။ သူ့ကျော ကုံးမှာ ကျောလုံးပြည့်ထိုးထားတာက ဘီလူးရုပ်က သန်လျက်နှစ်ခုကို ရင်ဘတ်မှာ ကပ်ပြီး ပခုံးနှစ်ဖက်ပေါ် သန်လျက်အဖျားထောင်ထားတဲ့ ဆေးမင်ကြောင်ထိုးအရုပ် ဗျ။

(နောင်သိရသည်မှာ အာဠာပကမှော်ရုပ်ဟု သိရသည်)

အင်္ကျီလုံးဝမပါဘူး။

ခါးမှာ ကြိုးနဲ့ချည်ဝတ်ထားတာက သက်န်းဟောင်းပဲလား၊ ဖန်တစ်ရာ တေ ပိတ်ဖြူအရောင်ပျောက်ပဲလားမသိ။ ခပ်တိုတိုဝတ်ထားတယ်။ ခြေသလုံးကနေ ခြေဖဝါးအထိလည်း ကြောင်နက်ရုပ်တွေ၊ အိမ်မြှောင်အရုပ်တွေကို ပြည့်လုနီးပါး ထိုးထားတာ တွေ့ရတယ်။

အရှုး ကိုရွှေအင်းက ကျူဘားဆေးပြင်းလိပ်ကဲ့သို့သော ဆေးပြင်းလိပ် ခပ်ရှည်ရှည်ကို ဖွာလိုက်၊ မီးခိုးတွေ မှုတ်လိုက် လုပ်နေရဲ့။

"ငမှိုင်းက မင်းလား"

"ဟုတ်တယ်"

လူက အရိုးစူးနေတော့ ညစ်နေတာပေါ့ဗျာ။ ဒါကြောင့် ဘုတောလိုက် တယ်။ ကြည့်စမ်းပါဦး ... လွယ်ထားတဲ့ လွယ်အိတ်က ကြီးလည်းကြီး ရှည်လည်း ရှည် ...။ လွယ်ထားပုံနှယ် ... လွယ်အိတ်ပန်းပွားက မြေကြီးထိလို့ ...။ အတော့်ကို ဖို့ယို့ဖားလျားနဲ့ ဖြုတ်စဗျင်းတောင်းရုပ်။ ပြီး ... ထူးခြားတဲ့ရုပ်ဗျာ။

"ငါခေါ်နေတာ ကြာပြီကွ ..."

" ....."

"ဘာလို့ မင်းက ချက်ချင်းထွက်မလာတာလဲ"

"တောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လူကြီးသူကြီး၊ ဆရာသမား၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေကို ပမာမခန့်လုပ်၊ ထီမထင်သလို လုပ်လို့ မင်းလည်ပင်းမှာ အရိုးစူးနေတာ။ ပျောက်ချင်လား ဟဲ့ကောင်"

"အင်း ..."

"ပျောက်ချင်ရင်၊ ဆေးရုံမသွားနဲ့၊ ကိုးမုဒ်ရှင်ဘုရားကျောင်းကိုသွား။ အဲဒီမှာ သက်တော်ရှည် ဆရာတော်ဘုရားကြီးရှိတယ်။ ဆရာတော်ကြီးက ရေနစ်လို့လည်း မသေ၊ သူခိုး ဓားပြလည်း လုပ်ကြံလို့မရ၊ မြွေဆိုးတွေတောင် သူ့ကိုမကိုက်ရဲကူးကွ။ သေချင်ရင် စိန်မစားနဲ့ မြနိုင်ဆီသွားတဲ့၊ ပျောက်ချင်ရင် ဘယ်မှမသွားနဲ့ ကိုးမုဒ်ရှင်သွားကွ။ ဟေ့ကောင်ငတုံး ...၊ မင်း ကိုးမုဒ်ရှင်ဆရာတော်ကို မင်းမျှော်မှသေးသေးမထင်နဲ့ ငတုံးရ၊ မင်းနင်တာထက်ကြီးတဲ့အရိုး နင်တာတောင် ဆရာတော်ဘုရားကြီးရဲ့ လက်ဝါးနဲ့ ကျောပုတ်တာနဲ့ အရိုးထွက်ကျလာတယ်။ ကိုယ့်အနားမှာ ဘယ်လိုမဟာဒ္ဓိပုဂ္ဂိုလ်ရှိနေတာ မသိဘူးလား။ အေးပေါ့ကွာ၊ ပြိတ္တာ၊ ဝိဇ္ဇာကိုတော့ မသိဘူးကွ။ လိပ်စာရရင်တော့ လိုချင်တာပဲ။ ကိုင်း ... မင်းအတွက်တော့ ငါလမ်းညွှန်ပြီးပြီ။ ငါ့အတွက် လုပ်ပေးကွ ... ပေး ..."

"ခင်ဗျားက ဘာလိုချင်လို့လဲ"

"ငွေငါးထောင်ပေးစမ်းကွာ ..."

"ဘာဗျ ...။ ငွေငါးထောင် ဟုတ်လား။ ကျုပ်တောင် ငါးထောင်တန် မမြင်သေးဖူးသေးဘူး။ ခင်ဗျားထမင်းစားချင်ရင်တော့ ကျုပ်ကျွေး ..."

"ဒါဆို ... တစ်ထောင်တန်တစ်ရွက် လုပ်ကွာ"

"တစ်ထောင်တန်လည်း မပေးနိုင်ဘူးဗျာ"

"ဒါဆို ... ငါးရာတန်ပေး"

"မရှိဘူးဗျ ... မရှိပါဘူးဆို ..."

"နှစ်ရာတန်ရောကွာ ..."

"တစ်ရာတန်ပဲရှိတယ်။ မယူချင်ရင်တော့ ..."

"နင် ... တယ်အ,တဲ့ကောင်ပဲ။ မင်းက ငါ့ကိုမယုံသလိုလို၊ အထင်သေးသလိုလိုလုပ်တာကိုး။ ဒီမှာဟေ့ကောင် မင်းက ဂမ္ဘီရဝတ္ထုတွေရေးပြီး ...နေကောင်



www.burmeseclassic.com

www.burmeseclassic.com



က မင်းပဲကွ ...။ မင်းက ငွေစက္ကူနှစ်ရာတန်တောင် မယုံတဲ့ကောင်။ ဟော မှာကြည့်ဟေ့ ...''

အရူးအင်းပြည့်ကြီးက ကျွန်တော့်မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုး ပြောပြီး သူလွယ်ထားတဲ့ မြေကြီးထိလုနီးပါး လွယ်အိတ်ကို လက်နဲ့ထိုးနှိုက်လိုက် တယ်။ လက်ကို ပြန်ထုတ်လိုက်တော့ သူ့လက်ထဲမှာ ငွေစက္ကူတွေ လက်တစ်ဆုပ်။

''ကဲ ...ကလေးတို့၊ မြေးတို့ ရတဲ့လူ ယူကြဟေ့ ...ရော့ဟ''

''ရော့ဟ ...''

''ကဲဟ ...''

ဘုရားရေ။ သူ့ငွေစက္ကူတွေကို လမ်းမပေါ်မှာ ကြဲလိုက်တယ်။ နှစ်ရာတန်၊ ငါးရာတန်၊ တစ်ထောင်ကျပ်တန် ငွေစက္ကူတွေ လေထဲမှာ ငှက်အုပ်ထ,ပျံသလို ပျံ သန်း ဝဲလွင့် ကျလာတယ်။

စောစောက ရပ်ကြည့် ဝိုင်းကြည့်နေကြတဲ့ ကလေးတွေဟာ ငွေစက္ကူတွေ ကို ဝမ်းသာအားရ ပြေးလုကောက်ကြပါရောဗျာ။ အရူးအင်းပြည့်ကြီးကလည်း ငွေ စက္ကူတွေကိုနှိုက်နှိုက်ပြီး ဇောတိကသူဌေးအလား တစ်လမ်းလုံးကြဲသွားတော့-

သူ့နောက်မှာ ကလေးရော၊ ခွေးရောသာမက ...

မိန်းမ၊ ယောကျ်ား အရွယ်စုံ ...။

ဆိုက်ကားသမား၊ မြင်းလှည်းသမား၊ ပဲပြုတ်သည်၊ အကြော်သည်၊ ဘုန်း ကြီးကျောင်းသားရော ပြေးလိုက်ကြ၊ လုကောက်ကြ ဘုရားရေ။ ဒီအရူးကျော်ကြော် ကိုရွှေအင်းကြီးက သူဌေးသားလား၊ ငွေထုပ်ကောက်ရလာလို့လား၊ ဒါမှမဟုတ် သူ့ယောက်ခမ သူဌေးက ငွေတွေများလွန်းလို့ မြို့ထဲလိုက်ကြဲပြီးဖြုန်းစမ်း ငါ့သား လို့များ ပြောလို့ ...။

ကျွန်တော်စဉ်းစားရင်း၊ တွေးရင်း လက်ထဲမှာကိုင်ထားတဲ့ ငွေတစ်ရာတန် တစ်ရွက်ကို လက်ထဲမှာ ဆုပ်ချေမိလိုက်တယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# ၂

ခန္ဓာကိုယ်တစ်ကိုယ်လုံး အင်းတွေအပြည့်ထိုးထားတဲ့ အရူးလို လူရဲ့စကား
ထဲမှာ ...

မင်း ဆေးရုံမသွားနဲ့ ...။

အရိုးစူးတာပျောက်ချင်ရင် ကိုးမုဒ်ရှင် သက်တော်ရှည်ဆရာတော်ဘုရား
ထံကို သွားတဲ့ ...။

ဆရာတော်ကြီးက ... ရေနစ်လို့လည်း မသေ။

သူခိုး၊ ဓားပြ လုပ်ကြံလို့လည်း မရ။

မြွေဆိုးတွေတောင် သူ့ကို မကိုက်ရဲဘူးတဲ့ ...။

သေချင်ရင် စိန်မစားနဲ့ မြခိုင်ဆီသွား ...။

ပျောက်ချင်ရင် ဘယ်မှမသွားနဲ့ ကိုးမုဒ်ရှင်သွားတဲ့။

ထူးလိုက်တာ။

ဟုတ်တာပဲဗျာ။ သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက်မှာ 'ကိုးမုဒ်ရှင်ဦး
...ယေစတီ' ဆိုတာ ရှိတယ်။ ကျောင်းတိုက်ကိုတော့ 'အောင်သုခဘုန်းတော်ကြီး
ကျောင်း'လို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်ဆရာတော်ရဲ့ ဘွဲ့အမည်က ...

ဘဒ္ဒန္တ အရှင်အာစာရ ... တဲ့။

သက်တော် (၈၀) ကျော်ခန့်ရှိပေါ့ဗျာ။ မြတ်သော ဓုတင်အကျင့်မြတ် အတော်များများကို ဆောက်တည်တယ်။ ပျို့ရွယ်စဉ် ငယ်ဖြူဘဝကတည်းက ဝါး ကျောင်းကလေးနဲ့ ကျောင်းထိုင်လာခဲ့တာ။ နောင် ... ကုသိုလ်ရှင်တွေရဲ့ စေတနာ ကြောင့် တိုက်ကျောင်းဖြစ်လာခဲ့သည့်တိုင် သစ်သားကျောင်း(တစ်ပါးကျောင်းလေး) မှာ သီတင်းသုံးတယ်။

သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်မို့ ...

သစ္စာတည်ကြည်တဲ့ ရဟန်းမြတ်မို့ ...

ဆရာတော်ကြီးရဲ့ မေတ္တာတန်ခိုးက အလွန်စွမ်းပါတယ်။ သူ သီတင်းသုံး တဲ့ ကျောင်းတိုက်မှာ ဘယ်လိုပဲ ညဘက်သော့ခတ်ထားထား အရုဏ်မတက်ခင် ကိုးမှာ်ရှင်စေတီရင်ပြင်နဲ့ ကျောင်းဝန်းဧရိယာထဲမှာ ကုလားဖိုးသူတော်ကြီးနဲ့ ခေါင်း ပေါင်းပိတ်ဖြူ၊ အင်္ကျီပုဆိုးဝတ် ဘိုးဘိုးကြီးတို့ တံမြက်လှည်းနေတာကို အနီး ဝန်းကျင်ရှိအိမ်တွေက မြင်မိကြတာရှိတယ်။ အဲဒါ မေးကြတာပေါ့ ...။

''ဘုန်းဘုန်းကြီး ... မနက်အစောကြီး တံမြည်လှည်းနေတဲ့ ပိတ်ဖြူ စင်ကြယ်နဲ့ ကုလားအဘိုးကြီးက ဘယ်သူပါလဲဘုရား''

''သိချင်လို့ပါဘုရား''

''ဘာလို့သိချင်တာတုံး''

''ကျောင်းခြံတံခါး သော့ခတ်ထားပါလျက်နဲ့ အထဲ တံမျက်လှဲနေတာ တွေ့နေရလို့ပါ ဘုရား''

''ခေါင်းပေါင်းဖြူပေါင်းထားတဲ့ ဘိုးဘိုးကြီးလည်း လာတယ်ဘုရား''

''စေတီမှာ ပုတီးစိပ်နေတာ မြင်ရပါတယ်ဘုရား''

''ဘယ်က လူကြီးများလဲ ဘုရား''

''နင့်အလုပ်က ဘာတုံး''

''အရုဏ်ဆွမ်းချက်ဖို့ပါ ဘုရား''

''အဲဒီအလုပ်ပေါ်မှာပဲ အာရုံစိုက်၊ သူများကိစ္စ ဝင်မပါနဲ့၊ မေးစရာ ...''

''မှန်ပါ့ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"သူ့အလုပ်သူလုပ်တာ သူ ကုသိုလ်ရတယ်။ နင့်အလုပ် နင်လုပ်တာ ရော ကုသိုလ်မရဘူးလား"

"ရပါတယ် ဘုရား"

"ရတာပဲလုပ်။ မရတာမလုပ်နဲ့ ... သွား"

အချို့ တံမျက်လှဲတဲ့ ကုလားအဘိုးကြီးကို မြင်ချင်လို့ ခပ်စောစော ကြည့်ကြ၊ ချောင်းကြတယ်။ ချောင်းရင် မတွေ့တော့ဘူး။

ဦးကျော်သောင်းတို့၊ ဘကြီး ကိုဘိုးအုန်းတို့၊ ဦးမျိုးညွန့်တို့ကတော့ ကိုယ် တိုင်မြင်ကြတယ်တဲ့။

ကုလားဘိုးတော်ကြီးနဲ့ ရက္ခစိုးကြီးတို့ လာကုသိုလ်လုပ်တာတဲ့။ သူတို့က ကြုံမထား ကိုယ်ထင်ပြတယ်။ ကိုယ်ထင်ပြပြီး ကုသိုလ်အလုပ်ကို လုပ်ကြလေ့ရှိ သတဲ့။

အရိုးစူး အရိုးနင်တာတို့ ...။

စုန်းပူး၊ နတ်ပူး၊ သိုက်ပူးကတော့ ...လာခဲ့။

ရေမန်းတိုက်တာနဲ့ အရိုးပြန်ထွက်တယ်။

စုန်းပူး၊ နတ်ပူး၊ သိုက်ပူးကတော့ ကြိမ်လုံးနဲ့ မရိုက်ဘူး။ မေတ္တာနဲ့ ချော့ မေးတာ။ အကုန်ရင်ဖွင့်ကြတာပဲ။ ပေကပ်ကပ် စွာကျယ်ကျယ်လုပ်မှ ရေမန်းနဲ့ ပက်တာ။

ဆရာတော်ရေမန်း ထိပြီဆိုရင် ...

တီကောင် ဆားထိသလို ထွန့်ထွန့်လူး လိမ့်ရပြီသာမှတ်။

တစ်ကြိမ်မှာ ...

ရန်ကုန်–ပဲခူး မြစ်သုံးဆိုင်မရောက်ခင်မှာ တိုင်းလုံးကျော်သင်္ဘော လေ မတိုက်၊ မိုးမရွာဘဲ ရေနစ်မြုပ်သွားခဲ့တယ်။

ဒီသင်္ဘောက သန်လျင်–ရန်ကုန် နေ့စဉ်ပြေးဆွဲနေတဲ့ ခရီးသည်တင် ရေယာဉ်ပေါ့ဗျာ။ သင်္ဘောနစ်မြုပ်တော့ သေလိုက်တဲ့ ခရီးသည်တွေဆိုတာ ဒလ ကို မောနစ်တုန်းကနဲ့ နင်လားငါလားပဲ။

သန်လျင်နဲ့ ကျောက်တန်းမှာ ရပ်ကွက်တိုင်း အသုဘရှိနေတယ်။ အချို့ အိမ်က လင်မယား၊ အချို့အိမ်က သားအမိ၊ ဒီခရီးစဉ်က နေ့ခင်းပိုင်းဆိုတော့ ကုန်



www.burmeseclassic.com

www.burmeseclassic.com



သည် ပွဲစားများတဲ့ အခေါက်။ ရန်ကုန် ဘုရားဖူးသွားလာကြ လူတွေလည်းပါသွားတာ ပေါ့။ သင်္ဘောတစ်စီးလုံးနီးပါး သေတယ်။

အသက်ရှင်တာ ဦးရေနည်းနည်းပဲရှိတယ်။

ဒီမှာ အံ့သြဖွယ်ရာအဖြစ်ကို သွားကြုံရတာ။

ရေကူးတတ်တဲ့လူတွေ မြစ်ရေပြင် ရေလှိုင်းထဲမှာ၊ မြုပ်လိုက်၊ ပေါ်လိုက်၊ ရေပြင်ပေါ်မှာ မိန်းမဆံပင်ရှည်တွေ များများမြင်လိုက်ရပြီးနောက် ရေအောက်ကို စုန်းစုန်းမြုပ်သွားကြတယ်။

ကယ်ဆယ်ရေးလှေသမ္ဗာန်တွေက သင်္ဘောနစ်နေတဲ့နေရာကို မရောက် သေး၊ သင်္ဘောဝမ်းထဲမှာ ထွက်မရလို့ ကျပ်ညှပ်သေတဲ့လူတွေ မနည်းဘူးများ။

သင်္ဘောက တစ်ရိပ်ရိပ် နစ်နေပြီ။

ရေလှိုင်းတွေကြားက ရေနစ်ဒုက္ခသည်တွေရဲ့အဖြစ်က လူကို ရေနဂါးတွေ ဖမ်းယူစားသောက် ကြမ်းကြုတ်နေပုံပါ။

ကယ်ပါယူပါ အသံတွေဟာ ကမ္ဘာပျက်သလို၊ ငရဲပွက်သလို ညံလို့။

နောက်ဆုံး သင်္ဘောခေါင်းတိုင်တစ်ခုပဲ မြင်ရတော့တယ်။ ခေါင်းတိုင် လည်း တစ်ရွေ့ရွေ့နဲ့ ရေအောက်ကို နစ်မြုပ်စပြုနေပြီ။

ဒီမှာ သက်တော်ကြီးတဲ့ ဘုန်းကြီးတစ်ပါးက သင်္ဘောနစ်လို့ ငရဲပွက် ကမ္ဘာပျက်နေတဲ့ ရေပြင်အောက်ကနေ ဘွားကနဲ ရေပြင်ပေါ်ကို ပေါ်လာတယ်။

ထူးဆန်းတာက သက်တော်ရှည်ဘုန်းတော်ကြီး ရုံထားတဲ့သင်္ကန်းဟာ ရေပြင်မှာ ပြန့်ပေါ်နေတာပဲ။

ရေကူးရင်း လက်ပန်းကျလို့ ရရာပစ္စည်း ဆွဲယူအားကိုးရာသူတွေ ... ရေပြင်မှာ ပြန့်ကျယ်စွာပေါ်နေတဲ့ ဘုန်းကြီးသင်္ကန်းကိုတွေ့ပြီး ဝမ်းသာအားရ လှမ်း ဆွဲကြတယ်။

ဆရာတော်ကြီးရဲ့ သင်္ကန်းစကို ဆုပ်ကိုင်ပြီး သင်္ဘောနစ်ဒုက္ခသည်တွေ ရဲ့ ခန္ဓာကိုယ်တွေ ရေပြင်မှာ သစ်တုံးတိုတွေလို ပေါ်နေကြတယ်။

ဆရာတော်ကြီး ရေကူးကိုယ်ဖော့ရင်း ငဲ့ကြည့်လိုက်တော့ ဒုက္ခသည် ဒကာ၊ ဒကာမတွေ သင်္ကန်းစကိုင်ထားပြီး မောဟိုက်ပန်းလျ ဝမ်းသာဖြစ်နေတာ မြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် နစ်မြုပ်ရန် လူတစ်ရပ်သာလိုတော့တဲ့ ခေါင်းတိုင်ရှိရာကို ကျော့ပွားပြီး ခေါင်းတိုင်နူတ်ခမ်းကို ကိုင်ထားရင်း မေတ္တာသုတ်ကိုရွတ်တယ်။ အဆက်မပြတ် ရွတ်နေတယ်။

မေတ္တာသုတ်ရွတ်နေတော့ ဒကာ္ဘသည်တွေက သင်္ဘောနံစကို မလွှတ်တမ်းဆုပ်ကိုင်ပြီး ဆရာတော်ကြီးနဲ့အတူ ဘုရားစာတွေ၊ ဂါထာ၊ မန္တန်တွေကို ချမ်းခိုက်တုန် သေလုမောကြားကနေ ရွတ်ဆိုကြတယ်။

ဒီအချိန်မှာ သာကေတ ရေနံရှာဖွေရေးကမ်းဘက်ကနေ . . . မော်တော်ကုဏ်နဲ့ အသက်ကယ်လှေတွေ ရောက်ရှိလာကြပြီး သင်္ဘောနံစကိုင်ထားသူတွေနဲ့ ဆရာတော်ကြီးကို မော်တော်ဘုတ်ပေါ် ဆွဲတင်ကြတယ်။

သူတို့အားလုံး မော်တော်ဘုတ်ပေါ်လည်းရောက် သင်္ဘောခေါင်းတိုင်လည်း ရေအောက်ကို စုန်းစုန်းမြုပ်သွားတော့တယ်။ သက်တော်ရှည် ဆရာတော်ကြီးဟာ နစ်မြုပ်သွားတဲ့ တိုင်းလုံးကျော် သင်္ဘောခေါင်းတိုင်ကြီးကို စိုက်ကြည့်ပြီး မေတ္တာသုတ်ကို ရွတ်နေတုန်းပဲတဲ့။

ဆရာတော်ကြီး မေတ္တာသုတ်ရွတ်လို့ ပြီးသွားတော့မှ ခိုက်ခိုက်တုန် ချမ်းစိမ့်နေသေရွာပြန်ခရီးသည်တွေက ဆရာတော်ကြီးကို ဝိုင်းမေးကြတယ်။ ရှိခိုးကန်တော့ကြပေါ့။

''ဘုန်းဘုန်း ဘုရား''

'' . . . . . ''

''ဘုန်းဘုန်းရဲ့ ဘွဲ့အမည်သိပါရစေလား ဘုရား''

''ဘာလုပ်ဖို့တုံး ဒကာတို့''

''မှန်ပါ့ဘုရား။ ဘုန်းဘုရားကြီးရဲ့ ကျေးဇူးကြီးလှပါပေတယ် ဘုရား။ မော်တော်အပါအဝင် ဟောဒီဘုတ်ပေါ်၊ လှေပေါ်က ခရီးသည်တွေက အသက်ချမ်းသာကြသည် ရေပြင်မှာ ဝဲပြန့်နေတဲ့ အရှင်ဘုန်းဘုရားကြီးရဲ့ သင်္ကန်းကို ဝိုင်းဆွဲထားကြလို့ပါပဲ ဘုရား။ တပည့်တော်တို့ ဘုန်းဘုရားကြီးကို ရှိသေစွာကန်တော့ချင်ပါတယ် ဘုရား''

''အိမ်း . . . သာဓု . . . သာဓု . . . သာဓု . . . ရတနာသုံးပါး မေ့ကြနဲ့''

''မှန်ပါ့ဘုရား''

www.burmeseclassic.com

www.burmeseclassic.com



"ငါးပါးသီလ မြဲကြ"

"မှန်ပါ့ဘုရား ..."

"ကာယကံ၊ ဝစီကံ၊ မနောကံ ... အဲဒီကံသုံးပါးအလိုနောက်၊ စွတ်မလိုက်ရင်၊ ကံကောင်းကြမှာပဲ။ ဒီသုံးယောက်က လူကိုလမ်းမှားပို့တယ်။ မှတ်ထားကြ"

"မှန်ပါ့ဘုရား ..."

"ဘယ်ကိုသွားသွား ဘယ်မှာနေနေ မေတ္တာပို့ကြ၊ မေတ္တာထုံရင်၊ ကိုယ်လုံတယ်။ ကိုင်း ... ကမ်းပေါ်ရောက်ပြီ။ ဘုတ်လှေပိုင်ရှင် ဒကာတွေလည်း ကျန်းမာချမ်းသာကြပါစေ။ သတ္တဝါအားလုံးလည်း ကျန်းမာချမ်းသာပါစေ ..."

သူ့ ဘွဲ့မည်လည်း ပြောမသွားဘူး။

သူ့ကျောင်းတည်ရာ ဌာနလည်း ပြောမပြဘူး။

သို့သော် ... ထူးခြားတဲ့ရဟန်းအိုကြီး အကြောင်းကို သူတို့ ပြောလို့မဆုံးကြဘူး။ နောက်နေ့တွေမှာတော့ သက်တော်ရှည်ရဟန်းကြီးရဲ့ နေရာဌာနကို သိသွားကြတယ်။

ဆရာတော်ဘုရားကြီး ဘွဲ့မည်က ...။

ဘဒ္ဒန္တအာစာရ။

ကိုးမုဒ်ရှင် ဒီပါဒေးစေတီတော်

အောင်သုခကျောင်းတိုက်

ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့

(မှတ်ချက်။ ။ ဤတိုင်းလုံးကျော်သဘော်သား နှစ်မြုပ်စဉ်က ဖြစ်ပျက်ကြုံတွေ့ခဲ့ကြသည့် ဖြစ်ရပ်မှန်ကို ပြန်လည်ရေးဖွဲ့ပါသည်)



www.burmeseclassic.com

www.burmeseclassic.com

# ၃

ကိုးမုဒ်ရှင် သက်တော်ရှည်ဆရာတော်ဘုရားကြီး အရှင်အာစရရဲ့ အံ့ဖွယ် ပြင်ရုပ်ဆန်းကြယ်များကို ဆရာတော်ဘုရားကြီးရဲ့တပည့် အရှင်အာဒိစ္စ၊ ကိုရွှေတင်၊ ကိုယွန်းကြည်၊ ကိုးမြင့်စိုးနှင့် ဦးကျော်သောင်း၊ ဦးမျိုးညွန့်တို့ကဲ့သို့သော ဒကာရင်း များနှင့် ဆွမ်းဒကာ၊ ကွမ်းဒကာများ၊ ဆရာတော်ဘုရားကြီးရဲ့ ဝေယျာဝစ္စဆောင် ရွက်သူများ ပိုလို့သိကြတယ်ဗျာ။

ဆရာတော်ကြီးက တစ်ပါးကျောင်းလေးမှာ တစ်ပါးတည်း သီတင်းသုံး တာ။ ညဘက် ညဉ့်နက်တဲ့အထိ တရားထိုင်တာ။

သူ့တပည့်ရှင်အာဒိစ္စ ဦးဇင်းက သိမ်ထဲမှာ သီတင်းသုံးတာ။ တပည့်အရင်း မို့ မကျောင်းမှာနေခွင့်ပြုထားတာ။ ကျောင်းရဲ့ စည်းကမ်း၊ မလိုက်နာလို့ကတော့ ဘယ်ကိုရင်၊ ဘယ်ရဟန်းမှ ကျောင်းဧရိယာထဲမှာမထား ...။

တစ်နေ့ ညနေမှာ ...

သူခိုး လူမသမာတစ်ယောက် ဆရာတော်ရဲ့ တစ်ပါးကျောင်းပေါ်ကို နေ မဝင်မင်ကတည်းက ခိုးဝင်ရောက်ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်လို့ ဘုန်းကြီးကျိန်းရင် ခိုးဖို့ကြံရောက်နေတာ။

ဆရာတော်ကျိန်းတဲ့ကုတင်အောက်မှာ ပုန်းနေတာတဲ့။ ဆရာတော်ကြီးက သူ့ကိုမမြင်ဘူး။ နေဝင်ပြီ မှောင်ပြီမို့ လျှပ်စစ်မီးထွန်းပြီး ဘုရားမီးပူဇော်တယ်။

ဖယောင်းတိုင် သီးသန့်ပူဇော်တယ်။ သောက်တော်ရေချမ်း ကပ်လှူတယ်။ ပြုနေကျအတိုင်း ဘုရားရှိခိုးပြီး တရားထိုင်တယ်။ သူခိုးကလည်း ကုတင်အောက်က မထွက်ရဲဘူး။ မလှုပ်ရဲဘူး။

တံခါးတွေအားလုံး ဂျက်ထိုးထားပြီးပြီ။

လှုပ်လိုက်ရင် ဘုန်းကြီးသိသွားမယ်။

သိသွားရင် သူ ဒုက္ခရောက်မယ်။ ဒါကြောင့် ခြင်ကိုက်တာတောင် မရိုက်ရဲဘူး။ မသက်သာလို့ ကုတင်အောက်ငုံ့ကြည့်မှာလည်း တွေးပူကြောက်နေပေါ့။ တော်သေးတယ်။ ဘုန်းတော်ကြီးတရား ထိုင်နေတယ်။ ကြာလိုက်တာ။ နာရီဝက်လည်း မကာ။

တစ်နာရီလည်း မက ...။

နှစ်နာရီလည်း ကျော် ...။

သူခိုးလည်း အိပ်ငိုက်လာပြီ။

တိုင်ကပ်နာရီက (၁၁)နာရီ သံစုံမြည်သံကြားရပြီ။

ဘုန်းကြီး ကျောက်ရုပ်လို ငြိမ်သက်လို့ ...။

မြန်မြန်တရားဖြုတ်ပြီး မြန်မြန်အိပ်ပါတော့ ... လို့ သူခိုးဆုတောင်းသတဲ့။ ဆုတောင်းတဲ့အတိုင်း ဘုန်းကြီးမအိပ်ဘဲ သူကုတင်အောက်မှာ အိပ်ပျော်သွားလိုက်တာ ခြေသံကြားလို့ မျက်လုံးဖွင့်ကြည့်တော့ ဘုန်းတော်ကြီး ကုတင်ပေါ်တက်အိပ် (ကျိန်း)နေပြီ။

သူခိုး အရမ်းဝမ်းသာသွားတယ်။

သူ့ဆုတောင်းပြည့်ပြီ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်တော်မူပါဘုရား။

နည်းနည်းစောင့်လိုက်တယ်။ တစ်ညလုံး သည်းခံခဲ့ပြီး ဥစ္စာ။ အိပ်ချိန်လေးတော့ သည်းခံမှ ...။

တိုင်ကပ်နာရီက နံနက်တစ်နာရီထိုးတဲ့အသံ မြည်တယ်။

ဘုန်းကြီးလည်း တုပ်တုပ်မျှမလှုပ်တော့။

www.burmeseclassic.com

www.burmeseclassic.com



အသာ ခုတင်အောက်ကနေ လေးဘက်ထွက်လာလိုက်တယ်။ အခန်းထောင့်ကိုရောက်ပြီ။ စားပွဲပေါ်မှာ ငွေစက္ကူတွေ အများကြီးပဲ။ မြသပိတ်ထဲမှာလည်းပြည့်လို့တွေ။

သူများတွေပြောတာ ဟုတ်နေတာပဲ။

ဒီကိုးမုဒ်ရှင်ဘုန်းတော်ကြီးက ငွေကိုလည်းမကိုင် မထိဘူး။ ပိုက်ဆံလှူရင်စားပွဲပေါ် တင်ထားလိုက်တာပဲတဲ့။

ကြည့်စမ်း ...

ဟောဟိုမှာ ငွေပေဒသာပင်ကြီး။

ဒီမှာ ငွေစက္ကူခေါက်တွေ၊ အထပ်တွေ။

တွေ့သမျှ ငွေစက္ကူတွေကို ခါးပိုက်ဆောင်ထဲထည့် မဆံ့တော့ အင်္ကျီအိတ်ထဲ့ရတယ်ထည့်။ ပဒေသာပင်က ငွေကိုဖြုတ်နေရင် ကြာနေမယ်။ အသံကြားရင် ဘုန်းကြီးနိုးမယ်။

သည့်နောက် ... မြသပိတ်ထဲက ငွေတွေကို လက်နဲ့နှိုက်တော့ သူလန့်သွားရော။ သူ့လက်ကို နောက်ကနေ ဆွဲထားတာ။

သူခိုး ခေါင်းနဘန်းကြီး ကြက်သီးမွေးညင်းထသွားပြီး နောက်ကို အမြန်လှည့်ကြည့်လိုက်တော့ ...

"ဟင် ဘယ်သူမှမရှိပါလား။ ငါစိုးရိမ်ကဲလို့ နေမှာပါ"

သူ ... သုံးကြိမ်တိတိ မြသပိတ်ထဲက အလှူခံငွေတွေကို နှိုက်ယူဖို့ ကြိုးစားရာမှာ နောက်ကနေ သူ့လက်ကိုဆွဲထားတာ နှစ်ကြိမ်ခံစားလိုက်ရတယ်။ တတိယအကြိမ်နှိုက်လိုက်တော့ ...

မြသပိတ်ထဲကနေ တစ်စုံတစ်ရာက ကိုက်လိုက်သလို စူးကနဲ ခံစားရပြီ၊ သူ လက်ကို အမြန်ရုပ်လိုက်ရတယ်။

မီးရောင်နဲ့ လက်ညှိုးထိပ်ကိုကြည့်လိုက်တော့ လက်ထိပ်က သွေးစို့လို့။ အလိုလေး မြသပိတ်ထဲကနေ ကြွက်လား၊ မြွေလား တစ်ကောင်ကောင်ကိုက်သနဲ့တူရဲ့။ သွေးက မတိတ်နိုင်ဘူး ဖြစ်နေတယ်။

မြွေသာကိုက်ရင် ခုလောက်ဆို ငါသေပြီ။

ဖြစ်နေတာက သွေးမတိတ်တာ။ သွေးက လက်ညှိုးကနေ တစိမ့်စိမ့်ထွက်နေတာ။ ထူးဆန်းလိုက်တာ။ ဒါနဲ့အတူ သူလန့်လည်း လန့်သွားတယ်။ သွေးက မှယ်ပုံးစနဲ့ သုတ်ပြီးရင်လည်း တစိမ့်စိမ့်ထွက်ပြီး ကြမ်းပြင်ကို စီးကျနေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ဘူး။

ဒီနေရာက မြန်မြန်ထွက်မှ . . .။ တော်ကြာ ဘုန်းကြီးဆီးသွားချင်လို့၊ ရေသောက်ချင်လို့ နိုးရင် ပက်ပင်းတိုးမယ်။

မြန်မြန်ထွက်မှ . . .။

သူခိုး . . . အဓိကတံခါးရဲ့ အပေါ်ဂျက်ကို အသာဖြုတ်လိုက်တယ်။

အလို . . . တံခါးဂျက်က တင်းခံနေလို့ပါလား။

သူ . . . တံခါးအောက်ဂျက်ကို မ,ပြီးဖြုတ်တယ်။ အလိုလေး။

တံခါးဂျက် လုံးဝမပြုတ်။ အကြိမ်ကြိမ်ဂျက်ဖြုတ်တယ်။ လုံးဝ တံခါးဂျက် မ,လို့လည်းမရ။ လှည့်လို့လည်းမရ။ မဖြစ်တော့ဘူး။ ပြတင်းပေါက်တံခါးဂျက်တွေကို တစ်ခုပြီးတစ်ခု လိုက်ဖြုတ်ဖွင့်တယ်။ ဘုရားရေ . . . လုံးဝ တံခါးတွေဖွင့်မရပါလား။

လူတစ်ကိုယ်လုံး ကြောက်လန့်ပြီး ဖော့ချွေးတွေထွက်လို့ စိုရွှဲနေပြီ။ ဘယ်လိုလုပ်ရမလဲ ခေါင်မိုးကိုဖောက်ထွက်ဖို့က အမိုးက သွပ်မိုး။

သူခိုး ကြိုးစားပြီး တံခါးဂျက်တွေ ပြန်ဖြုတ်တယ်၊ ဖွင့်တယ်။

ဘာကြောင့် တင်းခံနေကြတာလဲ။

သူ . . . အိမ်ပေါင်းများစွာကို ခိုးဝင်ဖူးတယ်၊ ဖွင့်ဝင်ဖူးတယ်။ ဒီလို အဖြစ်မျိုး သူမကြုံဖူးဘူး။

ဒီအချိန်မှာ လင်းကြက်တွန်သံကြားရတယ်။

ပြီး . . . တိုင်ကပ်နာရီက ငါးနာရီထိုးသံ ပေါ်လာတယ်။

ဒါနဲ့ အတူ . . . ဘုန်းကြီးလည်းနိုးလာလို့ သူ တံခါးနားကနေ တစ်နေရာပြေးပုန်းမယ်လုပ်တော့ ခြေလှမ်းလို့မရတော့၊ ခြေကြွလို့မရတော့။ သူ ငိုချင်လာတယ်။ ရုန်းကြည့်တယ်။ ရုန်းလို့လည်းမရဘူး။

ဒီမှာ ငွေစက္ကူထုပ်ကြီးကိုင်ပြီး တံခါးရှေ့မှာ ရပ်နေတဲ့ သူ့ကို ဘုန်းကြီးမြင်သွားပါရောဗျာ။ သူခိုးလက်ထဲက ငွေစက္ကူထုပ်နဲ့ ခါးပိုက်ထဲက ပွင့်အန်ကျလာတဲ့ ငွေစက္ကူတွေကိုကြည့်ပြီး ဘုန်းကြီးသဘောပေါက်လိုက်ပြီ။

"မင်း . . . ခိုးယူတာလား"

" . . . . . "

"မင်းခိုးယူတာလား"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ် ... ဟုတ်''

''ငွေအရမ်းလိုလို့လား ...''

''ဟုတ် ... ဟုတ်''

သူခိုးက ဆရာတော်ဘုန်းကြီးမေးတဲ့ မေးခွန်းကိုဖြေရင်း ဒူးနှစ်ဖက်တုန်ခါ စနေတယ်။

''ငွေလိုတာကို ဘုန်းကြီးကို ဘာလို့ပြောမပြဘဲ ခိုးရတာလဲ''

''ဟို ... ဟို''

''ဒကာ ... နေမဝင်ခင်ကတည်းက ကျောင်းပေါ်ရောက်နေတာ''

''ဗျာ ...''

''ဟိုကုတင်အောက်မှာ ပုန်းနေတာ''

''ဟို ... ဟို''

''ဒကာ့လက်ညှိုးက သွေးတွေစီးကျနေတယ်။ တံခါးညှပ်လို့လား''

သူခိုး ကြီးစွာတုန်လှုပ်ပြီး ငွေစက္ကူတွေအကုန်ထုတ်၊ ဆရာ့တော့်ခြေရင်း [illegible] မျက်ရည်စိုရွှဲ ထိတ်လန့်ကြီးစွာနဲ့ ကန်တော့တယ်။

''မှား ... မှားပါပြီဘုရား။ တပည့်တော် အပြစ်ကျူးလွန်မိပါတယ် ဘုရား။''

''ဘာလို့ထွက်မပြေးတာလဲ ဒကာ''

''ဟို ဟို တံခါးတွေ ... ဖွင့် ... ဖွင့်လို့ ... မ .. မရပါ ... ပါဘူး ဘုရား''

''သိပြီလား ...''

ဒီမှာပဲ အပြင်က တံခါးခေါက်သံ ကြားရတယ်။ အရှင်အာဒိစ္စရဲ့ အသံပါ ကြားရတယ်။

''ဆရာတော် နိုးနေပြီလား ဘုရား။ စကားပြောသံ ကြားပါတယ်။ ညည့် [illegible] အာဂန္တုရောက်နေပါလား ဘုရား။ အရုဏ်ဆွမ်း ဒကာမကြီး ရောက်နေပါ [illegible] တံခါးဖွင့်ပါဘုရား ...''

သူခိုးလည်း အပြင်က တံခါးခေါက်သံ၊ စကားပြောသံ၊ လူသံတွေကြောင့် [illegible]ာက်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေပြီ။ ခြေထောက်ကလည်း ကြွလို့ [illegible] ရှုမှာလည်း ချွေးသီးတွေက စီးကင်းခန့်သီးနေကြပြီ။

''ဂျောက်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဝင်ကြလေ"

"ဆရာတော် ... ဒါ ... ဒါ ဘာတွေဖြစ်နေတာလဲ ဘုရား။ ငွေစက္ကူတွေလည်း ပွစာကျဲလို့။ ဟို ... ဒူးထောက်ငိုနေတဲ့လူက ဘာလဲဘုရား"

"သူခိုး ..."

"ဟင် ..."

"ဟယ် ..."

"ဘုရားရေ ..."

ရှင်အာဒိစ္စရော ဆွမ်းအစ်မနဲ့ ကပ္ပိယကြီးတို့ပါ ကြားရချက်ကြောင့် အံ့သြကုန်ကြရော ... ဆရာတော်ကြီးက ဖြစ်ပျက်ပုံကိုရှင်းပြတယ်။

"ဟဲ့ကောင်သူခိုး။ နင့်နာမည်ဘယ်လိုခေါ်လဲ"

"အင်္ဂါလို့ ခေါ်ပါတယ် ဘု ... ဘု ရား"

"နင် ဘယ်မှာနေတာလဲ မှန်မှန်ပြော"

"အောက်ချိုင့်မှာ နေ ... နေပါတယ် ဘုရား"

"နင် ... ခိုးတာ အမှန်ပဲလား ..."

ဦးဇင်း ရှင်အာဒိစ္စက သူခိုးရှေ့မှာရပ်ပြီး အသံမာမာနဲ့မေးနေတာ။ သူခိုးဦးဇင်းအာဒိစ္စကိုကြည့်ပြီး လန့်နေတယ်။ အသားမည်းမည်း မျက်လုံးပြူးပြူး၊ တုတ်တုတ်ခိုင်ခိုင် ဦးဇင်းကြီးကို လန့်မှာပေါ့။

"ခိုးတာ အမှန်လား"

"မှန် ... မှန် ..."

"ဆရာတော် ဘုရား ..."

"အာဒိစ္စ ..."

"သင်းကို ရဲစခန်းပို့ရပါ့မယ် ဘုရား"

ဒီမှာ သူခိုးက ဆရာတော်ခြေဖမိုးကို မျက်နှာအပ်ပြီး ငိုယိုတောင်းပန်ပါရော။ သူ့မိန်းမ မီးဖွားကာနီး ငွေလိုလို့ ကြံမိကြံရာ ကြံမိတာပါတဲ့။

"အာဒိစ္စ ..."

"ဘုရား ..."

"ရဲစခန်း မပို့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



''မပို့လို့ဖြစ်မလား ဘုရား။ မတော်လို့ ဆရာတော်ကို လက်နက်နဲ့ထိုးသတ်မှုမှာ အကျိုးမနည်းလား ဘုရား''

''ငါခွင့်လွှတ်တယ် အာဒိစ္စ။ ရဲစခန်းရောက်၊ တရားရုံးရောက်ရင် ထောင်ကျနှစ်နှစ် သုံးနှစ်ပဲကျမှာ။ သင်းနောက် သံသရာအပါယ်ငရဲမှာ ကျမယ့်နှစ်က မနည်းဘူး အာဒိစ္စရဲ့။ သင်းသံဃာ့ပိုင်ပစ္စည်း ဘုရားပစ္စည်းကို ပစ်မှားတာ။ ခုတော့ ငါကတော့တင်ခွင့်လွှတ်လိုက်မယ်။ ငရဲကိစ္စကတော့ မင်းထိုက်နဲ့မင်းကံပဲ လူမိုက် ...''

ဆရာတော် မျက်နှာလွှဲလိုက်တယ်။

ရှင်အာဒိစ္စက သူခိုးပြန်ပေးတဲ့ငွေတွေကို မေးမြန်းရေတွက်ပြီး မူလနေရာမှာ ပြန်ထားလိုက်တယ်။ သတင်းကြားလို့နဲ့တူရဲ့။ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်ရောက်လာပြီး သင်းကို ရဲစခန်းပို့မယ်လုပ်လို့ ဦးဇင်းကြီးကပါ ဆရာတော့်ဆန္ဒကိုပြုလိုက်တယ်။ သို့သော် ကောင်စီဥက္ကဋ္ဌက သူခိုးအင်္ဂါဆိုတဲ့ကောင်ကို ပြစ်မှုမှ ကတိတမ်းရေးပြီး ရပ်ကွက် ခြေချုပ်လုပ် အရေးယူလိုက်တယ်။

နောင်အခါ သူခိုးအင်္ဂါကို ကျွန်တော်တွေ့ပြီး မေးကြည့်တယ်။

''ကိုအင်္ဂါ ...''

''ခင်ဗျာ ... စာရေးဆရာ''

''အဲဒီငွေ ခိုးတုန်းက သပိတ်ထဲက ဘာကောင်ကိုက်လိုက်တာလဲဗျ''


''မသိဘူးဆရာ။ သွေးလုံးဝမတိတ်ဘူး။ ဆရာတော်ကြီးက ဟဲ့ ... သွေးကျတာရပ် ... လို့ ပြောလိုက်တော့ သွေးကျတာ ရပ်သွားတယ် ခင်ဗျ ...''

''ငွေရရဲ့သားနဲ့ ဘာလို့ တံခါးဖွင့်မပြေးတာလဲဗျ''

''တံခါးတွေ တစ်ချပ်မှ ဖွင့်လို့မရဘူးဗျ''

''ဘာလို့ဖွင့်မရတာတုံး''

''မသိဘူး။ တံခါးဂျက်တွေ တစ်ခုမှ ဖြုတ်လို့ ဆွဲချလို့မရဘူး။ ခြေထောက်တွေလည်း ကြွလို့မရဘူးဗျာ။ အရမ်းထူးဆန်းတဲ့ ဘုန်းကြီးကျောင်းနဲ့ ဆရာတော်ကြီးပါဗျာ။ ခိုးယူထားတဲ့ငွေတွေ ပြန်ပေးတော့မှ ခြေကြွလို့ရတယ်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com

# ၄

အခု ...ကျွန်တော် လည်ချောင်းထဲ ငါးရိုးစူးနေတယ်။ ထမင်းဆုပ်မြို ချလည်း အရိုးမကျ။ ငှက်ပျောသီးစားလည်း အရိုးမကျ။ လည်ပင်းလှည့်တိုင်း လှုပ်တိုင်း စူးစူးနင့်နင့်နာနေရတာ ဒုက္ခရောက်လိုက်ပါဘိနှယ်။

နောက်ဆုံး ကိုးမုဒ်ရှင်ဆရာတော်ကြီးထံ ရောက်သွားခဲ့တယ်။

ဆရာတော်ကြီးကို ဦးချတော့ ...

"ဘယ်သူတုံး ..."

"မောင်မှိုင်းပါဘုရား။ မတင်မြမောင် အကြီးကောင်ပါဘုရား"

အသံတိုးတိုးနဲ့ ပြောရတာပေါ့။

"ဘာဖြစ်ပြန်ပြီလဲ"

"ထမင်းစားရင်း အရိုးစူးလို့ပါဘုရား။ မျိုရင်နာ အား ..."

"ရှေ့တိုးခဲ့။ ဘယ်နားက နာတာတုံး"

"ဟောဒီနားကပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က နာနေတဲ့နေရာကို လက်ဝါးနဲ့အုပ်ပြီး အပေါ်ကို လှန်သပ်ပစ်လိုက်တယ်။

''အ ...အ ...ဟွတ်''

''အန့်ချင်ပလားကွ''

''မှန် ...မှန်ပါ။ အေ့အေ့ ...အား ...အား''

''အပြင်မှာသွားအန်လိုက်။ ပျောက်ပြီလို့မှတ်သွား''

ကျောင်းပေါ်က ပြေးဆင်းလာရင်း မြေပြင်ကိုခြေချမှာ 'ဝေါ့'ခနဲ ထိုးအန်ချလိုက်ရတယ်။

''ဝေါ့ ...ဝေါ့ ...အေ့ဝေါ့''

''အား ...ဟူး''

အလို ...ရေနဲ့အာလုပ်ကျင်းပြီး တံတွေးမြိုချကြည့်တယ်။ လည်ချောင်းမနာတော့ဘူးဗျာ။ ဒါနဲ့ စောစောကအန်တဲ့ အန်ဖတ်တွေကို တုတ်နဲ့ဖြဲကြည့်လိုက်တော့ တစ်လက်မခန့်ရှည်တဲ့ ခရင်းခွပုံအရိုးကို သွားတွေ့ပါရောဗျာ။ အဲဒါ အရိုးကိုယူ ရေနဲ့ဆေးပြီး ဆရာတော်ကြီးကို ပြလိုက်တော့ ပြုံးတော်မူရင်း ...

''အစားအသောက်ကို မငမ်းနဲ့ ...''

''မှန်ပါ ဘုရား''

''အစာစားရင် အစားမှာပဲ စိတ်ကိုထား။ မပျံ့လွင့်နဲ့''

''မှန်ပါဘုရား''

''လည်ချောင်း နာသေးလား''

''မနာတော့ပါဘူး ဘုရား''

''စောစောက မလှူဖြစ်၊ မပေးဖြစ်တဲ့ ငွေတစ်ရာတန် ထုတ်စမ်း''

''ဗျာ ...''

ဘုရားရေ။ ဆရာတော်ကြီး ဘယ်လိုလုပ်ပြီး သိနေပါလိမ့်ဗျာ။ တစ်ကိုယ်လုံး အင်းအပြည့် လူကြီးတောင်းတဲ့ငွေကို မပေးဘဲ၊ ငွေတစ်ရာတန် ပေးမလို့လုပ်တုန်း အင်းလူရှုးကြီး ထွက်သွားတယ်ဗျာ။

''မင်းက တယ်ညံ့တဲ့ကောင်ပဲကိုး။ ဝိဇ္ဇာအိမ်ရှေ့ရောက်နေတာတောင် ဝိဇ္ဇာမှန်း မသိတဲ့လူပဲ။ မင်း ဒီငွေတစ်ရာတန်ပဲ ဟိုလူကို ပေးမလို့မှတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား ဘုရား''

''သူက ငါ့ကိုလျှောက်တင်သွားတယ်။ လည်ပင်းအရိုးစူးနေတဲ့၊ လူကပ်စီး ...ရားနည်းတဲ့လူမိုက် ရောက်လာပါလိမ့်မယ် ဘုရားတဲ့။ အဲဒီ ငါးရိုးစူးနေတဲ့ ...င်ကို သိကြားမင်းနားကင်းကြီးနဲ့ ဆင်းလာမ,လည်း မ,မ,ပဲ ရှိပါလိမ့်မယ် ဘုရားတဲ့။ လက်စသပ်တော့ မင်းဖြစ်နေတာကိုး ဒကာလေး''

ဆရာတော်ကြီးက ကျွန်တော့်ကိုအကဲခတ်ပြီးမှ သို့ကလိုပြောတာဗျာ။

ဒီတော့မှ သဘောပေါက်သွားတယ်။

သွားပြီ ...။ ငါ့လောက်ညံ့တဲ့ တုံးတဲ့လူ မရှိတော့ဘူး။

ကိုယ့်အိမ်ရှေ့၊ ကိုယ့်ခြံဝရောက်နေတဲ့ပုဂ္ဂိုလ်ကို အရှုံးလို့ထင်ပြီး သဒ္ဒါ တရား နည်းမိခဲ့တာ။

ခုတိုင်းဆို အဲဒီ အင်းအပြည့်နဲ့အရှုံးကြီးဟာ ... ဘုရားရေ။

ဒါဆို ... ဒါဆို ...။

သေဟဲ့နန္ဒိယ ... ချွေးဖြစ်တဲ့ကောင်။ သေသေသေ ...။



www.burmeseclassic.com

www.burmeseclassic.com



''မှန် ... မှန်ပါ့ဘုရား''

''ဟော့ဒကာ ... မင်းနဲ့ဆုံတဲ့လူက ဘာလဲသိလား''

''အ ... အရှုးကြီးပါ ... ဘုရား''

''အရူး ... ဟုတ်လား''

''မှန်ပါ့ဘုရား ...''

''ဒကာ ... ဘာအလုပ်လုပ်တုံး''

''စာရေးဆရာပါ ဘုရား ...''

''မင်းက ဝိဇ္ဇာရှာနေတဲ့သူ ဖြစ်ပါလျက်နဲ့ ဝိဇ္ဇာကို မောင်းထုတ်တဲ့လူပဲ။ ကြီးပွားမှာလည်း မဟုတ်ဘူး။ ကုသိုလ်လည်း ရမှာမဟုတ်ဘူး။ ဝိဇ္ဇာရှာတဲ့ စာရေးဆရာရယ်။ မင်းမှာ အဝိဇ္ဇာတွေများနေတာပဲ။ တွေ့အောင်ရှာ၊ ရှာရင်တွေ့၊တွေ့လည်းမမြင် ...။ ကြောင်ကျောင်ကန်းဆိုတာမျိုးပါလား။ ကိုင်း ... ရတနာသုံးပါး မမေ့နဲ့ကွ ...''

''မှန်ပါ့ ဘုရား''

''လူ့ရတနံးရမှာ မနေမြော်နဲ့''

''မှန်ပါ့ဘုရား''

''ဒါန၊ သီလကလည်း စေတနာမှန်ရင် အကျိုးပေးမြန်တယ်''

''မှန်ပါ့ ဘုရား''

''သမထ ကျင့်ကြံပွားများရင် မင်းသူများအကြောင်း မြင်တာနဲ့သိရော''

''မှန်ပါ့ ဘုရား''

''ဈာန်တော့ရတယ်။ ဝိဇ္ဇာတွေနဲ့တွေ့မယ်။ ငရဲမကာင်းဘူး''

''မှန်ပါ့ ဘုရား''

''ဝင်လေ၊ ထွက်လေကိုမှတ်၊ အနိစ္စဒုက္ခ၊ အနတ္တကိုရှု''

''မှန်ပါ့ ဘုရား''

''အဲ့ဒါ အပါယ်မကျနိုင်ဘူး''

''မှန်ပါ့ ...''

''မင်းက ဝိဇ္ဇာနောက်ကိုလိုက်နေတဲ့ကောင်ပဲ။ မင်းအိမ်ရှေ့ရောက်လာတဲ့ အင်းကွက်အပြည့်နဲ့လူ ငါ့ဆီရောက်လာတယ်''



www.burmeseclassic.com

www.burmeseclassic.com

# ၅

ကျွန်တော် အသုံးမကျ အကင်းမပါး။ လူကဲမခတ်တတ်တဲ့ သတင်း၊ အကြောင်းကို အဂ္ဂိရတ်ထိုးနေတဲ့ ဦးကံဆိုင် (နောင်အခါ ဘုန်းကြီးကံဆိုင်ဟု အမည်တွင်သွားသူ) တို့ ဗိုဆွဲသမားတွေကြားပြီး ဝိုင်းပြစ်တင်ကြရောဗျာ။

"မောင်မှိုင်း ..."

"ခင်ဗျာ အစ်ကိုကံဆိုင်"

"မင်း ... အင်းပွားဦးစည်တော်နဲ့ တွေ့ခဲ့ဆို ..."

"ဘယ်က အင်းပွားဦးစည်တော်လဲဗျ ... အစ်ကိုကံဆိုင်ရ"

ကျွန်တော်က အင်းပွားဦးစည်တော်ကိုမသိတော့ ပြန်မေးတာပေါ့။

"ခန္ဓာကိုယ်ပေါ်မှာ ဦးခေါင်းခေါင်းတုံး၊ နဖူးကနေ ခြေဖျားအထိ အင်းအပြည့်ထိုးထားတဲ့ လူကြီးကိုပြောတာ။ ကျောကုန်းမှာ အာဋ္ဌာဝကဘီလူးရုပ်ထိုးထားတဲ့လူကြီး။ လွယ်အိတ်မြေကြီးဒရွတ်ထိလု လွယ်ထားတဲ့ မင်းအိမ်ရှေ့ရောက်လာတဲ့ လူကြီးကိုပြောတာဟ ... ငတုံးရ ..."

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကံဆိုင်က ဖိုကြိုးကို သုံးလေးချက်ဆွဲရင်းက ...ပြောရော။

"သူလား ..."

"ဟုတ်တယ်"

"တွေ့တယ်ဗျာ။ ခေါင်းတုံးနဲ့မဟုတ်ဘူး။ ကြာဆံရောင် ဆံပင်ရှည်နဲ့ဗျ။ ပါနဲ့အစ်ကို သူ ...သူက ဘာလဲဟင်"

"မင်း သူ့အကြောင်း မသိဘူးလား"

"ဟင့်အင်း ..."

"တုံးပဲ့ကွာ ...ဖွီး ..."

ဒီမှာ ကိုကံဆိုင်နဲ့ အဂ္ဂိရတ်ထိုးဘက် ဦးမျိုးညွန့်နဲ့ ဦးလေး ကိုသာညဏ် တို့ကပါ ဝင်ထောက်ကြလေရဲ့။

"ဒီလိုတုံးလို့လည်း ငမွဲစာရေးဆရာဖြစ်နေတာပေါ့ ကိုကံရာ"

"ဒါတောင် ကိုကံရေ့ ခင်ဗျားလူ စာရေးဆရာက ဘိုးတော်တင်ဦး အကြောင်း တဖွဖွပြောနေတာဗျ။ သူ့ယောက်ခမက ဘိုးတော်ပွင့်ကြီးနဲ့ ဆရာတပည့် တဲ့ ..."

ဦးလေးသာညဏ်က ဦးမျိုးညွန့် စကားဆုံးတော့ ဝင်မေးတယ်။

"မောင်မှိုင်းယောက်ခမ ဦးတင်မောင်ကိုပြောတာလား"

"ဟုတ်ပေပေါ့ဗျာ ...မဟိဒ္ဓိ'ဇေ'ဂိုဏ်းဆရာကြီး ဦးတင်မောင်ပဲပေါ့"

"ဒါတော့ ဟုတ်တယ်ဗျ။ ဆရာကြီးဦးတင်မောင်(ဝင်း)က အဖေကြီး ဘိုး မဟော်ပွင့်ရဲ့ တပည့်ဆိုတာတော့ ယုံတယ်ဗျ။ သူ့ယောက္ခမ ဆရာကြီးဦးတင်မောင် လည်း တကယ်စွမ်းတာပဲ"

"ရေမန်းမဟုတ်လား ကိုသာညဏ်"

"ဟုတ်တယ်။ ရေမန်း တကယ်စွမ်းတယ်ဗျ"

"ဆရာကြီး ဦးတင်မောင်ရဲ့သား၊ သားမက်မောင်မှိုင်းကရော ဘာတွေ စွမ်းတုံး"

"ဖွီ ...ကလေးပဲ တိုးပွားအောင်လုပ်တဲ့ကောင်ပါဗျာ။ ခုတောင်ကြည့် မလေ ကိုကံဆိုင်။ အင်းပွားကိုမသိဘူးတဲ့ ..."

လူကြီးသုံးယောက်ရယ်ဗျာ။

ဖိုကြိုးဆွဲတဲ့လူက ဆွဲ။



www.burmeseclassic.com

www.burmeseclassic.com



လုံကို နေရာချသူချ။ မီးသွေးဖြည့်သူဖြည့်ကနေ။ ကျွန်တော့်ကိုကြည့်ပြီး နှာခေါင်းရှုံ့နေကြတယ်ဗျာ။

"အစ်ကိုကံဆိုင်"

"ဘာလဲ ငါ့ညီ"

"အင်းပွား ဦးစည်တော်က ဘာလဲဟင်"

"အင်းပွားဘာလဲလို့ မမေးနဲ့ဦးကွ ငါ့ညီရ။ မင်းအရင်သိထားရမှာက အင်းပွားရဲ့ အဓိပ္ပာယ်ကိုပဲ ..."

"ဟုတ်ကဲ့ ..."

"သူ့အကြောင်း ကြားဖူးလား"

"ဟင့်အင်း ..."

"မင်းက ဂမ္ဘီရစာရေးဆရာ လုပ်နေပြီး ဂမ္ဘီရပုဂ္ဂိုလ်ထူးတွေ၊ သိဒ္ဓိမဟာ ပုဂ္ဂိုလ်တွေအကြောင်းတွေ သိထားရမှာပေါ့ကွ။ မင်းက ဆရာကြီးဦးတင်မောင် သားမက်လေကွာ။ ဘိုးတော်ပြူး၊ ဘိုးတော်အေး၊ ဘိုးတော်ပွင့် ကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ..."

"အဖေလူ ကြားဖူးလား"

"ကြားဖူးတယ်"

"သူ့အကြောင်း ဘာသိလဲ"

"ဘာမှ မသိဘူး"

"ကောင်းပါ့ကွာ။ ဒါဆို အဖေရှင်တို့၊ အဖေနွဲ့တို့၊ ဦးရဲသူတို့၊ အဖေကြီး ဦးအောင်ချမ်းသာတို့၊ ရသေ့ကြီးဦးစီတို့အကြောင်းရော သိလား"

"ကြားဖူးတယ်ဗျ။ ဒါပေမယ့် မသိဘူး"

"ဘိုးတော် အောင်မင်းခေါင်တော့ သိမှာပေါ့"

"သိတာပေါ့ဗျ။ ပုပ္ပားတောင်,တောင် ရောက်ဖူးပါတယ်ဗျ"

"တံတွေးနဲ့ ကိုယ်ပျောက်တဲ့ နက္ခတ်ပိုင် ဖင်းဗျိုးဦးဥဂ္ဂသံရော ကြားဖူး လား"

"ဟင့်အင်း ..."

"စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသရော ကြားဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဗျာ"

"မင်းသိတာ ဘာရှိလဲပြောစမ်း ဟေ့ကောင်"

အစ်ကိုကံဆိုင်က ဒေါ်ပွပြီး ငေါက်ပါရောဗျာ။ ကိုယ်ကလည်း မသိဖူး။ မသိဘူးချည်းပဲ ပြောနေတာကိုး။

"ဒါလားကွ ဂမ္ဘီရစာရေးဆရာ။ ဖွီ ... ဝိဇ္ဇာတွေအကြောင်း မသိမလေ့လာတဲ့ကောင်။ ထွန်းကားဦးမှာပေါ့ကွာ။ ဒီမှာ ငါ့လူရ အင်္ဂါရတ်ထိုးတဲ့သူဟာ ရှင်ဂန္ဓာရီအကြောင်းတော့ သိထားရမှာပဲကွ။ ဆေးဆရာလုပ်တဲ့သူဟာ သမားတော်ဇီဝကအကြောင်း သိရမယ်ကွ။ အောက်လမ်းဆရာလုပ်စားရင်လည်း ဖုတ်၊ ပြိတ္တာအကြောင်း၊ အစိမ်းသရဲအကြောင်း သိရမှာပဲ။ အေး ... စုန်းကဝေ ပညာသည်ဖြစ်ရင်လည်း စုန်းမျိုး (၇၈) ပါးအကြောင်း သိထားရမှာပဲ။ ပြောနိုင်ပြနိုင်ရမှာပဲ။ မင်းက ဂမ္ဘီရစာရေးဆရာလေကွာ။ ဝိဇ္ဇာကြီးတွေအကြောင်း၊ သိဒ္ဓိရှင် မဟာသိဒ္ဓိရှင်တွေရဲ့အကြောင်း၊ ထမင်းစားရေသောက်မှ မသိရင် ဘာလို့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်စာတွေ ရေးနေမှာလဲကွ။ အချစ်အကြောင်း ရေးပေါ့။ အကြော်သည်အကြောင်း ရေးပေါ့ ..."

"အစ်ကို ကံဆိုင်"

"ဘာလဲ ..."

"ကျွန်တော် သိရှိ နားလည်အောင် လေ့လာပါ့မယ် အစ်ကိုရာ။ အစ်ကိုကလည်း လမ်းညွှန်ပြကြပါဗျာ။ ဒါနဲ့ ... အင်းပွားလို့ ဟိုအရှုံးကြီးကို ခေါ်တာလဲဟင် ... အစ်ကို"

"ကံဆိုင် ... မင်းကောင်ငတုံးကို ရှင်းပြလိုက်။ ပြီးရင် ပြန်ခိုင်း ..."

ဦးမျိုးညွန့်ကြီးက မီးရဲနေတဲ့ လုံရဲ့အဖုံးကိုပြန်တည့်ပေးပြီး ကိုကံဆိုင်ကို လှမ်းပြောလိုက်တာဗျ။ ပြောလိုက်သေးတယ်။

"ပြီးရင် ပြန်ခိုင်း ...တဲ့"

ဘယ်လိုအင်္ဂါရတ်လူကြီးတွေလည်း သိပါဘူးဗျာ။

သူတို့ခေါင်းပေါ်မှာ ပြာတွေဖွေးနေတာပဲ။ မျက်ခုံးပေါ်မှာတောင် ပြာတွေကပ်လို့။ အနီးမှာ မည်းတူးနေတဲ့ မြေရေနွေးကရားနဲ့ ပုဂံလုံးပွဲသုံးလုံး။ မီးသွေးအကျွပ်အိတ်ကတစ်လုံး။

လုံကွဲတွေက တစ်နေရာမှာ ပုံလို့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖြစ်မဖြစ်တော့မသိဘူး။ လူတွေကတော့ ပြာဖုန်တက်ပြီး ဟိုဒင်းကြ တွေဖြစ်လို့။

ပြောလိုက်ရင် ရှင်အဇ္ဈဂေါဏရဲ့ခါတ်လုံးမျိုးပဲ မကြာခင်ရတော့မလိုက် အရှင်ထွက်ပဲ ထွက်မလိုလို၊ ရှင်အဇ္ဈဂေါဏနောက်ကလိုက်တဲ့ တပည့်ကျော်မှာ လင်မယားလို တပည့်ကြိုရှာရတော့မလိုလို ပြောနေကြတာဗျ။

ဦးလေးသာဉာဏ်က ခပ်လေးလေး ပြောင်ပြောင်ခါတ်လုံးလေး။ လက်ဖဝါး ပေါ်တင်ကြည့်ပြီး ...

"ငမိုင်း ..."

"ဗျာ။ ဦးလေးဉာဏ်"

"မင်းတို့ ဆင်းရဲရင် တစ်လနှစ်လပဲကွ"

"ဘာဖြစ်တော့မှာမို့လဲ ဦးလေးဉာဏ်"

"တယ် အကင်းမပါးတဲ့ကောင်ပဲကိုး။ မတုံးနဲ့ကွ ငမိုင်းရ။ မင်းရယ် မင်းနဲ့ တွဲနေတဲ့ စာရေးဆရာဘယ်သူ ... ခြေထောက် ထော့နင်း၊ ထော့နင်းနဲ့ကွာ ..."

"ထောင်မှူးကြီးသိန်းဝင်းလား ... ဦးလေးဉာဏ်"

"အေး ဟုတ်တယ်။ သိန်းဝင်း ... သိန်းဝင်း။ အဲဒီစာရေးဆရာလည်း ငတုံးပဲလို့ ငါ့ကို ပိသုနိုးကဆရာတော် ပြောဖူးတယ်။ ပြီးရှိသေးတယ်။ မင်းစာအုပ် ထုတ်တဲ့ ထုတ်ဝေသူက နာမည်ဘယ်သူ ..."

"ကိုတင်ထွန်းပါ ဦးလေး"

"ရှိပါသေးသကွာ။ နောက်တစ်နာမည်က ဘာတဲ့ ... နတ်လဖိဆိုလား ကွာ ..."

"နတ်လူဦးပါ ဦးလေးရာ။ ဦးလေးတို့ ဦးဘွတ်စွပ်တို့ပြောလိုက်ရင် တလွဲ တွေချည်းပဲဗျ။ စာရေးဆရာ 'ပန်းတနော်-ဝင်းသိန်း'ကို 'ဝင်းတနော် ပန်းသိန်း' ပြောတာလည်း ဦးလေးတို့ အဂ္ဂိရတ်အုပ်စုပဲ၊ စာရေးဆရာ ဦးချစ်သန်းမြင့်ကိုလည်း ချွတ်သန်းမြင့် ... လို့ ပြောတာလည်း ဦးလေးတို့ပဲ"

"အေးပါကွာ ... အေးပါ။ အသက်ကြီးတော့လည်း မေ့တတ်တာကိုး။ ဒီမှာ ဒါဘာလဲ ကြည့်စမ်း"

ဦးလေးသာဉာဏ်က သူ့လက်ဝါးပေါ်က ပြောင်ပြောင်အလုံးလေးကို ထိုးပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲသိလား''

''သိတာပေါ့ဗျ''

''သိရင်ပြောစမ်း ဒါဘာတုံး''

''အဲ ... ဒါ ... မော်တော်ဆိုင်ကယ် ဘောစေ့ဗျ''

''ဟာ ... ရှာရိုးမသားလေး။ နှစ်ပေါင်းများစွာ မီးသွေးဖိုး၊ လက်ဖက်ပြောက်ဖိုး၊ ရွှေတိုရွှေစဖိုးများစွာ အကုန်ခံထိုးခဲ့တဲ့ ခါတ်လုံးကိုများ ဆိုင်ကယ်ဘောစေ့တဲ့ ... သွားတော့ကွာ သွားတော့ ...။ မင်းလိုကောင်စားတွေကို သိကြားမင်း၊ နားကင်းနဲ့ဆင်းမ,တောင် ကြိုးပွားမှာမဟုတ်ဘူး။ သွားသွား ငါ့နားက မြန်မြန်ထွက်သွား ...''

အဲဒါ စကားကောင်းမပြောတဲ့ ကျွန်တော့်ကို မောင်းထုတ်လေ့ရှိတယ်ဗျ။ ကိုယ်ကလည်း သိနေပြီးသားပဲလေဗျာ။

ငွေရောင်တက်နေတဲ့ ခါတ်လုံးကိုပြပြီးရင် ပြောမယ်။

ငမိုက်း ... မင်းအိမ်မှာ 'ခဲ'ရှိလား။ ရှိရင်စုထား။

ကြေးနီ၊ ကြေးဝါရောရှိလား၊ ရှိရင်စုထား ...။

ငါက ခဲတို့ ကြေးတို့ အရည်ကျိုထားလို့ပြောရင် မြန်မြန်သာကျို နားလည်လား။

ဒါနဲ့ စင်းဂါးအပ်ချုပ်စက်ပုံလောင်းမလို့လားလို့မေးတော့ ဆဲရော။ အမှန်က သူခါတ်လုံးနဲ့ကျိုထားတဲ့ ခဲရည်၊ ကြေးရည်ကို တို့မှာ ထိမှာ ချက်ချင်းရွှေဖြစ်မှာတဲ့ ...။ ရှင်ကြီးအဖွဲ့ဝေါ်ဏရထားတဲ့ ခါတ်လုံးလို့ ထင်နေတာကိုး။

အဲဒါ တစ်ဆွေမျိုးလုံး လိုက်ပြောတာ။

အစ်ကိုလေး မြင့်သန်းဆို ကြေးရော၊ ခဲရောစုထားတာ နည်းရောလား။ ဦးမလေးသာညာဏ်ကို စိတ်ရောဂါဆေးရုံပို့လိုက်ရတော့မှ အစ်ကိုလေးမြင့်သန်းနဲ့ သူ့ပိန်းမ မမြင့် ကြေးတုံးခဲတုံးတွေကို ပန်းပဲမှာ သွားရောင်းပစ်လိုက်တာ။

အဲဒါတောင် ဦးလေးက ပြောသေးတယ်။

သူထွက်တော့မယ်တဲ့။

အခေါ်က မေးတာပေါ့။ ကိုသာညာဏ် ရှင်ဘယ်ကိုထွက်မှာတုံးတဲ့၊ ထွက်ရင်လည်း မြန်မြန်ထွက်တဲ့ အသေထွက်ရင် ပိုဝမ်းသာတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ထိုးရင်း ဓာတ်လုံးအဆင့်မြင့်သွားတာ ကျွန်တော် မြင်ဖူးတယ်ဗျ။

ဟိုး ... လွန်ခဲ့တဲ့အနှစ် (၄၀) ခန့်က မြင်ခဲ့ရတာ။ ဦးဇင်းကြီးတစ်ပါးနဲ့ ကျွန်တော့်အဘိုး ဦးအုန်းနဲ့ (.....)ဘုန်းကြီးကျောင်းမှာ အတူထိုးကြတာ။ ဘုန်းကြီးကျောင်းသား မြင့်သိန်းရဲ့အဖေ ဦးဇင်းကြီး ထူးခြားဓာတ်လုံးအဆင့်ကို ရရှိသွားတယ်။

ဓာတ်လုံးလေးက လက်သန်းဖျားခန့်ရှိတယ်။

အဲဒီဓာတ်လုံးကို မှောင်ထဲမှာ ထုတ်ကြည့်ရင် အခန်းဟာ မီးမထွန်းဘဲ လင်းနေတယ်ဗျာ။ ဦးဇင်းကြီးက သူ့လက်ဝါးပေါ်မှာ လက်သန်းဖျားသာသာ၊ ဇီးကင်းသာသာခန့်ရှိတဲ့ ဓာတ်လုံးကိုတင်ထားပြီး ကျွန်တော်တို့ ဘုန်းကြီးကျောင်းသား၊ ကာလသားငယ်တွေကို ဓာတ်လုံး မ,ယူခိုင်းတယ်။

အံ့သြစရာကောင်းလိုက်တာ။

ဦးဇင်းကြီးလက်ဝါးပေါ်တင်ထားတဲ့ ဓာတ်လုံးသေးသေးလေးကို ကျွန်တော်တို့ မ,ယူလို့မရဘူးဗျာ။ ဘုန်းကြီးကျောင်းသားကြီးတွေပါ တစ်လှည့်စီ ဝိုင်းမ,တာပဲ။ လုံးဝမ,လို့မရပါဘူးဗျာ။

ဓာတ်လုံးလေးက လေးရုံတင်မကဘူး။

ဦးဇင်းကြီးလက်ဝါးထဲမှာ ကပ်နေတာ။ အသားထဲ၊ လက်ဝါးထဲ နစ်ဝင်စွဲနေသလို စွဲကပ်နေတာ။

ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားတွေရဲ့ အာချောင်မှုကြောင့် ဦးဇင်းကြီးရဲ့ ထူးဆန်းတဲ့ဓာတ်လုံးသတင်းက အင်္ဂလိပ်လောကမှာ ပျံ့နှံ့သိရှိသွားကြပြီ။

အင်္ဂလိပ်ဆရာတွေ၊ စိတ်ဝင်စားသူတွေ၊ လက်ရှိသတင်းသုံးနေတဲ့ ဘုန်းကြီးကျောင်းကို စုံစမ်းမေးမြန်း ရောက်ရှိလာကြတယ်။ ဦးဇင်းရဲ့ဓာတ်လုံးကို ရွှေပုံပေးဝယ်တယ်။ ကားတစ်စီးပေး ဝယ်ကြတယ်။ ငွေပုံပေးပြီးဝယ်ကြတယ်။

ဦးဇင်းကြီးမရောင်းဘူး။

ဒီမှာ အင်္ဂလိပ်ထိုးဘက် ကျောင်းထိုင်ဆရာတော်ကြီး(ယခု ပျံလွန်)က ဓာတ်လုံးကို သဘောပေါက်သွားပြီ ...။

ဒါကြောင့် အလွန်ရှားပါးတဲ့ အဘိုးတန်ရှေးဟောင်းပစ္စည်းတွေကို ဓာတ်လုံးနဲ့လဲပါလို့ ဦးဇင်းကြီးကိုပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လုံးပိုင်ရှင် ဦးဇင်းကြီးကလည်း ဘာပစ္စည်းနဲ့မှ မလဲဘူး။ ဒီတော့ ကျောင်းထိုင်ဘုန်းကြီးက သူ့အပေါ် ငြိုငြင်သွားတာပေါ့။ သူလို ကျောင်းထိုင်ကို ကောင် ငြင်းရက်တယ်ပေါ့။

မကြာပါဘူးဗျာ။

ဓာတ်လုံးပိုင်ရှင် ဦးဇင်းကြီး သူ့သားဘုန်းကြီးကျောင်းသား မြင့်သိန်းကို က်ဆွဲပြီး သူ့မွေးရပ်အညာကို ပြန်သွားရောဗျာ။

ဓာတ်လုံးပိုင်ရှင် ဦးဇင်းကြီးနဲ့ ခန်းနေတူ ဦးဇင်းတစ်ပါးပြောပုံအရဆို အဲဒီ ဓာတ်လုံးကို ပိုင်ရှင်ဦးဇင်းက ပါးစပ်ထဲထည့်ငုံပြလိုက်တာ မျက်စိရှေ့တင် ကိုယ် ပျောက်သွားသတဲ့ဗျာ။

''ဟော့ကောင်မောင်မှိုင်း ငါပြောတာကြားလား''

''ဗျာ ... ဗျာ''

''တယ်ကွာ။ ပြောပြန်တော့ဒေါကန်၊ ရိုက်ပြန်တော့ ပထွေးဆန်တယ်ဖြစ် [illegible]ကွာ''

''တောင်းပန်ပါတယ် အစ်ကိုကံဆိုင်ရာ။ ပြောပါအစ်ကို''

အတွေးတွေက ဦးလေးသာဉာဏ်အင်္ဂရတ်ဓာတ်လုံးကနေ မြင့်သိန်းတို့ ဦးဇင်းကြီးရဲ့ဓာတ်လုံး စိတ်ရောက်သွားတော့ အစ်ကိုကံဆိုင်ပြောတာကို ယ်လိုက်ဘူးဗျ။

အစ်ကိုကံဆိုင်က 'ကြားလား'မေးတော့ ကြောင်အန်းအန်းဖြစ်နေတာ ပါပွပြီပေါ့။ မနည်းတောင်းပန်မှ ဆက်ပြောပြတယ်။

''ကိုကံဆိုင်''

''ဗျာ ... ဆရာမျိုးညွန့်''

''ကျုပ်တို့ပါ ကြားရအောင်ပြောပြပါဗျာ''

''ဟုတ်ကဲ့ ... ဆရာတို့လည်း နားထောင်ချင်တယ်ဆို ပြောပြရမှာပေါ့ ''



www.burmeseclassic.com

www.burmeseclassic.com

# ၆

ကျုပ်တို့ တံငါလှေရယ် လေမုန်တိုင်းနဲ့ ရုတ်တရက်တိုးလို့ ပင်လယ်[illegible] မြုပ်သွားတယ်။ သိတဲ့အတိုင်းပဲလေ ပင်လယ်ရဲ့ ကောင်းကင်က ... စဦး[illegible] သိပ်ခက်တာကလားဗျာ။

နေသာမိုးသာရှိရင်းက ရုတ်တရက် ရာသီဥတု ဖောက်ပြန်ပြောင်း[illegible] မိုးသက်မုန်တိုင်း ဖြစ်ချင်ဖြစ်တာကိုး။ တစ်ခါ မိုးသက်မုန်တိုင်း ငြိမ်သွားရင်[illegible] ပင်လယ်ဟာ အပြစ်မရှိသလိုပဲ ... လှိုင်းလေငြိမ်သက်ပြီး ယဉ်ကျေးလို့ ..

ကျုပ်တို့ တံငါလှေအုပ် လေကွယ်ကိုခိုဖို့ အချိန်မရလိုက်ဘူး။ လှေ[illegible] လှေမှောက်လို့ လှိုင်းလုံးကြား မျောချင်ရာမျောပါ ဖြစ်ခဲ့ရတယ်။

သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့။

ကျုပ် ... သစ်သားကွပ်ပျစ်ကုတင်ပေါ်မှာ ပက်လက်။

အနီးမှာ အရွယ်ကောင်းမိန်းမတွေ ဝိုင်းလို့ ...။

"ကျုပ် ... ဘယ် ... ဘယ်ရောက်နေတာလဲ ဟင် ... ဟင်"

"နိုးလာပြီလား ..."

"ကျုပ် ဘယ်ရောက်နေတာလဲ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အလွန်ချောပြီး ကျက်သရေရှိလှတဲ့ အသက် (၅၀)ခန့် မိန်းမကြီး က ...။

"မောင်ရင် နိုးလာပြီလား"

"ဟုတ် ... ဟုတ်ကဲ့။ ကျွန်တော် ဘယ်လိုလုပ်ပြီး ... ဒီ ... ဒီ"

ဒီမှာ မိန်းမချောချောခန့်ခန့်ကြီးက အနီးမှာထိုင်ပြီး ကျုပ်ကိုငေးကြည့်နေ တဲ့ မိန်းမချောအရွယ်ကောင်းငါးဦးကို လက်ညှိုးထိုးပြတယ်။

"သူတို့တွေ့ပြီး ဒီနေရာကိုခေါ်လာတာ။ မင်းတို့လှေမှောက်ပြီး မျောလာ တာကိုတွေ့ကြတယ်။ မနေ့က လေပြင်းမုန်တိုင်းလိုမျိုး ပင်လယ်မှာလေကျတာကိုး"

"ဒေါ် ... ဒေါ်"

"မင်းနာမည် ဘယ်လိုခေါ်တုံး ..."

"ကို ... ကိုကံဆိုင်ကြီးလို့ ခေါ်ပါတယ် ခင်ဗျ"

"အသက်ကရော ကွယ့်"

"အသက် (၂၅) နှစ်ပါ ခင်ဗျ။ ဟို ... ဟို"

"အိမ်ထောင်ရှိလား ... မောင်ကံဆိုင်ကြီး"

"အဲ ... အဲ မရှိပါဘူး ခင်ဗျ။ ဟိုဟို အဘိုးနဲ့ အတူနေပြီး ရေလုပ်ငန်းလုပ် နေပါတယ် ခင်ဗျ"

ဒီလိုပြောပြလိုက်တော့ မိန်းမခန့်ချောကြီးက ဟိုမိန်းမငါးဦးဘက်ကို မျက်လုံးပါပါလှည့်ကြည့်လိုက်တာမြင်ရတယ်။

မျှော်ရှည်တဲ့ အသက် (၁၆) နှစ်အရွယ်ခန့် မိန်းမလှလေးတွေရဲ့ မျက်လုံး တွေကလည်း လင်းလက်သွားကြတယ်ဗျ။

သူတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပျော်လို့ဗျာ။

"ဒေါ်ဒေါ်နဲ့ နှမတို့ခင်ဗျား။ ကျုပ် ... ကျုပ်အသက်ကို ကယ်တင်ပေး တဲ့ ကျေးဇူးတင်ပါတယ်ဗျာ"

"အေး၊ ထိုင်လို့ရရင် ထိုင်ပါ မောင်ကံဆိုင်ကြီး"

"ဒီဟာ ... ရွာလား၊ မြို့လားဟင်"

"ရွာပါရှင် ..."

"ဘာရွာလို့ခေါ်လဲ နှမတို့ရယ် ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



''မင်္ဂလာမောင်နှံရွာတဲ့ ... ခစ် .. ခစ် .. ခစ်''

''ဗျာ ... မင်္ဂလာမောင်နှံရွာ။ ကျုပ် ကျုပ်မကြားဖူးပါဘူးဗျာ။ ဒီ ... ဒီရွာက ဘယ်မြို့နယ်မှာပါတာလဲဗျာ ဟင်''

''ခစ် ... ခစ် ... ခစ် ... ခစ်''

''အဟိ ...''

''ခစ် ...''

''အဟဲ့ ... အဟွတ်''

''ကလေးတွေ ဒါနောက်ပြောင်ရမယ့်လူလား ဟင်''

''ကန်တော့ပါ အမေရွာသူကြီးရှင့်''

ကျုပ်အမေးကို မဖြေဘဲ ဝိုင်းရယ်နေလို့ မိန်းမချောခန့်ကြီးက မျက်နှာထားကြီးနဲ့ပြောလိုက်တာ။ သူတို့ဖက်တွေပုပြီး ငြိမ်သွားကြရော။

ဘာတဲ့ ... ရွာသူကြီးရှင့်တဲ့။

ဘာလဲဟ။

ဒီမိန်းမက ရွာကိုအုပ်ချုပ်တဲ့ ရွာသူကြီးမလား။

ဟုတ်ပါ့မလားဗျာ။ သူ့ရုပ်ရည်က နန်းဆန်ဆန် ပန်းဆန်ဆန်ဥစ္စာ။

''မောင်ကံဆိုင်ကြီး''

''ခင်ဗျာ ဒေါ်ဒေါ်''

''သူတို့ပြောတာ ဟုတ်တယ်။ ဒီအရပ်ကို 'မင်္ဂလာမောင်နှံ'ရွာလို့ ခေါ်တယ်။ ဒီရွာကိုရောက်လာတဲ့ လူပျိုလူရွယ် ယောကျာ်းသားတိုင်းလည်း ဒီရွာမှာပဲ အိမ်ထောင်ကျကြတယ်ကွယ့်''

''ဗျာ ... အိမ်ထောင်ကျကြတယ်''

''အေး ... မင်းလည်း အိမ်ထောင်ကျမှာပဲ''

''ဟာဗျာ ... ကျုပ် မိန်းမမယူချင်သေးပါဘူးဗျာ။ ရွာမှာ အဘိုးကျန်ခဲ့တယ်ဗျ။ ခုလောက်ဆို အဘိုးဗျာများနေပြီဗျ''

''ဒါဆို ပြန်မယ်ပေါ့''

''ဟုတ်ကဲ့ ပြန်ရမှာပေါ့။ ကျုပ်က အဘိုးကို ရှာဖွေလုပ်ကိုင်ကျွေးမွေးနေတာလေ''



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ... မိန်းမချောကြီးက ပြုံးပြုံးဟန်နဲ့ ကြည့်ပြီး ...

"မင်းနေကောင်းရဲ့လား"

"ကောင်းပါတယ်။ လှုပ်လို့လည်း ရပါပြီခင်ဗျ။ ကျေးဇူးအများ ..."

"အခု ပြန်မလား။ နက်ဖြန်ပြန်မလား"

"အခု ... ဘယ်အချိန်လဲ ဟင် ..."

"ညဥ့်သန်းခေါင် ..."

"ဗျာ ..."

"အပြင်မှာမှောင်နေတယ်။ ဒီအရပ်က မြွေပါးကင်းပါးလည်း ပေါတယ်။ တစ္ဆေသရဲလည်း ပေါတယ်။ မင်းကျတ်တစ္ဆေကို မြင်ဖူးလား မောင်ကံ"

"မမြင်ဖူးပါဘူး ခင်ဗျ"

"ကြောက်ရော ကြောက်လား"

"မမြင်ဖူးတော့ ဘယ်လိုကြောက်ရမှာလဲ ခင်ဗျ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

"ခစ် ... ခစ် ... ခစ် ... ခစ် ... ခစ်"

"အဟတ်။ ရယ်ရတယ်တော့ ..."

"အဲဒါကြောင့် ငါက သူ့ကို သဘောကျတာအေ့"

"ဟင်းနော် ..."

"ငါနဲ့တော့ပြိုင်မလုနဲ့နော် ... ဒါပဲ ..."

"အမ်မာ ..."

"တိတ်ကြစမ်း ဆူညံနေတာပဲ။ မောင်ကံဆိုင်"

ရိသဲ့သဲ့ ဗလွတ်ရွတ်တပြောနေတဲ့ မိန်းမအုပ်စုကို ခေါင်းဆောင်မိန်းမကြီးက အသံကျယ်ကျယ် ငေါက်လိုက်မှ အားလုံးတိတ်သွားကြတယ်ဗျာ။

"မင်းဗိုက်ဆာနေလား"

"မဆာဘူးဗျ။ အိပ်ချင်နေတယ်"

"ကိုင်း ... အိပ်အိပ်။ အိပ်ရေး၀၀ အိပ်လိုက်။ မိုးလင်းရင် အဝေးပြန်ရဦးမှာ။ ဟိုမိန်းမတွေ ..."

"ရှင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့် ..."

"သူအိပ်နေတုန်း မဆူကြနဲ့။ ခြင်မကိုက်အောင် ယပ်ခပ်ပေး"

"သီချင်းဆိုလို့ရမလား သူကြီး"

"တယ် ... ငါလုပ်လိုက်ရရင် ဖျန်းဖျန်းကွဲသွားမယ်နော်"

သူကြီးမကြီးထွက်သွားတော့ သူတို့အနားကိုတိုးလာပြီး တစ်ယောက် တစ်ပေါက် မေးကြပါရောဗျာ။

"မောင်ကြီးကံ ..."

"ဘာလဲဗျာ"

"သီချင်းဆိုတတ်လား ဟင် ... ဟင်လို့"

မြတ်စွာဘုရား ... အသံက ညုကလီးယားသံနဲ့ မေးတာဗျ။

"မဆိုတတ်ဘူးဗျာ"

"ထွေးညိုသီချင်း မရဘူးလားလို့"

"ထွေးညိုရော၊ ငွတိုရော မရဘူး။ ကျုပ်အိပ်တော့မယ်"

"ဒါဆို တစ်ခုပဲမေးမယ်နော် နော်"

"တောက် ... အိပ်ချင်ပြီဆိုမှကွာ ..."

"အဲဒီလို ဒေါသသံလေးက ပိုနားထောင်လို့ကောင်း"

"စောင်းရောတီးတတ်လားဟင်"

"ဗျာ ..."

"ကျွန်မတို့မှာ စောင်းရှိတယ်။ မောင်ကြီးတီးတတ်ရင် တီးခိုင်းမလို့ပါ။ ကျွန်မတို့က သီချင်းဆိုပြီး က,ချင်လို့ပါ"

"မတီးတတ်ဘူး။ စောင်းလည်း မတီးဘူး။ ဘေးတိုက်ရော၊ တည့်တည့် ရော မတီးဘူး ... သွား ... သွား ... သွား"

အားလုံးကို အော်ဟစ်မောင်းထုတ်ပြီး စောင်ကို ခေါင်းမြီးခြုံလိုက်တယ်။ မျက်စိကိုမှိတ်ပြီး အိပ်ကြည့်တယ်။ အိပ်လို့မရဘူး။ ကျုပ်စဉ်းစားကြည့်တယ်ဗျ။

သူတို့က မေးတယ်လေ။

သီချင်းဆိုတတ်သလားတဲ့။

စောင်းတီးတတ်သလားတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဆိုချင်၊ က,ချင်လို့ပါတဲ့။

ဘုရားရေ။

မဟုတ်မှလွဲရော။ ကျုပ်တံငါလေ့မှောက်ပြီး မိန်းမလှကျွန်းများ ရောက်နေရော့လားဗျာ။ ကျွန်းညိုကြီးများ ရောက်နေရော့လား။ ဘုရား ဘုရား ကြက်သီးတွေ ထလိုက်တာ။

ခေါင်းနပန်းတွေ ကြီးလိုက်တာ။

ကျုပ်ကို မောင်ရှင်လိုပဲ စောင်းတီးခိုင်းမလို့နဲ့တူရဲ့။

ကျုပ် ဘုရားစာရွတ်မှဖြစ်မယ်ဆိုပြီး ဘုရားစာတွေရွတ်မယ်လုပ်ရော၊ ဘာမှစဉ်းစားမရတော့ဘူးဗျာ။ နားထဲမှာ ကြားနေရတာက မိန်းမချော၊ မိန်းမလှ၊ ငါးယောက်ရဲ့ တစ်လှည့်စီ သီချင်းဆိုနေတဲ့အသံ။

ပြီး ... အနီးကနေ ယပ်ခပ်ပေးနေတဲ့အသံ။

တစ်ချက် တစ်ချက်မှာ သူတို့ချင်း တိုးတိုးပြောပြီးရယ်လိုက်ကြသေးရဲ့ ဗျို့ သူတို့ရယ်လေ ကျုပ်မှာ ကြက်သီးထ,လေ။



www.burmeseclassic.com

www.burmeseclassic.com

# ၇

မိုးလင်းပြီ။

နေရောင်ခြည်က သစ်ပင်တွေပေါ်ကို ထိုးထိ နှုတ်ဆက်နေကြပြီ။ ကျွန်တော် ရောက်နေတာ ကျောက်တုံးကြီးတွေ ထပ်ဆင့်စီဆောက်ထားတဲ့ အိမ်ကြီးပဲကိုး။

လူသံတွေကြားရတယ်ဗျာ။

ကျွဲနွားမောင်းသံတွေ ကြားရတယ်။

မျိုင်းအုပ်ပျံသန်းနေတာ မြင်ရတယ်။

ကြည့်စမ်း။ ကျောက်တုံးအိမ်ကြီးရဲ့ရှေ့မှာ လှလိုက်တဲ့ပန်းခင်းဗျာ။ အဝါရောင်ပန်းခင်းနဲ့ အနီရောင်ပန်းခင်ဗျ။ ပန်းရနံ့မွှေးပုံက ဘယ်ပန်းရနံ့နဲ့နှိုင်းရမှန်းတောင် မသိဘူး။

"မောင်ကံဆိုင်ကြီး နိုးတောင်နေပလား။ အလို ...။ ဒါက ..."

"ကျုပ်ပြန်တော့မယ် ဒေါ်ဒေါ်"

"ဟဲ့ နေဦးလေ။ မင်းနှမလေး နံနက်စာပြင်နေတယ်၊ စားပြီးမှ သွားပါ၊ ငါ့တူ ကြီးရယ် ... နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ဒေါ်ဒေါ်။ အဘိုး အဘိုး မျှော်နေမှာစိုးလို့ပါ ...။ ကျွန်တော် ...ဒေါ်ဒေါ်တို့ကို ကန်တော့ပြီး ... နှုတ်ဆက်"

"အို မလုပ်နဲ့။ မကန်တော့နဲ့ မကန်တော့နဲ့"

ကျုပ်ကန်တော့မယ်လုပ်တာကို ပျာပျာသလဲ တားတယ်ဗျာ။

ဘယ်လိုမိန်းမကြီးလဲ မသိဘူး။

ဒီမှာ ... မိန်းမချောလေး ငါးဦးဟာ ဝတ်ကောင်းစားလှတွေဝတ်၊ အလှအပ ...ကွပြင်လို့ဗျ။ အိမ်ထဲက ပြေးထွက်လာကြပါရော။

"မောင်ကြီး ... တကယ်ပြန်တော့မှာလားဟင်"

"ဟုတ်ကဲ့ ..."

"အစ်ကိုကြီး ... မပြန်ပါနဲ့လား ဟင်လို့"

"မပြန်လို့ဘယ်ဖြစ်မလဲဗျာ။ ကျုပ်မှာ အဘိုးရှိသေးတယ်ဗျ"

"ညီမတို့က အတူနေမယ်မှတ်လို့"

"ဟာဗျာ ..."

အတင့်ရဲလိုက်တဲ့ မိန်းမတွေနှယ်ဗျာ။ ယောက်ျားငတ်နေလို့လား မသိ။ ကျုပ်ကို စူးစူးရဲရဲ ငမ်းငမ်းတတ, အားမလိုအားမရ ရမ္မက်အားကြီးတဲ့ မျက်လုံးတွေ ...ဖိုင်းကြည့်နေကြတာဗျာ။

"ပြန်မယ်ဆို လိုက်ပို့ပေးမယ်နော်"

"ကျေးဇူးတင်ပါတယ်ဗျ။ လမ်းပဲညွှန်ပြပါ"

"အို ... မောင်ကြီးကလည်း ကိုယ့်ညီ့သည်ကို အဲလို မလုပ်ရက်ပေါင် ...တော်"

"လိုက်မပို့နဲ့ ရတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်နော်"

သူတို့ ဝမ်းမနည်းပဲ ပြုံးတုံ့တုံ့မျက်နှာလေးတွေနဲ့ ဖိုင်းကြည့် နောက်ပြောင် ...နေကြသေးဗျာ။ အဒေါ်ကြီးကလည်း ပြုံးလို့ဗျ ...။

ကျုပ် သူတို့ကျောက်တုံးအိမ်က ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်တယ်။

ကွင်းထဲက စပါးစိုက်နေတဲ့ လယ်သူမတွေက ကျုပ်ကိုလှမ်းကြည့်ပြီး တီးတိုး ...တိုးလုပ်နေကြတယ်။ လူကြီးအချို့ကလည်း ကျုပ်ကို မကြာမကြာ လှမ်းကြည့် ...လှမ်းကြည့်လုပ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှာတော့ ...

အမျိုးသမီး အယောက်သုံးဆယ်ခန့်နဲ့ ယောကျ်ားငါးဆယ်ခန့်တို့ဟာ ကျောက်တောင်နှစ်ခုကြားရှိရာကို ခေါင်းတွေငုံ့ပြီး မသာယာတဲ့မျက်နှာနဲ့ သွားနေကြတာ မြင်ရတယ်။

သူတို့ကြည့်ရတာ ဆွေမျိုးသားချင်း တစ်ဦးဦး ကွယ်လွန်လို့ အသုဘပို့သွားနေတဲ့ သဏ္ဌာန်မျိုးဗျ။

ဒီလိုနဲ့ ရှေ့မှာမြင်ရတဲ့ ပင်လယ်ကမ်းခြေရှိရာကို ဝမ်းသာအားရ လာခဲ့လိုက်တယ်။ ရေစပ်မှာ တံငါလှေတွေရပ်ထားတာ တွေ့ရတယ်ဗျ။ လူတွေတော့ မတွေ့ရဘူး။

ကျုပ် ဝမ်းသာအားရ လှေဆိပ်ကိုပြေးသွားလိုက်တာ ...

အနားလည်းရောက်ရော ဘုရားရေ ...။

တံငါလှေတွေ မရှိတော့ဘူး။ ပင်လယ်ကြီးလည်း ဘယ်ရောက်သွားမှန်း မသိဘူး။ မရှိတော့ဘူး။

''ဟ,ပင်လယ်ဘယ်ရောက်သွားပါလိမ့်''

''တံငါလှေတွေရော ... ထူးဆန်းလိုက်တာ''

''ငါ မျက်စိအမြင် မမှားပါဘူး။ ပင်လယ်ကိုရော လှေတွေကို အသေအချာ မြင်ရတာပါ''

''ဗျို့ ... လှေဆရာတို့။ လှေသမ္ဗာန်ဆရာတို့ ခင်ဗျားတို့ဘယ်မှာတုံးဗျ။ ကျုပ်လှေကြုံ ရေကြုံလိုက်ချင်လို့ပါဗျို့''

ကျုပ် အသံကုန်ဟစ်ပြီး ခေါ်တယ်။

ပြန်ထူးသံမကြားရဘူး။ သို့သော် ...

ပင်လယ်လှိုင်းပုတ်သံကို ကြားနေရတယ်။ ဒါပေမယ့် ပင်လယ်ကို လုံးဝ မတွေ့ရဘူး။ ဘာတွေဖြစ်နေပါလိမ့်မလဲ။

ဒီလိုနဲ့ လှိုင်းပုတ်သံကြားရာကို မှန်းဆပြီးလာခဲ့လိုက်တာ နောက်ဆုံး ကျုပ် အိမ်တစ်အိမ်ရှေ့ကို ရောက်သွားတယ်၊ အိမ်ရှင်တွေကို ပင်လယ်ဘယ်နေရာမှာလဲ မေး ရမှာပဲ ...။

''အိမ်ရှင်တို့၊ အိမ်ရှင်တို့ခင်ဗျ''

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှင်တို့ ..."

ခေါ်သံကြောင့်တူရဲ့ အိမ်တံခါးပွင့်လာပြီး ဝတ်ကောင်းစားလှဝတ်ထားတဲ့ မိန်းမဝဝကြီးနဲ့ ကလေးနှစ်ဦးကို တွေ့လိုက်ရတယ်။

"ဘာကိစ္စလဲ မောင်ရင်"

"ဟို ... ဟို ပင်လယ် ... ပင်လယ် ဘယ်နားမှာလဲခင်ဗျာ"

"ပင်လယ်"

"ဟုတ်ကဲ့ ... ပင်လယ်ကမ်းစပ်ကို ပြောတာပါခင်ဗျ"

"ပင်လယ်တော့ ငါမသိဘူး။ မင်္ဂလာဆောင်ပဲသိတယ်။ လိုက်ချင်လိုက်ခဲ့။ ဟိုမှာ ပင်လယ်သိတဲ့နေရာသိတဲ့လူ ရှိနိုင်တယ်။ ကဲ ... ကလေးတွေ အပြင်ထွက်။ တံခါးပိတ်မယ် ..."

လှလှပပဝတ်ထားတဲ့ ကလေးနှစ်ဦးက ကျုပ်ကို အံ့ဩတဲ့မျက်လုံးတွေနဲ့ ကြည့်နေတယ်။ မိန်းမဝဝကြီးက အိမ်တံခါးကို ပိတ်ပြီးနောက် ...။

"ကလေးတို့သွားစို့။ ဟိုရောက်ရင် ဣန္ဒြေရရစားကြနော်"

"ဟုတ်ကဲ့ ..."

"မောင်ရင် လိုက်မလား"

"ဟုတ်ကဲ့ လိုက်ခဲ့ပါမယ် ကြီးတော်"

ကျုပ်တို့ မင်္ဂလာဆောင်ရှိရာကို အရှေ့ရှုးစူးကို သွားနေကြတယ်ဗျ။ လမ်းမှာ လူညီးတွေနဲ့ သွားနေတဲ့လူတွေကိုလည်း မြင်ရတယ်။

"ကြီးတော် ..."

"အေး ... ဘာတုံး"

"မင်္ဂလာဆောင်က ဘာကျွေးလဲဟင်"

"ထမင်းပေါ့။ ဒီမှာက မင်္ဂလာဆောင်ဆိုတာ ထမင်း။ အသုဘဆိုရင် မုန့်ဟင်းခါးကျွေးလေ့ရှိတယ်။ အခု မင်္ဂလာဆောင်က ချမ်းသာတော့ ဝက်သားနဲ့ ငါးရှာလုံးကို ဒိုးဒိုးတိတ်ကျွေးမှာ"

"သတို့သမီးက ချောလား ကြီးတော်"

"ချောတယ်။ သတို့သမီးက ငါးယောက်တော်"

"ဗျာ ... သတို့သမီးက ငါးယောက်၊ သတို့သားကရော"



www.burmeseclassic.com

www.burmeseclassic.com



''သတို့သားက တစ်ယောက်တည်း''

''ဗျာ ...''

''တို့အရပ် ဓလေ့က မိန်းကလေးကြိုက်ရင် စုပေါင်းယူလိုက်တာပဲ။ အခု ကောင်လေးကိုယူမှာ ညီအစ်မအရင်းငါးယောက်''

''အလိုလေးဗျာ''

''သတို့သားကတော့ ဒီမနက်ကျမှရောက်မှာတဲ့။ သတို့သမီးငါးယောက် ကလည်း ချောမှချောပဲ''

''သတို့သမီးနာမည်တွေက ဘာတဲ့လဲဟင်''

ကျုပ်လည်း သွားရင်းလာရင်း စပ်စုတာပေါ့။

''သတို့သမီးငါးယောက်နာမည်က မမိုးကြီး၊ မမိုးရွှေ၊ မမိုးငွေ၊ မမိုးသည်းနဲ့ မမိုးစွေတဲ့''

''နာမည်တွေက ကဗျာစပ်ထားသလိုပဲနော်''

''ဟုတ်တယ် ...''

''သတို့သားနာမည်ကရောခင်ဗျာ''

''သတို့သားနာမည်က မောင်ကံဆိုင်ကြီးတဲ့''

''ဗျာ ...''

''သတို့သားက မြို့ကြီးပေါ်ကတဲ့ကွယ့်။ သမီးရှင်ကလည်း သမီးတွေကို ချစ်လွန်းတော့ ကောင်လေးတစ်ယောက်တည်းနဲ့ ပေးစားတာတဲ့။ ဟိုရှေ့ကဟာ မင်္ဂလာဆောင်မဏ္ဍပ်ပါပဲတော်''



www.burmeseclassic.com

www.burmeseclassic.com

## ၈

ကျုပ် ရင်တွေတုန်နေတယ်။

သတို့သမီးက ငါးယောက်။

သတို့သားက တစ်ယောက်။

သတို့သားက ဒီမနက်မှရောက်မယ်တဲ့။

သတို့သားနာမည်က မောင်ကံဆိုင်ကြီးတဲ့။

အမယ်လေး ကျုပ်နာမည်နဲ့တူနေပါလား။ ဟို မိုးကြီး၊ မိုးရွှေ၊ မိုးငွေ၊ မိုးသည်းနဲ့ မမိုးစွေဆိုတဲ့ သတို့သမီးငါးယောက်ကရော ဘယ်သူတွေတုံး။

ကျုပ်တို့လည်း မင်္ဂလာမဏ္ဍပ်ရှေ့ရောက်ရော . . .။

မိန်းမငါးယောက် သတို့သမီးဝတ်စုံနဲ့ မဏ္ဍပ်ထဲကနေပြေးထွက်လာပြီး ကျုပ်ကိုမြင်ရော ဝမ်းသာအားရ အော်ကြတာဗျို့။

''မောင် . . . မောင် နောက်ကျလိုက်တာကွယ်''

''မောင်ကြီး အဝတ်အစားလဲတော့ . . . မြန်မြန်လုပ်''

''အဲ . . . အဲ . . . ကျုပ် ကျုပ်က . . .''

''ဘိသိက်ဆရာလည်းရောက်နေပြီ . . . လာ . . . လာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နီလာမြင့်တို့၊ သီတာမြင့်တို့ ... နင်တို့အမေ မချောကြီးရော ဒီမှာ သတို့သားရောက်လာပြီ။ လှလှပပပြင်ပေးကြအေ့ ..."

"ဟုတ်ကဲ့ပါ မမစွေ"

"သီတာမြင့် ..."

"ရှင် ... မမကြီး"

"ချိတ်ပုဆိုးကို အဝါရောင်ဆင်ပေးလိုက်နော်"

"ဟုတ်ကဲ့ပါရှင် ..."

"နီလာမြင့် ..."

"ရှင် ... မမလေး ... အမိန့်ရှိပါရှင့်"

"သတို့သားကိုကို့ရင်ဘတ်မှာ ထိုးတဲ့ပန်းက ဘာအရောင်စီစဉ်ထားတဲ့ အေ့"

"နှင်းဆီအဝါရောင်ပါ မမလေး"

"အေးအေး ဒါဆိုပြီးရော။ လှအောင်တော့ ပြင်ကြအေ့"

"ဟုတ်ကဲ့ပါရှင့် ..."

အသားမည်းမည်း၊ နှုတ်ခမ်းထော်ထော်၊ မျက်လုံးပြူးပြူး၊ အလှပြင်မိန်းမ နှစ်ဦးက ကျုပ်ကို မျက်လုံးလေးထောင့်ကပ် ကြည့်နေတယ်ဗျ။

"မောင် ... လာလေ"

"ကို ... ဝင်တော့နော်"

"မောင်ကြီး ... လာလို့ ဟင့် ဟင့်"

သတို့သမီးဝတ်စုံနဲ့ မိန်းမချောချောငါးယောက်ကိုမြင်တော့ ကျုပ်ရင်ထဲ တဒိန်းဒိန်းဖြစ်နေပြီဗျ။ သူတို့ဘယ်သူတွေမှတ်လို့တုံး။ ကျုပ်ပင်လယ်ထဲလှေနစ်တုန်း က ကျုပ်ကိုကယ်ခဲ့တဲ့ ဟိုအဒေါ်ကြီး သမီးငါးယောက်ဗျ။ ငါးယောက် ...။

ယောက်ျားမြင်ရင် စားတော့ဝါးတော့မလို မိန်းမတွေဗျ။

ကျုပ်ကို ဝိုင်းဆွဲတယ်။ ကျုပ်က တအားရုန်း ရုန်းလေ သူတို့အမျိုးတွေ က ဝိုင်းလာကြလေ။ ဒီမှာ မိန်းမငါးယောက်ရဲ့အမေ အဒေါ်ကြီးက ...

"မောင်ကံဆိုင် ..."

"ဗျာ ... ဗျာ"

"မင်းပြန်လို့မရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘာ .. ဘာဖြစ်လို့ ... လို့"

"မင်း ... သူတို့နဲ့ ဒီနေ့မင်္ဂလာဆောင်ရမယ်။ အားလုံးကိုလည်း အသိပေး ပြောပြီးပြီ။ ညှော်ခံကျွေးမွေးပြီးပြီ။ ကဲ ... အထဲကိုဝင်"

"မဝင်ဘူး ... ကျုပ် ... ကျုပ် ပြန်မှာ ... ပြန်မှာ"

ကျုပ် ကြောက်ရွံ့အံ့သြလွန်းလို့ အော်ပြောပစ်လိုက်တယ်။

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး"

"အေး ... ဟေး ... ဟေး ... ဟေး ... ဟေး ... ဟေး"

"အဟတ် ... အဟတ် ... အဟတ် ... အဟတ် ... အေ့"

"ခစ် ... ခစ် ... ခစ် ... ခစ် ... အဟွတ်"

သူတို့ဗျာ။ ကျုပ်ပြန်မယ်လို့ အော်ပြောရော ကျုပ်ကိုဝိုင်းကြည့်ပြီး ရယ်ကြတာ။ သတို့သမီးငါးယောက်ရော သူတို့အမျိုးတွေရော၊ ရောက်လာကြတဲ့ ပရိသတ် တွေပါ။ ဝိုင်းကြည့်ရယ်ကြတာ။

အူလှိုက်သည်းလှိုက် ရယ်ကြတာ။

ခွက်ထိုးခွက်လန် အော်ရယ်ကြတာ။

ဗိုက်နှိပ်ပြီးတော့ကို ခါးကုန်းရယ်ကြတာ။

သူတို့ရယ်သံတွေဟာ တဖြည်းဖြည်း ကျယ်ကျယ်လာတယ်။ သူတို့ရယ်တာ ကို မရပ်ဘူး။မနားကြဘူး။ ကျုပ်မျက်နှာနားတိုးကပ်ရယ်ပြီး နောက်ဆုတ်လိုက်ကြ။

ကျုပ်ကို ရှေ့လူနဲ့နောက်လူ တွန်းတွန်းပြီးရယ်ကြ ...။

ရယ်ရင်းနဲ့ သူတို့မျက်နှာတွေ ကြီးကြီးလာပါရောဗျာ။

ဟာ ... နားရွက်တွေကားလာပါလား။ နှာခေါင်းကြီးတွေက ပြပ်ကျည်ပွေ့ ယောက်ကြီးလာတယ်။ သွားတစ်ချောင်းကို လက်ဝါးခန့်ဖြစ်လာတာကို ကြောက် မက်ဖွယ်မြင်လိုက်ရရော ...။

ကျုပ် ... သူတို့ဝိုင်းထားတဲ့ကြားက တအားတိုးထွက်လိုက်တယ်။

သူတို့ရဲ့ရယ်သံတွေကြောင့် ကျုပ်နားကွဲတော့မယ်ဗျာ။

နောက်ဆုံး ဘုရား .. ဘုရားလို့ လက်အုပ်ချီတာ,ပြီး ကျုပ် သူတို့ကြားက ဖောက် ထွက်ပြီးပြေးခဲ့လိုက်တယ်။ လှည့်ကြည့်လိုက်တော့ ...

သူတို့ ကျုပ်နောက်ကနေ ပြေးလိုက်လာနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်တွေမြှောက်၊ အဝတ်တွေမြှောက် အသံကုန်အော်ဟစ်ပြီး ပြေးလိုက်လာနေတာ။ ကျုပ် ဘယ်ပြေးရမှန်း မသိတော့ဘူး။ ပါးစပ်ကနေ ဘုရားတ,လိုက် သရဏဂုံရွတ်လိုက်နဲ့ ခြေဦးတည့်ရာပြေးနေတုန်း ...။

တဝုန်းဝုန်း လှိုင်းပုတ်သံကြားလိုက်ရပါရောဗျာ။

ဟုတ်ပြီ။ ပင်လယ်ကမ်းခြေနဲ့ မဝေးတော့ဘူး။

"ဝေး ... ဟေး ... ဟေး ... ဟေး"

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး ..."

"အစ် ... ကို ... မ ... ပြေး ... နဲ့ ... ရပ်"

"မောင် ... မောင် ... ကြီး ... ရပ်ပါ။ ကျွန်မကို သနားပါ"

မိန်းမငါးယောက် နောက်ကနေအပြေးလိုက်လာတာ။ သူတို့အသံတွေဟာ မိန်းမပျိုတွေရဲ့ အသံနဲ့မတူတော့ဘဲ အဖွားအိုကြီးတွေရဲ့အသံ၊ လူမမာရဲ့အသံ၊ သေကာနီးလူနာရဲ့အသံလိုမျိုးတွေဗျာ။ ကျုပ်ကလည်း မနားဘူး။

ပင်လယ်လှိုင်းပုတ်သံရှိမယ့်အရပ်ကို ပြေးနေတုန်း သူတို့အသံနဲ့မတူတဲ့ အသံတစ်သံကို ကြားလိုက်ရတယ်။

"မောင်ကံ ဒီကိုပြေးခဲ့"

"ဟင် ... ငါ့နာမည်ကို သိနေပါလား။ ဘယ်သူများပါလိမ့်"

"ဟော့ကောင်။ မရပ်နဲ့ ပြေးခဲ့ ငါ့ဆီကိုပြေးခဲ့"

"ဟာ ပင်လယ်ကြီးနဲ့တူတယ်။ ငါ့ကိုခေါ်နေတာ ဟိုရွက်လှေကြီးပေါ်ကပဲ ဟုတ်တယ် ..."

ကျုပ် ရေစပ်မှာရပ်ထားတဲ့ ရွက်လှေကြီးရှိရာကို ပြေးတုန်းမှာပဲ ဟိုက်မောပြီး ရေ့ကိုထိုးလဲကျသွားတယ်။ ကျုပ် ခေါင်းချာလပတ်လည်နေပြီ။

ရင်ဘတ်ထဲမှာ လှုးလိမ့်လှိုင်းထနေပြီ။

အမေရေ ... အမေရေ ... အဘိုးရေ ... အဘိုး ...။

သူတို့ ကျုပ်နားကိုရောက်လာကြပြီဗျာ။ ကျုပ်ကိုကယ်ကြပါဦး။

"အား ..."

"အား ... သေပါပြီဗျ"

"ဟား.. ဟား.. ဟား.. ဟား.. ဟား... ဟီး.. ဟီး.. ဟီး.. ဟီး.. ဟီး"

"ဟီး.. ဟီး.. ဟီး.. ဟီး.. ဟီး... ဟား.. ဟား.. ဟား.. ဟား.. ဟား"



www.burmeseclassic.com

www.burmeseclassic.com

# ၉

''သတိရလားဟေ့''

''ဟင် . . . ကျုပ် . . . ကျုပ် ဘယ်ကိုရောက်နေတာလဲ ဟင်''

''အန္တရာယ်မရှိတဲ့နေရာပေါ့ မောင်ကံရာ''

ဟင် . . . ဒီလူကြီးရဲ့အသံကို ကျုပ်ကြားဖူးပါတယ်။ ဟာ . . . သိပြီ၊ ဒီအသံ ပဲ၊ သူ့အသံပဲ။

''မင်း . . . ငါတို့ရွက်လှေပေါ် ရောက်နေတာကွ။ မင်းသိပ်ကံကောင်းလို့ သာပေါ့ကွာ။ နို့မို့ . . . မင်းအသက်ကို သူတို့နှုတ်တော့မှာကွ''

လူကြီး ဘာတွေပြောနေတာလဲဗျာ။

သူ့ကိုယ်ပေါ်မှာ အင်္ကျီမရှိဘူး။ တစ်ယောက်က ကတုံးကြီးနဲ့။

ပြီး . . . အင်းတွေ၊ အင်းတွေတစ်ကိုယ်လုံးမှာ ပြည့်နေတယ်။

ပါဠိလိုရေးထားတဲ့ ဂါထာတွေလည်း အများကြီးပဲ။

ကြည့်စမ်း . . . ကျောကုန်းမှာ သန်လျက်နှစ်ခု မြောက်နေတဲ့ဘီလူး။ ဒါ . . . ဒါ အာဠာဝကဘီလူးရုပ်ပဲဗျ။ သူ့ကိုယ်ပေါ်က အင်းတွေ ခြေဖျားအထိ ထိုးထားတာ ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီး ..."

"အေး ..."

"ကျုပ်အသက်ကို နုတ်မယ့်သူဆိုတာ ဘယ်သူလဲဟင်"

"ဟင်း ဟင်း ဟင်း ဟင်း ... မင်းမသိသေးဘူးကိုး။ မင်းနောက်က လိုက်လာတဲ့မိန်းမတွေက ဘာမိန်းမတွေလဲ သိလား"

"မ ... မသိဘူးဗျာ"

"မှတ်ထား အဲဒါ အသူရကာယ်တွေ"

"ဗျာ ... အသူရကာယ် ..."

"အသူရကာယ်ဆိုတဲ့ အဓိပ္ပာယ်ရော သိရဲ့လားကွ"

"သိ သိပါတယ် ခင်ဗျာ"

"သိရင် ရွတ်ပြစမ်းကွာ။ နားထောင်ရအောင်ဟေ့"

ရွက်လှေကြီးက ပင်လယ်ကမ်းစပ်ကနေ လေစုန်ရွက်လွှင့်သွားနေတယ်ဗျ။ ရေပေါ်မှာ ရွှေ့ရွှေ့ .. ရွှေ့ရွှေ့နဲ့။ လှေပဲ့ကိုင်တဲ့ လူကြီးကတော့ ကျုပ်တို့ကို ဂရုမစိုက်ပေါင်ဗျာ။

"အသူရကာယ် ဘုရားကိုမသိ၊ တရားကိုမသိ။ နေ့စဲ၍ ညခံ၊ ညစံ၍ နေ့ခံ၊ အပြစ်ရှိသော သတ္တဝါ ... တဲ့"

"ရသားပဲကွ"

"ကျောင်းတုန်းက သင်ခဲ့ရလို့ပါ အဘ။ ဒါနဲ့ ... သူတို့က အသူရကာယ်တွေ ဟုတ်လား"

လူကြီးက ဆေးပြင်းလိပ်ကိုဖွာပြီး ...

"သိပ်ဟုတ်တာပေါ့။ မင်းကြုံခဲ့ပုံတွေ ပြောပါဦးမောင်ကံ"

"ဘကြီး ..."

"ဘာလဲကွ ..."

"ဘကြီးက ကျုပ်နာမည်ဘယ်လိုလုပ်သိနေတာလဲ ဟင်"

"အံ့ဩလို့လား"

"အံ့ဩတာပေါ့ဗျာ။ ကျုပ်အသိတွေ ဒီအရပ်မှာ မရှိဘူးဗျ"

"မင်းက အဘိုးနဲ့နေတာ"

"ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်လို့လား"

"ဟုတ်ပါတယ် ဘကြီး"

"မင်းမှာ မိဘနှစ်ပါးလုံး မရှိတော့ဘူး။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ခင်ဗျ"

"မင်း . . . ပင်လယ်မှာ လှေမှောက်ခဲ့တယ်"

"ဘကြီး . . ."

"မင်းကိုကယ်ခဲ့တာ မိန်းမတွေ"

"ဘကြီးအကုန်သိနေတာပဲလား ဟင် . . . ဟင်"

"ကိုင်း . . . မင်းအကြောင်း မင်းကိုယ်တိုင်ပြောပြ။ မင်းမသိတာကိုမှ ငါပြောပြမယ်"

အံ့သြစရာကောင်းတဲ့လူကြီးဗျာ။ ကျုပ်အကြောင်းတွေကို သူပြောပြနေတာမှ ကွက်တိပဲ။ ဒါနဲ့ ကျုပ်က ပင်လယ်ပြင်မှာ ငါးဖမ်းထွက်ရင်း အခြားလှေသမားတွေနဲ့ မုန်တိုင်းမိလှေမှောက်တဲ့ . . . . . . . . . . အကြောင်းစုံကို ပြောပြလိုက်ရော။

"မင်းသာ အဲဒီမိန်းမတွေနဲ့ ထိမ်းမြားလက်ထပ်လိုက်ရင် မင်းအသက်ကို ယူတို့နှုတ်ပြီပဲကွ။ သူတို့က လူအစစ်တွေမဟုတ်ဘူး။ အသူရကာယ်တွေ ပင်လယ်ကမ်းစပ်၊ တောထဲတောင်ထဲမှာ နေကြတာလေ၊ မင်းအကင်းပါးတာလည်း ပါတယ်ကွ"

"ဟုတ် ဟုတ်"

"အမိက,က မင်းသရဏဂုံရွတ်လို့ အသက်ရှင်ရတာ"

ဒါနဲ့ ကျုပ်က အင်းကွက်ပြည့်နဲ့ ဘကြီးကိုမေးတာပေါ့။

"ဘကြီး သူတို့ကို သိတယ်လား ဟင်"

"သူတို့နဲ့ရော ကြုံဖူးလားဟင်"

"ကြုံဖူးလို့ သိလို့ မင်းကိုပြောပြတာပေါ့။ အချို့လူတွေ သူတို့စနက်ကြောင့်မှာပဲ အသူရကာယ်မျိုးတွေ ဖြစ်ခဲ့တာပဲ။ အသူရကာယ်နဲ့ ကျတ်နဲ့မတူဘူးကွ"

"ဘယ်လိုမတူတာလဲ ဘကြီး"

လူကြီးက လှေပဲ့ကိုင်အဘိုးကြီးကို ကုလားစကားလိုလို စကားနဲ့ လှမ်းမေးလိုက်တယ်။ ဟိုကလည်း ကျုပ်မသိတဲ့စကားနဲ့ ပြန်ပြောတယ်။

"ကျတ်တွေလည်း လူယောင်ဖန်ဆင်းပြီး ရွာတည်နေကြတာပဲ။ သူတို့က ဘုန်းကြီးရဟန်းလည်း ဒုက္ခပေးတတ်တယ်။ အသူရကာယ်ဆိုတာက လူ့ဝတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့ကြပါသော်လည်း သူတစ်ပါးကို မနာလို၊ ဝန်တို၊ မရှုစိမ့် ဖြစ်ပြီး အကျိုးပျက်စီးအောင်လုပ်ခဲ့ကြသကိုး။ သူတို့သေပြီးနောက် သူတို့ပြုခဲ့တဲ့ ကုသိုလ်အကျိုးကို နေ့မှာ နတ်စည်းစိမ်တမျှ ခံစားကြရတယ်။ သို့သော် ပြုခဲ့တဲ့ အကုသိုလ်အမှုကိုတော့ ညမှာ ငရဲခံရခြင်းတမျှ ပေးဆပ်ရတယ်။ အသူရကာယ် တွေဟာ အပျော်အပါးကြိုက်ကြတယ်။ နတ်စည်းစိမ်ခံစားရသလိုမျိုးကို ရတာရှိ တယ်။ မင်းများ အဲဒီအသူရကာယ်မတွေရဲ့အလိုကို လိုက်ခဲ့မိရင် မင်းလည်း သူတို့ လို အသူရကာယ်မဖြစ်တောင် တစ္ဆေတော့ သေချာပြီးသွားပြီ။ မင်း ပင်လယ်ကမ်းစပ် လိုက်ရှာနေတာလည်း ငါမြင်တာပဲ။ မင်း အသူရကာယ်မတွေလိုက်လို့ အသက်လု ပြေးတာလည်း ငါမြင်နေရတာပဲ။ မင်းပါးစပ်က သရဏဂုံရွတ်သံကြားလို့ ငါ ဒီလှေပေါ်ပွေ့ခေါ်လာတာ''

''ကျေးဇူးကြီးလှပါတယ် ... အဘရယ်။ ကျွန်တော် အဘကို ကန်တော့ ပါတယ် အဘ ...''

''အိမ်း ... သာဓု ... သာဓု ... သာဓု''

''အဘ ...''

''အိမ်း ... ဘာတုံး''

''အဘနာမည် ဘယ်လိုခေါ်လဲဟင်''

''ခေါ်ချင်သလို ခေါ်ပါကွာ။ ရပါတယ်''

''အဘနေတော့ရောဟင် ...''

''ကျောခင်းအိပ်လို့ရတဲ့နေရာ ငါ့နေရာပဲကွ။ ငုတ်တုတ်အိပ်လို့ရတဲ့နေရာ လည်း ငါ့နေရာပဲ။ ရပ်လို့ရတဲ့နေရာလည်း ငါ့နေရာပဲ''

ဘယ်လိုအဘလည်း မသိပါဘူးဗျာ။ သူပြောတဲ့စကားကို ကျုပ် သိပ်နား မလည်ဘူး။

''ဘာလို့ ငါ့လိုပ်စာမေးတာတုံးကွ''

''အဘကို ထမင်းတစ်နပ်ကျွေးချင်လို့ပါ အဘ''

''တစ်နပ်ပဲလားဟ မောင်ကံရ''

''ဖြစ်နိုင်ရင် ခေါင်းရင်းခန်းမှာထားပြီး ကျေးဇူးဆပ်ချင်လို့ဗျ''

''ဟား .. ဟား .. ဟား .. ဟား .. ဟား ကြိုက်တယ်ကွာ။ မင်းမှာ လူစိတ်အစစ်အမှန် ရှိတာပဲကိုးကွ။ ကျေးဇူးတင်ပါတယ် ... ငါ့လူရာ၊ မင်းငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာမမေးပါနဲ့ကွာ။ ငါ မင်းအိမ်ကို ရောက်အောင်လာခဲ့ပါ့မယ်။ ဒါနဲ့ ... မင်းမှာ ငွေတစ်ကျပ်ရှိလားကွ"

"မရှိဘူးဗျာ"

"နေနေ ... ငါ့မှာရှိတယ်"

လူကြီးက ကျပ်တန်တစ်ရွက်ကို အိတ်ထဲကထုတ်ပြီး ကျပ်တန်ပေါ်မှာ လက်ညှိုးနဲ့ အင်းပုံဆွဲလိုက်တယ်။ ပြီး ... လက်ဝါးနဲ့ ပိုက်ဆံကျပ်တန်ကို ရိုက်ချလိုက်တယ်။ အလို ... ခဲတံ၊ မှင်တံ၊ ကညစ်နဲ့ ဆွဲတာမဟုတ်ဘူးနော်။

လက်ညှိုးနဲ့ဆွဲလိုက်တာ။

"ရော့ ... သိမ်းထား။ ဉာဏ်ရှိသလိုသုံး"

ကျုပ်ကိုပေးတဲ့ ပိုက်ဆံပေါ်မှာ လေးထောင့်စမအင်းတစ်ကွက်ဗျာ။

"ငါပေးနိုင်တာ ဒါပဲရှိတယ်။ ဒီကျပ်တန်ကို ကိုယ်နဲ့မကွာဆောင်ထား။ အရက်မသောက်နဲ့။ သူများမယားမပြစ်မှားနဲ့။ မှားရင် ကျူးရင် ... ရထားတာကုန်ရော။ နားလည်လား"

"ဟုတ် ..."

"တံငါအလုပ် မလုပ်နဲ့တော့"

"ဗျာ ..."

"ဈေးရောင်းစမ်းပါ။ တိုက်နဲ့နေရလိမ့်မယ် မောင်ကံ"

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ"

ဘကြီးအင်းက ကျုပ်ကို အသူရကာယ်တွေဝင်နှံ့ရပုံ သူတွေ့ခဲ့တာတွေ ပြောပြတယ်။ ရွက်လှေပေါ်မှာ သူက ကျုပ်ကို ထန်းလျက်ခဲတစ်လုံးကျွေးတယ်။ မကျွေးခင် ဗိုက်ဆာလားလို့ မေးတာကိုး။ ဆာတယ်လို့ပြောတော့ ထန်းလျက်ဖွေးဖွေးတစ်လုံး လှမ်းပေးတယ် ...။

"စားလိုက်ကွ ..."

"တစ်လုံးပဲလား အဘ"

"အေး ..."

ကျုပ်လည်း ထန်းလျက်ဖြူလေးဝါးပြီး ရေနဲ့မျောချလိုက်တယ်။ ခဏနေတော့ အိပ်ချင်လာတယ်။ ပင်လယ်လေကလည်း တဖြူးဖြူးနဲ့ဗျ။ မကြာခင် မျက်လုံးလေးလာပြီး နှစ်ခါသုံးခါ သမ်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ရွက်လှေပေါ်က ကြမ်းခင်းမှာ အိပ်ပျော်သွားတယ်။

ဘယ်လောက် အိပ်လိုက်လဲ မသိဘူး။ ထ,ထ လို့လှုပ်နှိုးလို့ နိုးလာတော့ လှေပဲ့နင်းကြီးက ကျုပ်ကိုနှိုးနေတာ။

"သီလဝါရေဆိပ်ကို ရောက်ပြီကောင်လေး"

"ဘကြီး ... ဟို .. ဟို အင်းတွေနဲ့ အဘရောဟင်"

"သူ လှေပေါ်ကဆင်းသွားတာ ကြာပြီကွယ့်"

"ဗျာ ..."

"မင်းကို ပင်ပန်းနေတယ်။ အိပ်ပါစေဆိုလို့ စောင့်ကြည့်နေတာ"

ကျုပ် ဟိုဟို ဒီဒီ လိုက်ကြည့်ပြီး ပဲ့နင်းကြီးကို အလျင်စလိုမေးလိုမေးလိုက်တယ်။

"ဘကြီး ... ဟို .. ဟို အဘဘယ်သွားမယ်လို့ ပြောလဲဟင်"

"မသိဘူး ..."

"အဘနာမည်ကရော ဘယ်လိုခေါ်လဲ ဟင် .. ဟင်"

"ငါတို့လည်း နာမည်မသိဘူး။ အဘလို့ပဲ လေးလေးစားစားခေါ်ကြတာပဲ"

"သူ ... သူက .. ဘာလဲ ဟင် .. ဟင်။ ဘယ်လိုလူကြီးလဲဟင်"

"သူလား ..."

"ဟုတ် .. ဟုတ်"

"နောင်တော့ မောင်ရင်သိလာပါလိမ့်မယ်။ ကိုင်း ... ဆင်းတော့။ ကျုပ် လှေပြန်ထွက်ဖို့ စစ်ဆေးရဦးမယ်"

ကျုပ် ... မကျေမနပ်နဲ့ ရွက်လှေကြီးပေါ်က ဆင်းလာခဲ့လိုက်တယ်။

ခက်တာက ...

ဘကြီးအင်းရဲ့နာမည်လည်း မသိရ။ လိပ်စာလည်း မသိရ။

ဘယ်သွားပြီး ဘယ်မှာတည်းတယ်လည်း မသိရ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ကျုပ် အိမ်ပြန်ရောက်တော့ အဘိုးခမြာ ဝမ်းသာလွန်းလို့ မသေကောင်း မပျောက်ကောင်း ပြန်တွေ့တော့ မျက်ရည်ပါဝဲလို့ဗျာ။

''အဘိုး ...''

''မြေး ...''

''ကျုပ် ... လှေမလိုက်တော့ဘူးဗျာ''

''ဖဟ ... ဘာ .. ဘာပြောတယ် ငါ့မြေး။ ဘာပြောတယ် ...''

အဘိုးက အံ့ဩတဲ့အသံနဲ့ ကျုပ်ကိုမေးနေတာ။ ဟုတ်ပေါ့လေ။ အဖေက တံငါသမား။ ကျုပ်က သူငယ်ချင်းရေလုပ်သားတွေနဲ့ပေါင်းသင်းပြီး တံငါလှေတွေ လိုက်ခဲ့တာကို။ သင်ယူခဲ့တာကို။

ပင်လယ်ရေလုပ်ငန်းအကြောင်း အတော်သိနေပြီဗျာ။ ဝင်ငွေလည်း မဆိုးလှပေါ့။ လှေလိုက်ရရင် ပျော်နေတဲ့ကျုပ်ကို အံ့ဩတကြီးမေးပြီပေါ့။

''ကျုပ် လှေမလိုက်တော့ဘူး''

''ဒါဖြင့် မင်းဘာလုပ်စားမတုံး''

''ဈေးရောင်းစားမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

ဈေးရောင်းစားမယ်ပြောလိုက်တော့ အဘိုး အရမ်းဝမ်းသာသွားတယ်ဗျာ။ ဝမ်းသာမပေါ့လေ။ ပင်လယ်ထဲ ငါးဖမ်းထွက်ရတာ အသက်နဲ့ရင်းရတာကိုး။ ခုတော့ မျက်စိအောက်မှာပဲ မြင်နေရတော့ ဝမ်းသာတာပေါ့။ ကျုပ်အိမ်မှာ ကုန်စုံဆိုင်ကလေး စ,တည်တယ်။ လိုအပ်တာကို ရန်ကုန်တက် ညောင်ပင်လေးဈေး၊ သံဈေးတို့က ကိုယ်တိုင်သွားဝယ်ပြီး ဆိုင်မှာတင်တယ်။

အင်းကိုယ်လုံးပြည့်ဘကြီးပေးတဲ့ အင်းကျပ်တန်ကိုရေစိမ်ပြီး ကုန်တွေကို ရေနဲ့ဖျန်းတယ်။ ဈေးသည်ဈေးဝယ်နဲ့ အဘအင်းကိုမေတ္တာပို့တယ်။

အံ့ဩစရာကောင်းလိုက်တာဗျာ။ ဈေးရောင်းကောင်းသလား မမေးနဲ့။ လက်ကိုမနားရဘူး။ အခု ... ဈေးရောင်းအကူ မသန်းကွန့်ကို ခေါ်ထားရတယ်။ အိုး ... ရန်ကုန်နဲ့ မီးပြ လွန်းပျံပြေးနေရတာ။

တစ်နေ့ ... ကတုံးနဲ့ ချာတိတ်တစ်ယောက် ရောက်လာတယ်။

"ဦးကံဆိုင်ရှိလားဗျ"

"ရှိတယ်ဟေ့။ ကံဆိုင်က ငါပဲကွ။ ဘာလိုလို့တုံး"

"လူတစ်ယောက်က စာပေးလိုက်လို့ဗျ ... ရော့"

"ဟေ့ကလေး နေပါဦး စာက ဘယ်သူပေးခိုင်းတာတုံးကွ ဟေ့ ..."

"စာသာဖတ်ကြည့်ပါလို့ ပြောတယ်ဗျ"

ကတုံးလေးက ချာကနဲလှည့်ပြီး ပြေးပါရောဗျာ။

ဒါနဲ့ စာခေါက်လေးဖြန့်ပြီး ဖတ်လိုက်တယ်။

.....

ဒီည မအိပ်နဲ့။

ဘယ်မှလည်း မသွားနဲ့။

ဘယ်သူ့မှလည်း ခေါ်မထားနဲ့။

ကိုယ့်မယားတောင် ပြောမပြနဲ့ ...။

စောင့်နေ ...၊

ငါလာမယ် ...။

.....



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ရေးထားတဲ့စာမှာ အမည်နာမလည်း ရေးမထား။ ဘယ်သူမှန်းလဲ မသိ။ ညကိုလာမယ်တဲ့။ အချိန်လည်း ရေးမထား ...။

နေဦး ...။

ဘုရား ဘုရား ဒီညမအိပ်နဲ့တဲ့။

ဘယ်သူမှလည်း ခေါ်မထားနဲ့တဲ့။ မဟုတ်မှလွဲရော။

ဓားပြတွေများ 'စာချ' ရော့လား။

ဒီအရပ်မှာက ရှင်ဘုရင်သိန်းမောင်တို့ ငမဲတို့ မြသိန်း၊ မုက်ကြီးတို့က နာမည်ကြီးဓားပြတွေ။ သူတို့စာချရင် ရဲမတိုင်နဲ့တော့။

တိုင်ရင် သေပြီသာမှတ်။

ဒီကိစ္စစာအကြောင်း အဘိုးလည်း ပြောမပြတော့ဘူးဗျာ။

ဒီတုန်းက ကျုပ်မှာ ဇနီးမယားမရှိသေးဘူး။

အဲဒါ ... စောစောဆိုင်သိမ်းပြီး ဘုရားရှိခိုး ပရိတ်ရွတ် အဘအင်းကြီးလည်း မေတ္တာပို့ ...။

ခုမှ စီးပွားတက်မယ်ကြံသေးဗျာ ... ဓားပြက စာချတယ်လို့။

ဟူး ... မဖြစ်ဘူး။ ဒီအရပ်မှာနေဖို့ မသင့်တော့ဘူး။

ဓားပြတိုက်တဲ့ သတင်းတွေက မကြာခဏကြားနေရတယ်။

ဒီလိုနဲ့ ညကိုးနာရီမထိုးခင် ဆိုင်ကိုပိတ်လိုက်တယ်။ အဘိုးက ဘုရားရှိခိုးပြီး အိပ်နှင့်ပြီ။ သူတို့ ဘယ်နှယောက်များ လာကြမလဲ မသိ။ လာရင် သေနတ်တွေနဲ့ လာကြမှာဗျ။

သူတို့က သေချာမှတိုက်တာ။

ဒီလိုနဲ့ ညဉ့် (၁၂) နာရီ ထိုးသွားတယ်။

ကျုပ်လည်း ဓားပြတွေလာရင် ပေးဖို့ ငွေထုပ်နဲ့ ရွှေတိုရွှေစအထုပ်ကို အသင့်ချထားလိုက်တယ်။ နို့မို့ကြာလို့ဆိုပြီး ...။

''ဒေါက် ... ဒေါက်''

''ဘုရား ... ဘုရား''

''ဒေါက် ... ဒေါက်''

တံခါးကိုခေါက်နေတာ။ ကျုပ်ကိုယ်မှာ ချွေးတွေစိုရွှဲနေပြီ။

''ရောက်လာကြပြီလား ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက်"

ကျုပ် ... အိမ်ရှေ့တံခါးဂျက်ကိုဖြုတ်လိုက်ရော မီးခွက် မီးအလင်းရောင် ကြောင့် မြင်ရတဲ့လူက ...

ခန္ဓာကိုယ်မှာ အင်္ကျီဝတ်မထားဘူး။

ကတုံးကြီးနဲ့ လွယ်အိတ်ရှည်ကြီးကို ပခုံးမှာ လွယ်လို့။

ကတုံးပေါ်မှာ အင်းတွေ ...။

ခန္ဓာကိုယ်ပေါ်မှာ အင်းကွက်တွေ ...။

"အ ... ဘ"

"မောင်ကံ"

"အမယ်လေး ... အဘရဲ့ ... ဟီး"

ကျုပ် အဘအင်းကြီးကို ဝမ်းသာအားရဖက်ပြီး ငိုလိုက်တယ်ဗျာ။ အဘ က ကျုပ်ပခုံးကို ဖက်ထားလို့။

"မောင်ကံ"

"ဗျာ ... အဘ"

"ဟိုငွေစက္ကူတွေက ဘာလုပ်တာတုံး"

"ဒီည ခားပြလာတိုက်မယ်မှတ်လို့ စာကြိုပေးထားတယ်ထင်ပြီး ..."

"ဟေ ... ငါ့စာကြောင့်"

"ဟုတ် ... ဟုတ်"

"သေလိုက်ပါတော့ကွာ။ ဟို စာလာပေးတဲ့ကတုံးလေး ငါပေးခိုင်းတာကို မပြောဘူးလား"

"မပြောဘူးဗျ။ စာပေးပြီးထွက်သွားတာပဲ"

"ဖြစ်ရလေကွာ။ ကိုင်း ... ငွေတွေ ရွှေတွေ ပြန်သိမ်းလိုက်။ အခု ငါလာတာ က မင်းစီးပွားရေး တိုးတက်နေတယ်ကြားလို့"

"အဘပေးတဲ့ တစ်ကျပ်တန်ကြောင့်ဗျ"

"မင်းကလည်း သစ္စာရှိ သီလလုံလို့ပါကွ"

"အဘ ..."

"ဘာတုံး"

"ကျုပ် ... ဒီငွေတွေ ရွှေတွေ အဘကို လှူတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"အကုန် အဘကိုလှူတယ်လို့"

"ဟေ့ကောင် ငကံ၊ ငါရွှေလို၊ ငွေလိုလို့ လာတာမဟုတ်ဘူးကွ။ မင်းကိုပြောစရာရှိလို့ ..."

"ဘာလဲဟင် အဘ"

"တစ်နေ့ မင်းငါ့လိုပဲ ငွေတစ်ကျပ်တန်တွေ ပေးချင်တဲ့လူ ပေးလိမ့်မယ်။ မင်းအရမ်းနာမည်ကြီးလိမ့်မယ်။ ဒါပေမယ့် မင်းလူဝတ်ကြောင်နဲ့ မဟုတ်ဘူး။ သင်္ကန်းဝတ်နဲ့။ သူများသွားလို့မရတဲ့အချိန် မင်းသွားလာရလိမ့်မယ်။ လက်နက်ကိုင်တွေ မင်းကို စောင့်ရှောက်လိမ့်မယ်"

"အဟုတ် ..."

ကျုပ်က မယုံနိုင်စရာမို့ မေးတာပေါ့။

"မင်းကိုဖျက်မှာ မိန်းမပဲ ..."

"ကျုပ်မိန်းမ,မယူဘူး အဘ"

"မယူဘူးလို့ စကားအကုန်မပြောနဲ့။ မိန်းမဖျက်လို့ ဈာန်လျှောလိမ့်မယ်။ မျောင် ...။ ရဲရဲရှောင်။ မင်းက တစ်နေ့ ဝိဇ္ဇာလိုင်းမှာ ထွန်းပေါက်မယ့်ပုဂ္ဂိုလ်ဖြစ်လာလိမ့်မယ်။ ငါစိုးရိမ်တာ မိန်းမပဲ။ အိမ်ထောင်ပျက်ပဲ။ သူ့ကြောင့် မင်းနောင်တရလိမ့်မယ်။ ရှောင်နိုင်ရင်တော့ မင်းအရှင်ထွက် ထွက်မယ့်ကောင်ပဲ။ မင်းတကယ်ပေါက်မြောက်လာရင် ငါရသေ့တောင်က စောင့်နေမယ်။ မင်းစိတ် မင်းမထိန်းနိုင်ရင် ငါ့ကိုလည်းမရှာနဲ့။ ငါလည်း မင်းကိုမရှာဘူး။ ငါနဲ့သိတယ်လို့လည်း ပြောမနေနဲ့ နားလည်လား ..."

"ဟုတ် ... ဟုတ်"

"ငါပြန်မယ်"

"ဗျာ ... အဘ။ ခုပဲရောက်တယ် ခုပဲ ပြန်မယ်။ မဟုတ်တာဗျာ။ အိမ်မှာတစ်ညတော့ အိပ်ပါဗျာ။ တောင်းပန်ပါတယ် အဘရာ"

"မအိပ်ချင်ဘူးကွ"

"မအိပ်ချင်လည်း ဇုတ်တုတ်ထိုင်နေတာပေါ့ဗျာ နော်"

ငါ့ကို အားနာလို့ပဲလား။ ဆုံးမသွန်သင်ချင်လို့ပဲလား မသိ။ သူ ဟိုည မနေသွားတယ်။ သို့သော် လုံးဝမအိပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အလွန်ရှည်တဲ့ ယောဂီရောင်လွယ်အိတ်ကြီးထဲက ပုတီးတစ်ကုံးကို ထုတ်ပြီး စိပ်နေတယ်။

အလို . . . သူ့ပုတီးက အခြားပုတီးတွေနဲ့မတူဘူး ဆရာရေ့။ အားလုံးပေါင်း မှ သုံးလုံးပဲရှိတယ်ဗျာ။

ငါလည်း သူပုတီးစိပ်နေတော့ မအိပ်တော့ဘူးကွ။

ယပ်တောင်တစ်ချောင်းနဲ့ အဘခြင်မကိုက်အောင် အနားကနေ ယပ်ခပ် ပေးနေတာပေါ့။ တစ်ခါတစ်ရံ သူဂါထာရော၊ မန္တန်ရောရွတ်တယ်။ အံ့သြဖို့ကောင်း တာက အဘအင်းကြီးရောက်နေပေမဲ့ ငါ့အဘိုး မနိုးဘူး။

ကျုပ်တို့အရပ်က လူစိမ်းညဘက်ဝင်လာရင် ရွာထဲရှိ ခွေးပေါင်း လေးငါး ဆယ် ထိုးဟောင်တာ။

သို့သော် ဓားပြက သေနတ်တစ်ချက်ဖောက်လိုက်ရင် ခွေးတွေအသံတိတ် သွားရော။ ရွာကခွေးတွေ သေနတ်သံကြောက်ကြတယ်။ သေနတ်သံမဟုတ်လို့က တော့ ညံနေပြီသာမှတ်။

အခု လူစိမ်းအဘအင်းကြီး ရွာထဲဝင်လာတယ်။

ဘယ်ခွေးမှ ဟောင်သံမကြားရဘူး။

ဒီမှာ ကျုပ်အဘအင်းရဲ့ကိုယ်ပေါ်က အင်းတွေရဲ့ထူးဆန်းပုံကို သွားရော လိုက်တာပဲဗျာ။

အလို . . .

အဘအင်းကြီးရဲ့ ကျောကုန်းပေါ်က အာဋာဝကဘီလူးဆေးရုပ်က သန်လျက် ကိုလွှဲနေတာဗျာ။ ဟုတ်ရဲ့လား ဟုတ်တယ်။

လက်မောင်းပေါ်က အင်းကွက်တွေက လက်မောင်းပေါ်မှာကြွလို့၊ ရွေ့လိုက် ပျောက်သွားလိုက် ထပ်ပေါ်လာလိုက်။

အလိုလေး . . . ထူးဆန်းလိုက်တာဗျာ။

ဒါ . . . ဒါ . . . အင်းကစားနေတာ မဟုတ်လား။

ဟင် . . . စောစောက အာဋာဝကဘီလူးရုပ် ကိုင်ထားတဲ့သန်လျက်က အပေါ်ထောင်ထားတာ။ အခု သန်လျက်အောက်စိုက်လို့၊ ဘုရား . . . ဘုရား . . . ကျုပ် အိမ်ပေါ်မှာ ထူးဆန်းတဲ့လူပုဂ္ဂိုလ်ကြီး ရောက်နေတာပါလား။ ဒါ . . . ဒါ ဘခင် ဘုန်းကြီးပြောသလို အင်းဝိဇ္ဇာ . . .။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ လင်းကြက်တွန်သံကြားလို့ နာရီကြည့်လိုက်တော့ မနက် (၄) နာရီ ထိုးပြီ။ သူ ပုတီးစိပ်က မဖြုတ်သေး။ ကျုပ်ကလည်း သူ့လက်မောင်းနဲ့ ရင်ဘတ်ပေါ် က အင်းတွေကြွလာလိုက်၊ ရွေ့သွားလိုက်၊ နောက်ထပ်အင်းတွေ ပွားလာလိုက် ဖြစ် နေတာကို ထူးဆန်းလွန်းလို့ ကြည့်နေတုန်းမှာပဲ အဘ ပုတီးဖြုတ်လိုက်တယ်။

"အဘ ... ကျွန်တော် မနက်စာ ထမင်းကျော်လိုက်မယ်"

"မကျော်နဲ့ ... ငါပြန်တော့မယ်။ မင်းလမ်းထိပ်လိုက်ပို့ ..."

"အဘ ..."

"လျှာမရှည်နဲ့ကွာ။ လာ ... သွားကြစို့"

စိတ်မြန် ကိုယ်မြန်ပါပဲဗျာ။ ဝေါက်ကနဲ ထ,ပြီး အပြင်ကိုထွက်လိုက်တယ်။ ကျုပ်လည်း သူ့နောက်ကနေ လိုက်ခဲ့လိုက်တယ်။

ကြည့်စမ်း ...

ရွာထဲကခွေးတွေဟာ သူ့ကိုကြည့်ပြီး ထွက်ပြေးကြပါရောဗျာ။

ဟောင်လည်းမဟောင်ကြဘူးခင်ဗျ။

ဒီလိုနဲ့ ရွာပြင်ကိုရောက်လာတယ်။ ရွာပြင်မှာ ရွာကိုပတ်ထားတဲ့ချောင်း ကလေးရှိတယ်။ ရွှေတပွတ်ချောင်းတဲ့။ ချောင်းထဲမှာရေဖွေးနေရဲ့။

"မောင်ကံ ..."

"ခင်ဗျာ အဘ"

"ငါ ပုတီးစိပ်နေတုန်း မင်းဘာတွေ့လဲ"

"ဗျာ ..."

"မင်း ငါ့ကိုယ်ပေါ်က ဘာတွေတွေ့လဲလို့"

"ဟို ... ဟို ကျော ... ကျောကုန်းပေါ်က ဘီလူး ..."

"ဘာဖြစ်လဲ ..."

"သန်လျက်ကစားတာ မြင်ရတယ်အဘ"

"ဟုတ်ရဲ့လား မောင်ကံ"

"ဘုရားစူးရစေ့ရဲ့ ခင်ဗျာ"

"ပြီးတော့ ... ဘာတွေ့သေးလဲ ... ပြော"

"လက်ပေါ်က အင်းတွေကြွတယ် ..."

"ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်းတွေရှေ့တယ်။ အင်းတွေထပ်တယ်။ အင်းတွေပွားတာ မြင်ရတယ် အဘ"

"အင်းအင်း ... အင်း တကယ်မြင်တာလား"

"ဟုတ်ကဲ့ မြင်တယ်ဗျာ"

"ဒီအကြောင်း သူများကိုလျှောက်မပြောနဲ့ ကြားလား"

"ဘာ ... ဘာဖြစ်လို့လဲ ... ဟင် ..."

အဘအင်းကြီးက ကျုပ်မျက်နှာကိုစိုက်ကြည့်ပြီး ...

"မပြောကောင်းဘူးကွ"

"ဟုတ် ... ဟုတ်"

"မင်းဘာသိချင်တာရှိလဲ မောင်ကံ"

ကျုပ် ဝမ်းသာသွားတယ်။ သိချင်တာတွေက အများကြီးပဲလေဗျာ။

"အဘ အင်းတွေစွမ်းသလား ဟင်"

"သိချင်လို့လား ..."

"မမြင်ဖူးလို့ပါ အဘ"

ဒီမှာ သူကလွယ်အိတ်ထဲက သစ်သားဗူးလေးကိုဖွင့်ပြီး မိုင်းကိုင်အင်းတစ်ချပ်ကို ထုတ်ယူလိုက်တယ်။

"မောင်ကံ ..."

"ခင်ဗျာ အဘ ..."

"အင်းတစ်ချပ်ရဲ့အစွမ်းကို ငါပြမယ်။ ကြည့် ..."

သို့ကလိုပြောပြီး ချောင်းရေပြင်ကို လက်ထဲကအင်းနဲ့ ပစ်ပေါက်လိုက်တယ်။

"ဝုန်း ..."

"ဟာ ... မီးတောက်ကြီး"

"ဟဲ့ ... ပျောက်စေ ..."

"ဒီအင်းနဲ့ ချောင်းရေခန်းသွားအောင် လုပ်လို့ရတယ်။ ဒါ စမွာနဝကိုးအင်းကို နမူနာပြတာ။ စမွာနဝကိုးအင်းကို မချေပဲထားရင် မီးကြီးလောင်ရောကွ"

ကြည့်စမ်းဗျာ။ ရေပြင်ကိုအင်းထိရော မီးတောက်ကြီး ရေပြင်မှာတောက်နေတာ ပေပလေးဆယ်ပတ်လည်ခန့်ရှိတယ်ဗျာ။ ကျုပ် အံ့သြနေတုန်းမှာ မျက်ညှို့ ထိုးပျောက်လိုက်လို့ မီးတောက်ကြီး ဟုတ်ခနဲ ငြိမ်းပြီး ပျောက်သွားပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို နမူနာပြတာ။ မင်းကြိုးစားရင် ဒီပညာတွေရမှာပဲ။ စမှာနဝအင်းစွမ်းပုံတွေ ကြောက်စရာကောင်းပုံတွေပြရင် မင်းတို့ယုံနိုင်မယ်မထင်ဘူး။ မှတ်ထားကွ။ ဂန္ဓာရီလမ်းမှာ ဝိဇ္ဇာငါးမျိုးရှိတယ်။ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာတဲ့ကွ။ ဝိဇ္ဇာမိုရ်ရဲ့ နောက်ထပ်ငါးမျိုးရှိသေးတယ်။ ဝေဒဝိဇ္ဇာမိုရ်တဲ့။ ဣရု၊ ယဇု၊ သာမ၊ အာတပ္ပနခေါ်တဲ့ ဗေဒင်လေးမျိုးတတ်သူ၊ မန္တန်ဝိဇ္ဇာမိုရ်တဲ့။ ဂါထာမန္တရား လောကီပညာအမျိုးမျိုးတတ်သူကိုခေါ်တာ။ ဂန္ဓာရီဝိဇ္ဇာမိုရ်ကတော့ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဥဒကာသိဒ္ဓိစတဲ့ သိဒ္ဓိအစွမ်းရှိသူကို ခေါ်တာ။ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာပညာရှင်ကို ဂန္ဓာရီ ဝိဇ္ဇာမိုရ်လို့ခေါ်တယ်။ မင်းမှာ လုပ်ရည်ကိုင်ရည်ရှိတယ်။ အမြင်ကျယ်တယ်။ တစ်နေ့ မင်းသီလမပျက်ရင် ဝိဇ္ဇာမိုရ်ဖြစ်လိမ့်မယ်။ ကိုင်း ... မိုးလင်းသွားလိမ့်မယ်။ အဘသွားမယ်။ ကံကြုံရင် ပြန်ဆုံကြတာပေါ့ကွာ ..."

အစ်ကိုကံဆိုင်ကြီးက အဂ္ဂိရတ်ဖိုရုံထဲမှာ သူကြုံခဲ့ရတဲ့ အင်းဝိဇ္ဇာမိုရ်ကြီးအကြောင်း ပြောပြတော့ ကျွန်တော် နောင်တရခဲ့ပြီပေါ့။

"ငါ ... အဘ အင်းဝိဇ္ဇာမိုရ်ကြီးကို တွေ့ချင်လွန်းလို့ ရှာခဲ့တာ နှစ်မနည်းတော့ဘူး။ ငါက သူကြုံသတိပေးတာတွေ မလိုက်နာခဲ့တော့ ငါ့ဘဝပျက်ခဲ့ရတာပေါ့ကွာ။ ဒီလိုပြီးမြောက်တဲ့ ဝိဇ္ဇာမိုရ်တွေ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ကြီးတွေဆိုတာ အလွန်ကံထူးမှ ဘဝရေစက်ရှိမှ ဆုံရတာကွ။ မင်းနဲ့တွေ့ခဲ့တာ အင်းဝိဇ္ဇာမိုရ် အဘအောင်စည်မကာပဲ။ မိုက်လိုက်တဲ့ကောင်ကွယ်။ ဟိုက မင်းကိုမ,စချင်လို့လာတာ။ သောက်သုံးမကျတော့ ဝိဇ္ဇာနဲ့လွဲပေါ့ ငမိုင်းရာ။ ညံ့တဲ့ကောင်ကွာ ...။ ရော့ ... ဒီစာအုပ်တွေကို ယူသွား။ ဖတ်မှတ်လေ့လာကွ။ မသိရင်မေးကွ။ စူးစမ်းလေ့လာကွ။ ဒီမှာမောင်မှိုင်းရ။ အစကတော့ ငါလည်း ဝိဇ္ဇာမှာ လိပ်စာရှိတယ် မှတ်တာပေါ့ကွာ။ ဝိဇ္ဇာကို လိပ်စာမပေးပြီး ဝိဇ္ဇာကိုလှောင်သုံးရင် ငါ့လူရေ ထိပ်ပါပြောင်မဆုံးဖြစ်မယ်ကွ။ ငါတော့ ... ပြောစကားနားမထောင်လို့ ခံလိုက်ရတာ။ ခုချိန်ထိပဲဟေ့ ..."



www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ဟုတ်ပေပေါ့ဗျာ။ အစ်ကိုကံဆိုင်ကြီးရှင်းပြမှ ကျွန်တော်နဲ့တွေ့တဲ့ အင်းပေါင်စုံနဲ့လူကြီးက အစ်ကိုကံဆိုင်နဲ့ လွန်ခဲ့တဲ့အနှစ်လေးဆယ်က ကြုံခဲ့တဲ့ သူ့ဆရာအရုပ်ပါကိုး။

ကျွန်တော် အစ်ကိုကံဆိုင်ငှားလိုက်တဲ့ စာအုပ်တွေကို အိမ်ရောက်ပြန်ကြည့်လိုက်တယ်။

ရသေ့ကြီးဦးခန္တီ။

ဘိုးတော်အောင်မင်းခေါင်။

အဖေနွဲ့၊ အဖေလှူ၊ အဖေရှင်။

နဂါးရစ်တောင်သမိုင်း၊ ပုပ္ပားတောင်သမိုင်း။

ဒေးစွန်ပါသိုက်သမိုင်း၊ ရွှေချိုးဖြူမှူလခဲသိုက်သမိုင်း၊ ရဟန္တာအရှင်သူမြတ်များသမိုင်း၊ ထေရီထေရာ ပထမံဘိုးဘိုးအောင်စတဲ့ ပုဂ္ဂိုလ်ထူးများအကြောင်းရေးထားတဲ့ အထ္ထုပ္ပတ္တိစာအုပ်တွေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... ဆရာကျော်စံလင်း ရေးသားထားတဲ့ သာသနာပြုသိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးတွေအကြောင်းစာအုပ်။

ပြီး ... လယ်တီဆရာတော်ဘုရားကြီး အမေး၊ အဖြေ။

အရှင်ဇနကာဘိဝံသဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော အမေးပုစ္ဆာများစာအုပ်။

ဖတ်ရမည့်စာအုပ်တွေက မနည်းပါလား။

အစ်ကိုကံဆိုင်ကြီး အသက်ရလာ၊ အဂ္ဂိရတ်အလုပ်လည်း လိုက်စားလုပ်ကိုင်လာတော့ စာအုပ်တွေအတော်ဖတ်လာတယ်၊ ကိုယ်က စာရေးဆရာဖြစ်ပြီး သူ့လိုဓာတ်လိုင်းဆိုင်ရာ၊ ဂန္ဓာရီဆိုင်ရာ စာအုပ်တွေ သူ့လောက်မဖတ်ဖူးဘူး။

သူဖတ်ခိုင်းတဲ့စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်လိုက်တော့မှ ...

ဝိဇ္ဇာကြီးတွေ၊ ဝိဇ္ဇာမိုရ်ကြီးတွေ၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ပုဂ္ဂိုလ်ကြီးတွေရဲ့ဘဝအရှုံးအံ့ဩစရာကောင်းပါလား။

သူတို့ပြုခဲ့တဲ့ ကုသိုလ်တွေကလည်း မနည်းပါလား။

သူတို့ရဲ့ အံ့ဩဘနန်း အသိအမြင်နဲ့ လှုပ်ရှားမှုတွေကလည်း အံ့ခမန်းပါလား။

တစ်နေ့ ...

ကျွန်တော် မယ်တော်ကြီး ဒေါ်နန်းဇာတိညိုနဲ့ အကြောင်းသင့်စွာ ဆုံဆည်းရတယ်။ ဆုံရပုံက ဒီလိုဗျ ...။ ကျွန်တော့်မိတ်ဆွေထဲမှာ ကိုစိုးမြင့်ဆိုတာ ရှိတယ်။

သူကလည်း တရားစခန်းတွေဝင်လိုက်။

နာမည်ကျော် တောင်တန်းတွေမှာ အဓိဋ္ဌာန်ဝင်လိုက်။

ထူးဆန်းတဲ့ပုဂ္ဂိုလ်တွေနဲ့ဆုံရင် သူတို့အကြောင်းတွေလေ့လာပြီး ဗလာစာအုပ်ထဲမှာ မှတ်စုရေးမှတ်ထားတာခင်ဗျ။

အဲဒီလိုပဲ တွေ့ခဲ့သမျှ လူထူးလူဆန်း လူကြမ်းတွေအကြောင်း မှတ်တမ်းတင်ထားတဲ့ နောက်တစ်ယောက်ရှိသေးတယ်။

သူ့နာမည်က ကိုသင်္ကေတတဲ့ဗျာ။

သင်္ကေတ နော် ...။



www.burmeseclassic.com

www.burmeseclassic.com



သူက သေဒဏ်နဲ့ထောင်ကျသွားတာ။ မြို့ပေါ်မှာ လူစွာလုပ်၊ မိုက်ကြေးခွဲ၊ ဗိုလ်ကျ၊ အချုပ်နဲ့ထောင်ကို အိမ်ဦးနဲ့ကြမ်းပြင်လုပ်ပြီး ... မိုက်ရိုင်း လူစွာလုပ်နေတဲ့ နာမည်ကြီး မြို့လူမိုက်ကို ငှက်ကြီးတောင်ဓားနဲ့ ခုတ်သတ်လိုက်တယ်။

လူမိုက်ရဲ့ဦးခေါင်း နှစ်ခြမ်းကွဲသွားတယ်။

လူမိုက်ကြီးရဲ့တပည့် လူရမ်းကားတစ်ဦး ညာလက်ကို ဓားနဲ့ခုတ်ဖြတ်လိုက်တာ တစ်မြို့လုံး ဖိန့်ဖိန့်တုန်သွားခဲ့တယ်။ အင်းစိန်ထောင်ထဲမှာလည်း နာမည်ကြီး သွားခဲ့တယ်။

အမှန်က ကိုသက်ေတာက လူကောင်းတစ်ယောက်ပါ။

သူ့ရှေ့မှာ အနိုင်ကျင့်ဗိုလ်ကျနေတာကို မခံစားနိုင်လွန်းလို့ အိမ်ပြန် ငှက်ကြီးတောင်ဓားယူပြီး ခုတ်သတ်လိုက်တာ။

သူ ... အနှစ်နှစ်ဆယ် ထောင်ဒဏ်ခံရတယ်။

အင်းစိန်ထောင် သာယာဝတီထောင်နဲ့ ရဲဘက်စခန်းတွေမှာ ဆယ်နှစ်ကျော် နေခဲ့ရတယ်။ စစ်အစိုးရရဲ့ လွတ်ငြိမ်းချမ်းသာနဲ့ လွတ်မြောက်လာခဲ့ပြီးနောက် စီးပွား ရေးလုပ်ငန်းလုပ်ကိုင်ပြီး ဘဝကို ရပ်တည်ခဲ့တယ်။

သူက မှတ်ဉာဏ်ကောင်းတယ်ဗျ။

သူနဲ့ကြုံတွေ့ခဲ့ရတဲ့ ထောင်ကျတွေရဲ့ ဘဝတွေကို သူ့မှတ်ဉာဏ်မှာ မှတ်မိ ပြီး မှတ်စုထုတ်ခဲ့တာ။ သူသာ စာရေးတတ်တယ်ဆိုရင် အလွန်စိတ်ဝင်စားစရာကောင်း တဲ့ ဖြစ်ရပ်မှန်ဝတ္ထုတွေ ဖြစ်လာမှာပဲ။

ကျွန်တော်က ကိုစိုးမြင့်ပြောပြတဲ့ မယ်တော်ကြီးဒေါ်နန်းဇာတိညိုကို ပို စိတ်ဝင်စားတယ်ဗျာ။ ဘာလို့လဲဆိုတော့ ကျွန်တော်ကမှီရဖြစ်ရပ်ဆန်းကြယ်အကြောင်း တွေရေးတဲ့ဝတ္ထုရေးသမားဖြစ်နေလို့ပါ ...။

"ကိုစိုးမြင့် ... ကျွန်တော် ခင်ဗျားပြောတဲ့ အမေကြီးနန်းဇာတိညိုကို တွေ့ချင်တယ်ဗျာ"

"တွေ့ချင်တယ်"

"ဟုတ်တယ်"

"စာရေးချင်လို့လား"

"သူခွင့်ပြုရင်တော့ ရေးချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်အားတဲ့နေ့ လိုက်ပို့ပေးမယ် ... မောင်ညို"

တစ်နေ့တော့ ကျွန်တော်နဲ့ ကိုစိုးမြင့်တို့ အမေကြီး နန်းဇာတိညိုနေတဲ့ အရပ်ကိုရောက်သွားတယ်။ မော်တော်ကားနဲ့ နေ့ဝက်သွားရတဲ့ ခရီးပဲဗျာ။

အမေကြီးနေတဲ့ အိမ်က သုံးပင်တိုင်အိမ်သေးသေးလေးပါ။

သူ့ခြံမှာ ခြံတံခါးမရှိဘူး။

ပြတင်းပေါက်မှာ တံခါးတွေတပ်မထားဘူး။

အိမ်ပေါ်မှာ ဖျာတစ်ချပ်ပဲရှိတယ်။ ဧည့်သည်လာရင်ခင်းပေးဖို့ ဖျာအပိုမရှိဘူး။ ခြေရင်းဘက်မှာ သောက်ရေအိုးတစ်လုံးရှိတယ်။ သောက်ရေအိုးကို အုတ်ခဲနှစ်လုံးပေါ်မှာ ကရွတ်ခွေနဲ့တင်ထားတာ။ သူ့ရှေ့မှာတော့ မည်းတူးနေတဲ့ မြေရေနွေးကရားအိုးတစ်လုံးနဲ့ မြေပုဂံလုံး အပဲ့သုံးလုံးကို တွေ့ရတယ်။

ရေနွေးအိုးမည်းတူးကို တစ်ထွာခန့် သစ်သားပြားဟောင်းပေါ်မှာ တင်ထားတာ။ မလှမ်းမကမ်းမှာတော့ လူတစ်ဖက်စာ ကျောက်ပျဉ်ကြီးတစ်ချပ်နဲ့ ရှင်မတောင်သနပ်ခါး တောင်ဆုပ်ခန့်တစ်တုံးကို ဒန်ဖလား သနပ်ခါးရေခွက်နဲ့ အတူတွေ့ရတယ်။

အိမ်ငယ်လေးပေါ်မှာ ပုဏ္ဏားကွယ်မရှိ။

ခန်းဆီးမရှိ။ အခန်းပိုမရှိ။ ဘာပရိဘောဂမှမရှိ။

ထန်းခေါက်ဖျာတစ်လုံးတော့ ထရံနဲ့ကပ်လျက်မှာ ရှိရဲ့။

ဘုရားစင်တော့ရှိရဲ့။ သို့သော် ဘုရားရုပ်ပွားတော်မရှိ။ ညောင်ရေအိုး သုံးလုံးမှာတော့ လတ်ဆတ်တဲ့ပန်းရောင်စုံတွေ ထိုးထားတယ်။ ဆွမ်းတော်ပုဂံ သုံးပုဂံတင်ကပ်ထားတာလည်း တွေ့ရတယ်။

အမေကြီး ဒေါ်နန်းဇာတိညို ပိန်ပိန်ပါးပါးပဲ။ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းထားတာနယ် တစ်အိမ်လုံး မွှေးကြိုင်နေတာပဲဗျာ။ နက်မှောင်တဲ့ ဆံပင်ကိုနောက်ကျောမှာ ဖားလျားချထားတယ်။

စူးရဲတောက်ပတဲ့ မျက်လုံးအကြည့်က အကြည့်ခံရသူကို ထိတ်ကနဲ ဖြစ်သွားစေတဲ့ မျက်လုံးမျိုးဗျ။

ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို တရှိုက်ရှိုက်ဖွာပြီး ကျွန်တော်တို့ကို အစေ့မတ်ကြည့်နေတယ်။

"မောင်စိုးမြင့် ... အကြောင်းရှိလို့လားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းထူးမရှိပါဘူး ... အမေ။ ဒီသူငယ်ချင်းက အမေ့ကို တွေ့ချင်မြင်ချင်လို့လာခဲ့တာပါခင်ဗျာ"

"သူလား ..."

"ဟုတ်ကဲ့ခင်ဗျာ"

"နာမည်ဘယ်လိုခေါ်တုံး"

"မောင်မှိုင်းလို့ ခေါ်ပါတယ်အမေ"

"အလုပ်ကရော"

"စာရေးဆရာလို့ပဲ ပြောပါရစေ အမေ"

"ဩော် ... ဩော် ... စာရေးဆရာလား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"မင်း အခုဖြစ်ပြီပဲ ..."

"အဲ ... အဲ"

"ဘာတွေသိချင်လို့လဲ"

ကျွန်တော် ဘာပြောရမှန်းမသိဘူး ဖြစ်နေတယ်။ ဒါကြောင့် သူငယ်ချင်း စိုးမြင့်မျက်နှာကို လှမ်းကြည့်ပြီး အကူအညီတောင်းဟန် ပြရတယ်။

ဒီမှာ ကိုစိုးမြင့်ကြီးက ...

"ဒီလိုပါ အမေ။ ကျွန်တော်က အမေ့အကြောင်းတွေ ပြောပြခဲ့တယ်"

"မင်းကတော့ လုပ်ပြီ ..."

"သူက စာရေးဆရာဆိုတော့ အမေရဲ့ပညာပိုင်းဆိုင်ရာလည်း မြင်ချင်ပါတဲ့။ စာရေးဖို့ ခွင့်ပြုရင်လည်း စာရေးချင်လို့ပါတဲ့"

"စာတော့ မရေးပါနဲ့ကွယ်။ ငါနာမည်မကြီးချင်ဘူး။ ငါမရှိတော့မှ ရေးချင်ရေးပေါ့"

"ဟုတ်ကဲ့ပါ ကျေးဇူးပါ အမေ"

ဒီမှာ အမေကြီးနန်းဇာတိညိုက ...

"မင်းတို့ကလည်း လာမယ်ဆို ကြိုမပြောဘူး။ မင်းတို့ကျွေးဖို့ ဘာမှလည်း မရှိ ..."

ကျွန်တော်တို့နှစ်ဦးက ကပျာကယာ ပြန်ပြောရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ကိစ္စမရှိဘူး။ ကျွန်တော်တို့ စားခဲ့ပြီးပါပြီ အမေ"

"မင်းတို့စားတာ လက်ဖက်ရည်နဲ့ မုန့်ပဲ မဟုတ်လား"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ခုပဲ ဆယ့်နှစ်နာရီထိုးပြီးပြီ မဟုတ်လား"

ကျွန်တော်တို့နှစ်ဦးက ကိုယ့်လက်က နာရီတွေကို ငုံ့ကြည့်လိုက်တော့ မှုတ်တယ်ဗျ။ နာရီက (၁၂) နာရီကို တိနေတာပဲ။ သူ့အိမ်မှာ နာရီမရှိဘဲနဲ့ တန်း ပြောနေတာဗျာ။

"ထမင်းစားချိန်ပဲ။ မင်းတို့ဘာနဲ့ ထမင်းစားမတုံး"

"မစားပါဘူး အမေ"

"မဆာလို့ပါ အမေ"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း။ မောင်စိုးမြင့် ..."

"ဗျာ ... အမေ"

"ပန်းကန်စင်က ပန်းကန်ပြားနှစ်ချပ် ယူလိုက်"

ကိုစိုးမြင့်ကြီးက အမေကြီးပြောတဲ့အတိုင်း ပန်းကန်စင်ပေါ်က ကြွေရည် သုတ် ထမင်းစားပန်းကန်နှစ်ချပ်ကို ယူပြီး အမေကြီးကို ပေးလိုက်တယ်။

"ခေါက်ဆွဲကြော်စားမလား၊ ထမင်းစားမလား ... ပြော"

ဒီမှာ ကိုစိုးမြင့်ကြီးက ...

"ကျွန်တော် ခေါက်ဆွဲကြော်စားမယ် အမေ"

"ဟို ... စာရေးဆရာလေးကရော"

"အဲ ... အဲ"

"ထမင်းလား သူငယ်ချင်း"

"အဲ ... အဲ ... ကိုစိုးမြင့်လိုပဲ ခေါက်ဆွဲကြော်ပါပဲ ခင်ဗျာ"

ကျွန်တော်ကလည်း အားနာနာနဲ့ ခေါက်ဆွဲကြော်ပါပဲလို့ ပြောလိုက်တော့ အမေကြီးဒေါ်နန်းဇာတိညိုက ကြွေရည်သုတ်ထမင်းစားပုဂံနှစ်ချပ်ကို သူ့ရှေ့မှာ အသာချထားလိုက်တယ်။ ပြီး ... စက္ကူအဖြူ နှစ်ရွက်ကို ပန်းကန်နှစ်ချပ်ပေါ်မှာ တစ်ရွက်စီအုပ်ထားလိုက်တယ်။

"မေးဖို့ မေ့နေတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ အမေ။ မေးလေ ...''

''မင်းတို့က ခေါက်ဆွဲကြော်ကို ကြက်သားနဲ့ပဲနော်''

''ဟုတ်ကဲ့ ခင်ဗျ။ ကြက်သားနဲ့ပဲ ခင်ဗျ''

''ကဲ ... နှစ်ယောက်ရှေ့တိုး။ အုပ်ထားတဲ့စက္ကူကို မင်းတို့လက်နဲ့ ဖိတင်ထား။ ဟုတ်ပြီ ...။ မျက်စိမှိတ်ထားလိုက်ကြ။ မင်းတို့စိတ်ထဲမှာ ငါကြက်သားနဲ့ ခေါက်ဆွဲကြော်စားရပြီလို့ တွေးလိုက်။

ကျွန်တော်နဲ့ ကိုစိုးမြင့် ပန်းကန်ပေါ်အုပ်ထားတဲ့ စာရွက်အဖြူပေါ်ကို ညာလက်တစ်ဖက်စီ တင်ထားလိုက်ကြတယ်။ ကိုစိုးမြင့်က လက်တင်ရင်းက ကျွန်တော့်ကို ပြုံးပြတယ်။ ကြည့်နေဆိုတဲ့ သဘောပေါ့။ အမေကြီး နန်းဇာတိညိုပြောသလို မျက်စိစုံမှိတ်ပြီး ငါတို့ ကြက်သားနဲ့ ခေါက်ဆွဲကြော် 'စားရပြီကွ'လို့ တွေးလိုက်တုန်းမှာပဲ ...

အလို ...

အိမ်ကျဉ်းကျဉ်းလေးထဲမှာ ခေါက်ဆွဲကြော်နံ့ ရလာတယ်ဗျာ။

မဟုတ်သေးဘူးဗျ။ ကျွန်တော်တို့ရှေ့နားက အနံ့ရတာ။

''မျက်စိဖွင့်ကြည့်လိုက်ကြကွယ့်''

ကျွန်တော်တို့ မျက်စိဖွင့်ကြည့်လိုက်ကြတယ်။ အလို ... လက်နဲ့အုပ်ထားတဲ့စက္ကူမှာ ဆီတွေစိုစွတ်ပြီး ဆီကွက်ထ,နေပါလား။

''မင်းတို့စားချင်တာရောက်ပြီ ဖွင့်ကြည့်လိုက်''

နှစ်ယောက်သား ဆီစိုစက္ကူကို အသာဖွင့်လှန်လိုက်ရော အံ့သြစရာပါပဲဗျာ။ အငွေ့တထောင်းထောင်းနဲ့ ခေါက်ဆွဲကြော်နှစ်ပွဲ။ ဘဲဥကို အပြားလိုက်တင်ထားလို့။ ကြက်သားဖတ်တွေကိုလည်း ပဲငံပြာရည်စိုနေတဲ့ ကော်ဖီရွက်နွမ်းကြားမှာ အရှင်းသား မြင်နေရပါရောဗျာ။

ကျွန်တော် အရမ်းအံ့သြနေပြီဗျ။

ဒီခေါက်ဆွဲကြော်နှစ်ပန်းကန် ဘယ်လိုလုပ်ရောက်လာတာလဲဟင်။

ပန်းကန်ကို စက္ကူနဲ့အုပ်ပြီး လက်နဲ့ဖိထားတာလေ။

အခု ... ပန်းကန်ထဲမှာ ခေါက်ဆွဲကြော်နှစ်ပွဲ ...။

စားသောက်ဆိုင်မှာ ကြော်ထားတဲ့အတိုင်း။ အလို ... ဟိုအထုပ်လေးက ဘာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...။

သခွားသီးနဲ့ ငရုတ်သီးစိမ်းရောထားတဲ့ အချဉ်ထုပ်။

"စားကြ ..."

ကိုစိုးမြင့်ကြီးက အားရပါးရ စားနေပါရောဗျို့။ ကျွန်တော်က မစားရဲဘူး။ ခေါက်ဆွဲ ဘယ်လိုလုပ်ရောက်လာတာလဲကို စဉ်းစားနေတုန်း၊ စဉ်းစားမရဖြစ်နေတုန်း၊ ...

"မောင်မှိုင်း စားလေကွာ ...။ ဘဲရိုးဂွတ်ပဲကွ စားစား"

"စာရေးဆရာလေး"

"ခင်ဗျာ အမေကြီး"

"ဘာမှမဖြစ်ဘူးစား။ ငါဝယ်ကျွေးတာပါဟဲ့"

"ဟုတ်ကဲ့ခင်ဗျာ။ ဟုတ်ကဲ့"

ကျွန်တော်လည်း ဗိုက်ထဲဆာနေတာနဲ့ ခေါက်ဆွဲကြော်ကို ကိုစိုးမြင့်လက်ဝါးချောင်းနဲ့ နှိုက်စားနေသလို နှိုက်ပြီးစားလိုက်တယ်။ ကောင်းလိုက်တာဗျာ။ ကြာမယ်ဆိုရင် ဖွန်းတောင်မတပ်ဘူးဆိုတဲ့ စကားအတိုင်းပဲဗျို့။ ဟား .. ဟား .. ဟား .. ဟား .. ဟား ..."

စားလို့ကုန်တော့ ကိုစိုးမြင့်က လက်ဆေးဖို့ ရေတစ်ခွက် ဆင်းခပ်ယူလာပေးလို့ လက်ကိုပြောင်အောင်ဆေးလိုက်တယ်။

"ကောင်းရဲ့လားဟဲ့ စိုးမြင့်ရဲ့"

"ကောင်းတယ်အမေ။ ကျေးဇူးပါခင်ဗျာ"

"စာရေးဆရာရော"

"ကျေးဇူးပါ အမေ"

"စိုးမြင့် ... မင်း ဆေးလိပ်သောက်သလား"

"သောက်တယ် အမေ"

"စာရေးဆရာလေးရော"

"သောက်ပါတယ် ခင်ဗျာ"

"စီးကရက်လား၊ ဆေးပေါ့လိပ်သောက်တာလား"

"စီးကရက်သောက်တာ များတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အခု သောက်မလား"

"ဗျာ ..."

"သောက်ချင်လား"

"ဟို ... ဟို ကိစ္စမရှိ ..."

"ဟဲ့ ... လာခဲ့စမ်း။ စီးကရက်တစ်ဘူး"

စကားပြောနေရင်းက လေထဲကိုလက်ဝါးဆန့်လိုက်တာ ဘုရားရေ ...! အစီခံနဲ့ စီးကရက်ဘူး တစ်ဘူး လက်ဝါးထဲရောက်လာပါရော ခင်ဗျာ။

ကျွန်တော် မျက်လှည့်များ ကြည့်နေရရော့လား။

စောစောက ခေါက်ဆွဲကြော် နှစ်ပန်းကန်။

အခု စီးကရက်တစ်ဘူး။

အမေကြီးက စီးကရက်ဘူးကို ပစ်ပေးလိုက်တယ်။ ကိုစိုးမြင့်က လက်ရ လှမ်းဖမ်းပြီး စီးကရက်ဘူးကို ဖွင့်လိုက်တယ်။ ကျွန်တော့်ကိုတစ်လိပ်ပေးပြီး သူက တစ်လိပ်မီးညှိလို့ သောက်လိုက်တယ်။ အိမ်ကျဉ်းလေးထဲမှာ စီးကရက်မီးခိုးတွေ နဂါး လွှန့်သလို လွှန့်ပြီး နေလေရဲ့ဗျာ။

အပြန်မှာ ကျွန်တော်တို့က အမေကြီးနန်းဇာတိညိုကို ရှိရှိသေသေကန်တော့ လိုက်ကြတယ်။ သူက ကျွန်တော်တို့နားမလည်တဲ့ ဘာသာစကားနဲ့ ရွတ်ဆိုဆုပေး ပြီး ဦးခေါင်းကို သူ့လက်ဝါးနဲ့သုံးကြိမ်သပ်ချပေးတယ်ဗျာ။

ပြန်ကာနီးမှာ မေးလိုက်သေးသဗျ ...

"မောင်စိုးမြင့်"

"ခင်ဗျာ ..."

"လမ်းစရိတ်ရော ရှိရဲ့လား"

"ရှိပါတယ် ... ရှိပါတယ်။ ဒီမှာပါ အမေဇာတိခင်ဗျာ"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... ဟင်း။ ပါရင်ပြီးရော"

အကယ်၍ မပါဘူးလို့များပြောရင် လေထဲကနေ ငွေစက္ကူတွေဆွဲထုတ် လှမ်းယူပြီး ပေးမလား မသိဘူးဗျာ။ အံ့ဩစရာပဲ သိလား။

လမ်းမပေါ်ရောက်တော့ ကျွန်တော်ကမေးတာပေါ့။

"ကိုစိုးမြင့်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးကွ"

"အမေကြီး နန်းဇာတိညိုက အံ့သြစရာပဲ နော်"

"မင်း အံ့သြလို့လား ..."

"ဟာ ... အံ့သြတာပေါ့ဗျာ။ ခေါက်ဆွဲဆိုင်မှာ မဝယ်ပဲနဲ့။ ပန်းကန်ထဲ ဆိုင်ခေါက်ဆွဲကြော် အလိုလိုရောက်နေတာလေဗျာ"

"မင်းမြင်ရတာ အကောင်းပဲရှိတယ် မောင်မှိုင်း"

"ဗျာ ... အကောင်းပဲရှိသေးတယ်"

"ဟုတ်တယ်"

အလိုလေး။ အခုမြင်ရတာ အကောင်းပဲရှိသေးတယ်တဲ့။ ကိုစိုးမြင့်ကြီး ဘာတွေ မြင်ပြီးပါလိမ့်ဗျာ။

"ချဲထီလောင်းကစား ကြီးမားတဲ့အချိန်တုန်းက ချဲဒိုင်ကြီးတွေက အမေဇာတိ ကို လာကြိုကန်တော့ရတယ်ကွ"

"ဘာဖြစ်လို့ ..."

"အမေဇာတိပါးစပ်က ပြောတဲ့ဂဏန်းချည်း ပေါက်နေတော့ ချဲမဖွင့်ခင် ကြို ရောက်လာပြီး စားစရာတွေ၊ အဝတ်အထည်တွေ ပိုက်ဆံတွေနဲ့ လာကန်တော့ပြီး အမေဇာတိ ဘာဂဏန်းမှမပြောပါနဲ့ တောင်းပန်ပါတယ် အမေရယ်လို့ လာပြောရတယ်"

"ဟုတ်လား ..."

"ထိုင်းက လောင်းကစားဒိုင်ကြီးတစ်ခုက ... အမေဇာတိညို ထွက်မယ့် ရဲ့ဂဏန်း အတိအကျပြောနိုင်တာကို မယုံဘူး။ ဒီအရပ်မှာတော့ ချဲဒိုင်တွေ လျော်ရ လွန်းလို့ အိမ်ပါ ခြံပါပြောင်နေပြီ။ ဒါကို ထိုင်းက ရှမ်းတရုတ် လောင်းကစားဒိုင်ကြီး လူဌေးက မယုံဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com

# ၁၂

တစ်နေ့ . . . ရှမ်းတရုတ် ချဲဒိုင်သူဌေး အမေဇာတိညို အိမ်ကလေးကိုရောက် လာတယ်။

ကားအကောင်းစားနဲ့ ရောက်လာတာ။

ဒီမြို့က ချဲဒိုင်ရှင်ကြီးတွေရော၊ မန္တလေးက ချဲဒိုင်လုပ်ငန်းရှင်ကြီးတွေပါ ပါလာတာ။

ရှမ်းတရုတ်သူဌေးက အမေ နန်းဇာတိညိုကို မြင်တော့ အံ့အားသင့်နေတယ်။ သူဌေးက ရှမ်းတရုတ်စကားနဲ့မေးတယ်။

''အစ်မကြီးကို ကျုပ်မြင်ဖူးတယ်''

''နင် ငါ့ကိုဘယ်မှာမြင်ဖူးတာတုံး''

''မဲခေါင်မှာ မြင်ဖူးတယ်။ အစ်မကြီးနာမည်က . . . အဲ့တုန်းက 'ခမုံ[illegible] မလေ။ ဟုတ်သလား''

''မအား . . နင်ပြောတာမှန်တယ်''

''ရှုံလာ လောင်ကွန်မှာလည်း တွေ့ဖူးတယ် ဟုတ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပကော။ နင်က ... ဘာကိစ္စရှိတုံးနော"

"ခမုံးက ချဲနံပါတ်ထွက်မှာကို သိနေတယ်ဆိုနော"

"ဘာဖြစ်တုံး ... အဲ့ဒါ"

"ငါမယုံဘူး ... ခမုံး"

"နင်မယုံတော့ ဘာအရေးတုံး"

"သူတို့ကပြောကြတယ်။ ခမုံးပြောရင် တဲ့ဝင်လို့ ရှိသမျှကုန်ပြီတဲ့။ ခမုံးနော်ကိုပမပြောပါနဲ့ နော"

"ပြောတော့ နင်ဘာလုပ်ချင်လို့တုံး"

စကားပြောရင်းက တင်းမာလာပါရောဟေ့။ အမေဇာတိညိုကလည်း လုံးဝမကြိုက်ဘူး။ နင်တို့ ချဲဒိုင်တွေကို မွဲအောင်လုပ်ချင်တာလို့ ပြောရော။

"ငါလည်းပြောချင်တယ်။ ခမုံးမပြောပါနဲ့"

"နင်တို့အလုပ်မဟုတ်ဘူး သွားကြတော့။ သွားလေ"

အမေ နန်းဇာတိညိုက အားလုံးကိုမောင်းထုတ်ပစ်တယ်။ အမေ့အကြောင်းသိတဲ့လူအချို့က တောင်းပန်ကြတာပေ့ါ။

ထိုင်းက ရှမ်းတရုတ် ချဲဒိုင်သူဌေး ရှူးရှူးရှဲရှဲနဲ့ ပြန်သွားတယ်။

အမေနန်းဇာတိက လူတစ်ယောက်ကို ခေါ်ပြောတယ်ကွ။

စာရွက်တစ်ရွက်ပေါ်မှာ ဂဏန်းသုံးလုံးရေးပေးပြီး ဖြန့်လိုက်လို့ အမိန့်ပေးတယ်။ ဒါဒီအပတ်တုန်းက ရှမ်းပြည်နဲ့ မန္တလေးမှာ အမေနန်းဇာတိညိုရေးပေးတဲ့ ဂဏန်းသုံးလုံး ဝက်ဝက်ကွဲ ထ,ပေါက်တာ။ အချို့ဒိုင်တွေ မရော်နိုင်လို့ ထွက်ပြေးကြရောလား။

နောက်နှစ်ရက်အကြာ ...

ညတစ်ည ...!

အမေနန်းဇာတိညိုအိမ်ထဲကို လူတစ်ယောက်ဝင်လာတယ်။

သူလက်ထဲမှာ သေနတ်တစ်လက်နဲ့။

ဒီကောင်က ကြေးစားလူသတ်သမား။ အမေနန်းဇာတိညိုက ဖျာတစ်ချပ်ပေါ်မှာ ပက်လက်အိပ်နေတာ။ ဒီမှာ သေနတ်သံ သုံးချက်မြည်သွားတာတဲ့ကွ။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ဝေါ ... ဝူး ... ဝေါ ..."



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံအဆုံးမှာ ဆိုင်ကယ်တစ်စီး အပြင်းမောင်းသွားတာကို ကြား... တော့ အိမ်နီးနားချင်းတွေ နိုးလာ ထွက်လာပြီး မေးကြတာပေါ့။

"အမေနန်း ... အမေနန်း"

"အမေနန်း ... အိမ်ပေါ်က သေနတ်သံဗျ"

"သုံးချက်ပစ်တာဟေ့"

"အမေနန်းကို လာလုပ်ကြတာနေမယ်။ အိမ်ထဲဝင်ကြည့်ကြစို့"

"အမေနန်း ... အမေ"

"ငါဒီမှာ ..."

အမေနန်းဇာတိညိုရဲ့အိမ်က တံခါးမရှိတဲ့အိမ်ကွ။ ကြိုက်တဲ့နေရာက ဝင်... ရတယ်။ ခြံစည်းရိုးလည်းမရှိဘူး။

လက်နှိပ်မီးတွေထိုးပြီး အိမ်ပေါ်တက်လိုက်ကြတော့ အမေနန်းဇာတိ... ကို ပြောင်းဖူးဖက်ဆေးပေါ့လိပ် ထိုင်ဖွာနေတာ မြင်ရတယ်။

"အမေ့အိမ်ပေါ်က သေနတ်သံသုံးချက်ကြားလို့"

"ဟုတ်တယ် ..."

"အမေ့ကိုပစ်တာလားဟင် အမေ"

"ဟုတ်တယ်။ ငါ့ကိုလုပ်ကြတာ။ ဟိုမှာ ကျည်ဆန်ခွံသုံးခု"

အရပ်ထဲက လူကြီးတွေက ပစ်ပြီးသားကျည်ဆန်ခွံသုံးခုကို သက်သေ... အဖြစ် သိမ်းလိုက်တယ်။ မကြာခင်မှာပဲ ရဲတပ်ဖွဲ့ဝင်တွေရောက်လာပြီး စစ်ဆေး... မေးမြန်းကြတာပေါ့။

အမေကြီးဇာတိက တာဝန်ရှိသူတွေကို သူအိပ်တဲ့နေရာ လက်ညှိုးထိုး... လိုက်တယ်။

ခေါင်းအုံးကိုဖောက်ဝင်တဲ့ ကျည်ဆန်ရာတစ်ချက်။

ခြုံစောင်နဲ့ အောက်ခံဖျာကို ဖောက်ဝင်သွားတဲ့ ကျည်ဆန်ရာက နှစ်ချက်...

"အမေကြီး ဒီဖျာပေါ်မှာ အိပ်နေတာလား"

"ဟုတ်တယ်။ စောင်ခေါင်းမြီးခြုံ အိပ်နေတာ"

"သေနတ်သမားတက်လာတာ မသိလိုက်ဘူးလား"

"မသိဘူး ... အိပ်ပျော်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို အမေကြီး အိပ်ပျော်နေတုန်း သေနတ်သမားက သေနတ်နဲ့ ပစ်ခဲ့[illegible]ပေါ့''

''အဲလိုပဲနေမှာပဲ''

ရဲအဖွဲ့ တာဝန်ရှိသူတွေက အမေကြီးကို ထပ်မေးတယ်။

''အမေကြီး အိမ်သာတက်နေတုန်း လူသတ်သမားက အမေကြီးအိပ်နေ[illegible]ဝင်ပြီး ပစ်တာရော''

''အဲ့ဒါလည်း ဖြစ်မယ်နဲ့တူတယ်''

''အမေကြီး သေနတ်သံကြားတော့ ဘယ်မှာရှိတုံး''

''ဒီဖျာပေါ်မှာပဲလေ''

သူတို့လည်း မေးရင်းနဲ့ ချာလပတ်လည်နေကြပါရော။ ရပ်ကွက်လူကြီး[illegible]ကို မေးသတဲ့။ အမေကြီး စိတ်ရောမှန်ရဲ့လားတဲ့။ လူကြီးတွေက မရူးပါဘူးလို့[illegible]ကြတယ်တဲ့ကွ။

သူတို့ရဲ့ အိမ်နီးနားချင်းတွေပါ စဉ်းစားကြတာပေါ့။

အမေကြီးသာ ဒီဖျာပေါ်မှာအိပ်နေရင် ကျည်ဆန်ထိပြီး သေပြီပေါ့။ ဖျာပေါ်[illegible] မရှိလို့နေမှာပေါ့။ ဒီလိုတွေးကြတာပေါ့။

အမေကြီးနန်းဇာတိညို့ကလည်း ပြောတယ်။

သူ . . . ဘယ်မှမသွားဘူး။ ဒီဖျာပေါ်မှာ အိပ်နေတာတဲ့။

သေနတ်သံတော့ကြားတယ်။ ခပ်တိုးတိုးပဲ ကြားတာ။ အိမ်မက်ထဲမှာ လူ[illegible]ယောက်ပစ်နေတာတော့ မြင်တယ်တဲ့။ အဲဒီ အိမ်မက်ထဲက လူမျက်နှာကို မမှတ်[illegible]တဲ့။ သူတစ်ရေးနိုးတော့ . . . ဆေးလိပ်ထ,သောက်တယ်။ အိမ်ရှေ့က ခေါ်သံတွေ[illegible]တယ်။ ကြမ်းပြင်ပေါ်မှာ ကျည်ဆန်ခွံသုံးခုတွေ့တာပဲတဲ့။

သူ့ကိုပစ်သတ်တဲ့ ကျည်ဆန်ခွံတွေလား။

အိမ်မက်ထဲက လူပစ်လို့ကျန်တဲ့ကျည်ဆန်ခွံလား။ ဒါတော့ သူမသိဘူးတဲ့။

မိုးလင်းတော့ ထူးဆန်းတဲ့သတင်းတစ်ခု ကြားရရောပေါ့။

မြို့ထဲက တည်းခိုခန်းတစ်ခုမှာ လူတစ်ဦး ကိုယ့်ကိုကိုယ်သေနတ်နဲ့ပစ်ပြီး[illegible]ကြောင်းကြံလို့တဲ့။

အဲဒီလူ ဆေးရုံရောက်မှသေသွားတယ်လို့ သိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ပြန်ပစ်တာ။ ခေါင်းမှာ ကျည်ဆန်ရာတစ်ချက်၊ ရင်ဘတ်နေရာမှာ ကျည်ဆန်ရာနှစ်ချက်တဲ့ဗျာ။ အဲဒီလူရဲ့သေနတ်က လူဂါခြောက်လုံးပြူးတဲ့၊ ဂျာမန်လုပ်တဲ့။ သူပစ်လို့ကျန်တဲ့ ကျည်ဆန်ခွံနဲ့ အမေကြီးနန်းဇာတိညိုအိမ်က ရတဲ့ ကျည်ဆန်ခွံနဲ့က ထပ်တူပဲ။

ဆေးရုံရောက်တော့ အားယူပြီးပြောဆိုပဲ။

သူက အမေကြီးကို တောင်းပန်ပါတယ်တဲ့။

ဘယ်အမေကြီးကိုပြောတာလဲလို့ တာဝန်ရှိသူတွေ လာမေးတော့ ... ဒေါ်နန်းဇာတိညိုကို ပြောတာတဲ့။

''အမေကြီးကိုလာပစ်တာ မင်းလား''

''အင်း ... အင်း ...''

''ဘာလို့ လာသတ်ရတာလဲ''

''ခိုင်း ... လို့ ... ပါ''

''ဘယ်သူခိုင်းတာလဲ ... ပြောကြည့်စမ်း''

''ထိုင်း ... ထိုင်း''

''ထိုင်း ... ဟုတ်လား''

''ရှမ်း ... တရုတ် သ သ ... ဌေး အင့်''

သူနောက်ဆုံးပြောသွားတဲ့ စကားတွေပဲ မောင်မှိုင်းရေ။ ဒီတော့မှ ဇာတ်ရည်လည်သွားတယ်။ အမေကြီး နန်းဇာတိညိုက သူအာရုံရလို့ ပြောလိုက်တဲ့ ဂဏန်းသုံးလုံးက ချဲထီမှာ တဲ့တိုး သွားသွားဝင်နေတာကို ကြာတော့ ချဲဒိုင်လုပ်ငန်းရှင်တွေက မကျေနပ်ကြဘူး။ ဂဏန်းမပြောပါနဲ့လို့ ကန်တော့ပြောလည်းမရ၊ ခြောက်ပြောလည်းမရတော့ ထိုင်းရှမ်းတရုတ် လောင်းကစားသူဌေး ဖုန်ဆာနွံ့က လာကြည့်တာ။ တားတာ။ ဖုန်ဆာနွံ့ကလည်း အမေကြီးကို သိတာကိုးကွ။ အမေကြီးဇာတိညိုက ထိုင်းနိုင်ငံထဲ အတန်ကြာနေခဲ့ဖူးတယ်တဲ့။

သူ့လက်ခွဲ လောင်းကစားဒိုင်တွေ အရှုံးပေါ်လို့ သတင်းရတာနဲ့ အမေကြီးကို လာတွေ့တာ။ တားတာ။ ခြိမ်းခြောက်တာ။ နောက်ဆုံး ... ကြေးစားလူသတ်သမားကို ငွေပေးပြီး အပြတ်ရှင်းခိုင်းလိုက်တာ။

ဝဋ်လည်တာပဲလား ...။

မကောင်းမှုက တန်ပြန်သက်ရောက်တာပဲလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းကသူဌေး တိုက်မှာ ကြိုးဆွဲချပြီး သေသွားတယ်။ လောင်းကစား မင္ဂကြေး အရှုပ်အရှင်းကြောင့် သတ်သေသွားတယ်လို့ သိရတယ်။

အမေကြီး နန်းဇာတိညို့လည်း အဲဒီအချိန်ကစပြီး ... အာရုံရတဲ့ဂဏန်း မတွေ့လည်း လုံးဝမပြောတော့ဘူး။ ချဲဒိုင်တွေလည်း သတိပေးလိုက်တယ်။ ငါနေတဲ့ ပန်းကျင်မှာ နှစ်လုံး သုံးလုံးနဲ့ လူတွေဒုက္ခဆင်းရဲဖြစ်အောင် လာမလုပ်ကြနဲ့။ ဝေးဝေး သွားလုပ်ကြတဲ့။

အဲဒီအချိန်ကစပြီး လောင်းကစားလောကမှာ ပြောစရာတစ်ခု ဖြစ်လာ မဲ့တယ်။ အမေနန်းကိုသွားမထိနဲ့ ...

အကုန်မျိုးကန်ပြီး ခွက်ဆွဲတောင်းစားရတဲ့ ဘဝရောက်ကုန်မယ်တဲ့။ ကြောက် ကြသလားမမေးနဲ့။ ဟိုနှစ်ယောက် အသေဆိုးနဲ့ သေတာ အမေကြီးကို သွားချလင်း မပါလို့တဲ့လေ။

ကိုစိုးမြင့်ကြီးက အမေကြီး နန်းဇာတိညို့ရဲ့ ထူးဆန်းတဲ့အကြောင်းများ ထွာထဲက တစ်ခုကို ပြောပြတာဗျာ။

"ကိုစိုးမြင့်ကြီး"

"ပြော ... မောင်မှိုင်း"

"အမေကြီး နန်းဇာတိညို့က ဘာလဲဟင်"

"ငါလည်း မသိဘူးကွ"

"အောက်လမ်းဆရာမလား"

"မဟုတ်ဘူးကွ"

"အထက်ဂိုဏ်းဆရာမကြီးလား"

"မသိဘူးကွ"

"ကိုးသချိုင်းမှော်အောင်ထားတာလား"

"ငါ မသိဘူးကွ။ ငါသိတာက သူ့ပညာတွေဆန်းပြားတာကို လေးစားလို့ပဲ။ အချို့ကတော့ အမေကြီးရက္ခစိုးမှော်အောင်ထားတယ်လို့ ပြောတာပဲ။ စောစောက ခေါက်ဆွဲကြော်ထုပ် ငါတို့ရှေ့ရောက်အောင် လုပ်ပြတာ၊ စီးကရက်ဘူးကို လေထဲ မှာ လှမ်းယူပေးတာဟာ မျက်လှည့်ဆရာတောင် လုပ်ပြလို့မရဘူးလေ။ ရက္ခစိုးမှော် အဆင့်မြင့်မြင့်အောင်ထားသူမှ ဒါမျိုးလုပ်ပြနိုင်တာ။ ခက်တာက သူ့ကိုရက္ခစိုးမှော် လို့ ပြောဖို့ကလည်း တစ်မျိုးပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ကိုးစိုးမြင့်ကြီးရ"

"သူရှိနေတဲ့ အိမ်က ကြမ်းပြင်ကိုလက်ဝါးနဲ့ရိုက်ပြီးခေါ်ရင် ရပ်ထဲရွာထဲက ရှိရှိသမျှ စုန်းမ အကုန်သူ့ရှေ့ရောက်လာရရောကွ"

"ဟင် ... စုန်းတွေကို ခေါ်နိုင်တယ်"

"ခေါ်နိုင်တယ်။ ထဘီခြုံရင်လင်းတဖြစ်တဲ့ စုန်းကဝေများ ဖနောင့်ပေါက်တာနဲ့ ဗိုင်းကနဲပြုတ်ကျ ဒူးတုပ်ရတယ်"

"ဇော်ဂနီများလားဗျာ ဟင်"

"အမေနန်းဇာတိညိုရဲ့ပညာက စုန်းကဝေ၊ ဇော်ဂနီ၊ အတတ်ပညာလည်း မဟုတ်ဘူး။ အမေနန်းက အဆင့်မြင့်တယ်။ ပညာကြီးတယ်။ ဝိဇ္ဇာလို့ခေါ်ရအောင်လည်း ငါကမပြောရဲ၊ မမေးရဲဘူး။ သေနတ်နဲ့တေ့ပစ်တာတောင် မသေပဲ ခေါင်းအုံးနဲ့ ဖျာရယ်၊ စောင်ရယ်၊ ကြမ်းခင်းရယ်ပဲ ပေါက်ပါတယ်ဆို စဉ်းစားသာကြည့်ပေါ့ကွာ ..."

ဤလောကမှာ ကျွန်တော်တို့ စဉ်းစားအဖြေထုတ်လို့မရသေးတဲ့ ဂမ္ဘီရဖြစ်ရပ် ဆန်းကြယ် နက်နဲမှုတွေ ရှိနေတယ်ဗျာ။ အချို့က သိဒ္ဓိဆယ်ပါးမှာ တစ်ပါးနှစ်ပါး ပြီးမြောက်နေတယ်ဗျာ။

အချို့က သိဒ္ဓိဆယ်ပါးလုံး ပြီးမြောက်နေတယ်ဗျာ။

တကယ်တော့ ကျွန်တော် သိဒ္ဓိရှင်ဘိုးတော်တွေ၊ ဝိဇ္ဇာဓိုရ်ကြီးတွေ၊ သိဒ္ဓိ မဟိဒ္ဓိရှင်တွေကို တွေ့ချင်တာ။ သူတို့ဆီက ထူးဆန်းတဲ့ အဆောင်ပစ္စည်းတွေ လိုချင်လို့ မဟုတ်ပါဘူးဗျာ။

သူတို့စွမ်းရည်နဲ့ ယုံကြည်ချက်ကို လေးစားလို့ပါ။

ထူးခြားတဲ့ အဲဒီပုဂ္ဂိုလ်ကြီးတွေဟာ သီလနဲ့သစ္စာကို မကျိုးပေါက်အောင် စောင့်ထိန်းကြတယ်ဗျာ။ သူတို့လို ဝိဇ္ဇာကြီးတွေ၊ မဟိဒ္ဓိကြီးတွေနဲ့ တွေ့ဖို့အခွင့်အရေးကလည်း မလွယ်ဘူးဗျို့။

ကြည့်လေဗျာ။

ကျွန်တော့်အိမ်ရှေ့ရောက်လာတဲ့ အင်းပေါင်းစုံနဲ့ အရှုးလိုလူကြီးက ... အစ်ကိုကံဆိုင်ကြီးရဲ့ အသက်သခင်ကျေးဇူးရှင်ဖြစ်နေတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# ၁၃

သူ့ကို ဦးစည်တော်လို့ ခေါ်တယ်တဲ့။ ဒီအင်းပေါင်းစုံနဲ့ လူကြီးဟာ သူ ကြည့်ရှု စောင့်ရှောက်ချင်တဲ့ လူ(သို့) အိမ်ကိုတွေ့ရင် အိမ်ရှေ့မှာ ပါးစပ်ဆိုင်းစည်တော်တီး ပြီး စည်တော်သံပေးတတ်တယ်တဲ့။

ဒါကြောင့် သူ့ကို ဦးစည်တော်လို့ ခေါ်ကြတယ်တဲ့။ သူ့ဒွေးဦးတမ်းတ(ခေါ်) ရသေ့ကြီး ဖိုးကျိုင်းကတော့ သူ့ကို 'အင်းပွား'လို့ခေါ်တယ်။ ဘရသေ့ ဖိုးကျိုင်းကို မေးကြည့်တော့။

"ငါနဲ့တွေ့တော့ . . . ဖင်းကျိုက်ထော်မှာတွေ့တာကွ"

"ပြောပြပါ ဘရသေ့ရာ။ မှတ်ထားချင်လို့ပါ"

"သူ့ကို စတွေ့တာက သထုံအလံတစ်ရာဘုရားမှာတွေ့တာ။ ဒီတုန်းက ဘုရားပွဲမှာ မွန်ဇာတ်တစ်ဇာတ် က,နေတယ်။ ငါက အလှူခံနေတဲ့အချိန်ပေါ့။ ငါတို့ အလှူခံပုဂ္ဂိုလ်တွေကတော့ ဘုရားပွဲတို့ ဘာတို့ဆို သပိတ်လေးပိုက်ပြီး အလှူခံတာ ပေါ့။ အလှူခံလို့ရတဲ့ငွေကို ငါတစ်ဝက်သုံးတယ်။ တစ်ဝက်ကို ငါအလှူခံတဲ့ဘုရားမှာ ပြန်လှူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဘုရားစေတီတွေမှာ အလှူမခံရတော့ဘူးကွ။ ဒါလည်းကောင်းတာပဲကွာ။ နို့မို့ ဘုရားစောင်းတန်းဟာ အလှူခံစားတဲ့လူတွေနဲ့ ပြည့်နေမှာကွ။

ဘုရားစောင်းတန်းမှာ အလှူမခံရ၊ တောင်းရမ်းမစားရဆိုတဲ့ စည်းကမ်းချက်မထုတ်ခင်ကတော့ ငါလည်း စောင်းတန်းမှာ သပိတ်ပိုက်ပြီး အလှူခံတာပေါ့။

ငါ့မှာ အမေအိုကြီးတစ်ယောက်ရှိတယ်။

အသက် (၁၀၀) ပြည့်ဖို့ သုံးလလောက်ပဲ လိုတော့တယ်။

အမေကြီးက မျက်စိမမြင်တော့ဘူး ငါ့လူရာ။ ငါကလည်း ဆိုင်ကယ်တိုက်ခံရလို့ ညာခြေကျိုးပြီး ခြေထောက်ပြန်ကောင်းတော့ ခြေတစ်ဖက်နိမ့်သွားတယ်။

အလုပ်ကြမ်းလုပ်စားလို့ မရတော့ဘူးကွာ။

''တိုက်သွားတဲ့ဆိုင်ကယ်သမားကို ဘရသေ့က မမှတ်မိဘူးလား''

''မှတ်မိတာပေါ့။ နာမည်ရော၊ လိပ်စာရောသိတာပေါ့။ သူ ငါ့ကိုတိုက်ပြီး ဆိုင်ကယ်မောင်းပြေးတာ။ ငါ့ခြေကျိုးသွားလို့ မထနိုင်ဘူး''

''ရဲစခန်းကို မတိုင်ဘူးလား''

''ငါကတော့ အမှုမလုပ်ပါဘူးကွာ။ ရဲကမေးတယ်။ ဆိုင်ကယ်သမားမှတ်မိလားတဲ့။ မမှတ်မိဘူးပြောလိုက်တယ်''

''ဆိုင်ကယ်တိုက်ခံရတဲ့အချိန်တုန်းက ရသေ့ဝတ်နဲ့လား''

''မဟုတ်ဘူး။ လူဝတ်နဲ့ကွ။ ငါ့အမေအိုကြီးကို ကျွေးရောင်းပြီး ရှာကျွေးနေတာ။ ဒီတုန်းက သစ်သီးမျိုးစုံကို ဆိုင်ထမ်းနဲ့ မြို့ထဲလည်ရောင်းနေတာ။ ခြေတစ်ဖက်နိမ့်သွားတော့ အလေးအပင်မထမ်းနိုင်တော့ဘူး။ ဒီလိုနဲ့ . . . တောင်းပလုံး ဈေးဖန်၊ ယက်လုပ်တဲ့ ပညာသင်ပြီး ရောင်းချစားတာပေါ့။ ဒီမှာ ရသေ့ဝတ်ဖို့ ဖြစ်လာရောကွ''

''ဘယ်လိုဖြစ်တုံး''

''ငါ့အိမ်ပေါ်မှာ သပိတ်တစ်လုံး သစ်ခေါက်သင်္ကန်းတစ်စုံနဲ့ ရသေ့ဒေါက်ချာ တစ်ခု ရောက်နေရောကွ''

ဘယ်သူများလာထားတာပါလိမ့်။

ဒါနဲ့ မျက်မမြင်အမေအိုကို မေးကြည့်တော့ . . .

မသိဘူးတဲ့။ အိမ်ပေါ်တက်လာတဲ့ ခြေသံကြားတယ်။ ငါ့ခြေသံမဟုတ်လို့ မေးသတဲ့။ ပြန်မဖြေဘဲ ထွက်သွားတယ်တဲ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့လူရ အိမ်ပေါ်မှာတင်ခဲ့တာ သက်နှံမဟုတ်ဘူးကွ။

သစ်ခေါက်ဆိုး ရသေ့သင်္ကန်းကြီးကွ။

ပြီး . . . ဒေါက်ချာကို သပိတ်ဖုံးပေါ်တင်လို့။

အတော်ထူးဆန်းနေတာကွ။ အိမ်မှားပြီးများ လာပေးထားရော့လား။ ဒါနဲ့ သပိတ်ကိုဖွင့်လိုက်တော့ သပိတ်ထဲမှာ စာခေါက်တစ်ခုတွေ့ရောပေ့။ စာက ဒီလိုရေးထားကွ။

"မွေးနေ့ကစလို့ သုံးနှစ်ရသေ့ဝတ်ပါ။
ဘုရားစုံအောင် ရောက်လိမ့်မယ် . . .။
ကုသိုလ်လည်းပြု . . . အမေလည်းကျွေး။
သုံးနှစ်ပြည့်ရင် . . . လာတွေ့ပါ့မယ် . . ."

လက်မှတ်ထိုးမထားဘူး။ ဘယ်သူရေးမှန်းလည်းမသိဘူး။ ယောကျ်ားလား၊ မိန်းမလား ငါမသိ။ ငါဘာလုပ်ရမှန်းကို မသိတာကွ။ ငါရသေ့ဝတ်တော့ ငါ့အမေ မျက်ပမြင်မှုဆိုးမကြီး ဘယ်သူလာပြုစုစောင့်ရှောက်မှာတုံး။ အမေ့ကို ဒီထူးဆန်းစွာ ရောက်လာတဲ့ သပိတ်၊ သင်္ကန်း၊ ဒေါက်ချာနဲ့ စာတစ်စောင်အကြောင်း ပြောပြတော့ . . .။

"မောင်ကျိုင်း အမေ့အတွက် မပူနဲ့။ မိဆားတို့ အမေ့ကိုကြည့်လိမ့်မယ်။ ရသေ့သာဝတ်။ မင်းဘုန်းကံကြီးဖို့ အချိန်ရောက်လာတာတဲ့။ ငါ့ကိုမင့်နဲ့ . . ."

ဒါနဲ့ . . . ငါရသေ့ဝတ်တယ်။ ရသေ့ဆိုတော့ ကြေးစည်တစ်လက်နဲ့ အလှူခံစားရတာပေါ့။ မိဆားတို့လင်မယားက ကောင်းရှာပါတယ်။ ငါတို့အိမ်ခြေရင်းခြံမှာနေတာ။ ငါ့အမေကို သူတို့စောင့်ရှောက်ထားမယ်။ ကိုကျိုင်း . . . သင်္ကန်းဝတ်ပါတဲ့။

ငါ သုံးနှစ်တိတိ ကြေးစည်တစ်လက်နဲ့ မြို့ပေါင်းရွာပေါင်းများစွာ လှည့်အလှူခံတယ်။ သစ်သီးဝလံအလှူခံရရင် ကြုံတဲ့ဘုရားမှာ ဆွမ်းကပ်တယ်။

အလှူခံလို့ရတဲ့ငွေ တစ်ဝက်ကို ကြုံတဲ့ဘုရားဂေါပကမှာ လှူခဲ့တယ်။ တစ်ဝက်ကို ငါ့အမေမျက်မမြင်ကြီး ကျန်းမာရေးမှာသုံးဖို့ ခြောက်လတစ်ကြိမ် ပို့ထားခဲ့တယ်။

ဘုရားပွဲသတင်းကြားရင် ငါရောက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစောင်းတန်းမှာ သပိတ်ပိုက်ပြီး အလှူခံပြီ။

ငါ့လူရေ တတိယမြောက်နှစ်မှာ ကျပ်တည်းလိုက်တာနှယ်ကွာ။ တစ်နေ့ကို ရွာထဲရပ်ထဲလှည့်ဘုရားစာတွေရွတ်၊ မေတ္တာပို့စာတွေရွတ်ပြီး အလှူခံတာ။ ငွေတစ် ဆယ်ပြည့်အောင် မရဘူးကွာ။

တစ်ခါတစ်လေ ဆွမ်းနည်းနည်းရတယ်။

ဆွမ်းဟင်းမရဘူး။ တစ်ခါတစ်ရံ ဘယာကြော်တစ်ခု ဒါမှမဟုတ်၊ ငှက်ပျော သီးတစ်လုံးပဲရတယ်။ ငါစိတ်မာတ်မကျဘူးဟေ့။ ရတဲ့ဆွမ်းတစ်ဝက် ဘုရားရှင်ကို ငှက်ပျောသီးနဲ့ကပ်တယ်။

ကျန်တဲ့ဆွမ်းသုံးလေးလုပ် ငါဘုဉ်းပေးတယ်။

ပြီး . . . သင့်ရာစေတီမှာ တရားမှတ်တယ်။ ဘာဝနာပွားတယ်။ ကြုံရာသင့်ရာ မှာ ကျိန်းတယ်။ အချို့က နှင်လွှတ်ကြတယ်။ နှင်လွှတ်လည်း ငါစိတ်မဆိုးဘူး။ သုံးနှစ် ပြည့်ဖို့ လ,ပိုင်းပဲလိုတာပဲကွာ။

ငါဘုရားပေါင်းများစွာ ရောက်ဖူး ဖူးဖူးပြီကွာ။

ငါအလှူခံရလို့လှူခဲ့တဲ့ငွေ မနည်းတော့ဘူးကွာ။

သို့သော် . . .။

သုံးနှစ်ပြည့်ကာနီးမှာ ကြပ်တည်းလိုက်တာ။ အလှူခံချင်းတူရင် ငါတစ်ပြား မှ အလှူငွေမရဘူး။ သူများတွေရကြတယ်။ သူတောင်းစားလက်ထဲမှာ ငွေစက္ကူတွေ မြင်ရတယ်။ ငါ့သပိတ်ပေါ်မှာ အကြွေတစ်ပြားမရှိဘူး။ ငါအတိတ်ဘဝတုန်းက ဗီဇ မျိုးစေ့နည်းခဲ့လို့များ ခုဘဝ အလှူခံစားတာတောင် လှူမယ့်သူရှားနေရောလား။ တွေးမိတယ်။ ငါသတ္တဝါတွေအားလုံးကို မေတ္တာပဲပို့တယ်။ ငါအဓိဋ္ဌာန်ထားတဲ့အတိုင်း ဒီနေ့ ငါးမူးပဲရခဲ့ရင် တစ်မတ်ကို ဘုရားမှာလှူတယ်။ တစ်မတ်ကို မျက်မမြင်အမေ့ဖို့ စုထားတယ်။

ဆွမ်းကိစ္စကို ငါမညည်းဘူး။

တစ်နေ့ ငှက်ပျောသီးတစ်လုံးနဲ့ ပြီးပစ်လိုက်တယ်။

နက်ဖြန်ဆို သုံးနှစ်ပြည့်ပြီဟေ့။

မြို့ကြီး သုံးဆယ်ကျော်ရောက်ခဲ့ပြီးပြီ။

ဘုရားအဆူပေါင်း ရာကျော်ဖူးပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါင်းများစွာမှာလည်း တရားထိုင်ခဲ့ပြီးပြီ ...။

မေတ္တာပွားခဲ့တဲ့ရက်တွေလည်း များခဲ့ပြီ ...။

ငါမမြင်ရတဲ့ ကုသိုလ်ရှင်ပုဂ္ဂိုလ် လမ်းညွှန်တဲ့အတိုင်း ငါသုံးနှစ် ရသေ့ဝတ် ငါလုပ်နိုင်ခဲ့သမျှ လုပ်ခဲ့ပြီးပြီ။ ငါဘာကိုမှ မမျှော်ကိုးခဲ့။ ငါစောစောထပြီး ဘုရားရှိခိုး။ မေတ္တာပို့အမျှဝေ၊ စိန္တာမဏိဂါထာကိုရွတ် ...။

ကိုင်း ... ဒီနေ့ဈေးထဲမှာ အလှူခံမယ်။ ရတဲ့အလှူငွေအားလုံးကို မျက်မမြင်အမေအတွက် မချန်တော့ဘူး။ ငါမမြင်ရတဲ့ သင်္ကန်းဒါယကာပေါ်ထားခဲ့ ကျင့်ခဲ့တဲ့ကတိလည်း ဒီည (၁၂) နာရီထိုးရင် ပြည့်ပြီ ...။

နက်ဖြန် လူထွက်ရတော့မှာပဲလို့တွေးပြီး သပိတ်ပိုက်လို့ ထွက်လာချိန်မှာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com

# ၁၄

ခန္ဓာကိုယ်တစ်ခုလုံး အင်းထိုးထားတဲ့လူကြီးကွ။

ကတုံးကြီးနဲ့ဟေ့ . . . ကတုံးပေါ်မှာလည်း အင်းတွေပြည့်လို့။

ဂါထာစာတန်းတွေကလည်း ကျောရော ရင်ဘတ်ရော၊ ပရိတ်ကြီး ဆယ့်တစ်သုတ်ရေးထားတဲ့ စာအုပ်လားမှတ်ရသကွ။ ဆေးမင်စုတ်ထိုးရေးထားတာ ပြည့်ကျပ်နေတာပဲ။

အင်းပေါင်းစုံ ပုဂ္ဂိုလ်ကြီးက ငါ့ရှေ့မှာ ခြေစုံရပ်လိုက်တယ်။ ပြီး . . . မြေကြီးထိလုနီးပါးရှည်တဲ့ လွယ်အိတ်ကနေ ငွေကျပ်တန်တစ်ရွက်ကိုထုတ်ပြီး ငါပိုက်ထားတဲ့ သပိတ်ဖုံးပေါ်ကို တင်လှူလိုက်တယ်။

ပြီး . . . လက်အုပ်ချီပြီး နောက်ကိုဆုတ်လိုက်တယ်။

"ဒီနေ့ဆို သုံးနှစ်စေ့ပြီပေါ့ ရသေ့ကြီး"

"ဟင် . . . ဒကာက ကျုပ်အကြောင်း သိနေတာလားဟင်"

ငါအံ့ဩသွားတယ်။ ငါရသေ့ဝတ်နဲ့ ဒုက္ခဆင်းရဲခံပြီး ကုသိုလ်ပြုရတဲ့ လမ်းညွှန်အမိဋ္ဌာန်ချက်ကို သူသိနေပါလား။



www.burmeseclassic.com

www.burmeseclassic.com



ငါမေးတာကို သူပြန်မဖြေဘူးကွ။

"ငှက်ပျောသီးတစ်လုံးနဲ့ နေနိုင်တဲ့ဘဝ၊ တော်ရုံလူမနေနိုင်ဘူး။ မလုပ်ကြနဲ့ ရသေ့ကြီး ..."

"နေပါဦးဒကာ။ ဒကာက ဘယ်သူတုံး ဟင်"

"ကျုပ်နာမည်မမေးပါနဲ့ ရသေ့ကြီး ဒီနေ့ခင်းဆို သပိတ်တောင် မ,နိုင်ပါ့မလားမသိဘူး။ ငါးရက်ပဲ ထပ်သီးခံလိုက်ပါ"

"ဘာ ... ဘာပြောတယ်။ ဒကာက ကျုပ်ကို ..."

"သပိတ်လုံးအပြည့် ငါးရက်လှူပြီးရင် လူထွက်ချင်ထွက်ပါ။ သပိတ်ငါးလုံးလှူပြီးရင် ရသေ့ကြီးနောင်ရေး စိတ်အေးရပါပြီ။ ချမ်းသာတဲ့မိန်းမတွေ လာတောင်းရင် မယူနဲ့"

"ဘာ ... ဘာ"

"ဒီကျုပ်တန်ကို ဆောင်ထားပါ။ သို့သော် ကျုပ်တန်ငွေစက္ကူ သုံးနှစ်ပြည့်ရင် သူ့နေရာသူ ပြန်သွားလိမ့်မယ်။ ခုတော့ ဒီကျုပ်တန်ကို ကိုယ်နဲ့မကွာဆောင်ထားပါ ဦးရသေ့။ မမေ့နဲ့နော်။ သူဌေးကြီးဦးကျိုင်းထော် ... ဟား ဟား ဟား ဟား ဟား"

အဲဒီလို ထူးဆန်းတဲ့စကားတွေပြောပြီး ပါးစပ်က အောင်စည်တီးလို့ တစ်နေရာကို ထွက်သွားပါရောကွာ။

ငါ့သပိတ်ပေါ်မှာ သူလှူခဲ့တဲ့ ကျုပ်တန်လေးတစ်ရွက်ရှိတယ်။

ကျုပ်တန်အသစ်လေးကွ။ ငါဂွကြည့်လိုက်တော့ ကျုပ်တန်ပေါ်မှာ လေးကွက်အင်းတစ်ခုကို ချရေးထားတာ တွေ့လိုက်ရတယ်။

ဘာအင်းလဲ ငါမသိဘူး။ အင်းအကြောင်း ငါနားမလည်ဘူး။ ဒါပေမယ့် ကျုပ်တန်လေးကို တန်ဖိုးထားလိုက်တယ်။ သူတတ်နိုင်သမျှ လှူတာပဲကွာ။

ဈေးသည်စကားမျိုးပြောရရင် စောစောစီးစီး ဈေးဦးပေါက်တာပဲကွာ နော။ ဒီလို ... စာရေးဆရာရေ အံ့ရောဟေ့။

တစ်လမ်းလုံး ငါ့ကို လောင်းကြလှူကြတာဟေ့။

ငါ့သပိတ်ပေါ်မှာ ကျုပ်တန်၊ ငါးကျုပ်တန်၊ ဆယ်တန်၊ တစ်ရာတန် ... သပိတ်လုံးပြည့်နေလို့ သပိတ်ဖုံးဖွင့်ပေးရပါရောဟေ့။ ငါ့လူရေ ... ဈေးထဲပြည်းရောက်ရော ငါ့သပိတ်ထဲမှာ ပိုက်ဆံတွေ ပြည့်နေပြီကွ။



www.burmeseclassic.com

www.burmeseclassic.com



အလှူရှင်တွေက ဆွမ်းဟင်း၊ မုန့်ပဲသွားရေစာတွေကို ကြွပ်ကြွပ်အိတ်ရဲ့ ထည့်ပြီး သပိတ်ဖုံးပေါ်တင်လှူကြတယ်ကွာ။

ငါခေတ္တတည်းနေတဲ့ ကိုးတောင်ပြည့်စေတီရောက်တော့ သပိတ်ကို တစ် နေရာချလိုက်တယ်။

"ရသေ့ကြီး ဆွမ်းစားတော့မလား"

"ဘုရား အရင်ကပ်မယ်ဟေ့ ပြင်လိုက်"

ကပ္ပိယလူဝကြီးက သပိတ်ပေါ်က ဆွမ်းဟင်း မုန့်ပဲသွားရေစာတွေကို ဘုရား ဆွမ်းတော်ကပ်ဖို့ ပြင်ဆင်ပြီးနောက်၊ သပိတ်အဖုံးကိုဖွင့်လိုက်ရော ...

"ဟာ ..."

"ကပ္ပိယကြီး ဘာဖြစ်လို့လဲ"

"ပိုက် ... ပိုက်ဆံတွေ ရ ... ရ သေ့ကြီးရ"

"အေး ... အေး"

"ရသေ့ကြီး ဒါ အလှူခံရတာလား ဟင် ... ဟင်"

"ဟုတ်တယ်။ ဘာဖြစ်လို့လဲ ..."

"အများကြီးပဲဗျ။ ဟိုနေ့တွေတုန်းက သပိတ်ထဲ တစ်ကျပ်၊ နှစ်ကျပ်ပဲတွေ့ တာ ရသေ့ကြီးရ။ ရသေ့ကြီးတော့ ထောပီဗျ"

"ကပ္ပိယကြီး။ မပြောကောင်းဘူး"

"ဗျာ ... ဘာဖြစ်လို့ ..."

ကပ္ပိယကြီးဟာ သပိတ်ထဲက ငွေစက္ကူတွေကိုတစ်လှည့် ငါ့မျက်နှာကို တစ်လှည့်ကြည့်ပြီး မေးနေတာကွ။

"ဒီငွေတွေက ကုသိုလ်ရှင်တွေလှူတဲ့ငွေ ကပ္ပိယကြီးရဲ့။ ဦးရသေ့တာ မဟုတ်ဘူး။ အလှူရှင်တွေကုသိုလ်ရအောင် ဘုရားတည်၊ ကျောင်းဆောက်၊ သိမ် ဆောက်ရမှာ လှူရမှာ ကပ္ပိယကြီးရ ..."

"ဗျာ ... ဦးရသေ့ မသုံးဘူး"

"မသုံးဘူး ..."

"ဘုရားရေ။ ကျုပ်တွေ့ဖူးသမျှ ရသေ့တွေ။ ဟိုလိုလို ဒီလိုလို ပုဂ္ဂိုလ်တွေ သက်န်းဝတ်နဲ့ အလှူခံပုဂ္ဂိုလ်၊ ယောဂီဝတ်နဲ့အလှူခံပုဂ္ဂိုလ်၊ ပိတ်ဖြူဝတ်နဲ့ ပုဂ္ဂိုလ် အချို့ဟာ အလှူခံလို့ ရသမျှငွေ သူတို့အကုန်သုံးတာပဲ ဦးရသေ့ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ..."

ငါကြားရတဲ့စကားကြောင့် မျက်လုံးကျယ်သွားတယ်ကွ။

"အလှူခံဖန်းပြီး ကိုယ်ကျိုးသုံးနေတဲ့ အတုတွေအများကြီး တွေ့ဖူးတယ် ဦးရသေ့။ အခု ဦးရသေ့က ရလာတဲ့အလှူငွေတွေကို အကုန်လှူမယ်ဆိုတာ သိရတော့ ကပ္ပိယကြီး ဝမ်းသာတယ်ဗျာ။ သာဓု သာဓု သာဓု ..."

ငါ သပိတ်ထဲမှာရှိတဲ့ငွေကို မရေတွက်တော့ဘူးကွ။

အထဲမှာ ကျပ်တန်ကနေ တစ်ထောင်တန်အထိ ပြည့်မောက်နေအောင် ရှိတာပဲ။ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းနဲ့ တိုင်းရင်းသားပရဟိတ ကူညီစောင့်ရှောက်ရေးကျောင်းတွေကို လှူခဲ့လိုက်တယ်။

စုစုပေါင်း သပိတ်အပြည့်ငွေ ငါးကြိမ်တိတိလှူခဲ့တယ်။ ငွေစုစုပေါင်း ဘယ်လောက်လဲ လုံးဝမမေးခဲ့ဘူး။

နောက်ဆုံးရတဲ့ငွေ ငါလည်း ငါးပြားစေ့တစ်စေ့မစားဘူး။

အလှူရှင်အမည် ဘယ်လိုရေးမလဲ ဦးရသေ့တဲ့။

ခုနစ်ရက်သားသမီးအများကောင်းမှုလို့ ရေးပါလို့ပြောခဲ့တယ်။ သပိတ်ငါး လုံးအပြည့် အလှူခံရအားလုံး ငွေလှူပြီးနောက် ငါရသေ့ဘဝကနေ လူထွက်ခဲ့ လိုက်တယ်။

လူထွက်တော့ ဟိုအင်းပေါင်းစုံပုဂ္ဂိုလ် ပေးလှူခဲ့တဲ့ အင်းပိုက်ဆံငွေ တစ်ကျပ်ကို ယူလာခဲ့လိုက်တယ်။ ရသေ့လူထွက် ဘာလုပ်ရမှန်းမသိဘူးကွ။ ဒါနဲ့ ငါ ဒုန်းသီးကောက်ပြီး ဈေးမှာသွင်းတယ်။ အံ့မယ် အလုပ်ဖြစ်သားဟ။ စရိတ်စက နုတ်ပြီး ထက်ဝက်အမြတ်ကျန်တယ်ဟေ့။

ဒီမှာ ငါမြောင်းမြဒေါ်စိုဆိုတဲ့ မုန့်ဟင်းခါးရောင်းတဲ့ ဒေါ်ကြီးနဲ့ ရင်းနှီးခဲ့တယ်။ သူ့ထံမှာတပည့်ခံ ပိုင်းကူလုပ်ပေးရင်း မုန့်ဟင်းခါး ဟင်းရည်ချက်တဲ့ပညာကို သင်ယူ ခဲ့တယ်။

မြောင်းမြဒေါ်စိုမုန့်ဟင်းခါးက ဘုရားပွဲတိုင်းမှာ ရောင်းတယ်။ ဘုရားပွဲ ဝယ်ရက်ရောင်းရင် သိန်းလေးငါးရာဖိုး ရောင်းရတဲ့ မုန့်ဟင်းခါးပဲ။ သူ့ထံက ပညာရ တော့ငါ မုန့်ဟင်းခါးဆိုင်ဖွင့်တယ်။ အစ်မစိုကလည်း ကူညီတာကိုး။



www.burmeseclassic.com

www.burmeseclassic.com

# ၁၅

မြောင်းမြဒေါ်စိုရဲ့ သားတပည့်။

မောင်ကျိုင်းထော် တမ်းတမ်းတတမုန့်ဟင်းခါး အမည်ဆိုင်းဘုတ်ရေးပြီ၊ ရောင်းတယ်ကွ။ ပထမတော့ ငါတစ်ယောက်တည်း ချက်၊ ရောင်းပေါ့။ နာမည်ရ လာတော့ ငါ့အိမ်ဘေးက မိဆားတို့လင်မယားပါ ခေါ်ရရောပေါ့။

ငါ့လူရာ ... မုန့်ဟင်းခါး နာမည်ရလာလိုက်တာ ...။

အခု ... ရန်ကုန်မှာ သုံးဆိုင်၊ မြေနီကုန်းမှာတစ်ဆိုင်။

သန်လျင်ဈေးထဲမှာ တစ်ဆိုင် ... လူငှားတွေ အလုပ်သမားတွေနဲ့ လက်ရ ရောင်းနေရတယ်။ ငါ့အမေမျက်မမြင်ကြီးကိုလည်း အိမ်ဖော်နဲ့ ပြုစုနိုင်တယ်။ မင်းပြော တဲ့အတိုင်းပဲ။ အခု ... ငါတိုက်အိမ်နဲ့နေနိုင်တယ်။ ကိုယ်ပိုင်ကားလည်းရှိတယ်။

ကျေးဇူးရှင် မြောင်းမြဒေါ်စိုကို တစ်နှစ် နှစ်ကြိမ် ငါကန်တော့နိုင်ခဲ့တယ်။ ငါလည်း ပဋ္ဌင်းတက်ခဲ့သလို၊ ဒုလ္လဘ အပါးငါးဆယ် ငါရဟန်းခံပေးခဲ့တယ်။

ငါဝတ်တဲ့ အင်္ကျီအိတ်ထဲမှာ ပလတ်စတစ်လောင်းထားတဲ့ အင်းဝိုက်ထဲ တစ်ကျပ်တန် အမြဲရှိတယ်။ မုန့်ဟင်းခါးလုပ်ငန်းနဲ့ နှစ်နှစ်အတွင်း လူချမ်းသာလေး အဆင့်ရောက်လာတော့ ...

www.burmeseclassic.com



မိန်းမတွေ အိမ်ပေါ်တက်လာကြရောပေါ့။

ရွှေတွေ၊ စိန်တွေ ညွတ်နေတဲ့မိန်းမ . . .

ကားရှိတဲ့ မိန်းမ၊ လယ်တွေ ပိုင်တဲ့မိန်းမ . . .။

ပညာတတ်တွဲ့ရ မိန်းမ၊ ရုပ်ချော၊ အပြောကောင်းမိန်းမ။ အသက်(၂၀) အရွယ်ကောင်းကနေ အပျိုကြီး၊ အပျိုဟိုင်း၊ တစ်ခုလပ်ပါမကျန် ငါ့ကို ကျ,တာပေါ့။ မင်္ဂလာပွဲစားတွေလည်း ခြေကျင်းကိုလိန်၊ ချောင်းပေါက်မတတ် လာကြသလား။ စပ်ကြသလား မမေးနဲ့။ ငါ ဘယ်မိန်းမမှ စိတ်မဝင်စားဘူးကွာ။

ငါ စီးပွားရေးပဲ လုံးပန်းတယ်။ များများရရင် လှူတယ်ကွာ။

ဆင်းရဲနွမ်းပါးတဲ့အရပ်က ဘုရားတွေ ငါပြုပြင်တယ်ကွာ။ ဟိုတုန်းက ငါ သစ်သီးဆိုင်းလေးထမ်းပြီး ဈေးရောင်းစားရတဲ့ ခြေတစ်ဖက်နိမ့်ဈေးသည်ပါကွာ။ အခုလည်း ငါဈေးသည်ပဲ။ မုန့်ဟင်းခါးသည်ကြီးလေကွာ။ ငါ့ကို သူဌေးဦးတမ်းတတဲ့။ ရယ်ရသကွာ။ လာစပ်သမျှမိန်းမတွေကို ငြင်းပယ်ပစ်တော့ . . .။

ငါ့ကိုယောက်ျားမပီသလို့ မိန်းမမယူရဲတာတဲ့။

ပြောကြပစေကွာ။ ငါဘယ်မိန်းမမှ မယူဘူးကွာ။ စီးပွားရေးလုပ်ငန်းက ရသမျှ လှူပစ်တာပဲ။ ငါ့အမေလည်း ကွယ်လွန်သွားပြီကွာ။ ငါ့အမေ မျက်မမြင်ကြီးလည်း ပါ။စပ်က လှူချင်တဲ့နေရာသာပြော ငါအကုန်လုပ်ပေးတယ်။ ငါ့အမေလည်း စိတ်ချမ်းသာစွာ လှူဒါန်းပြီးမှ ငြိမ်းငြိမ်းချမ်းချမ်း ကွယ်လွန်သွားတယ်ကွာ။

ငါ . . . အခု သူဌေးဦးကျိုင်းထော်ဖြစ်နေပြီ။

သူဌေးဦးတမ်းတလို့ခေါ်သူက ခေါ်နေကြပြီ။

အင်း . . . အင်းဝိဇ္ဇာကြီး ကြိုပြောခဲ့တာတွေ ဒက်ထိမှန်နေတာပဲပေါ့။ ဒီလိုနဲ့ အချိန်ကာလ သုံးနှစ်ပြည့်လာတယ်။ အင်းဝိဇ္ဇာကြီးပေးခဲ့တဲ့ သိဒ္ဓိဝင်ငွေစက္ကူတစ်ကျပ်တန်လေးကို ရွှေရောင်ယွန်းဘူးလေးထဲ ထည့်ပြီး ငါ့ခေါင်းရင်းက စာအုပ်စင်ဘီရိုထဲ ထည့်သိမ်းတယ်ကွ။

သုံးနှစ်ပြည့်တဲ့နေ့ကို ငါက အိမ်နံရံမှာ မြေဖြူနဲ့ရေးမှတ်ထားတယ်။ နက်ဖြန် သုံးနှစ်တိတိပြည့်ပြီ။ သုံးနှစ်ပြည့်ရင် သိဒ္ဓိဝင်အင်းပိုက်ဆံ အလိုလို သူ့နေရာသူ ပြန်သွားလိမ့်မယ်လို့ အင်းဝိဇ္ဇာ ဦးစည်တော်က ငါ့ပြောခဲ့တာကို။။

ဘုရားရှိခိုး မေတ္တာနဲ့အမျှဝေပြီးနောက် စာအုပ်ဘီရိုကိုဖွင့်ပြီး ရွှေရောင်ယွန်းဘူးကို ဖွင့်ကြည့်တယ်။ ရေမွှေးနံ့သင်းနေတဲ့ သိဒ္ဓိဝင်အင်းပိုက်ဆံကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်းဝိဇ္ဇာကြီး ကျန်းမာချမ်းသာပါစေ။

ဝိဇ္ဇာကြီးကို ရည်မှန်း မေတ္တာပို့ပြီး ယွန်းဘူးထဲပြန်ထည့် စာအုပ်ဘီရို[illegible] သော့ခတ်ပြီး ငါအိပ်လိုက်တယ်။ မိုးလင်းတော့ ငါမျက်နှာသစ်၊ ဘုရားရှိခိုး။

ပြီး . . . ယွန်းဘူးလေးကို ထုတ်ယူလို့ သိဒ္ဓိဝင်အင်းကျပ်တန်လေး ရှိ[illegible] သေးရဲ့လားလို့ သိချင်တာနဲ့ ဖွင့်ကြည့်လိုက်တယ်။ မရှိတော့ဘူး။

အင်းဝိဇ္ဇာ ဦးစည်တော်ပေးခဲ့တဲ့ သိဒ္ဓိဝင်အင်းပိုက်ဆံ ကျပ်တန်လေး[illegible] တော့ဘူး။ ဒီကျပ်တန်ပေါ်က နံပါတ်အက္ခရာနဲ့ ဂဏန်း (. . . . .)လုံးကို ငါအလွတ်[illegible] နေတုန်းပါ မောင်မှိုင်းရာ . . .။

ငါ့လူရေ . . .

တစ်ပတ်နေတော့ အင်းဝိဇ္ဇာဖိုးစည်တော် ရောက်လာပါရောဟေ့။ [illegible] အချိန်လာတယ်မှတ်လို့လဲ၊ ညသန်းခေါင်ယံအချိန် ရောက်လာတာဟေ့။ ငါ့မှာ[illegible] နေတာက ဒီညကျမှ တံခါးဖွင့်ပြီး အပြင်ထွက် လမ်းလျှောက်ချင်စိတ် ဖြစ်နေ[illegible] ကွ။ ဒါနဲ့ တံခါးဖွင့်ကြည့်တော့ . . .

အကျီမပါ၊ လွယ်အိတ်ရှည်ကြီး ဒရွတ်တိုက်နီးပါးလွယ်ထားတဲ့ အင်းဝိဇ္ဇာ ကတုံးကြီး ဖိုးစည်တော်ကို ခြံဝမှာရပ်နေတာ အံ့သြဖွယ်မြင်လိုက်ရောကွ။ အမြန်[illegible] တံခါးဖွင့်ပြီး အထဲကိုကြွပါဆရာလို့ ရိုသေဝမ်းသာ ပင့်ခေါ်လိုက်တယ်ကွ။

အိမ်ပေါ်ရောက်တော့ ဖျာပေါ်မှာ တင်ပျဉ်ခွေထိုင်ရင်း . . .

''သုံးနှစ် ဘယ်နေ့ကပြည့်တုံး သူဌေးကြီး''

''ဗျာ . . . သူဌေးကြီး ဟုတ်လား''

''သိပ်ဟုတ်ပေါ့ဗျာ။ သူဌေးကြီးဦးကျိုင်းထော်မို့ သူဌေးခေါ်တာပေါ့[illegible] မဟုတ်လို့လား။ လွဲနေလို့လား''

''ဆရာကြီးပြောခဲ့တဲ့အတိုင်း မှန်နေပါတယ် ဆရာကြီး''

''သုံးနှစ်ပြည့်တော့ ဘာထူးခြားတုံး သူဌေးကြီး''

''ဟိုလေ . . . ဆရာချီးမြှင့်ခဲ့တဲ့ သိဒ္ဓိဝင် အင်းကျပ်တန်လေးကို ပေ[illegible] စာအုပ်ဘီရိုထဲက ယွန်းဘူးထဲထည့်သိမ်းထားတာ . . .''

''ဘာဖြစ်လဲကွ . . .''

''သုံးနှစ်ပြည့်တဲ့ မနက်မှာ အင်းကျပ်တန် မရှိတော့ဘူးခင်ဗျ''

သူက ငါ့ကိုစိုက်ကြည့်နေတယ်။ ငါကလည်း ယွန်းဘူးဖွင့်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



''သူ့နေရာသူ ပြန်သွားတာပဲကွ''

''ဟုတ်ပါတယ် ခင်ဗျာ''

''ဟုတ်ပါတယ်ပြောရအောင် သူငွေးက ပိုက်ဆံပြန်သွားတဲ့နေရာ သိလို့ ...''

''အဲ ... အဲ ...''

''ဟား ... ဟား ... ဟား ... ဟား ... ဟား''

အင်းကတုံး ဦးစည်တော်က ငါဖြစ်နေတာကိုကြည့်ပြီး ရယ်လိုက်တာနှယ် ...ယိုးခွက်လန်ကို ရယ်တာကွ။

''သူငွေးမောင်ကျိုင်းထော်က ပြန်သွားတဲ့ ပိုက်ဆံနံပါတ်များ မှတ်ထားရဲ့ ...''

''မှတ်ထားတာပေါ့ ဆရာကြီးရာ။ အလွတ်ကို ကျက်ထားတာဗျာ''

''ရွတ်ပြစမ်းပါဦး သူငွေးရာ''

''အဲ ... အဲ နံပါတ်က ( ..... ၈၁၇ ..... ) ပါ ဆရာကြီး''

ငါက အက္ခရာအပါအဝင် ဂဏာန်းတွေကို ရွတ်ပြလိုက်တော့ အင်းဝိဇ္ဇာ ...ရာကြီးက ငါ့ကို ခေါင်းတညိတ်ညိတ်လုပ် ကြည့်နေရင်းက ...

သူ့လွယ်အိတ်ထဲက ငွေစက္ကူတစ်ရွက်ကို ဆုပ်ကိုင်ပြီး ...

''ရော့ ... ဒီပိုက်ဆံလား''

''ဟင် ...''

ငါ အင်းဝိဇ္ဇာဆရာကြီးပေးတဲ့ ကျပ်တန်ကို ဖြန့်ကြည့်လိုက်ရော၊ ဘုရားရေ ...ရွတ်ပြတဲ့ ပိုက်ဆံအက္ခရာဂဏာန်း အံကိုက်တူနေတဲ့ တစ်ကျပ်တန်ငွေစက္ကူကွာ။ ...စက္ကူပေါ်မှာ လေးထောင့်အင်းကို အထင်းသားမြင်နေရတယ်။ ငါ ဘီရိုကို ...သော့ခတ်ထားတာကွာ။ သော့ကလည်း ငါ့ခေါင်းအုံးအောက်မှာပါ။

ကဲ ... ဘယ်လိုလုပ်ပြီး အင်းပိုက်ဆံက ဆရာကြီးထံရောက်နေတာလဲကွာ။ ...ပြလိုက်တာ မောင်မှိုင်းရာ ...။ ဒီမှာ အင်းဝိဇ္ဇာကြီးက ငါ့ကိုစေ့စေ့ကြည့်ပြီး ပြော ...ကွ။

''အင်း ... ကျုပ်တွေ့ဖူးတဲ့လူတွေထဲမှာ မင်းက ပြောတဲ့အတိုင်းလုပ်တဲ့ ... မောင်ကျိုင်း။ မင်းအိမ်ပေါ်မှာ သပိတ်နဲ့ သင်္ကန်းလာထားတာလည်း ငါပဲ။ ...ကဲ့အတိုင်း ရသေ့ဘဝနဲ့နေတယ်။ ဒုက္ခတွေနဲ့ကြုံတယ်။ သုခတွေနဲ့ကြုံတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရသမျှအလှူခံငွေ သပိတ်ငါးလုံးအပြည့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာအတွက် လှူလည်းလှူခဲ့ပြီးပြီ။ ငွေကိုလည်း အတ္တကြီးမား အလွဲသုံးစားမလုပ်ဘူး။ မင်း ရသေ့ကောင်းကြောင့် လှူတဲ့ကုသိုလ်ရှင်တွေလည်း ပိုပြီးကုသိုလ်ရကုန်ပြီ။ ဝိဇ္ဇာ လိုင်းကပုဂ္ဂိုလ်တွေပြောရင် ပြောတဲ့အတိုင်းလုပ်ကွ။ မင်း အခု ချမ်းသာပြီမဟုတ် လားဟေ့''

''ဟုတ်ကဲ့ပါ ... ဆရာကြီး''

''မင်းရှေ့လျှောက် ငွေရှာစရာမလိုတော့ဘူး''

''ဟုတ်ကဲ့ ...''

''မိန်းမလည်း ရှာစရာမလိုတော့ဘူး''

''လုံးဝစိတ်မဝင်စားပါဘူး ဆရာကြီး''

''ဘုရား တရားနဲ့နေတော့ ...''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''အလှူဒါနနဲ့နေတော့ မဆင်းရဲတော့ဘူး''

''ဟုတ်ကဲ့ပါခင်ဗျာ''

''ဘာကြောင့် မင်းဒီလိုကြီးပွားချမ်းသာပြီး လှူဒါန်းနိုင်ရတာလဲ သိလား''

''အမိန့်ရှိပါ ဆရာကြီးခင်ဗျ''

''အချို့က ဝိဇ္ဇာဘယ်မှာနေလဲဆိုပြီး လိပ်စာလိုက်မေးနေကြသကွ။ ပြီး ကောင်တွေ၊ ဝိဇ္ဇာကို ယောင်လို့တောင်မတွေ့ဘူး။ အေ ... ဝိဇ္ဇာယောင်လို့တွေ့ တော့ ထိပ်ပါပြောင်မှာပဲကွ။ ထိပ်ပြောင်ပြီးရင်တော့ အိပ်ထောင်ထဲ ရှိတာပါကွ ရော။ မင်းသိထားဖို့က ဝိဇ္ဇာကိုလိုက်မရှာနဲ့ ...''

''ဟုတ်ကဲ့ ...''

''ဝိဇ္ဇာကလည်း လူတိုင်းတွေ့ချင်တာ မဟုတ်ဘူး''

''ဟုတ်ကဲ့ပါ ခင်ဗျ''

''ဝိဇ္ဇာမှာ ပုံသဏ္ဌာန် သတ်မှတ်ချက်မရှိဘူး။ အချို့ဝိဇ္ဇာကြီးတွေက ပိတ် စင်ကြယ်နဲ့ကွ။ အချို့က တိုက်ပုံရင်ကွဲနဲ့ကွ။ အချို့က အရှူးလိုကွ။ အချို့က ပု တစ်ထည်နဲ့နေတာလည်းရှိတယ်။ အချို့က သက်န်းနဲ့၊ အချို့က တောင်ရှည် အချို့က မျက်စိမမြင်ဘူး။ ဒါပေမယ့် အကုန်သိနေတယ်။ ပထမ ဝိဇ္ဇာရဲ့ ပေါက် စစ်ကွင်းဆရာတော်ကြားဖူးလား''



www.burmeseclassic.com

www.burmeseclassic.com



"မကြားဖူးပါဘူး ဆရာကြီး"

"ခု ကြားဖူးပြီပဲ။ သူ့အကြောင်းလေ့လာကြည့်။ တောင်တွင်းကြီး ရွှေရောင်တော်ဘုရားနားမှာ သီတင်းသုံးတဲ့ အောင်းပေါက် ဆရာတော်၊ အထုပ်တစ်ရာ ဆရာတော်၊ ညောင်ပင်သာရာတော်၊ ရာကျော်ဆရာတော်ကြီးတို့ဟာ ပုဂ္ဂိုလ်ထူးတွေပဲ။ ကိုဂေါရအပါအဝင် အဲဒီပုဂ္ဂိုလ်ထူးတွေရဲ့ အသက်မည်မျှရှိတယ်လို့ ဘယ်သူမှမသိကြဘူး။ တောင်းတိုင်းလည်းမပေးဘူး။ သူတို့က လူသတ္တဝါကိုကယ်ဖို့အတွက် စမ်းသပ်လေ့ရှိတယ်။ အဘဘိုးဝီယတို့ဆို စမ်းသပ်ခံရပြီးမှ သဘောပေါက်သွားတယ်။ ပြီ ... ပုပ္ပားက ဘိုးဝါယမဆိုတဲ့ ပုဂ္ဂိုလ်ထူးရှိသေးတယ်။ အရူးလို့ သူ့ကိုလူတွေက ထင်ကြတာကိုး။ ဘုန်းကြီးရူးလို့တောင် ခေါ်ကြသေးသကွ။ နောင်မှ ဘိုးဝါယမ ဘာလဲတယ်လို မဟိဒ္ဓိ၊ သိဒ္ဓိရှင်လဲဆိုတာ သဘောပေါက်သွားကြတယ်။ မောင်ကျိုင်းထော်မင်းလည်း တစ်နေ့ကျရင် ...။ ဒါပဲကွာ ..."

အင်းဝိဇ္ဇာကြီးက သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးတွေ၊ ဝိဇ္ဇာမိုရ်ကြီးတွေရဲ့အကြောင်းကို အတိုချုံးပြီး ပြောပြတယ်။ အသေးစိပ်နားထောင်ချင်ပေမယ့် မင်းတော်သာလေ့လာလို့ ပိတ်ပြောလိုက်တယ်ကွ။

"မောင်ကျိုင်း"

"ခင်ဗျာ ... ဆရာကြီး"

"မင်းကတိသစ္စာလည်းတည်တယ်။ သီလလည်းလုံတယ်။ ငါ့စကားကိုလည်း နားထောင်တယ်။ မင်းကို စမ်းသပ်ရတာ ကူညီရတာ လမ်းညွှန်ရတာ ငါဝမ်းသာတယ်။ လောကမှာ၊ ချမ်းသာလည်း ဘဝမမေ့၊ ဆင်းရဲလည်း သည်းခံနိုင်၊ ပုဂ္ဂိုလ်တွေစကားကို မြေဝယ်မကျနားထောင်တဲ့ လူကောင်းသူကောင်းတွေ ရှိပါသေးလားဆိုတာ သိရတယ်ကွာ။ ဝမ်းသာတယ်ဟေ့။ ကိုင်း ... မောင်ကျိုင်း ငါပြန်မယ်"

ငါက ကပျာကယာထရရောကွ။

"ဆရာကြီး ... ထမင်းတစ်နပ်ဖြစ်ဖြစ် ကုသိုလ်ပြုပါရစေ ဆရာကြီးရယ်။ မနက်မှပြန်ပါနော်"

"မဖြစ်ဘူးကွ ... တော်နေကြာ ငါ့ကိုတွေ့သွားရင် ဟိုအင်းကဘာလဲ၊ ဒီအင်းကဘာလဲနဲ့ ဗိုင်းမေးကြတာကွ။ အပါယ်သွားမယ့်ကောင်တွေလည်း အများကြီးရှိတာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ဒါဆို ကျွန်တော် ဒါလေးတော့ ကန်တော့ပါရစေဗျာ"

ငါက ငွေငါးသိန်းအထုပ်ကို ပန်းကန်ထဲထည့်ပြီး ကန်တော့ဖို့လုပ်တော့ ။

"မောင်ကျိုင်း ... နေဦးကွ"

"ဘာလဲ ဆရာကြီး"

"မင်းငွေထုပ်ကြီးကိုဖယ်ပြီးမှ ငါ့ကိုကန်တော့"

"ဆရာကြီး ... ဟိုလေ ဆရာကြီးလိုရာ ..."

"ခုချက်ချင်း ဖယ်လိုက်စမ်း"

သူကွာ ငါ့ကို မျက်နှာထိမျက်နှာထားကြီးနဲ့ အော်ပြောလိုက်တာကွ။ [illegible] နပန်းကို ကြီးသွားတာပဲ။ ဒါနဲ့ ငွေစက္ကူပန်းကန်ကို ဖယ်ပြီး ငါကန်တော့လိုက်တော့ ။

ငါ့ကို ဆုတွေအများကြီးပေးတယ်။

ပြီး ... ဘာစကားမှန်းမသိတဲ့စကားတွေနဲ့ ရွတ်ဖတ်ပြီးနောက် ငါ့[illegible] လက်ကို လှမ်းဆွဲဖြန့်ပြီး သူ့ညာလက်ဝါးနဲ့ ငါ့ဘယ်လက်ဝါးကို ဖောင်းကနဲ [illegible] လိုက်တယ်။ ရိုက်ပြီး လက်ကို ကိုင်ဆုပ်လို့ ကုလားစကားလည်းမဟုတ်၊ [illegible] စကားလည်းမဟုတ်တဲ့ စကားတွေရွတ်လိုက် ငါ့လက်ဝါးကို ဆွဲမြှောက်လိုက်[illegible] တယ်။

အတန်ကြာ စကားမပြော၊ မရွတ်မဆိုဘဲ သူ့လက်နဲ့ အုပ်ဆုပ်ထား[illegible] လက်ဝါးကို စိုက်ကြည့်ငြိမ်သက်နေတယ်ကွ။ ငါးမိနစ်ခန့် ငြိမ်သက်စိုက်ကြည့်[illegible] ငါ့လက်ကို လွှတ်လိုက်တယ်။

"ဟင် ..."

"ငါ့လက်ဝါးအရေပြားပေါ်မှာ လေးလုံးအင်းတစ်ကွက်လာစွဲထင်နေ[illegible] ဟေ့။ ငါအံ့သြသွားတာပေါ့ကွာ"

"ဖျက်ကြည့်လေ ..."

သူက ဖျက်ကြည့်တဲ့၊ ငါ့လက်ဝါးပေါ်မှာ ထင်ပေါ်လာတဲ့ အင်းကွက်ကို [illegible] နဲ့ပွတ်ဖျက်တယ်။ မပျက်ဘူးဟေ့၊ လက်ဝါးချင်းပွတ်ဖျက်၊ ကြမ်းပြင်မှာ ပွတ်[illegible] ပြီး ဖျက်ကြည့်တယ်။ လုံးဝပျက်လည်းမသွားဘူး။ ပျောက်လည်းမသွားဘူး။ [illegible] ပါသေးရဲ့ကွာ။ ပထမံဘိုးဘိုးအောင်ရဲ့ 'ဝ'တစ်လုံးကို ဖျက်ကြည့်ရင်း [illegible] တစ်ခုလုံး 'ဝ'လုံးတွေ ဖြစ်မသွားပေလို့ ...။

"ဖျက်လို့ရလား မောင်ကျိုင်း"



www.burmeseclassic.com

www.burmeseclassic.com



''မရဘူး ဆရာကြီး''

''မင်းလက်ဝါးပေါ်က အင်းကွက်ပျောက်သွားတဲ့နေ့ မင်းရှိသမျှစည်းစိမ် ...ပြီး ထွက်ရလိမ့်မယ်။ အဲဒီနေ့ရောက်ရင် မင်းကို ဝိဇ္ဇာဓိုရ်ဂိုဏ်းတော်ကြီးက ...က်လှဲဝမ်းသာ ကြိုဆိုကြလိမ့်မယ်။ ကိုင်း ... ငါသွားပြီဟေ့ ...''

ဟော့ကောင် စာရေးဆရာ။ မင်းယုံချင်ယုံ မယုံချင်နေတော့ဟေ့။

ငါဦးချကန်တော့ပြီး ခေါင်းမော့လိုက်ရော ... အင်းဝိဇ္ဇာကြီးဦးစည်တော် ...မရှိတော့ဘူး မောင်မှိုင်းရာ ...။

ကျွန်တော် ဘကြီးဦးကျိုင်းထော် (ခေါ်) ရသေ့ကြီးဦးကျိုင်းပြောပြတဲ့ အင်း ...ကြီးအကြောင်း ကြားရတော့ ကိုယ့်ကိုကိုယ် နောင်တရလို့မဆုံးတော့ဘူးဗျာ။ ...ဓိုရ် ကိုယ့်အိမ်ရှေ့ရောက်လာတာတောင် အရှူးထင်ပြီး မလေးမခန့် လုပ်ခဲ့မိတဲ့ ...ဗျာ ...။

နောင်တရလိုက်လေခြင်းဗျာ။

ဒီလို နောင်တရမဆုံးတဲ့ စာရင်းထဲမှာ ...

အင်္ဂရိတ်ဆရာ ကိုကံဆိုင်ကြီးလည်း ပါခဲ့တာပေါ့။

ကိုကံဆိုင်ခံရပုံက ကိုယ့်ထက်သာတာပေါ့။ ကျွန်တော်တုံးတာ။ ကိုကံဆိုင် ...က ချွန်ပြီးမှ တုံးသွားတာ။ ကျွန်တော် လေ့လာသိရှိရသလောက်တော့ ပုဂ္ဂိုလ် ...တွေ၊ ဝိဇ္ဇာဓိုရ်ကြီးတွေဟာ အကြိမ်ကြိမ်အခါခါတော့ မ,မဘူးဗျ။

အချို့ လောဘကြောင့် ရထားတဲ့အကျိုးတရားတွေ ပျက်စီးရတယ်။

ကျွန်တော် ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ကြီးတွေ သိဒ္ဓိရှင်ပုဂ္ဂိုလ်ထူးတွေအကြောင်း၊ စာ ...၊ လက်တွေ့ တွေ့တော့မှ သူတို့ရဲ့ အံ့ဩဖွယ်ရာအကြောင်းတွေကို သိခဲ့ရတယ်။

ဒီတော့မှ ... ကျွန်တော်တို့လို တုံးတွေ ... အကင်းမပါးတဲ့ လူ့နလပိန်း ...တွေလည်း ဝိဇ္ဇာနဲ့ ဝေးခဲ့ရပါလားလို့ သဘောပေါက်ခဲ့ရတယ်။

နောက်ပိုင်းကျမှ ကိုကံဆိုင်ကြီး သိဒ္ဓိအစွမ်းတွေရလာပြီးမှ မ,နောက်လိုက် ... မိုက်ဖက်ပါသွားရတဲ့ နှမြောစရာဘဝကို ပြောပြမယ်ဗျာ။

အခု ပြောပြမှာက ...

လောဘသား၊ အတ္တသမားတစ်ယောက် အကြောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၆

ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီး ဦးသြဘာသနဲ့ သုံ့တပည့် တစ်ယောက်အကြောင်း ပြန်ပြောပြချင်တာပါခင်ဗျ။

ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီးက သိဒ္ဓိမဟိဒ္ဓိပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်တယ်။

သူ့မှာ နာမည်ငါးမျိုးရှိလို့ အချို့က ငါးဘွဲ့ရဆရာတော်ကြီးရယ်လို့ ဆိုကြ[illegible] ကိုး။ သူ့နာမည်ကွဲတွေကတော့ . . .

၁။ ရက်ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ။

၂။ ဆရာကြီးဦးကွန်း

၃။ ကိုရင်ကြီး

၄။ မင်္ဂလာရန်အောင်ဆရာကြီး

၅။ စင်တောင် ဆရာကြီးရယ်လို့ အမည်ငါးမျိုးရှိတယ်တဲ့။

ဆရာတော်ကြီးမှာ တပည့်ပေါင်းများစွာရှိတဲ့ထဲက လက်ရင်းတပည့်ကြီး တွေကတော့ . . . ဇီဝကကြိုးကိုင် ဆရာချန်၊ ဆရာဆိုင် (ခေါ်) မောင်မြဈိုင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုင်၊ ချင်းအမျိုးသား ဆရာဦးရဲသူ၊ ပြီး ... မနောမယကြိုးကိုင် အဖေကြီးဦးချမ်းမြိုင်တို့ပဲဗျာ။

ရက်ကန်းစင်တောင်ဆရာတော်ကြီးရဲ့ ထူးခြားချက်က ...

ရောဂါဝေဒနာရှင်လူနာကို ဆေးကုဖို့လိုအပ်ရင် ဆေးကုပေးတယ်။ ဒါပေမယ့်လူနာကို 'အင်း'မတိုက်ဘူး။ ဖော်စပ်ထားတဲ့ဆေး၊ ဘာသဆေးမှမတိုက်ဘူး။

သူက သစ္စာဆို မေတ္တာပို့ပြီး ကုပေးတာ။

ရောဂါတွေပျောက်တာပဲ။ အံ့ဩစရာကောင်းလိုက်တာနယ်။

ဆရာတော်ကြီးသည်၊ လိုအပ်လာရင် အရှုးယောင်ဆောင်ပြီး လိုအပ်သလို လမ်းညွှန်ပေးတာလည်း လုပ်ခဲ့တာပဲ။

တစ်ခါမှာ သူ့ဒကာပန်းထိမ်ဆရာခမျာ လုပ်ငန်းကိုင်ငန်း အဆင်မပြေရှာဘူး။ ဆရာတော်ကြီးကိုလည်း ကြည်ညိုလေးစား ဆည်းကပ်သလားမမေးနဲ့။ အရမ်းကိုးသလေးစားတာ။

ဒီတပည့်ဒကာကို ကြီးပွားအောင် လုပ်ပေးခဲ့ချင်တယ်။

တစ်နေ့ ဆရာတော်ကြီးက သူ့ခြေထောက်မှာ အသံမြည်တဲ့ခြူကိုဆွဲပြီး အရှုးသဏ္ဍာန်နဲ့ ကပါရော။ က,တဲ့နေရာကလည်း အထင်ကရနေရာဗျာ။ ပြည်ရွှေဆံတော်ဘုရားရဲ့ မြောက်ဘက် စောင်းတန်းဦးမှာ က,နေတာ။

"ဘုန်းကြီးအရူးဟေ့။ အကကောင်းပဲကွ"

"ခြူက,ကနေတာ။ ကုလားက,ကနေတဲ့အတိုင်းပဲဟေ့"

"ဆုငွေတော့ ချီးမြှင့်ကြမှကွ"

ဘုန်းကြီးအရူး ကပြီး ပိုက်ဆံတောင်းနေတယ်ဆိုပြီး ပိုက်ဆံတွေပစ်ပေးကြတယ်။ အချို့က,ကတာသဘောကျလို့ ပေးခဲ့တာ။

သူ ချခင်းထားတဲ့သင်္ကန်းပေါ်မှာ ငွေပိုက်ဆံတွေ မနည်းဘူးပဲ။ ပြားစေ့ခေတ်ဆိုတော့ ပြားစေ့ကို ဖွေးနေတာပဲ။

ဒီတုန်းကငွေစ ခုနစ်ကျပ် ရှစ်ပဲ ရခဲ့တယ်။

ပြီး ... တပည့် ပန်းထိမ်ဆရာအိမ်ကိုသွားပြီး ...

"ဟဲ့ ... ဒကာ"

"ဘုရား ... ကြွပါဘုရား၊ ဆွမ်းများ ဘုဉ်းပေးပြီးပါပြီလား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဆွမ်းကိစ္စက အရေးမကြီးဘူးကွ။ ရော့ . . . ယူလိုက်"

"ဘာတွေလဲ ဘုရား"

"ကြည့်ပေါ့ကွာ . . ."

ပန်းထိမ်တပည့်က အထုပ်ဖြည်ကြည့်လိုက်တော့ ပိုက်ဆံတွေဖြစ်နေတာ မြင်ပါရော။

"ဘုန်းဘုရား . . . ဒါ . . . ဒါ ဘာလုပ်ဖို့လဲ ဘုရား"

"တပည့် . . . မင်းလည်း လုပ်ငန်းကိုင်ငန်း အဆင်မပြေဘူး ဟုတ်လား။ ဒီငွေကို ငါတပည့်ယူပြီး လုပ်ငန်းများတိုးချဲ့လုပ်တော့ကွယ်။ ငါ့သားတပည့်များ မချိ ရဲတာ ငါမမြင်ချင်ဘူးကွယ်။ ယူပြီးသုံးတော့ . . ."

တပည့် ပန်းထိမ်ဆရာကို ငွေခုနစ်ကျပ်ကျော်ပေးခဲ့လိုက်တယ်။

အဲဒီအချိန်တုန်းက ငွေခုနစ်ကျပ်ရဲ့တန်ဖိုးက ခုခေတ်ငွေ သုံးလေးသိန်းမျှ လောက်တန်ဖိုးရှိတယ်တဲ့။ သိပ်မကြာပါဘူးဗျာ။ ဆရာတော်ဘုရားကြီး ခြသေ့ဦးမှာ ပဲ ပျံလွန်တော်မူသွားခဲ့တယ်။

ပန်းထိမ်ဆရာ တပည့်လည်း ရက်ကန်းစင်တောင် ဆရာတော်ဘုရားကြီး မေတ္တာနဲ့ ချီးမြှင့်စွန့်ကြဲခဲ့တဲ့ ငွေနဲ့ ရင်းနှီးလုပ်ကိုင်ခဲ့တာ လုပ်ငန်းတိုးတက်ကြီးပွားခဲ့ ပြီ။

ဒီအချိန်မှာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို ဆွမ်းတစ်နပ်မျှ ကပ်လှူ လည်းမရ။ ကိုယ်တော်အရှင်ကို မြင်လည်းမမြင်တော့။ နွေ့နွေ့ညည ဝမ်းနည်းပြီး မျှော် နေ မျက်ရည်ကျနေရှာတယ်။

တစ်ည . . . သန်းခေါင်ယံမတိုင်ခင်မှာ ရက်ကန်းစင်တောင်ဆရာတော်ကြီး သူ့အိမ်ကြွလာပါရော။ အံ့သြပြီး ငေးကြည့်နေတုန်းမှာ . . .

"ဟဲ့ . . . ဒကာ။ နင်ငါ့ကိုသိရဲ့လား"

"ဘဘုန်း . . . ဘဘုန်းဘုရား"

ဆရာတော်ဘုရားကြီးခြေအစုန်ကို ပြေးဖက်ပြီး ဝမ်းသာဝမ်းနည်း ငိုတော့ ပေါ့။ စဉ်းစားလေ ပျံလွန်တော်မူသွားတာ အားလုံးအသိပဲဥစ္စာ။

ခု . . . ညဉ့်နက်နက်ဖြန်းစားကြီး ရက်ကန်းစင်တောင်ဆရာတော်ကြီးကို ရှေ့ မှာမြင်လိုက်ရတော့ မျက်ရည်ဖြိုင်ဖြိုင်ကျတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့ကွ။ ငါသထုံကိုသွားတော့မှာ။ ငါ့အမိဌာန်နှစ်နှစ်လည်းစေ့ပြီ။ လိမ်လိမ်မာမာနေ တပည့်။ မကြာခင် မင်းကြီးပွားချမ်းသာလာမှာပါကွယ်။ ရရင်လှူဖို့မမေ့ကြားလား"

"မှန်ပါ့ဘုရား"

"ကိုင်း ... ငါသွားတော့မယ်"

"မှန်ပါ့ အရှင်မြတ်ကြီးဘုရား"

ထုံးစံအတိုင်းပါပဲဗျာ။ မျက်ရည်စို့ရွှဲ ဝမ်းနည်းဝမ်းသာနဲ့ ကန်တော့နေတုန်း ရက်ကန်းစင်တောင်ဆရာတော်ကြီး မျက်စေ့ရှေ့မှာ မရှိတော့ဘူး။

ဒါ ... အိမ်မက်လည်း မဟုတ်ဘူး။

နောင်များ မကြာခင်၊ ဆရာတော်ကြီးချီးမြှင့်ခဲ့တဲ့ငွေ ခုနစ်ကျပ် ရှစ်ပဲ (ရှိ-ဂဲ) ကို အခြေခံပြီး လုပ်ငန်းတွေ အောင်မြင်လာလိုက်တာ ရွှေဆိုင်ကြီးဖွင့်ပြီး ထည်ဝါ ပြားတဲ့ ဂုဏ်သရေရှိသူဌေးကြီး ဖြစ်လာခဲ့တယ်ဗျာ။

ပန်းထိမ်ဆရာမှာ ရက်ကန်းစင်တောင် ဆရာတော်ကြီးထံက ရွှေတို့ ငွေတို့ ကို လိုချင်တာလည်းမဟုတ်ဘူး။ လိုချင်တဲ့လောဘလည်း မရှိဘူး။ သူ ဆရာတော် ကြီးကို ကြည်ညိုလေးစားတာ။ ကောင်းမွန်စွာ ဆရာရင်းအဖြစ် လုပ်ကျွေးလှူဒါန်း တာ။

ဆရာတော်ကြီးကို ဝိဇ္ဇာဓိုရ်လို့အားလုံးက အသိအမှတ်ပြုထားကြတာ။

သူ့နည်းသူ့ဟန်နဲ့ ရွှေ ငွေ ရတနာတို့ကို ဆရာတော်ကြီးက ဖန်တီးချီးမြှင့် တာ။ သူက ဓနသိဒ္ဓိ ဖြစ်မြောက်နေတဲ့ ဝိဇ္ဇာဓိုရ်ကြီးလေ။

သို့သော် ... ပန်းထိမ်ဆရာ လှငွေ မတောင်းခဲ့ဘူး။ ဆရာတော်ကြီးက တပည့်ရိုးသားလွန်းလို့ အရှုံးလို ကြံဖန်အလှူခံပြီး စီရင်ပေးခဲ့တာ။

ကျေးဇူးတော်ရှင် ရက်ကန်းစင်တောင်ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့အတိုင်း လာသမျှထဲကနေ မကြာခဏ အလှူအတန်းကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့ လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၇

ရက်ကန်းစင်တောင် ဆရာတော်ကြီးရဲ့ ထူးဆန်းတဲ့ ဖြစ်ရပ်တွေကိုပြောရ ရင် အံ့ဩဖွယ်ရာ အလွန်ကောင်းဗျာ။

ဆရာတော်ကြီးက တပည့်တွေကိုလည်း ချစ်တယ်။ စောင့်ရှောက်တယ်။

တပည့်ဆိုးတွေရှိလာရင်လည်း ခွင့်လွှတ်တာပဲ ခင်ဗျာ။

ခုလည်းကြည့် . . . သူ့တပည့် ဦးကျော်ရန်တဲ့။

ဦးကျော်ရန်နဲ့ ဆရာတော်ကြီးတွေ့ပုံကလည်း ဆန်းတယ်။

အင်္ဂလိပ်စစ်တပ်က မန္တလေးနန်းတွင်းမှာ တပ်စွဲထားတယ်။ မြန်မာလူမျိုး တွေကို လုံးဝဝင်ခွင့်မပေးဘူး။ ကိုယ့်အရှင် ကိုယ့်သခင် နန်းထိုင်စိုးစံခဲ့တဲ့ ရွှေနန်း တော်တွင်းဧရိယာထဲ၊ မြန်မာလူမျိုးမပြောနဲ့ မြန်မာခွေးတောင် ဝင်ခွင့်မပြုတဲ့အမိန့်

လက်နက်ကိုင် ဂေါ်ရာစစ်သားတွေကလည်း စောင့်နေတာ အများကြီး

ရက်ကန်းစင်တောင် ဆရာတော်ကြီးက ဘယ်သူ့မှ ဂရုမစိုက်ဘူး။ [illegible] ကိုရအောင်ဝင်ပြီး ပုတ်တလုတ် ကန့်ဘောင်ရိုးပေါ်မှာ တရားထိုင်နေလိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်ဗိုလ်တွေ၊ အရာရှိတွေ၊ စစ်သားတွေက ထွက်သွားဖို့ အမိန့် ပေးတယ်။ ဒီလိုနဲ့ ညဥ့်အချိန်ရောက်လာရော။

ဂေါ်ရာစစ်သားတွေ သေနတ်တွေနဲ့ စုပြုံရောက်လာကြပြီး . . .

''ဗမာဘုန်းကြီး ခုချက်ချင်းထွက်ပါ''

ဆရာတော်က တရားမှတ်မပျက်။ သီတင်းသုံးမပျက်။

''ထွက်သွား''

''ဂျောင်း . . . ဂျောင်း''

ဘယ်လိုမှပြောမရတော့ ဂေါ်ရာစစ်သား လူရမ်းကားတွေ နံပါတ်တုတ်တွေ ဆရာတော်ကြီးကို ဝင်ရိုက်ဆွဲခေါ်ကြပါရော။ မိုက်ရိုင်းစုတ်ပွဲတဲ့ လက်နက်ကိုင် ..သားတွေပျာ။ ရဟန်းမှန်း သံဃာမှန်းလည်းသိတယ်။ သိသိနဲ့ရိုက်ကြတာ။

ငါတို့မှာ အာဏာရှိတယ်။ လက်နက်ရှိတယ်။ ဒီနိုင်ငံက ငါတို့သိမ်းပိုက် ..တဲ့နိုင်ငံ။ ကျွန်နိုင်ငံ ငါတို့အမိန့်ပေးတဲ့အတိုင်း လိုက်နာရမယ်။ ငါတို့ အမိန့်ကို ..ဆန်ရင် ဖီဆန်ရင် ဒါအစိုးရကို ဆန့်ကျင်တာ။

''ဖောင်း . . .''

''ဖုန်း . . .''

''ရိုက် . . . ရိုက် အသေသာရိုက်''

''ဖြောင်း . . .''

''ခွပ် . . .''

ဂေါ်ရာစစ်သားတစ်ယောက်က ရက်ရက်စက်စက်ကိုရိုက်တာ။ ဆရာတော် ..ကလည်း တစ်ချက်မတွန့်ဘူး။ မညည်းဘူး။ ဒီတော့ ကျန်တဲ့ဂေါ်ရာစစ်သားတွေ ..ပါ နံပါတ်တုတ်တွေနဲ့ ဝိုင်းဆော်ကြရော''

''ဘုန်းကြီး ထွက်သွား''

'' . . . . . . . . . . ''

''သင့်ကိုဒီလောက်ရိုက်နေတာ သင်မနာဘူးလား''

''ငါဘာမှမဖြစ်ဘူး။ မင်းတို့နာမှာ''



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တုတ်နဲ့ရိုက်တဲ့ ဂေါ်ရာစစ်သား အံ့ဩနေတယ်။ နံပါတ်တုတ်နဲ့ လေးချက်ရိုက်ရင် သေနိုင်တာ သူသိတယ်။ ကတုံးပြောင်ပြောင်ကို အချက်ပေါင်း များစွာရိုက်ခဲ့တာ ဖုလည်းမဖု၊ ကွဲလည်းမကွဲ။ သွေးစလည်းမမြင်ရ။

သူ အရမ်းအံ့ဩပြီး ရိုက်တာကို ရပ်လိုက်တယ်။

ဘယ်လိုဘုန်းကြီးလဲ ... အားရပါးရရိုက်ခဲ့တာတောင် ဘာမှမဖြစ်

သူ ... ဒီလိုထူးဆန်းတဲ့ လူ (ဘုန်းကြီး)ကို မတွေ့ဖူးဘူးလေ၊ ဒီလိုနဲ့ သူ ချိန်ပြီးလို့ နားတယ်။ အဝတ်အစားလဲပြီး အိပ်မယ်လို့လုပ်ရော။

"ဖောင်း ..."

"အား ..."

"ဖုန်း ..."

"အားရှီးရှီး ..."

"ဖောင်း ..."

"အား ... အား ... မလုပ်ပါနဲ့။ မ ... မ ရိုက်ပါနဲ့"

စောစောက ရက်ကန်းစင်တောင် ဆရာတော်ကြီးကို ရိုက်တဲ့ ဂေါ်ရာစစ် အခု ... သူ့ကိုတယ်သူရိုက်မှန်းမသိ။ ရိုက်သူလည်း မမြင်ရဘဲ အိပ်ယာပေါ်မှာ လူး အော်ဟစ်နေတယ်။ ဦးခေါင်းကိုလက်ဝါးနဲ့အုပ်ပြီး လဲကျလိုက်၊ ကျောကုန်းကို ရပြီး ကော့သွားလိုက်နဲ့ နာလွန်းလို့ ... ကုလားလိုရော၊ အင်္ဂလိပ်လိုရော အော် တယ်။

အိပ်နေတဲ့ တပ်သားတွေရော ညတာဝန်ကျအရာရှိပါ နိုးလာ၊ ရောက် ပြီး အင်္ဂလိပ်လိုရော၊ ကုလားလိုရော မေးတာပေါ့။

"ရဲဘော် ... ရဲဘော်"

"အား ... ရှီးရှီး ... အား"

"ရဲဘော် ... ရဲဘော်"

"အား ... ယား ... ယား။ ဘုရားသခင် ကယ်တော်မူပါ ...

တပ်သားတွေ၊ အကြပ်တွေက လူးလှိမ့်အော်ဟစ်၊ ကော့လန်လဲကျ နေတဲ့သူ့ကို ဝိုင်းချုပ်ပြီး တားကြတယ်။

တာဝန်ခံအရာရှိက သူ့ကိုမေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော် … ဘာဖြစ်တာလဲ"

"ရိုက် … ရိုက် … ရိုက်တယ်"

"ရဲဘော်ကိုရိုက်တာလား"

"ဟုတ် … ဟုတ်"

"ဘယ်သူရိုက်တာလဲ။ ရိုက်တဲ့လူကို မှတ်မိလား"

"နိုး … နိုး"

မသိဘူးပဲဖြေပြီး ကြောက်နေတယ်။ သည့်နောက် သူ့ကို ရေတစ်ခွက်တိုက်လိုက်တော့ သူ စိတ်လှုပ်ရှားနေတာ ငြိမ်သွားတယ်။ ဒီတော့မှ ဟိုမှာထိုင်နေတဲ့ ဗမာဘုန်းကြီးကို သူနံပါတ်တုတ်နဲ့ရိုက်မိတဲ့အကြောင်း …။ သူအိပ်ယာထဲမှာ ပြန်အရိုက်ခံနေရကြောင်း …။ အစီရင်ခံ ရှင်းပြတယ်။

"အိပ်မက်မက်နေတာလား"

"နိုး … တကယ်အရိုက်ခံရတာပါ"

"ရဲဘော် … ပြန်အိပ်ပါ"

"ဟုတ် …"

အရာရှိကို အလေးပြုပြီး ပြန်အိပ်လိုက်တယ်။ အိပ်ပျော်မယ်ရှိသေးတယ်။ ဟိုမှာထင်ကို ပြင်းထန်မာကျောတဲ့ တုတ်ချက်ကျလာပြီး သူ အားကုန်အော်လိုက်တယ်။ သည့်နောက် တုတ်ချက်ပေါင်းများစွာ သူ့ခန္ဓာကိုယ်ပေါ်ကို ကျရောက်လာတော့ … သူ … အိပ်ခန်းထဲက ထွက်ပြေးခဲ့လိုက်တယ်။

ရဲဘော်တွေကလည်း သူ့ကို ဝိုင်းဖမ်းချုပ်ပြီး မေးကြ။

အားလုံးကလည်း အံ့သြနေကြတာပေါ့။ ရိုက်တဲ့လူမမြင်ရဘဲ သူတို့ရဲဘော်တစ်ယောက် အရိုက်ခံပြီး အော်နေရတာ။ မျက်နှာရော၊ လက်ရော၊ ခေါင်းရော၊ ဖူးယောင်နေပြီ။

ဒီမှာ အရိုက်ခံရတဲ့ ဂေါ်ရာစစ်သား ပြန်စဉ်းစားတယ်။

သူ … ဘုန်းကြီးကိုရိုက်ပြီး မေးတယ်။

"ဗမာဘုန်းကြီး နာလား"

"မနာဘူး။ ဘာမှမဖြစ်ဘူး။ နင်နာမယ်"



www.burmeseclassic.com

www.burmeseclassic.com



နင်နှာမယ်လို့ပြောတယ်။ အခု နာနေပြီ၊ ဖုနေ၊ ကိုင်းနေ၊ ကျဉ်နေပြီ၊ ဒီဗမာဘုန်းကြီး ထူးဆန်းတယ်။ သူ ရဲဘော်ဂေါ်ရာ စစ်သားများရှေ့မှာပဲ၊ ဒူးထောက်ထိုင်ပြီး သူရိုက်ခဲ့တဲ့ ဗမာဘုန်းကြီး (ရက်ကန်းစင်တောင် ဆရာတော်)ကို အသံထွက် တောင်းပန်လိုက်တယ်။

"ဗမာဘုန်းကြီး ကျုပ် ဘုန်းကြီးနဲ့ ဗုဒ္ဓဘာသာကို စော်ကားမိပါတယ်။ လွန်ကျူးမိပါတယ်။ ကျွန်ုပ်မှားမှန်း သဘောပေါက်ပါပြီ။ နောင်ကို ဗမာဘုန်းကြီးကို ကျွန်ုပ် မစော်ကားတော့ပါဘူး။ ခွင့်လွှတ်ပေးပါလို့ ကျွန်ုပ်တောင်းပန်ပါတယ် ..."

ဒီလို သူ ... ဆရာတော်ကြီးကို ရည်မှန်းပြီး ပြောဆိုတောင်းပန်လိုက်ရော မျက်နှာမှာ ဖူးယောင်နေတဲ့ ဒဏ်ရာ၊ ဦးခေါင်းမှာ ဘုထွက်နေတဲ့ ဒဏ်ရာ၊ လက်ရှိခြေ ထောက်မရ၊ ကိုင်မရအောင် နာကျင်နေတဲ့ဝေဒနာ ဒဏ်ရာတွေဟာ ပြောရင် မယုံနိုင်လောက်အောင် တဖြည်းဖြည်းပျောက်ကွယ်ပြီး နာကျင်ခြင်းလုံးဝမရှိတော့ဘဲ လူကောင်းလို ပြန်ဖြစ်သွားခဲ့တယ်။

ဒီသတင်းက နန်းတွင်းတပ်မြေမှာ ချက်ချင်းပဲ ပျံ့နှံ့သွားတယ်။ အံ့ဩစရာ အဖြစ်ကျော်သွားတယ်။ ဒီမှာ အင်္ဂလိပ်စစ်တပ်ကို အုပ်ချုပ်တဲ့ အင်္ဂလိပ်အရာရှိကြီး မစ္စတာဂရန့်က ...

"နိုး ... နိုး ... ငါ ဒါမျိုးတွေမယုံဘူး။ အဲဒီဗမာဘုန်းကြီး ဘယ်မှာရှိလဲ။ ငါ့ကို ချက်ချင်းလိုက်ပြပါ"

မစ္စတာဂရန့်က ကန်တော်မှာ တရားမှတ်နေတဲ့ ရက်ကန်းစင်တောင် ဆရာတော်ကြီးကို အနီးကပ်လေ့လာလိုက်တယ်။ ဆရာတော်ကြီးက သူ့အနီးရောက်လာတာကို လည်း မတုန်လှုပ်ဘူး။ ထွက်မသွားဘူး။

"လူကလေးတို့ ... ဒီဘုန်းကြီးလား"

"ဟုတ်ပါတယ် ဆပ် ..."

ဂရန့်နဲ့ပါလာတဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေကလည်း ခပ်ထန်ထန်တွေ။ ဆရာတော်က တည်ငြိမ်စွာ မျက်စိမှိတ်ပြီး ကိုယ့်တရား ကိုယ်မှတ်နေတယ်။ ဆရာတော်ကြီးက ဗမာလေ။ ကိုယ့်တိုင်းပြည် ကိုယ်ချစ်တဲ့သူလေ။ သင်းတို့ မတရားသိမ်းပိုက် အုပ်ချုပ်နေတာကို ပညာပေးချင်လို့ အရဲစွန့်ဝင်လာခဲ့တာ။

ဒီအင်္ဂလိပ်တွေရဲ့သေနတ်တွေ မီးထွက်အောင်ပစ်လို့ရ မစမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မစ္စတာဂရန့်က အသားနက်ပြောင်ပြောင်၊ အရပ်မြင့်မြင့် ဗလကောင်း ကောင်း စစ်သားတစ်ဦးကို လှမ်းခေါ်လိုက်တယ်။

"မောင်မင်းနာမည် ဘာလဲ"

"နယ်လ်ဆင်လို့ ခေါ်ပါတယ် ဆပ်"

"ဒီဘုန်းကြီးကို နန်းတွင်းဧရိယာထဲမှာ မမြင်ချင်ဘူး။ သူ့ကို မရ,ရတဲ့နည်း အပြင်ရောက်အောင် နှင်ထုတ်ပါ"

"ရက်စ် ဆပ်"

နယ်လ်ဆင်ဆိုသူ အသားမည်း စစ်သားဗလကြီးက မာကျောတဲ့ နံပါတ်တုတ် ကို လက်ထဲမှာ တဆဆလုပ်ပြီး ရက်ကန်းစင်တောင် ဆရာတော်အနီးကို တိုးကပ်လို့ အားကုန်ရိုက်ချလိုက်တယ်။

"ဖြောင်း . . ."

"ဟာ . . ."

"အိုး . . ."

ဦးပြည်းပေါ် ကျတဲ့တုတ်ချက်က နန်းတွင်း ပုတ်တလုတ်ကန်ဝန်းကျင်ကို ကုန်ခါသွားအောင် အသံကျယ်သွားတာ။ ဒီခွန်အားဗလမျိုးနဲ့ ကျွဲရိုင်းဦးခေါင်းကို ရိုက်လိုက်ရင် ကျွဲရိုင်း ဦးနှောက်တွေလွင့်စင်ပြီး ဘိုင်းကနဲ လဲကျသေသွားနိုင်တဲ့ ရိုက် ချက် . . . ရိုက်သံ . . .။

သို့သော် . . .

ရက်ကန်းစင်တောင်ဆရာတော် မျက်စိတောင် ဖွင့်မကြည့်။

ယိမ်းယိုင်သွားခြင်းမရှိ။ အထိုင်ပျက်သွားခြင်းမရှိ။

အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိ မစ္စတာဂရန့်ရော၊ အင်္ဂလိပ်စစ်အရာရှိကြီး တွေပါ မျက်စိရှေ့မြင်ရတဲ့ အနေအထားကြောင့် အရမ်းအံ့သြသွားကြတယ်။ ဒီမှာ အသားမည်း စစ်သားဗလကြီးက အော်ဟစ်ကြုံးဝါးပြီး အချက်များစွာရိုက်တာ။

"ယား . . ."

"ဖောင်း . . ."

"ဖောင်း . . ."

"အီးယား . . ."



www.burmeseclassic.com

www.burmeseclassic.com



''ဖြောင်း ...''

''ဖုန်း ...''

''ဖောင်း ...''

ဆယ့်လေးငါးချက် ဆက်တိုက်ရိုက်ပစ်တာ။ ဆရာတော်ကြီးရဲ့ ဦးခေါင်း၊ ပခုံး၊ လည်ဂုတ်၊ မျက်နှာ၊ လက်မောင်းနဲ့ နားအုံကိုပါ နက်ပြောင်တဲ့ နံပါတ်တုတ်ကို အော်ဟစ်ကြုံးဝါးပြီးရိုက်တာ။

ဘုန်းကြီး (ရက်ကန်းစင်တောင်ဆရာတော်) လဲကျမသွား၊ သွေးတစက်မှ မထွက်ဘဲ တင်ပြင်ခွေထိုင်လျက် ရှိနေမြဲ၊ နဂိုနေမြဲအတိုင်း မြင်လိုက်ရရော အရှိန်[illegible] ပြီး ကိုင်ထားတဲ့နံပါတ်တုတ် မြေပြင်လွတ်ကျသွားပါရောဗျာ။

''ဖောင်း ...''

''အား ...''

''ဖောင်း ...''

''အား ... သေပါပြီဗျ ...''

''ဖုန်း ...''

''အားရှီးရှီး ... အား ... အမလေး၊ ဆပ် ... ဆပ် သခင်ကယ်ပါ''

မစ္စတာဂရန့်ရော အင်္ဂလိပ်စစ်ဗိုလ် အရာရှိတွေပါ စဉ်းစားမရအောင် [illegible] မျက်လုံးတွေပြူးကုန်၊ တုန်လှုပ်ကုန်ကြတယ်။

ဆရာတော်ကြီးရဲ့ ပါးစပ်က 'အား' လို့ အော်သံမကြားရဘဲ။

နံပါတ်တုတ်ရိုက်သမား လူမည်းစစ်သားကို မမြင်ရတဲ့သူက အသေအလဲ ရိုက်နေသံ။ လူမည်းစစ်သား ခုံကာကွယ်ရင်း၊ မြေပြင်ကိုလဲကျ၊ လူးလှိမ့်[illegible] နေတာကို မယုံနိုင်ဖွယ် မြင်နေရတယ်။

လူမည်းစစ်သားရဲ့ ပါးစပ်၊ နှာခေါင်းကနေ နီရဲတဲ့သွေးတွေ စီးကျပြီး [illegible] ဖုန်၊ သဲတွေနဲ့ ပေကျံသွားတယ်။ လူမည်းစစ်သားဗလကြီးဟာ မစ္စတာဂရန့်နဲ့ [illegible] အရာရှိတွေကို ကူညီပေးဖို့ လူမည်းစကားနဲ့ရော၊ အင်္ဂလိပ်စကားအကျိုးအပျက် [illegible] အော်ဟစ်ပြောဆိုနေတယ်။

နာကျင်စွာအော်လိုက်၊ လူးလှိမ့်လဲကျဖြစ်နေတဲ့ လူမည်းစစ်သား[illegible] ကြည့်ပြီး ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေကြလို့။

www.burmeseclassic.com

www.burmeseclassic.com



ရိုက်တဲ့ရန်သူလည်း မမြင်ရ။

ရိုက်တဲ့အသံ၊ ထိတဲ့အသံကို အတိုင်းသားကြားနေရတယ်။

သွေးတွေ ရဲကနဲ၊ မည်းကနဲ ထွက်တာလည်းမြင်နေရတယ်။

လူမည်းစစ်သားခမြာ သူ့ကို ဆွဲထူ ကူမယ့်သူမရှိတော့ မထူးဘူး ဖြစ်ချင် ... နောင်ခါလာ၊ နောင်စျေး၊ ခုဖြစ်ခဲ့ရတဲ့ အခြေခံက ဒီဗုဒ္ဓဘာသာရဟန်းကို နံပါတ် ... အသေအကြေရိုက်လို့ ထူးဆန်းစွာ တန်ပြန်ခံစားနေရတဲ့အဖြစ် ...။

လူမည်းစစ်သားကလည်း သဘောပေါက်တယ်။ သူတို့အာဖရိကမှာ 'ဗူဒူး' ... ကဲ့ မှော်ပညာအစွမ်းထက်တာ သူမြင်ဖူးထားတာကို။ မှော်ပညာတွေရဲ့ ကြောက် ... ကောင်းတဲ့ အစွမ်းတွေကို သိထားတာကို။

စောစောက ဂေါ်ရာစစ်သားလည်း ဒီဗမာဘုန်းကြီးကိုရိုက်လို့ ... ထူးဆန်း ... စားရတာ သူမြင်ပြီးပြီ ...။

ဒါကြောင့် ... သူ ဗမာဘုန်းကြီး (ရက်ကန်းစင်တောင်ဆရာတော်) ရှေ့ ... ယာက်ပြီး လူမည်းဘာသာစကား၊ အင်္ဂလိပ်စကား ... ဗမာစကား မပီမသတို့ ... ပြောဆိုတောင်းပန်တယ်။

''ဘုန်းကြီး ဆပ်''

''ဆောရီး ... ပဲရီး ဆောရီး ... ကျွန်ုပ် သင့်ကိုကျူးလွန်မိတာ တောင်းပန် ... ယ်။ ပဲရီး ဆောရီး တောင်းပန်ပါတယ်''

လူမည်းစစ်သားက အကြိမ်ကြိမ် ဦးညွှတ်တောင်းပန်တော့မှ ... ခန္ဓာကိုယ် ... ဏ်ရာဒဏ်ချက်တွေရော နောက်ထပ်ရိုက်ချက်တွေရော ထူးဆန်းစွာ ပျောက် ... ရပ်ဆိုင်းသွားတယ်။

မစ္စတာဂရန့်နဲ့ အင်္ဂလိပ်အရာရှိတွေဟာ ရက်ကန်းစင်တောင်ဆရာတော် ... ကို နောက်ထပ် ထိလည်းမထိရဲ၊ နှင်လည်း မနှင်ရဲတော့ဘူး။

သူတို့အချင်းချင်း ... ခေါင်းချင်းဆိုင်ပြီး အရေးတကြီး တိုင်ပင်ကြတော့ ...။



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

ဒီမှာ မစ္စတာဂရန့်တို့က ဗုဒ္ဓဘာသာအကြောင်းလည်း နားလည်၊ ဘုန်းကြီး ရဟန်းအကြောင်းလည်းသိ၊ မိမိတို့အင်္ဂလိပ်အစိုးရအပေါ်လည်း ယုံကြည်လေးစားတဲ့ 'ဦးကျော်ရန်'ဆိုတဲ့ မြန်မာလူကြီးတစ်ဦးကိုခေါ်လာကြတယ်။

"ကျော်ရန်"

"အမိန့်ရှိပါ မစ္စတာ"

"ကျော်ရန် မောင်မင်း။ ဟိုဗမာဘုန်းကြီးကို သိလား"

"ဘာဖြစ်လို့ပါလဲ မစ္စတာ"

"ကျွန်ုပ် ... ဒီဘုန်းကြီးကို နန်းတွင်းမှာရှိနေတာ အလိုမရှိဘူး"

"ဟုတ်ကဲ့"

"သူ့ကို အပြင်ထွက်သွားဖို့လုပ်တာ အခက်အခဲရှိတယ်"

"ဟုတ် ..."

"သူ့ကို နန်းတွင်းပြင်ပရောက်အောင် ကျော်ရန်ကူညီပါ။ သင်္ချိုင်းက ကျွန်ုပ် ပြန်တုံ့ပြန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မစ္စတာ"

ဦးကျော်ရန် ဘုန်းကြီးကို နန်းမြို့ရိုးအပြင် ပင့်ထုတ်ခေါ်ဆောင်ဖို့ ဘုန်းကြီး ရှိနေတဲ့ နန်းတွင်းကို လာခဲ့လိုက်တယ်။ ဒီဘုန်းကြီး ဘယ်ကများပါလိမ့်။ ဒုက္ခ ရောက်ချင်လို့ အင်္ဂလိပ်အစိုးရ၊ စစ်အရာရှိကြီးတွေ အထိုင်ချတဲ့ နန်းတွင်းဝင်လာ နေတယ်လို့။ ဦးကျော်ရန် ဘုန်းကြီးနဲ့စကားပြောဖို့ ရှေ့ရောက်လာရော ...

"ဟဲ့ ... ကျော်ရန် လူမိုက် ..."

"ဟင် ..."

"နင်က ဘာဘဲ။ အင်္ဂလိပ်ကိုယ်စားလှယ်လား။ အင်္ဂလိပ်မွေးစားသားလား။ ပြောစမ်း ..."

ဦးကျော်ရန် လန့်သွားတယ်။ ဘုရားရေ ... ဒါ ရက်ကန်းစင်တောင် ဆရာ တော်ပါလား။ ဆရာတော်ကြီးက သူ့နာမည်ကိုသိနေတယ်။ သူလာတဲ့အကြောင်းရင်း ကို အတပ်သိနေပါလား။ ထူးဆန်းလှပါလား။

"ဟဲ့ ... ကျော်ရန်"

"ဘုရား ..."

"မင်း ... မန္တလေးမှာ ခွေးတွေကိုထမင်းကျွေးခဲ့တုန်းက လာတဲ့ ဆင်းရဲ သားတွေ၊ သူတောင်းစားတွေ၊ အလှူခံပုဂ္ဂိုလ်တွေကို မင်းဘာပြောခဲ့လဲ ..."

ဦးကျော်ရန် ပိုအံ့သြနေပြီ။ မန္တလေးမှာ သူ ... လူတွေကိုမဖိတ်ဘဲ ခွေးတွေ ကိုဖိတ်ခေါ်ပြီး ဖက်ခင်းထမင်းကျွေးခဲ့တယ်။ အဲဒါ စားရေးသောက်ရေး အဆင်မပြေ တဲ့ လူဆင်းရဲသားတွေစားချင်လို့လာတော့ သူက ပြောခဲ့တာရှိတယ်။ ဒါခွေးတွေကို ကုသိုလ်ပြုကျွေးတာ။ လူကိုကျွေးဖို့မဟုတ်ဘူး။ အလှူခံတစ်ကျိပ်လေး ခွေးတောင် ပါတယ်လို့ စကားရှိလို့ ခွေးတွေကို ကျွေးမွေးလှူဒါန်းနေတာကွ ...။

ဒီလို ဦးကျော်ရန် ပြောခဲ့ဖူးတယ်။

လာကြည့်တဲ့ ရှင်လူ ရဟန်း ဆင်းရဲသားတွေကို ခပ်မာမာပြောခဲ့တာ။ အဲဒီ လို ပမာမခန့်ပြောလိုက်တာကို ရက်ကန်းစင်တောင်ဆရာတော်ကြီး သိသွားတယ် ကြားတော့ ဦးကျော်ရန် အတော်လန့်သွားခဲ့တယ်။

အခု ဆရာတော်ကြီးကို မမျှော်လင့်ဘဲ ပြန်ဆုံရတော့ ဒူးတုန်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ . . . မန္တလေးမှာ မောက်မာမာန်တက်စကား ပြောရတာတဲ့ ကျော်ရန်"

"အဲဒီတုန်းက တပည့်တော် မှားသွားမှန်း ဝိုင်းပြောကြလို့ တပည့်တော် ကျော်ဘုရားရှိတဲ့ ရက်ကန်းစင်တောင်ကို ဝန်ချတောင်းပန်ရန် လာခဲ့ပါတယ်ဘုရား။ ဒါပေမဲ့ က အရှင်ဘုရားမရှိလို့ မဖူးခဲ့ရပါဘူး ဘုရား။ ယခုမှ တိုက်ဆိုင်စွာဖူးရလို့ ဝမ်းသာရပါတယ် ဘုရား . . .။ လွန်ခဲ့တာကို ဝန်ချတောင်းပန်ပါတယ် ဘုရား"

ဦးကျော်ရန် ရက်ကန်းစင်တောင် ဆရာတော်ကြီးကို ရှိသေလေးမြတ်မှာ ကန်တော့ ဝန်ချတယ်။ ဒီမှာ ဆရာတော်ကြီးက စကားတစ်ခွန်း မိန့်လိုက်တယ်။

"မင်း . . . ဂရန့်ကြောင့် ငါ့ကိုဖူးရတော့ ဂရန့်ကို ကျေးဇူးတင်နေမှာပေါ့"

ဦးကျော်ရန် ပိုပြီးထိတ်လန့်သွားတယ်။ သူ ဘာကြောင့်လာရတာကို ဆရာတော်ကြီး ကြိုသိနေပါလား။

"မင်းက အင်္ဂလိပ်ကို အထင်ကြီးလို့လား"

"အဲ . . . အဲ . . . ဟို . . . ဟို"

အင်္ဂလိပ်အရာရှိကြီးတွေရှေ့မှာ ပြောင်မေးလိုက်တာ။ ဦးကျော်ရန် သလိုတုန်ခါသွားတယ်။ အင်္ဂလိပ်အရာရှိတွေလည်း ရက်ကန်းစင်တောင်ဆရာတော်ကြီးရဲ့ အံ့ဖွယ်ဖြစ်ရပ်ဆန်းကို ကိုယ်တွေ့မြင်ပြီဆိုတော့ ဝင်မပြောရဲကြဘူး။

ထူးခြားတာက အင်္ဂလိပ်အရာရှိတွေကိုယ်တိုင် ဒူးတုပ်ပြီး အရိုအသေပြုကြလို့ပဲ။

"ကျော်ရန် . . ."

"ဘုရား . . ."

"ဒီနိုင်ငံက ဘာနိုင်ငံတုံး"

"ဗမာနိုင်ငံပါ ဘုရား"

"အရင်က ဘယ်သူအုပ်ချုပ်ခဲ့တုံး"

"မြန်မာမင်းတွေ အုပ်ချုပ်ခဲ့ပါတယ် ဘုရား"

"အခု . . . ဘယ်သူတွေအုပ်ချုပ်နေတုံး ကျော်ရန်"

"အဲ . . . အဲ . . . ဟို ဟို . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက မြန်မာဘုရင် သီပေါမင်းနဲ့ သာသနာပြုမင်းကြီး မင်းတုန်းမင်းတို့ နန်းစံတဲ့နေရာကွ။ နန်းတော်ကွ"

"မှန် ... မှန်ပါ့ ... ဘုရား"

"ငါတို့ရဟန်းတော်တွေကို ရှင်ဘုရင်ကိုယ်တိုင် ပင့်ဖိတ်ပြီး ဆွမ်းကပ် တရားနာယူတဲ့နေရာ"

"မှန် ... ပါ့ ဘုရား"

"သူတော်ကောင်းမင်းမြတ်နဲ့ ရဟန်းကောင်းတို့လာတဲ့နေရာ။ အခု ... ငါတို့ရဲ့ဆိုင်တဲ့ ရွှေနန်းတော်ထဲ ငါဝင်တာကို လက်နက်တွေနဲ့ တားကြ၊ လက်နက်တွေနဲ့ ရန်ပြုနှင်ထုတ်ကြတယ်။ ဒါ ... တရားတာလား ကျော်ရန်"

ဦးကျော်ရန် နားထောင်ရင်း သွေးခုန်နှုန်းမြန်နေတယ်။

မြန်မာစကားပြန်လည်း ခေါင်းတညိတ်ညိတ်လုပ်လို့။

"ငါလုပ်စရာရှိတာ လုပ်ပြီးပြီ"

"မှန်ပါ့ဘုရား"

"သင်းတို့ အင်္ဂလိပ်ကုလားဖြူတွေ မောင်းထုတ်လို့ ငါမကြွဘူးကွ"

"တပည့်တော် တောင်းပန်ပါတယ် ဘုရား။ သူတို့ရော တပည့်တော်တို့ပါ သဘောပေါက်ပါပြီ ဘုရား။ ဤနေရာသည် ယခုအချိန်မှာ အရှင်ဘုရားနှင့် အခြေအနေအရ မသင့်တော်ပါဘူးဘုရား။ တပည့်တော်မျက်နှာကို ငဲ့သောအားဖြင့် တပည့်တော်လာရောက်ပင့်ဆောင်တာကို သနားသောအားဖြင့် ကြွတော်မူပေးပါဘုရား"

ဦးကျော်ရန်က အင်္ဂလိပ်စစ်ဗိုလ် စစ်သားတွေနဲ့ ထပ်မံအချင်းမများလိုလို့ အကြိမ်ကြိမ်တောင်းပန်မှ ဘယ်သူ့မှစကားမပြောဘဲ ဝေါက်ကနဲ နန်းပြင်ကိုကြွတော်မူသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၉

ဦးကျော်ရန် မန္တလေးနန်းတွင်းက စစ်သားတွေ အရာရှိတွေနဲ့ ရက်ကန်းစင်တောင်ဆရာတော်ကြီးတို့ ဖြစ်ခဲ့တဲ့ပြဿနာကို စုံစမ်းမေးမြန်းလေ့လာပြီး နောက် ရက်ကန်းစင်တောင်ဆရာတော်ကြီးကို ပိုမိုလေးစား ကိုးကွယ်လာခဲ့တယ်။

သို့သော် . . . ဦးကျော်ရန်မှာ ရည်ရွယ်ချက်တစ်ခုရှိတယ်။

ရက်ကန်းစင်တောင် ဆရာတော်ကြီးထံမှာရှိတဲ့ ဓာတ်လုံးကိုလိုချင်တဲ့ ရည်ရွယ်ချက်ပဲ။ ဆရာတော်ကြီး ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာ သူသိတာပေါ့။ ဓာတ်လုံးရယူရမယ့် အခွင့်အရေးကိုလည်း အမြဲစောင့်နေတာ။

ဆရာတော်ကြီးမှာက တပည့်တပန်းတွေများတယ်။ တော်ကြာ နီးရာတပည့်ပေးခဲ့ရင် . . .

ရက်ကန်းစင်တောင် ဆရာတော်ရဲ့တပည့် 'ဆရာချန်'ဆိုရင် ဇီဝကကြီးကိုယ်၊ ဆရာချန်ရဲ့သား ဆရာကြွားဆိုသူကလည်း ထက်တယ်။ အခြားတပည့်တွေကိုပေး လိုက်ရင် ကိုယ့်ရင်ကျိုးရော။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ဆရာတော်ကြီး ခန္ဓာဝန်စွန့်တော့မှာမို့ တပည့်တွေကို လက်ဝါး ထောင်ပြခဲ့တယ်။ အဓိပ္ပာယ်က ငါ့ဘာမှယူမသွားကြောင်း တပည့်တို့ကို ပြပြော တာ။ ဦးကျော်ရန် စဉ်းစားတယ်။

"ဆရာတော်ကြီး ဓာတ်လုံးလက်ထဲမှာမရှိရင် ဘယ်မှာရှိနိုင်လဲ။ သိပြီ။ ဆရာတော်ကြီးနားထင်မှာ အဖုကြီးဖြစ်နေတာ မြင်ရတာပဲ။ မဟုတ်မှလွဲရော ဓာတ်လုံး ဒီအဖုထဲမှာရှိရမယ်"

ဆရာတော်ကြီး ပျံလွန်တော်မူတော့ ဆရာတော်ကြီးရဲ့ နားထင်အဖုကြီး ကို ဖောက်ပြီး ဓာတ်လုံးကိုရှာခဲ့တယ်။ ဘယ်လိုရှာရှာ ဓာတ်လုံးကို လုံးဝမတွေ့ရဘူး။ ဦးကျော်ရန် စိတ်ဓာတ်ကျသွားတယ်။

လောဘတကြီး စောင့်စားမျှော်လင့်ခဲ့ရတဲ့ ဓာတ်လုံး။

ဒါ သိဒ္ဓိဝင်ဓာတ်လုံး။ တန်ဖိုးဖြတ်မရတဲ့ ဓာတ်လုံး။

ဆရာတော်ကြီးက ဗေဒင်ကျမ်း၊ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ အင်းပညာ စသည် တို့မှာလည်း အထူးပေါက်မြောက်ခဲ့တဲ့ ပုဂ္ဂိုလ်ထူးကြီးလေ။

သူ့ ထမင်းတောင်မစားနိုင်ဘူးတဲ့။

သို့သော် ဦးကျော်ရန်ရဲ့ဇနီးက အကင်းပါးတယ်။ ဆရာတော်ကြီး ခန္ဓာဝန် ချကာနီး လက်ဝါးထောင်ပြသွားတယ်။ ဟုတ်ပြီ၊ ဒါငါတို့ကြီးပွားအောင် နိမိတ်ပြတာ လို့ခံယူပြီး ရွှေလက်ဝါးပုံ အမှတ်တံဆိပ်နဲ့ ဆေးတိုက်ဖွင့်လိုက်တာ။ ရွှေလက်ဝါးဆေး တိုက် နာမည်ကျော်ပြီး ကြီးပွားတိုးတက်ခဲ့တာ အံ့မခန်းပဲတဲ့။

ဒီနေရာမှာ အလွန်ထူးဆန်း အံ့ဩဖို့ကောင်းတဲ့ ဖြစ်ရပ်ဆန်းကို ရေးပြ ချင်တယ်ဗျာ။

နောက် ခြောက်လခန့်ကြာတော့ ရက်ကန်းစင်တောင်ဆရာတော်ကြီး ရန်ကုန်မြို့ ဝင်ဒါမီယာကို ရောက်နေပါရောတဲ့ဗျာ။

ရောက်ရှိတည်းခို သီတင်းသုံးတဲ့အိမ်က ဆရာတော်ကြီးရဲ့တပည့် ဦးကြီး ဖေဆိုတဲ့ ဒကာအိမ်မှာ ...။ တစ်နေ့ တပည့်ဦးကြီးဖေကို ပြောပြတယ်။

"ကြီးဖေ"

"ဘုရား ..."

"ကျော်ရန်ကို သိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ဘုရား။ ဆရာတော့် တပည့်ရင်းကြီးပဲလေ"

"တပည့်ထဲမှာ ဒီကောင်အတော်ဆိုးတယ်ကွာ"

"ဘာဖြစ်လို့ပါလဲ ဘုရား ..."

"ငါ့ခေါင်းကိုဖောက်ပြီး ဓာတ်လုံးရှာသတဲ့ကွာ"

"ဘုရားရေ ..."

အဲဒီတော့ စဉ်းစားသာကြည့်ပါတော့ဗျာ။ လောကီဝိဇ္ဇာမိုရ်ကြီးတွေ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးတွေ၊ သိဒ္ဓိမဟိဒ္ဓိပုဂ္ဂိုလ်ကြီးတွေရဲ့ဘဝတွေက အလွန်ထူးဆန်း အံ့ဩဖို့ကောင်းတယ်။ အချို့ ဒီမှာသေနေတယ်။

သို့သော် ... အခြားမြို့မှာ သူအသက်ရှင်နေတယ်။

ရဟန္တာဦးသီလဆို ဒီမြို့မှာလည်း ဆွမ်းခံကြွနေတယ်။ တစ်ပြိုင်နက်တည်းပဲ တခြားအရပ်မှာ ဆွမ်းခံကြွနေသတဲ့။

ဆင်ဆိုးဆင်ရိုင်းကတောင် ဒူးတုပ်ဦးညွှတ်သတဲ့ဗျာ။

ရက်ကန်းစင်တောင် ဆရာတော်ကြီးရဲ့ ဖြစ်စဉ်ကိုသာကြည့်တော့ဗျာ။ ဦးကျော်ရန် ကိုယ်တိုင်ဆရာတော်ကြီးရဲ့ သက်မဲ့ဦးခေါင်းကို ဆောက်နဲ့ဖောက်ပြီး ဓာတ်လုံးရှာခဲ့တယ်။

နောက်ခြောက်လကြာတော့ ရန်ကုန်ဝင်ဒါမီယာမှာ ဆရာတော်ကြီး အသက်ရှင်လျက် ဦးကျော်ရန် တပည့်အကြောင်း ပြောပြလိုက်တယ်တဲ့။

၁၉၆၇ ခုနှစ်မှာ ရွှေတိဂုံဘုရား အဂ္ဂါထောင့်မှာ အားလုံးသော လူပုဂ္ဂိုလ်တို့ရဲ့ အဖူးမျှော်ခံတယ်။ ၁၃၂၉ ခုနှစ်မှာတုန်းကလည်း ရွှေတိဂုံဘုရားမှာ အဖူးမျှော်ခံခဲ့သေးတယ်။

၁၃၃၂ ခုနှစ် တန်ခူးလပြည့်ကျော် (၃) ရက်နေ့ တောင်ငူမြို့ တပည့်ဒကာနေအိမ်မှာ ခန္ဓာစွန့်တော်မူတယ်။

ဝိဇ္ဇာမိုရ်ကြီးတွေဟာ သူတို့ပေးချင်ရင် စောင့်ကြည့်ပြီးမှ ပေးလေ့ရှိတယ်။ ပံ့ပိုးပေးလေ့ရှိတယ်။

လောဘသိပ်ကြီးရင်တော့ ဦးကျော်ရန်အဖြစ်မျိုးလို အစ်ကို ကိုကံဆိုင်ရဲ့ အဖြစ်မျိုးလို လွဲချော်ခဲ့ရမှာပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀

တစ်ခါမှာ ကျွန်တော်တို့စာရေးဆရာအဖွဲ့ ခရီးသွားကြတယ်။ ကျွန်တော်ရယ်၊ ထောင်မှူးကြီးသိန်းဝင်းရယ်၊ စိတ်ကူးသစ်စာပေက ထုတ်ဝေသူ ကိုတင်ထွန်းရယ် သုံးယောက်။ ကိုတင်ထွန်းသား သူရိန်နဲ့ဆို ပေါင်းလေးယောက်။

အဲဒီအချိန်တုန်းက ထုတ်ဝေသူကိုတင်ထွန်းက သူ့တိုက်ရဲ့ ပင်တိုင်စာရေးဆရာ ကျွန်တော်တို့နှစ်ဦးကို တစ်နှစ်တစ်ကြိမ် ခရီးသွားခြင်း ဝန်ဆောင်မှုကို ပေးနေတာကိုး။

ဒါကြောင့် ကျွန်တော်တို့လူစု မြန်မာပြည် မြို့အတော်များများကို ရောက်ခဲ့ကြတယ်။ တစ်နှစ်မှာတော့ ကျွန်တော်တို့ ပြည်မြို့ကနေ ဗိသနိုးမြို့ဟောင်းကို ရောက်သွားပါရောဗျာ။ တောင်တွင်းကြီးမြို့ ခေါ်တာပေါ့။

ဒီမှာ တောင်တွင်းကြီးရဲ့ အချက်အခြာနေရာတွေရယ် ဗိသနိုးဘုရင်မ ပန်ထွာမင်းသမီးရဲ့ မူလတည်ရာမြို့ဟောင်း နေရာကိုပါ ရောက်ခဲ့တယ်ဗျာ။

တူးဖော်နေတဲ့ ဂူသင်္ချိုင်းဟောင်းနေရာတွေကိုလည်း လေ့လာခွင့်ရခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ သက်ကြီးပညာရှင် ဆရာကြီးတစ်ဦးနဲ့ တွေ့ဆုံရင်းနှီးခဲ့တယ်။ ဆရာကြီးကလည်း လောကီပညာအတော်များများကို နှံ့နှံ့စပ်စပ်သိသလို၊ ထူးခြားတဲ့ပုဂ္ဂိုလ်အကြောင်းကိုလည်း စိတ်ဝင်စားစရာကောင်းအောင် ပြောပြခဲ့တယ်။

ထူးခြားချက်တစ်ခုက ...

ဗိဿနိုးမြို့ဟောင်းကိုရောက်တော့ ဗိဿနိုးဆရာတော်ကျောင်းကို ရောက်သွားခဲ့တယ်ခင်ဗျ။ ဒီအရပ်မှာ ပြောသံကြားတာက ပန်ထွာဘုရင်မကြီး နန်းစံခဲ့တဲ့ ဗိဿနိုးအရပ်မှာ ရဟန်းကျောင်းဆောက်လို့ မရဘူးတဲ့။

ရဟန်းကျောင်းဆောက်ရင် ခြောက်ခြားစရာ၊ ထိတ်လန့်စရာနဲ့ကြုံရပြီး ထွက်ပြေးရရောတဲ့။ အဲဒီအဖြစ်က အကြိမ်ပေါင်းများစွာ ကြုံရတဲ့အဖြစ်တဲ့။ အကြောင်းရင်းက ပန်ထွာဘုရင်မရဲ့ ဗိဿနိုးနန်းတော် တိုင်းပြည်ပျက် ပြိုကွဲရခြင်းရဲ့ အခြေခံဖြစ်စဉ်မှာ သရေခေတ္တရာက လွှတ်လိုက်တဲ့ ရှင်တုရှင်ယောင်ရဟန်းရဲ့ ကြံစည်ချက်ကြောင့် ပြည်ပျက်ခဲ့ရတာတဲ့။

(၎င်းအကြောင်းကို လင်မုန်းဘုရင်မ ပန်ထွာ ဝတ္ထုရှည်တွင် အသေးစိတ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်)

ဒါကြောင့် ပန်ထွာဘုရင်မရဲ့ ဝိညာဉ်က ရဟန်းကိုမုန်းတယ်။ သူ အုပ်စိုးခဲ့တဲ့ နယ်မြေမှာ ရဟန်းကျောင်းဆောက်လို့မရအောင် နှောင့်ယှက်ဖျက်ဆီးခဲ့သတဲ့။

ခုမှ ... ရဟန်းကျောင်း၊ ဘုန်းကြီးကျောင်း ဆောက်နေလို့ရတာတဲ့။ ပန်ထွာဘုရင်မကြီး အသိမှန်၊ အမြင်မှန်၊ တရားမှန်ကို ရရှိသွားလို့ သာသနာတော်ကို လေးစားစွာ ထောက်ပံ့ကူညီခဲ့တာတဲ့။

နာမည်ကျော် ဗိဿနိုးဆရာတော်ကို ဖူးချင်ပေမယ့် မဖူးခဲ့ရဘူး။ ကံကောင်းချင်တော့ ပုပ္ပားတောင်မကြီးပေါ်မှာ ဗိဿနိုးဆရာတော် စေတီတည်နေလို့ ပုပ္ပား ရောက်မှ ဖူးမြော်ခွင့်ရရှိခဲ့တယ်ဗျာ။

ဗိဿနိုးဆရာတော်ကလည်း သာမန်ပုဂ္ဂိုလ်မဟုတ်ဘူးခင်ဗျ။

ထူးတယ်ခင်ဗျ။

သို့သော် ဆရာတော်က သူ့အကြောင်းတွေကို ရေးခွင့်မပေးသေးလို့ ကျွန်တော်မတင်ပြနိုင်သေးတာကို ခွင့်လွှတ်နားလည်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

"စာရေးဆရာက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတွေရေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ရေးပါတယ်။ ဆရာကြီးခင်ဗျ''

''ကျုပ်တို့တောင်တွင်းကြီးက ဂမ္ဘီရပုဂ္ဂိုလ်တွေရော ကြားဖူးရဲ့လား''

''ကြားဖူးပါတယ် ဆရာကြီး။ ပေလေးပင် ရှင်လေးပါးရယ်။ တောင်တွင်း ဆရာတော် ခင်ကြီးပျော်တို့အကြောင်းတော့ ဖတ်ရှုလေ့လာမိပါတယ် ခင်ဗျ''

ဒီမှာ လောကီပညာရှင်ဆရာကြီး ဦးမင်းသိဒ္ဓိနောင်က ...

''အောင်းပေါက်ဆရာတော်ရော ကြားဖူးလားကွယ်''

''သိပ်မသိပါဘူး ဆရာကြီးခင်ဗျ''

''ဒါဖြင့် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသရော ကြားဖူးလား''

''အဲ ... အဲ ... သူရဇ္ဇမဂ္ဂဇင်းမှာနဲ့တူတယ် ဆရာကြီးရဲ့။ ပထမံဦးအေး မှူးရေးထားတဲ့ ပထမံဝိဇ္ဇာထွက်ရပ်ပေါက် လောကီပညာနဲ့ ကျော်ဖူးရှင် စစ်ကွင်းဆရာ တော်ကြီးဦးစန္ဒောဘာသဆောင်းပါး ဖတ်လိုက်ဖူးပါတယ်ခင်ဗျာ''

''ဟုတ်တာပေါ့။ နောက်ထပ်ရှိသေးတယ်။ စာရေးဆရာတွေ အတော်များ များ၊ စစ်ကွင်းဆရာတော်အကြောင်း ရေးကြတယ်''

''ကြားရပါစေ ဆရာကြီးခင်ဗျ''

''ဒီတောင်တွင်းကြီးနယ်ဘက်မှာ အောင်းပေါက်ဆရာတော်လိုပဲ နက္ခပိုင် စိုးပျိုးဦးဥက္ကံသတို့လည်း ထူးခြားတဲ့ရဟန်းပုဂ္ဂိုလ်တွေပဲ စာရေးဆရာရဲ့''

''ဟုတ်ကဲ့ပါခင်ဗျာ။ ဆရာကြီးတို့က ဒေသခံ နောက်မီရွေ့မီ သက်ကြီး ပညာရှင်တွေဆိုတော့ ပညာယူ နားဆင်ပါရစေ ဆရာကြီးခင်ဗျ''

ဆရာကြီး ဦးမင်းသိဒ္ဓိနောင်က ရေနွေးကြမ်းတစ်ခွက်သောက်ပြီးနောက် ချောင်းတစ်ချက် ဟန့်လိုက်တယ်။

''စာရေးဆရာ''

''ခင်ဗျာ ဆရာကြီး''

''စာရေးဆရာ။ ပစ္စည်းတစ်ခုကို မ,မယ်ဆိုရင် အလေးချိန်မည်မျှ မ,နိုင် မလဲကွယ်''

''ခုချိန်မှာတော့ ဆန်တစ်တင်းလောက်တော့ မနိုင်ပါတယ် ဆရာကြီး''

''ဆန်တစ်တင်းဆို ပိဿချိန်ဘယ်နည်းမလဲ။ တော်တော်မနိုင်သားပဲ''

''ဟိုနောက်က ဘယ်သူ''

''မြတ်မင်းဟန်ပါ ဆရာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်မင်းသားလား"

"မဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်က ပန်းချီဆရာပါ ခင်ဗျာ။ ဝတ္ထုမျ[illegible] သရုပ်ဖော်ပန်းချီဆွဲတာပါ ခင်ဗျ"

"ဖြုန်းဆို ပန်းချီအောင်စိုးနဲ့ တူတာပဲ"

ဆရာကြီးက မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးဖွေးဖွေး ထူလဗျစ်ဖြစ်နေတဲ့ ပ[illegible] မြတ်မင်းဟန်ကိုကြည့်ပြီး ရုပ်ရှင်သရုပ်ဆောင် ပန်းချီအောင်စိုးနဲ့ တူတယ်[illegible] တော့ အနီးမှာထိုင်နေတဲ့ ထောင်မှူးကြီးသိန်းဝင်းက ...

"တူမှာပေါ့ ဆရာကြီးရဲ့။ မြတ်မင်းဟန်ရဲ့အမေနဲ့ ရုပ်ရှင်သရုပ်ဆောင် ပ[illegible] အောင်စိုးနဲ့က ကျောင်းနေဘက်ခင်ဗျ"

"ဘာဆိုင်လို့လဲကွာ ..."

"အေးဗျာ။ ဒီလူကြီး ရှုံကြောင်မှုံကြောင်နဲ့ ဝင်ပြောပြန်ပြီဗျာ။ ဒီမှာ[illegible] ဝင်းရဲ့ လူကြီးတွေစကားပြောနေရင် ဂုဏ်သရေရှိသူတွေစကားပြောနေရင် ဝ[illegible] နဲ့လို့ ရန်ကုန်ကထွက်ကတည်းက ပြောထားတယ်လေ။ ဘာမဆီမဆိုင်စကား[illegible] တာလဲ"

ပန်းချီမြတ်မင်းဟန်က မခံဘူးဗျ။ သူ့ပုံစံဒီဇိုင်းက မသိရင် ပန်းချီ[illegible] ပဲ။ ဒါကို ဆရာကြီးက တူလို့ပြောတာ။ ခုကြည့်စမ်း ထောင်မှူးကြီးသိန်းဝင်း[illegible] ရယ်။

သူ့အမေနဲ့ ပန်းချီအောင်စိုးနဲ့က ကျောင်းနေဘက်မို့ သူနဲ့ ရုပ်ချင်း[illegible] ဒါနဲ့ ... ကိုတင်ထွန်းက ဝင်ပြောရ၊ တားရတာပေါ့ ...။

"ဆရာမြတ်မင်းဟန်ရယ် ဗိုလ်သနိုးဆရာတော်ပြောသလိုပေါ့ဗျာ။ [illegible] ငတုံးအစစ်ဗျ။ ဒီမှာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေအကြောင်း နားထောင်မလို့ လု[illegible] ဒီလိုကလေကဝ ဘိန်းစား၊ အရက်သမား ပလက်ဖောင်းပေါ်အိပ်၊ ဘုန်းကြီး[illegible] ကပ်စားပြီး မယားကြောက်တဲ့လူ စကားကို ဖွဲမယူပါနဲ့ဗျာ။ ကြားကနေ [illegible] ပါတယ်"

ဒီလို ကိုတင်ထွန်းက သာသာနဲ့နာနာ ဝင်နှက်ပေးတော့ ထောင်မှူး[illegible] ကွမ်းဝါးရင်းက ပြောလိုက်တယ်။

"ခွေးကောင်းကိုက်တာ အနာမရင်းဘူးကွ။ ခွေးရူးသေးနဲ့ပန်း[illegible] ကူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဟား ... ဟား ... ဟား ... ဟား ... ဟား မိုက်တယ်ဗျာ။ ထောင်မှူးကြီး ...ကာ့ စာရေးဆရာပီပီ စကားပြောလိုက်ရင် တယ်ပိုင်တာပဲဗျာ။ မောင်တင်ထွန်းရေ ... ကိုယ့်ဆရာသမားကွယ့်။ လေးစားတဲ့အနေနဲ့ မင်းတို့ရွာက မုန့်ဆိုးမ သွားကျိုးကြီး ...ပေးစားလိုက်ကွ''

''ဟား ... ဟား ... ဟား ... ဟား ... ဟား နေနဲ့လ ရွှေနဲ့မြပဲဗျာ။ မင်္ဂလာ ...ဆောင်မှာ ဘာကျွေးရင်ကောင်းမလဲဗျ။ စဉ်းစားကြစမ်းပါဦး''

ဒီမှာ ကိုမြတ်မင်းဟန်က ...

''ဟိုဟာလည်းကောင်းတယ်ဗျ။ ဘယ်သူမှ မကျွေးသေးဘူး''

''ဟင်းနော် ... မြတ်မင်းဟန် စကားကောင်းပြောနော်။ ကဲ ... ပြော မင်းက ...ကျွေးချင်လို့လဲ''

''မင်္ဂလာဆောင်လေဗျာ''

''အေးလေ ... ဘာကျွေးမတုံး''

''တစ်ယောက်က ထောင်မှူးကြီး (ငြိမ်း) စာရေးဆရာဗျာ။ သူယူမယ့် ...တင်ထွန်းတို့ရွာသူက သွားမရှိတဲ့ အမယ်ကြီးဗျာ''

''ဒီတော့ ...''

''ကတို့သမီးကို ဦးစားပေးရမှာ ဟုတ်ဘူးလားဗျ''

ဒီမှာ ကိုတင်ထွန်းက ဝင်ပြောရော ...

''ကိုမြတ်မင်းဟန် ကတို့သမီးမဟုတ်ဘူး။ သတို့သမီးပါဗျ''

ပန်းချီ ကိုမြတ်မင်းဟန်က ထုတ်ဝေသူကိုတင်ထွန်းကို စပ်ဖြဲဖြဲမျက်နှာနဲ့ ...ကြို ...

''မောင်တင်ထွန်း ... ငါ စာတတ်ပါတယ်ကွ။ ဘွဲ့ရပြီးသားပါ''

''ဘာဘွဲ့တုံး''

''ကိုရင်တုတ်ကြီးဘွဲ့''

''ဟား ... ဟား ... ဟား ... ဟား ... ဟား ဆရာကြီးကို အားနာစရာ ...ကောင်းနေပြီဗျာ။ မြန်မြန်ဖြတ်ပါ ... ကိုမြတ်မင်းဟန်ရာ။ မင်္ဂလာဆောင်မှာ ...ကျွေးမလဲဗျာ''

''သွားမရှိတဲ့လူလည်း စားလို့ရတယ်။ မုန့်လက်ဆောင်း(မုန့်လုပ်ဆောင်း) ...ကျွေးဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဗွီ ..."

"ရှာရိုးမသားကွာ။ ဆရာကြီးရှိနေလို့သာပေါ့။ နို့မို့လို့ကတော့ မျက်နှာ
က အမွေးတွေ ပြောင်အောင်လုပ်ပစ်လိုက်မှာ။ ဆရာကြီးကန်တော့နော်။ ကန်တော့
ပျော်လွန်းလို့ပါ ဆရာကြီး ခင်ဗျာ"

ဆရာကြီးမင်းသိင်္ခ နောင်လည်း ပြုံးပြုံးကြီးနဲ့ သဘောကျနေပေါ့။

"ခရီးသွားရင် အဲဒီလို ပျော်ပျော်နေမှ အသက်ရှည်တာကွယ့်။ ကဲ ...
မင်းတို့စာရေးဆရာ ခရီးသွားတွေကို လောကီပညာရပ်တွေထဲက တစ်ခုပြချင်လို့
ကိုင်း ... ကြည့်ကြစမ်းကွယ်။ ဆရာကြီးကိုင်ထားတာ ဘာပစ္စည်းတုံး"

ဆရာကြီး မင်းသိင်္ခက ကြေးမီးခြစ်တစ်လုံးကို ကိုင်ပြလို့ ...

"ကြေးဝါမီးခြစ်ပါ ဆရာကြီး"

"နောက်တစ်ယောက်ကရော"

"ကြေးဝါမီးခြစ်ပါခင်ဗျ"

"သေချာတယ်နော်"

"သေချာပါတယ် ခင်ဗျာ"

"ရော့ ... မင်းတို့လက်နဲ့ ဆ,ကြည့်စမ်း။ ဒီကြေးဝါမီးခြစ်အလေးချိန် ဘယ်
ရှိမတုံး ရော့ ..."

ကျွန်တော်က ဆရာကြီးပေးနေတဲ့ ကြေးဝါမီးခြစ်ကို ယူပြီး လက်ဝါးပေါ်
တင်ဆကြည့်လိုက်တယ်။

"ငါးကျပ်သားခန့်ပါပဲ ခင်ဗျ"

"ဟို ... စာရေးဆရာကြီးကို ပေးလိုက်ပါဦး။ ချိန်ဆကြည့်စမ်း"

စာရေးဆရာ မုဆိုးကြီးလေးမောင်က မီးခြစ်ကိုယူပြီး ဆ,ကြည့်ရင်း ...

"ငါးကျပ်သားပါ ဆရာကြီး"

"နောက်တစ်ယောက်"

"ငါးကျပ်သားခန့်ပဲ ရှိပါ့မယ်ခင်ဗျာ"

ကျွန်တော်တို့လူစုက တစ်ညီတစ်ညွတ်တည်း ငါးကျပ်သားခန့်ပဲ အလေး
ချိန်ရှိမယ်လို့ ပြောလိုက်ကြတယ်။

"ငါးကျပ်သားထက် နည်းနည်းပိုလို့မရဘူးလား စာရေးဆရာ"

"မတိုးသင့်ပါဘူး ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ပိဿာလေးမယ်ဆိုရင်ကော"

"မဖြစ်နိုင်ပါဘူး ဆရာကြီး"

"ငါးပိဿာလေးတယ်ဆိုရင်ကောကွာ"

"ပိုပြီး၊ လုံးဝကို မဖြစ်နိုင်တာပါ ခင်ဗျ"

ဒီမှာ ဆရာကြီးက ငါးကျပ်သားခန့်လေးမယ့် ကြေးဝါမီးခြစ်လေးကို ကိုင် မ,နေရင်းက ...

"လက်ကိုင်ပုဝါ ဘယ်သူ့မှာပါလဲကွယ်"

"ဒီမှာပါ ဆရာကြီး"

"ခဏပေးစမ်းကွယ်"

ဆရာကြီး မင်းသိင်္ခနောင်က ကိုမြတ်မင်းဟန် တရိုတသေလှမ်းပေးတဲ့ က်ကိုင်ပဝါအဖြူလေးနဲ့ ကြေးဝါမီးခြစ်ကို ထုပ်ချည်လိုက်တယ်။

ပြီး ... မီးခြစ်ထုပ်လေးကို ကျွန်တော်တို့ရှေ့က ကြွေပန်းကန်ပြားထဲ ထည့် လိုက်တယ်။

"မောင် စာရေးဆရာက ဂမ္ဘီရဝတ္ထုတွေရေးတာနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ကဲ ... မောင်ရင် ဂမ္ဘီရစာရေးဆရာက အရင် မီးခြစ်ကိုမ,ကြည့်"

ကျွန်တော် ကြွေပန်းကန်ထဲထည့်ထားတဲ့ မီးခြစ်ထုပ်လေးကို ညာလက်နဲ့ ယူလိုက်တယ်။

"ဟင်"

ဘုရားရေ ... မီးခြစ်က လက်ထဲပါမလာဘူးဗျာ။

"အားစိုက်မ,ပါ စာရေးဆရာ"

အားထည့်မ,လိုက်တော့ တစ်လက်မခန့် ကြွလာတယ်။ သို့သော် ဒီထက်ပို နိုင်ဘူးဗျာ။ မီးခြစ်ကလေးက လေးလိုက်တာနယ်။

"ဘယ့်နှယ့်တုံး ... ငါးကျပ်သားဆို"

"တော်တော်လေးတယ် ဆရာကြီး"

"ဘယ်လောက်သားလောက် ရှိမတုံးဗျာ"

"ငါးပိဿာလောက်လေးတဲ့ပုံပါပဲ ခင်ဗျာ"

ဒီမှာ ကိုမြတ်မင်းဟန်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား မောင်မှိုင်းရာ"

"ခင်ဗျားမယုံရင် မ,ကြည့်လေ"

"ကဲ ... ပန်းချီဆရာ မ,ကြည့်ပါ"

ကိုမြတ်မင်းဟန်က အားလုံးကိုပြုံးကြည့်ပြီး ကြွေပန်းကန်ပြားထဲက မီး ထုပ်ကလေးကို သူသန်တဲ့ဘယ်လက်နဲ့ မ,တယ်။ မကြွဘူး။ မ,ရင်းက နည်းနည်း လာတယ်။ သူဝမ်းသာသွားပြီး လက်နှစ်ဖက်နဲ့ မ,တယ်။ သို့သော် နှစ်လက်မ ပို့မ,မနိုင်ဘူး။ ဗလကောင်းတဲ့သူတွေရော ဆရာကြီးအိမ်ရောက်နေတဲ့ လူတွေပါ မ လို့ မ,ကြည့်ကြတယ်။ အားအီးသာ အော်ရော။ မီးခြစ်ကို ခြောက်လက်မကြွ မ,မနိုင်ကြဘူး။

"ကိုင်း ... မောင်ရင်တို့ ခေတ်ပညာတတ်လူငယ်တွေ မြင်တဲ့အတိုင်း ငါးကျပ်သားခန့်လေးတဲ့ ကြေးဝါမီးခြစ်ကို အခု မင်းတို့ မ,လို့မရဘူး။ ငါးပိ ခန့်တို့၊ ခုနစ်ပိဿာ၊ ကိုးပိဿာခန့်တွေသာ ဖြစ်ကုန်တယ်။ အဲဒါ မြန်မာ့ ပညာပဲ။ ညှို့သည်တို့ ဟောဒီမှာကြည့် ..."

ဆရာကြီးက မီးခြစ်ပန်းကန်ကို လက်ဝါးနဲ့အုပ်ပြီး ...

"ကိုင်း ... ဂမ္ဘီရစာရေးဆရာ။ မ,ကြည့်ပါ"

ကျွန်တော့်ကို ဦးစားပေးခေါ်လို့ ရှေ့တိုးသွားပြီး ကြွေပန်းကန်ထဲက မီး ထုပ်လေးကို လက်နဲ့ အားစိုက်မ,လိုက်ရော ...

"ဟာ ..."

"နောက်ပြန်လဲပဟ"

"မောင်မှိုင်း ... အိပ်ချင်လည်း ရိုးရိုးအိပ်ပါကွာ။ ဘယ့်နှယ့် နောက် ချရတယ်လို့။ ဦးနှောက်ထွက်ပြီး သေဦးမယ်ဟ"

ပြောလည်း ပြောချင်စရာ ဖြစ်သွားတာကိုးဗျာ။

စောစောကလိုပဲ ငါးပိဿာ၊ ခြောက်ပိဿာလေးမှတ်လို့ ခါး လိုက်တာ မီးခြစ်က နဂိုငါးကျပ်သားလောက်အလေးချိန်နဲ့ လက်ထဲ မြောက် ပါလာတော့ ...

အရှိန်မထိန်းနိုင်ဘဲ နောက်ပြန်လဲတာ။ တော်သေးရဲ့ ... ကိုတစ် ညှို့သည်တစ်ဦးက အမြန်လှမ်းတွန်းလိုက်လို့ ...။

"တွေ့ကြပလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



''တွေ့ပါပြီ ဆရာကြီး''

''အဲဒါ ... တို့မြန်မာ့ဂမ္ဘီရ လောကီပညာရဲ့ ပညာပိုင်းအစွမ်းပဲ။ ဒီလို ပြောင်းအလဲတွေကို တို့မြန်မာတွေ သိခဲ့တာကြာပြီကွ။ ဓာတ်တူနံ့တူ ဆေးဖက်ယူ တဲ့။ ဓာတ်ပညာလည်း မြန်မာမှာရှိတယ်။ ပုလင်းကို တွန့်ခေါက်ကြေသွားနိုင်တာ ကင်းနနယ်ပင်ပဲ။ ကြေွကို ကြေပျော်စေနိုင်တာ သံပရာပဲ။ ဓာတ်ခိုက်တယ်ခေါ်တာ ပေါ့။ ဓာတ်ရန်သဘောမှာ ရန်ကို ရန်ချင်းသတ်လို့သေတဲ့ဓာတ်။ ရန်မှာ မိတ်စွက်၍ သေသောဓာတ်၊ မိတ်မှာ မိတ်စွက်လို့သေတဲ့ဓာတ်။ တစ်ခါ ဓာတ်တူနံ့တူ ဆေးဘက် ယူ။ နံ့တူသတ်က အသေရတဲ့။ ပျားရည်ထဲမှျော့ထည့်ရင် ဘာဖြစ်သလဲသိလား။

''မသိပါဘူး ဆရာကြီး''

''မျှော့ဟာ ကြေမှုန့်သွားရော။ မောင်းကို အသံကြည်ချင်ရင် ဘာလုပ်ရမလဲ သိလား''

''မသိပါဘူး ဆရာကြီး''

''ဖယောင်းကပ်ပေးရင် အသံကြည်ရောကွ။ ကြေးနဲ့ဆန် အသံအ,တယ်။ ချဉ်သီးနဲ့ ဖွဲမီး ရန်ဘက်။ စိန်နဲ့ သံပုရာ အဲဒါ အသေဓာတ်။ မျှော့ကိုနိုင်တဲ့ဓာတ် က ဘာတုံး''

''ထုံးပါ ဆရာကြီး''

''မှန်တယ်ဗျာ။ တီကောင်ကို ဘာဓာတ်ကနိုင်တုံး''

''ဆားကနိုင်ပါတယ် ခင်ဗျာ''

မောင်တင်ထွန်းက မဆိုးဘူးဗျ။ သူက ပြောနိုင်တယ်ဗျား။ မှဆိုးကြီးလေး မောင်က ကျွန်တော့်ကို တိုးတိုးကပ်ပြောတယ်။ ကိုတင်ထွန်းက တောသားတဲ့၊ ဇလွန် မှာ ဖင်ကြားရှုံ့ညှပ်၊ ခြေထောက်သမန်းတက်ပြီး မွေးလာတာတဲ့။ ကျွတ်တို့ မျှော့ တို့၊ တီကောင်တို့၊ မြွေပွေး၊ မြွေဟောက်တို့၊ ဂဏန်းနဲ့စားဖားတို့က ဒီလိုတောသားမှ ပြောနိုင်တာတဲ့။

မောင်တင်ထွန်းက စက်ာပူလိုနိုင်ငံကို ကံစမ်းမဲပေါက်လို့ ရောက်သွားပြီး စက်ာပူပြန်လေး၊ ဘာလေးဖြစ်နေတာတဲ့။

အမှန်က ဇလွန်သားတဲ့။

ကောက်ရိုးပုံကြား အိပ်လာတာတဲ့။

ဂဏန်း မီးဖုတ်စားပြီး လူကောင်ထွားလာတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးလေးမောင်က သူမှ မြို့သားစစ်စစ်တဲ့ခင်ဗျ။ တာမွေသချိုင်း[illegible] ရပ်ကွက်မှာ မွေးခဲ့တာတဲ့။ သူ့အချင်းကို မြေမြှုပ်မယ်လုပ်တော့ တာမွေသချိုင်း[illegible] လူကုံထန်တွေက ဈေးကောင်းပေးပြီး လာဝယ်တာတဲ့။

မြို့သားမှ ... ရန်ကုန်သား (အမှန်က တာမွေသား) စစ်စစ်တဲ့။

ဒါကြောင့် ... ဆရာကြီးမင်းသိင်္ခနောင်ပြောတာကို မဖြေနိုင်တာပဲ။

''ကွမ်းရွက်ကြွေကျအောင် ဘယ်လိုလုပ်လဲ သိလား''

''မသိပါခင်ဗျာ''

''မှတ်ထား ကွမ်းပင်ကို ငါးကျည်းဆူးနဲ့ထိုးရင် ကွမ်းရွက်တွေ ဝါကြွ[illegible] ကွ။ သဘော်ပင်ထဲ ပြဒါးထည့်ကြည့်ပါလား။ သဘော်သီးကြွေရော။ ဒါတတ်[illegible] ရှင်အောင် သေအောင်လုပ်တာ။ လူသေကောင်အပုပ်နံ့ မပြန့်အောင် ဘယ်လို[illegible] ကြလဲ ...''

''ဒီမှာ ထောင်မှူးကြီးက ...

''ကျောက်ဖရုံသီးဖောက်ပြီး အလောင်းပေါ်တင်ထားရပါတယ်ခင်ဗျ''

''ဟုတ်တယ်။ အပုပ်ကို ကျောက်ဖရုံသီးက စုတ်တယ်၊ ထိန်းတယ်၊ [illegible] ဖရုံသီးကို မီးသွေးနဲ့ရောထားရင် ဘာဖြစ်တုံး''

''ကျောက်ဖရုံပုပ်ပါတယ် ခင်ဗျာ''

''တော်သားပဲဟ။ အဲဒါ ဘယ်သူတုံး''

''မြို့သားကြီးခင်ဗျ''

''ဆရာ ကိုလေးမောင်လားဟေ့''

''ဟုတ်ကဲ့ တာမွေသချိုင်းနားမှာမွေးတဲ့ မြို့သားပါ ကိုမှိုင်းရေ ...''

ရယ်လိုက်ကြတာ တဝါးဝါးနဲ့။ ဆရာကြီးကလည်း ကျွန်တော်တို့ပျော်[illegible] ကို ကြည်နူးလို့ခင်ဗျာ။

ဆရာကြီး မင်းသိင်္ခနောင်နဲ့တွေ့ရတာ ဗဟုသုတတွေ အများကြီး[illegible] ဗျာ။ ဆရာကြီးကို ဒါကြောင့် စွယ်စုံရတဲ့ပုဂ္ဂိုလ်လို့ ပြောကြတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

## ၂၁

ကိုင်း . . . လူလေးတို့ကို တို့များတောင်တွင်းကြီးက ဝိဇ္ဇာလို့ပြောကြတဲ့ ောင်းပေါက်ဆရာတော် ဦးသာမှူးအကြောင်း မပြောခင် ဦးသာမှူးထံရောက်လာ တဲ့ စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသအကြောင်း အရင်ပြောကြမယ်ကွာ။

စစ်ကွင်းဆရာတော်ကလည်း ပထမံဝိဇ္ဇာဂိုဏ်းတော်ကြီးကပဲကွ။

ဆရာတော် စွမ်းတဲ့ပညာက အင်းပညာတဲ့။ သူ့ကို လောကီပညာပိုင်းမှာ ြမြောက်သွားတဲ့ဝိဇ္ဇာလို့ အားလုံးက ယုံကြည်သတ်မှတ်ကြတယ်။ စစ်ကွင်းဆရာ တော်က မိုးညှိုဇာတိသားကွယ့်။

ဆရာတော်ရဲ့ဖခင် ဦးသာလေးကလည်း ပထမံလမ်းစဉ်နဲ့ ထွက်ရပ်မြန်းသွား ာပဲ။ တို့များ ဆရာတော်ကို မှီလိုက်သေးတယ်။

(၁၉၆၄) ခုနှစ် မတိုင်ခင်လောက်ကတည်းက စစ်ကွင်းဆရာတော်ရဲ့ ထူးခြား တဲ့ ပညာရပ်တွေအကြောင်း သိထားကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကွင်းဆရာတော် ဘာကြောင့် ပထမံလိုင်း၊ လောကီလိုင်းကို လိုက်ရတာလဲလို့မေးရင် သူ ရဟန်းငယ်ဘဝတုန်းက ကြုံခဲ့ရတဲ့ ပညာသည်ပြုစားမျက်မကျေနပ်လို့ လောကီပညာတွေကို လေ့လာသင်ယူခဲ့တာ။

ဒီတော့မှ နာမည်ကြီး စုန်းပညာသည်ကြီးတွေနဲ့ ကြုံခဲ့ရတာ။

ထားတော့ . . .။ စစ်ကွင်းဆရာတော်အကြောင်းပြောရင် မင်းတို့ စာအုပ်ကြီးတစ်အုပ်စာမက ရနိုင်တယ်။ ဒီတော့ ဆရာတော် ဘယ်လိုပုဂ္ဂိုလ်လဲ သိရအောင် အဓိကအကြောင်း နှစ်ခု သုံးခု ပြောပြမယ်ကွယ့်။

သူ စုန်းကဝေပညာသည်ကို ပြန်တိုက်ဖို့ ယောတို့ ဆောတို့ဘက်မှာ လောကီပညာသင်ခဲ့ပေမဲ့ နောက်ဆုံးတော့ သူတိုက်ရမယ့်ပညာသည်မိန်းမကြီးကပဲ စစ်ကွင်းဦးဇင်းလေးကို အစွမ်းထက်တဲ့ ပညာတွေသင်ယူဖို့ လမ်းညွှန်မှုပေးခဲ့တယ်။

ဒီပညာသည် အမေကြီးကြောင့် ဆေးဝိဇ္ဇာဆရာတော်ကြီး ဦးတိသသဆီမှာ ဝိဇ္ဇာနဲ့ လောကီဆိုင်ရာ အဆင့်မြင့်ပညာတွေ သင်ယူနိုင်ခဲ့တယ်။

ပြီး . . . လောကီပညာမှာ အံ့မခန်းအစွမ်းထက်တဲ့ လောကီဝိဇ္ဇာရေ ပညာရှင် ဆရာတော်ကြီး ဦးက္ကန္ဒာသက တစ်နေ့တော့ စစ်ကွင်းဆရာတော်ကို ပြောတယ်။

"စစ်ကွင်း မောင်စန္ဒော"

"ဘုရား . . ."

"စစ်ကွင်းလည်း ဝိဇ္ဇာဓရပညာရော၊ လောကီအင်းပညာရော အစုံအလင် မြောက်နေပြီ"

"တပည့်တော် ကြိုးစားတုန်းပါ အရှင်ဘုရား"

"အိမ်း ဝိဇ္ဇာဓရပညာ၊ လောကီပညာတတ်ယုံနဲ့ ပြီးပြည့်စုံပြီမဟုတ်သေးဘူး မောင်ရဟန်းရဲ့။ ဒီပညာလိုင်းမှာ သမာဓိရအောင်ကျင့်ရတဲ့လိုင်းတွေ ရှိသေးတယ်။ သီလလည်း စင်ကြယ်ရမယ်၊ သမာဓိအားလည်း ကောင်းရမယ်။ သီလသမာဓိကောင်းမှ ပညာလိုင်းမှာ ထိရောက်အစွမ်းထက်တယ်"

"မှန်ပါ ဘုရား"

"ဒီတော့ မောင်စန္ဒော ခရီးထွက်ရမယ်။ တရားကျင့်ရမယ်။ ကျိုက်ထီးရိုး ဘုရားကိုသွား။ အဲ့ဒီရဲ့အနောက်မှာ (ကရင်မဂူ)ဆိုတာ ရှိတယ်။ ကရင်မဂူမှာ တရားဝင်ပါ။ ဒီဂူမှာ အဓိဋ္ဌာန်ပြီးမြောက်ရင် မောင်စန္ဒော၊ လောကီဝိဇ္ဇာလိုင်းမှာ အထက်



www.burmeseclassic.com

www.burmeseclassic.com



ပြိုလို့မှတ်တော့။ ကရင်မဂူမှာ အဓိဋ္ဌာန်ဝင်ရင် သမာဓိအားတော့ ကောင်းပစေ ...ာင်စန္ဒော''

''မှန်ပါ အဓိဋ္ဌာန်ဝင်ပါ့မယ် ဘုရား''

ဒီလိုနဲ့ စစ်ကွင်းဆရာတော် ကရင်မဂူမှာ အဓိဋ္ဌာန်ဝင်ဖို့ သင်္ကန်းအပိုနဲ့ သပိတ် ...စ်လုံးနဲ့ ရောက်လာခဲ့တယ်။

ကျောက်တုံး၊ ကျောက်စိုင်၊ ကျောက်ခေါင်းနဲ့ သစ်ပင်ကြီးငယ်၊ ဆေးဖက်ဝင် ...ပင်တွေရှိတဲ့အရပ်ပဲ။ သို့သော် ... အရောက်အပေါက် နည်းကြတယ်။

ပတ်ဝန်းကျင်မှာလည်း ကရင်လူမျိုးတွေ နေထိုင်ကြတာ များတယ်။

အဲဒီအချိန်တုန်းက ကျိုက်ထီးရိုးဘုရားက တောလမ်းခရီးနဲ့သွားရတာ။ ...ဟုတ်ထွန်းပြီး ညဘက်သွားရင် ရှေ့မှာ သားကောင်မြင်ရတယ်။ သို့သော် ကျိုက်ထီး ...တောင်ပိုင်ဘိုးဘိုးကြီးက အန္တရာယ်မရှိအောင် စောင့်ရှောက်ကြလို့ ဘုရားဖူးသွား ...ူတွေ ဘာမှ အန္တရာယ်မရှိခဲ့ကြဘူး။ ခုမှ ကားနဲ့တက်ကြ ဆင်းကြဖြစ်လာတာ။

ဟိုတုန်းက ရေမြောင်ကလေးစခန်းမှာ နားချင်နား၊ ဒါမှမဟုတ် ရေမြောင် ...စခန်းမှာ နား။ စခန်းနှစ်ခုကြားမှာ ကျောက်ရေကန်ရှိတယ်။ အပေါ်ပိုင်းက အမျိုးသား ...တွေ ရေချိုး၊ အောက်ပိုင်းက အမျိုးသမီးတွေရေချိုး။

တိုင်းရင်းသားလက်နက်ကိုင်တွေ အုပ်ချုပ်တဲ့အရပ်ဖြစ်ပေမဲ့ အစိုးရနဲ့ နား ...လည်မှုရှိထားတာမို့ လုယက်တိုက်ခိုက် ပြန်ပေးဆွဲတာလည်း မရှိဘူး။ ရန်ဖြစ်တာလည်း ...မရှိဘူး။

စစ်ကွင်းဆရာတော် သပိတ်တစ်လုံးနဲ့ ကြွလာတာမြင်တော့ ဒေသခံ ရွာနီး ...ချုပ်စပ်က ကရင်မကြီးတွေ ဝိုင်းမေးကြရောကွ။

''အရှင်ဘုရား ဘယ်ကိုကြွမလို့ပါလဲ ဘုရား''

''ကရင်မဂူကို ကြွမလို့ပါ ဒကာမကြီးတို့''

''အရှင်ဘုရား ကရင်မဂူထဲမှာ နေမလို့ပေါ့''

ကရင်မကြီးတွေက လူရိုးကြီးတွေလေ။ ရဟန်းသံဃာနဲ့တွေ့ရင် ရိုသေကြ ...တယ်။ ကူညီကြတယ်။ ပွင့်လင်းရိုးသားစွာ ဟန်ဆောင်မှုမရှိဘဲပြောကြတာ။ သူတို့ ... ရိုးသားမှုပေါ့။

''အဓိဋ္ဌာန်ဝင်မလို့ပါ ဒကာမကြီးတို့''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြာမတုံး အရှင်ဘုရား"

"ကိုးရက်မျှပါ ဒကာမကြီး"

"ဘုန်းကြီး ... တစ်ရက်တည်းနဲ့ ဒုက္ခရောက်မယ်ပနော"

"ခဏလေးနဲ့ သေမှာပဲဝေ့"

"ဒီဂူထဲကို မဝင်ပါနဲ့ဝေ့။ အခြားနေရာ သွားနေပါဝေ့"

ကရင်အဖွားအိုတွေဟာ စစ်ကွင်းဆရာတော်ကို ဝိုင်းတားကြပါရောပေ့။

"ဒကာမကြီးတို့ ... ဒီကရင်မဂူက ဘာဖြစ်လို့တုံး"

"ကိုယ်တော်မသိဘူးနဲ့ တူဝေ့"

"မသိလို့ပါ။ ပြောပြပါဦး"

ဒီမှာ ပါးရေတွန့်နေတဲ့ ကရင်မယ်အိုကြီးက လက်ထဲကပလိုင်းကို ဘေးမှာ ဦးချရင်း ...

"ဒီကရင်မဂူက အရမ်းဆိုးတယ်ဘုရား။ ကြောက်စရာလည်းကောင်းတယ် ဘုရား။ ဒီဂူထဲ အဓိဋ္ဌာန်ဝင်တဲ့သူမှန်ရင် အကုန်သေတာပဲ ကိုယ်တော်ဝေ။ ဒီဂူထဲမှာ ဘုန်းကြီးရော၊ လူရော သေတာငါးဦးရှိသွားပါနောဝေး။ ကိုယ်တော်မဝင်ပါနဲ့နော"

"ဟုတ်ရဲ့လား ဒကာမကြီး"

ဆေးတံခဲထားတဲ့ အဖွားအိုတစ်ဦးက လက်အုပ်ချီရင်းလျှောက်တယ်။

"ကိုယ်တော် ဟိုဂူထဲကိုဝင်ကြည့်ပါ။ အထဲမှာ သပိတ်ကွဲတွေ သပိတ်ပေါက်တွေ၊ သင်္ကန်းစုတ်တွေ၊ ထီး၊ ဘိနပ်၊ ပုဆိုးစုတ်၊ အင်္ကျီစုတ်တွေရော လွယ်အိတ်တွေ ရှိသေးတယ်ဝေး။ အရှင်ဘုရား ဝင်ပြီးနေရင် သူတို့လိုဖြစ်မှာပဲ။ အခြားတစ်နေရာမှာ အဓိဋ္ဌာန်ဝင်ပါနော။ ငါတို့ စောင့်ရှောက်မှာပါဝေး"

"ဟုတ်တယ် အရှင်ဘုရား။ မဝင်ပါနဲ့"

ဒီမှာ စစ်ကွင်းဆရာတော်က ...

"ခုလို ... ကြိုတင်သတိပေးပြောပြပေးကြ၊ တားကြ၊ စိုးရိမ်ကြတာကို ဘုန်းကြီးကျေးဇူးတင်ပါတယ် ဒကာမကြီးတို့။ သို့သော် ... ဘုန်းကြီးမကြောက်ပါဘူး။ အသက်ခန္ဓာစွန့်ပြီး အဓိဋ္ဌာန်ဝင်ဖို့ အမိန့်လည်းကျခဲ့ပြီးပါပြီ။ ကိုင်း ... အားလုံးကို ရှက် ဆက်ပါတယ်"

စစ်ကွင်းဆရာတော် ကရင်မဂူထဲ ဝင်မယ်လုပ်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်တော်ဘုရား''

''ဘာလဲ ဒကာမကြီး။ ဘာပြောချင်လို့လဲ''

''အန္တရာယ်နဲ့ကြုံခဲ့ရင် ဟောဟိုနေရာမှာ တပည့်မတို့အိမ်တွေပါ ဘုရား။ မပြေးလာခဲ့ပါနော် ဝေး''

''အေး ... အေး''

''ပြေးမလာနိုင်ရင် အသံကုန်အော်ပါနော''

''အေးအေး။ ကဲ ... သွားကြ သွားကြ ...''

အလွန်ရိုးသားတဲ့ ကရင်မကြီးတွေဟာ စစ်ကွင်းဆရာတော်ကို ကန်တော့ကြတယ်။ တောပိုင် တောင်ပိုင်တွေလည်း စောင့်ရှောက်ပေးဖို့ ကရင်လိုပြောဆိုကြတယ်။ သည့်နောက် ... သူတို့နေတဲ့ တောအုပ်ထဲကို ဝင်သွားကြတယ်။

''အင်း ... ကရင်အဘွားအိုတွေ ငါ့အတွက် စိုးရိမ်ကြတာပဲကိုး။ ဒကာမကြီးတို့ရော အားလုံးသောသတ္တဝါတွေပါ ကျန်းမာချမ်းသာကြပါစေ''

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

ဂူက အတန်ငယ်ကျယ်တာပဲ။ ဂူအဝင်ဝမှာတော့ လင်းတယ်။ အထဲကို ရောက်တော့ မှောင်နေတယ်။ စစ်ကွင်းဆရာတော် ဖယောင်းတိုင်ကို ကြေးမီးခြစ်နဲ့ ခြစ်ပြီး မီးထွန်းလိုက်တယ်။ ဆေးကြိမ်လုံးနဲ့ လွယ်အိတ်ကို ကျောက်တုံးပေါ်တင်ထား လိုက်တယ်။

တစ်တိုင်ကို ခေါင်းရင်းလို့ထင်မှတ်တဲ့ နေရာမှာ စိုက်လိုက်ပြီး . . . နောက် ထပ် ဖယောင်းမီးတိုင်နဲ့ ဝန်းကျင်ကို ကြည့်ရှုလေ့လာလိုက်တယ်။

ဟုတ်တာပဲ။ ဂူထဲမှာ သင်္ကန်းစုတ်တွေ၊ ပုဆိုးစုတ်၊ အင်္ကျီစုတ်တွေ မြန်မာ လို့။ သပိတ်နှစ်လုံးက အဖုံးတခြား၊ သပိတ်တခြားဖြစ်နေပြီး သပိတ်တစ်လုံးက ပေါက်ပြဲ စဉ့်ကွာလို့ . . .။ ပြီး ရဟန်းစီးဖိနပ်၊ လူစီးဖိနပ်များ။

အလို . . . အရိုးတွေနဲ့တူရဲ့။

ဟာ . . . ဦးခေါင်းခွံတစ်ခုလည်း တွေ့ရသဟ။

ဂူထဲကအနံ့က ညှီစို့စို့ြနံ့။ ပြီး . . . အေးစက်စက်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကွင်းဆရာတော် အချိန်မဆိုင်းတော့ဘူး။ နေရာသန့်ကို လှဲကျင်းပြီး တွေ့တဲ့ဗျာစုတ်ကလေးခင်းလိုက်တယ်။ ပြီး ... ကတ္တီပါအစတစ်ခုကို ထုတ်ခင်းလိုက်တယ်။ ရေပုလင်းကိုထုတ်၊ အသင့်ယူလာတဲ့ ဖန်ခွက်သေးသေးသုံးခွက်မှာဖြည့်ပြီး ဆီမီးတိုင် မနေရာချလို့ ဘုရားရှိခိုးရန် အသင့်ပြင်လိုက်တယ်။

ဦးစွာ ... တောပိုင်၊ တောင်ပိုင်တွေ၊ ရုက္ခစိုးကြီးတွေ၊ မြင်ရ မမြင်ရ ပုဂ္ဂိုလ်တွေ၊ ဝိဇ္ဇာဓိုရ်ကြီးတွေနဲ့ လူသတ္တဝါတွေအားလုံးကို မေတ္တာပို့လိုက်တယ်။

''ကျွန်ုပ်သည် ဤ'ကရင်မဂူ'မှာ အဓိဋ္ဌာန်ကိုးရက်ဝင်ပါမည်။ ကျွန်ုပ်ရဲ့ အဓိဋ္ဌာန်ပါရမီကို စောင့်ရှောက်ဖြည့်ဆည်းပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။ ကောင်းမှုကုသိုလ် အဖို့ဘာဂကိုလည်း သင့်တို့အတွက် အမျှပေးဝေပါမယ်''

သည့်နောက် ...

ထုံးတမ်းစဉ်လာအတိုင်း ဘုရားရှိခိုးတယ်။ ဘုရားရှိခိုးနေတုန်းမှာပဲ မွှေးကြိုင်တဲ့ရနံ့တွေ ဂူထဲကိုရောက်လာပြီး စစ်ကွင်းဆရာတော်ရဲ့ နောက်နားဝန်းကျင်မှာ ထူးခြားစွာ စုဝေးမွှေးကြိုင်နေတယ်။

ရောက်စ ဝင်စတုန်းက ညှီစို့စို့အနံ့၊ အခု မွှေးကြိုင်တဲ့ရနံ့။

စစ်ကွင်းဆရာတော် ဂရုမစိုက်တော့ဘူး။ ဆီမီး ရေချမ်းကပ် မေတ္တာသုတ်ကိုရွတ်ပြီး အားလုံးကို မေတ္တာပို့လိုက်တယ်။

မေတ္တာသုတ်ရွတ်ပြီးလို့ တရားရှုမှတ်မယ်လုပ်ရော ...

အခန်းထဲဝင်လာတဲ့ခြေသံတွေ ကြားရပါရော။ ခြေသံက ဖွဖွနင်းလာတဲ့ခြေသံ။ ခပ်ကြမ်းကြမ်းတွန်းတိုက်ဝင်လာတဲ့ခြေသံ၊ လူသံ၊ အလို ... ဆရာတော် ရှေ့နောက်ဝဲယာမှာရောက်နေကြတာပါလား။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ...။

အလွန်ချောမောလှပတဲ့ အရွယ်မျိုးစုံမိန်းမသားတွေ ...။

ခန္ဓာကိုယ်မှာ အဝတ်အစားလုံးဝမရှိဘူး။ ဒုက္ခပဲ။

ကိုယ်လုံးတီးမိန်းမ အရွယ်မျိုးစုံဟာ ဆရာတော်ရှေ့ကနေ ကိုယ်နေကိုယ်ထား အမျိုးမျိုးလုပ်ပြီး မြူဆွယ်နေကြတယ်။ အချို့က ဆရာတော်နံဘေးမှာ ထိလုထိခင်ထိုင်ပြီး စိတ်ကြွဖွယ်စကားတွေနဲ့ ပြောဆိုမြူနေကြတာ။ ဆရာတော် ကြက်သီးတွေ ဖျန်းကနဲထလိုက်၊ ကိုယ်ထဲမှာ အနွေးရည်တွေစီးဝင်လိုက်၊ သီချင်းသံ၊ ကခုန်သံ၊ မတော်တရော်ဟန်တွေကို မမြင်ချင်လို့ မျက်စိကို စုံမှိတ်ထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တရားကို အာရုံပြုလိုက်တယ်။

သို့သော် ကိုယ်လုံးတီးမိန်းမတွေက ဆရာတော်တရားမှတ်လို့မရအောင် အနားမှာ အမျိုးမျိုး လုပ်ပြနေတော့။ ကိုင်း ... သိကြရောပေါ့ဆိုပြီး ဆေးကြိမ်လုံး လှမ်းယူလိုက်တယ်။

"ဟဲ့ ... သူယောင်မယ်တွေ၊ မကောင်းဆိုးဝါးတွေ၊ ငါ နင်တို့သွေးသောက် မြူဆွယ်ရာနောက်ကို မပါဘူးဟဲ့။ ငါတရားအမိဋ္ဌာန်ဝင်တာကို ကူညီချင်ရင် ဂူအခန်း က ထွက်သွားကြ ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး"

"ခစ် ... ခစ် ... ခစ် ... ခစ် ... ခစ်"

"ချစ်လို့ပါ ... ချစ်လို့ပါ ... ချစ်လို့ပါ ... ချစ်လို့ပါ ..."

အဝတ်မပါတဲ့မိန်းမတွေဟာ စစ်ကွင်းဆရာတော်ကို လှောင်ပြောင်ပြီး 'ချစ်လို့ပါ' လို့ အော်လိုက်ကြတာ။ ကရင်မဂူထဲမှာ ပဲ့တင်သံတွေနဲ့ နားပါအူသွားသတဲ့ ကွ။

"ဟယ် မေတ္တာနဲ့ပြောမရမှတော့ ကြိမ်စာနဲ့ပဲ ပြော။ စစ်ကွင်းဆရာတော် တဲ့ဟေ့။ ကဲဟာ ... ကိုင်းဟာ"

"ရွှမ်း"

"အားမလေး"

"ကိုင်းဟာ ..."

"ဝီး ... ရွှမ်း ... ဖြန်း"

"အမလေး သေပါပြီတော့"

"ကဲဟာ ... ကိုင်းဟာ"

"ရွှမ်း ... ရွှမ်း"

"အမလေး။ သေပါပြီတော့။ ပြေး ... ပြေးကြတော့ဟေ့"

စစ်ကွင်းဆရာတော် တွေ့သမျှ ကိုယ်လုံးတီးမတွေကို ဆေးကြိမ်လုံး လိုက်ရိုက်တာ ငယ်သံပါအောင်အော်ပြီး ကရင်မဂူထဲကနေ ပြေးကုန်ရော။ ဆရာတော် လည်း မောသွားပြီ။ ချွေးလည်းစို့နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သင်းတို့ ပြန်လာနှောင့်ယှက်ကြဦးမလားလို့ အသာစောင့်ကြည့်နေလိုက်တယ်။ ဆေးကြိမ်လုံးစာကိုကြောက်သွားပုံရတယ်။ လုံးဝ သင်းတို့အသံ မကြားရတော့ဘူး။

ဒီတော့မှ တရားမှတ်ဖို့ တင်ပြင်ခွေထိုင်ပြီး ပရိကံအမှုပြုနေတုန်းမှာပဲ ဘီလူးမကြီးတစ်ကောင်ရယ် ဂူဝမှာပိတ်ထိုင်နေပါရော။ သူ့ခန္ဓာကိုယ်နဲ့ ဂူဝပိတ်ထိုင်တော့ ဂူထဲ လေမဝင်တော့ဘူး။

ပြီး ... ဘီလူးမကြီးခန္ဓာကိုယ်က ပုပ်စော်အနံ့က အော့အန် ဖို့တက်အောင် ကြွပေးနေတာ။

"ကဲ ... ဘီလူးမကြီး ဂူဝပိတ်မထားပါနဲ့။ ဖယ်ပေးပါ"

မဖယ်ဘူး။ မဖယ်တဲ့အပြင် ကိုယ်လုံးကို လှုပ်ယမ်းပြနေသေးတယ်။ ဒါနဲ့ ... ရေတစ်ခွက်မန်းပြီး တောက်ထည့်လိုက်တော့ ဝုန်းကနဲ ပက်လက်လန်ပြီး ပြေးရော။

ဘီလူးမကြီးမရှိတော့မှ တရားမှတ်ဖို့ တင်ပျဉ်ခွေထိုင်ရော ... ကျေးဖူးရှင်မကြီး ပြန်ရောက်လာပြီး ဂူဝကိုပိတ်ထိုင်နေပါရော။

"အော့ ... ဝေါ့ ..."

"ဝေါ့ ... ဝေါ့ ... အော့"

ဒီတစ်ကြိမ် ပိုပြီး သူ့ကိုယ်နံ့ကနံလာတယ်။ ဆရာတော် အော့အန်နေရော။ အဖေက ဒီဂူထဲမဝင်ခင်က ကရင်အဖွားအိုကြီးတွေပြောတဲ့ သတိပေး ပေးတဲ့စကား တယ်မှန်ပါလားလို့ တွေးသတဲ့ ...။

သို့သော် ... စစ်ကွင်းဆရာတော်ပဲလေ။

ပထမံပိဋကဓရ ဂိုဏ်းတော်ကြီးရဲ့ အဖွဲ့ဝင်ပဲလေ။

ဒီလို ပရလောကသားတွေရဲ့ အတိုက်အခိုက်ကို အရှုံးပေးဖို့ လုံးဝစိတ်ကူးမရှိဘူး။ တောင်းပန်တယ်။ မေတ္တာရပ်ခံတယ်။ မေတ္တာလည်းပို့တယ်။ ကိုယ်ဒီမှာရောက်နေတာ လူသားစားဖို့မဟုတ်။ သူယောင်မယ်တွေနဲ့ ပျော်ပါးဖို့မဟုတ်။

ပိဋကဓရ ဂိုဏ်းတော်ကြီးရဲ့ ဦးစီးဆရာအရှင်ရဲ့ အမိန့်ချမှတ်မှုနဲ့ အဓိဋ္ဌာန်ငြာနေတာ။ သူတို့နေရာကို အပိုင်စားချင်လို့ လာတာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"သူများပိုင်တဲ့မြေ၊ နေရာကို အတင်းအဓမ္မလုယူပြီး တစ်ပြားမှမပေးဘဲ လက်ရသိမ်းချင်တဲ့ စာရင်းမှာ စစ်ကွင်းဆရာတော် အရှင်စန္ဒောဘာသ မပါဘူးကွ"

"မိုက်တယ်ဗျာ။ ဆရာကြီးပြောတဲ့စကား ကြိုက်တယ်ဗျာ"

ဆရာကြီးက ခေတ်မှီတဲ့လူကြီးပဲဗျ။ စကားပြောရင် အလွန်ပါးနပ်တယ်။ ဆရာကြီးက ပြောလက်စကို ဆက်ပြောတယ်။

အဲဒါ ... ရေမန်းနဲ့ပြန်တောက်တယ်။

အမ်မယ် ... ဘီလူးမကြီးက ရေမန်းကိုမဖြုံတော့ဘူး။

ဘာဆေးတွေသွားစားပြီး၊ သိဒ္ဓိတင်လာလည်း မသိ။ လုံးဝနစ်လို့မရတော့ဘူး။ ခက်ပြီ ... ဘာလုပ်ရပါ့။

နောက်ဆုံး စစ်ကွင်းဆရာတော် သစ္စာပြုလိုက်တယ်။

"အနန္တော အနန္တငါးပါးနှင့် ဆရာသခင်တို့အား တိုင်တည်၍ သစ္စာစကားကို ဆိုပါ၏။ တပည့်တော်သည် လူမှန်းသိတတ်သည့်အရွယ်မှစ၍ ကျေးဇူးရှင်ဖခင်ကြီး ကို ရိုသေလေးမြတ်ကောင်းမွန်စွာ လုပ်ကိုင်ကျွေးမွေးခဲ့ပါသည်။ ဤမှန်သော သစ္စာ စကား၊ မှန်ကန်ခဲ့ပါက ယခုကြုံတွေ့နေရသည့် ဒုက္ခဆင်းရဲ အန္တရာယ်အပေါင်းတို့ ၏ဘေးရန်မှ ကင်းလွတ်ပါစေသတည်း ..."

ဆရာတော် လက်အုပ်ချီပြီး သစ္စာပြုလိုက်တယ်။

ဒီလိုသစ္စာပြုလိုက်ရော ဂူဝမှာထိုင်နေတဲ့ ဘီလူးမကြီးက ဂူထဲကစစ်ကွင်း ဆရာတော်ကို ငုံ့ကြည့်နေတာတဲ့။

"အုန်း ..."

"ဝုန်း ..."

"အား ... ဝါး ...။ ဟား အား အား"

"ဝရော ... ဝုန်း ... ဝုန်း ..."

ဘီလူးမကြီးက ငုံ့ကြည့်ပြီး သူ့လက်ကြီးနဲ့ ဆရာတော်ကို ဆွဲယူသလို လုပ်နေတုန်းမှာပဲ ဘီလူးမကျောကုန်းကို ဘယ်သူ ဘယ်လိုပုဂ္ဂိုလ်မျိုးက ရိုက်လိုက်လဲ မသိ။

အုန်းကနဲ ဘိုင်းကနဲ မှောက်ရက်လဲသွားချိန်မှာပဲ ဘီလူးမကြီးရဲ့ခြေထောက် တစ်ဦးဦးက ဆွဲယူလွှင့်ပစ်လိုက်တာ။ ဘီလူးမရဲ့ တောလုံးညံတဲ့အော်သံ၊ လူးလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပန်သံတွေ ကြားရပြီး ... နောက် ဂူဝကို လေကောင်းလေသန့်တွေဝင်လာတယ်။

ဒီလိုနှောင့်ယှက်ကြတဲ့ အန္တရာယ်တွေကင်းရှင်းသွားတော့မှ စစ်ကွင်းဆရာတော် အေးချမ်းစွာ တရားမှတ်ရှုလိုက်တယ်။ မိုးလင်းလို့ ကရင်မဂူဝမှာ လူသံကြားမှ တရားဖြုတ်ပြီး ထ,လိုက်တယ်။

"ဘုန်းကြီးတော့ သေပလားမသိ ..."

"အေးဝေ့။ လှုပ်ရှားသံမကြားရကော"

"အမိုးပြောသားနော။ ဒီဂူထဲမှာ ဝင်မနေနဲ့ပြောတာ။ ခုတော့ ... ဘုန်းကြီး သေပကောဝေ ..."

"အမိုးကြီး နေအုန်းဝေ့ ... နားထောင်စမ်းဝေ"

"ဘာတုံး ... နော်ဖော"

"အသံကြားဝေ ... အသံကြားတယ်"

"မယ်တော် ဘီလူးမကြီးအိပ်ရာက နိုးတယ်နဲ့တူ ..."

"ဟဲ့ ... ဟဲ့ ..."

"အလို ... ဘုရားရော"

"အလိုလေး ... ဘီလူးမမယ်တော်မဟုတ်၊ မနေ့က ဘုန်းကြီးဝေ"

ကရင်မကြီးတွေ။ ကရင်မငယ်တွေနဲ့ ကရင်တောင်သူတွေဟာ ကရင်မဂူထဲက ကြွေကြီးစွာနဲ့ ထွက်လာတဲ့ စစ်ကွင်းဆရာတော်ကိုမြင်ရော ဝမ်းသာအားရ မြေပြင်မှာ ထိုင်ကန်တော့ကြပါရောဟေ့။

"ငါတို့က နင်သေပြီမှတ်တာဝေ၊ အခု အလောင်းလာကောက်ကြတာပဝေး။ နင်မသေဘူးနော"

"မသေပါဘူး ဒကာမကြီး။ ခုလိုလာကြတာ ကျေးဇူးတင်ပါတယ်နော ဝေ"

"ဘုန်း ဘုရား"

"ပြောပါ။ ဒကာမကြီးတို့ ဘုန်းကြီးနားထောင်နေပါတယ်"

"အရင်တုန်းက သက်နိုးဝတ်တွေရော လူယောဂီဝတ်တွေရော ဒီဂူထဲဝင်ကြတယ်။ မိုးလင်းတော့ သေတာပဲ။ အထဲမှာ သူတို့ပစ္စည်းဟောင်းတွေ တွေ့ရဲ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပါတယ် ဒကာကြီး"

"ဘုန်းဘုရားတစ်ပါးပဲ အသက်ရှင်လျက် ထွက်လာနိုင်တာပေါ့။ ဘုန်း... အရမ်းတန်ခိုးကြီးတာပနော်ဝေး"

"ဟုတ်တယ်။ အရမ်းစွမ်းလို့ မသေတာ"

ဒီမှာ ကရင်အမေအိုကြီးတစ်ဦးက စစ်ကွင်းဆရာတော်ရှေ့မှာ လာ... ပြီး ...

"ဘုန်းကြီး နှင် အရမ်းကံကောင်းတယ်ဝေး။ ဒီအရပ်မှာနေချင်သ... သာနေတော့။ ဟိုခွက်မည်းမည်းကြီးနဲ့ လာတောင်းစရာမလိုဘူးနော။ ငါတို့... တွေ ချက်ပြုတ်ပြီး လာပို့ပေးကြတော့မယ်ဝေး ..."

စစ်ကွင်းဆရာတော်ကြီးဟာ ရိုးသားလွန်းတဲ့ ကရင်အမေအိုကြီး... ကရင်ရွာသူ ရွာသားတို့ကို ဆုမွန်ကောင်းတွေပေးတယ်။ မေတ္တာပေးဝေတယ်။ ... ကြီးတွေခမြာ ဝမ်းသာလွန်းလို့ မျက်ရည်ဝဲနေကြသတဲ့။

"ကဲ ... အမိုးကြီးတို့ ထမင်းသွားယူခဲ့မယ်နော"

ဆွမ်းစားဖို့ကို ထမင်းဟင်းတဲ့။ ပြောတတ်သလိုပြောကြတာလေ။ ... ဆရာတော်ဦးစန္ဒောဘာသကလည်း အဲဒီလိုပြောတာကို အရမ်းသဘောကျ... သတဲ့။

စစ်ကွင်းဆရာတော် ဒီမြေကြမ်းတဲ့ ကရင်မဂူထဲမှာ အမိဋ္ဌာန်... အောင် ကျင့်ကြံနေထိုင်ခဲ့တယ်ကွ။

ဆွမ်း၊ ရေချမ်း ပူစရာမလိုဘူး။

ကရင်တိုင်းရင်းသူ၊ တိုင်းရင်းသားတွေက လိုလေသေးမရှိ ပြည့်စုံ... ကသိုလ်ပြုတယ်တဲ့။ ကရင်မဂူထဲမှာ ဆရာတော်ရှိနေတုန်းမှာတော့ ... အယုတ်မှ မရှိဘူးတဲ့။

ရိုးသားတဲ့ ကရင်လူကြီးတွေက ညဘက်ရောက်ရင် ဆရာတော်ကို ... တာပေါ့။ ဂူဝမှာ စောင့်ပေးပါရစေပြောတော့ စစ်ကွင်းဆရာတော်က ... ဘူး။

ဒီနေရာကာ ကျားသစ်လည်း ရောက်လာတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝံလည်းရောက်တယ်။ မြွေဆိုးကြီးတွေလည်းရှိတယ်။ တောကြီးမြွေဟောက် မြွေကျတော့ အငြိုးကြီးတယ်။ အဆိပ်ပြင်းတယ်။ ပြီး ... တောကောင်းကြီးတွေ၊ ယ်ပေးနိုင်တယ်။

ဒါကြောင့် ... ညဥ့်ဦးပိုင်း (၈)နာရီလောက်ရောက်ရင်၊ စစ်ကွင်းဆရာတော် နဝင်တဲ့ ကရင်မဂူရှိရာကို လူစုပြီး သွားသွားကြည့်ကြတယ်။ အလို ... ဆရာ ငါတို့သာ လာမစောင့်ပေးကြနဲ့။ စောင့်စရာမလိုဘူး ပြောတယ်။ ခု ညဘက် ည့်တော့ ကရင်မဂူရှေ့မှာ သျှောင်ထုံးနဲ့လူကြီးက တစ်ယောက်၊ ကတုံးနဲ့ ပိတ်ဖြူ တဲ့ (ဖိုးသူတော်က တစ်ပါး) လူကတစ်ဦး။ အင်္ကျီမပါ။ သျှောင်ကို ထိပ်လယ် ထားတဲ့ တောင်ဝှေးနဲ့ ကုလားဆင်ဆန်ဆန် လူကြီးတစ်ဦးတို့ မီးပုံတစ်ပုံ ထိုင်စကားပြောနေတာမြင်ရလို့ ပြန်လာခဲ့ကြသတဲ့။

နောက်နေ့ ... စစ်ကွင်းဆရာတော်ကို ကရင်လူကြီးတွေက မေးတာပေါ့။

"အရှင်ဘုရား ညတုန်းက ဂူဝမှာစောင့်ပေးနေတာ ဘယ်ကလူတွေပါလဲ ဘုရား"

"ဘုန်းကြီး ဘယ်သူ့မှမခိုင်းပါဘူး ဒကာကြီး"

"လူကြီးသုံးယောက် မီးဖိုပြီး ထိုင်စကားပြောနေကြတယ်"

"ဘယ်မှာတုံး"

"ကရင်မဂူရှေ့မှာ ..."

"ဟေ ..."

"ရွာကလူတွေ ကရင်မဂူရှေ့ စောင့်တဲ့လူရှိတာမြင်လို့ ပြန်လာခဲ့ကြတယ်။ အရှင်ဘုရားကို စောင့်ရှောက်ဖို့"

"အို ... အဲဒီလိုလား"

စစ်ကွင်းဆရာတော် တဖြည်းဖြည်းသဘောပေါက်လာတယ်။ မိမိရဲ့အဓိဋ္ဌာန် စောင့်ရှောက်မည့်ပုဂ္ဂိုလ်တွေရှိနေကြပါကလား။ ဆရာသခင်တွေကိုရော၊ ကရင်ရွာသူရွာသားတွေက အစောင့်အရှောက်တွေကိုပါ ကျေးဇူးတင် ။ ဒါနဲ့အတူ ... အရပ်လေးမျက်နှာကို လက်အုပ်ချီပြီး မေတ္တာပို့လိုက် ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၃

တစ်နေ့တော့ . . . စစ်ကွင်းဆရာတော် အရှင်စန္ဒောဘာသ တောင်တွင်းကြီး၊ ငါတို့ဒေသကို ကြွလာတယ်ကွ။ သူက ထူးခြားဝိဇ္ဇာပညာရပ်နဲ့ ဝိဇ္ဇာဓိုရ်ကြီးတွေကို လေ့လာတွေ့ဆုံ ပညာယူတာတဲ့။

"ခါတ်လုံးတောင်းဖို့ မဟုတ်ဘူးနော် စာရေးဆရာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"စစ်ကွင်းဆရာတော် ဝိဇ္ဇာရေပညာလိုချင်တာ"

"ဟုတ်ကဲ့ပါခင်ဗျာ"

"တို့ အောင်းပေါက်ဆရာတော်ကြီးကလည်း ထူးတယ်ကွ။ သူ ထူးတာက နယ်ကျော်အောင်ကို ကျော်တာပေါ့။ တောင်တွင်းကြီးက ပေါ့သေးသေးမဟုတ်ဘူး။ စာရေးဆရာ။ ပန်ထွာဘုရင်မ နယ်မြေဗျ။ ပေလေးပင် ရှင်လေးပါးနယ်မြေဗျ"

မောင်ရင်စာရေးဆရာတို့ရေ စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ တောင်တွင်းကြီး ရွှေရောင်တော်ဘုရားရှိရာ စုံစမ်းမေးမြန်းရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်တော်ဘုရားသွားတဲ့လမ်းက ကတ္တရာလမ်းမကြီးကနေ ခွဲသွားတဲ့ တောလမ်း အထဲတော်တော်ဝင်ရတာကွ။ ပန်ထွာဘုရင်မ နန်းတော်ကုန်းနဲ့ အတော် လှမ်းတယ်။

အောင်းပေါက်ဆရာတော်ကြီးကို လျှုဒါန်း ဒုကုဋ္ဌသင်္ကန်း ကောသီနဲ့ သင်းပိုင် စုစုပေါင်း သုံးထည်ပါလာတယ်။ ရဟန်းအခေါ်တော့ 'တိစီဝရိတ်သင်္ကန်း' ခေါ်တာပေါ့။

ဒီနေရာမှာ ဝန်းကျင်က ပေပင်၊ ထနောင်းပင်၊ တဖောင်းပင် ကန္တာရအပင် တွေ များတဲ့အရပ်ကွ။ ယာကွင်း၊ လယ်ကွင်းလည်းရှိတယ်။ ဒီမှာ နွားကျောင်းနေတဲ့ လူစုကိုမြင်လို့ စစ်ကွင်းဆရာတော်က မေးတာပေါ့။

"ကလေးတို့ ဒကာတို့ အောင်းပေါက်ဆရာတော်က ဘယ်ကျောင်း သီတင်း သုံးလဲဟင်"

"ရွှေရောင်တော်ဘုရားအနီးမှာပါ ဘုရား"

"ဘယ်လမ်းသွားရင် ရောက်နိုင်လဲကွယ်။ လမ်းညွှန်ပါဦး"

နွားကျောင်းသားလူစုမှာ ကလေးရော၊ ကာလသားအရွယ်ရောပါကြတယ်။

"ဘုန်းဘုန်း ... အောင်းပေါက်ဆရာတော်က အရှုံးကြီးဗျ"

"ဟုတ်လား တကယ်ရှုံးနေလို့လား"

"ကြားသမျှကို ဆဲရေးတိုင်းထွာ ဒေါပွနေတာပဲ ဘုရား။ အရှုံးဘုန်းကြီးများ ကောင်းကောင်းကန်းကန်းလုပ်ပြီး တွေ့မနေပါနဲ့ ဘုရား"

ဒီလိုလား။ အောင်းပေါက်ဆရာတော်က စိတ်မနှံ့ဘူးတဲ့လား။

ဒါဆို အဖိုးတန် ဒုကုဋ္ဌသင်္ကန်းကြီး မလှူတော့ပါဘူးလေ။ ကျန်နှစ်ခုပဲ လှူတာပေါ့။

"ကျောင်းနေရာသာ ပြပါကွယ်"

"ဟောဟိုလမ်းမကြီးဘေးက ဝင်ပေါက်လမ်းပဲ။ အထဲကိုတော်တော်သွားရ လိမ့်မယ်။ လူလည်း လမ်းမှာပြတ်တယ် ဘုရား"

"အေးအေး သာဓုပါကွယ်"

ဟုတ်တာပဲ တော်တော်သွားရတာပဲ။ လမ်းဝဲယာမှာ ထနောင်းပင်နဲ့ ဆူးပင် တွေ ရောယှက်ပေါက်နေရဲ့။ တစ်နေရာမှာ ခပ်ရွယ်ရွယ်လူတစ်ယောက်တွေ့လို့ မေးရ ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဒကာ ရွှေရောင်တော်ဘုရားက ဒီတည့်တည့်မှာနော်''

''ဟုတ်ပါတယ် ဘုရား။ ကိုယ်တော်က ဘုရားဖူးမလို့လား။ ရွှေရောင်တော်ဘုရားက သမိုင်းဝင် ရှေးဟောင်းဘုရားပဲ ကိုယ်တော်။ ပန်ထွာဘုရင်မကြီးတော်လာဖူးတဲ့ဘုရားလို့ ဆိုကြတာကိုး။ အဓိဋ္ဌာန်ဝင်ဖို့လား၊ ဘုရားဖူးလား ဘုရား''

''အောင်းပေါက်ဆရာတော်ကြီးကို ဖူးချင်လို့ပါ ဒကာ''

''ဘုန်းကြီးအရှူး ဦးသာမှူးကိုပြောတာနဲ့တူတယ်။ သူက မျက်စိမမြင်ဘူး ဘုရား။ သူ့အနီးရောက်လာတဲ့လူကို ရရာနဲ့ပစ်ပေါက် ဆဲဆို စိန်ခေါ်နေတာဘုရား။ အရူးပါကိုယ်တော်။ အရူးကိုသိလို့လား ဘုရား''

''ကျောင်းရောက်ဖို့ဝေးသေးလားပဲပြောပါ ဒကာ''

''ဒါဆိုလည်း တည့်တည့်သွား။ ဆဲသံကြားရင် အရူးဘုန်းကြီး ဦးသာမှူးပဲ''

တော်တော်စကားပြောတဲ့ ဒကာပဲ။ သို့သော် သူတို့ကြောင့်လည်း အောင်းပေါက်ဆရာတော်အကြောင်း ပိုသိရတယ်။ ဘုန်းကြီးအရူးတဲ့။ မျက်စိမမြင်ဘူးတဲ့။

အေးလေ။ မိမိက ဆရာတော်ကြီး ကျန်းမာတယ်ထင်တာကိုး။

မြင်လည်း မမြင်ဖူးပါဘူး။ သို့သော် အောင်းပေါက်ဆရာတော်သည် ဗိဇ္ဇာပညာမှာ ထက်မြက်တယ်လို့ ကြားတာနဲ့ မေးမြန်းလာတာ။

ရှူးနေတော့လည်း ဒုက္ခနဲ့ မသင့်တော့ချန်ခဲ့ရ။

ခုလည်း ... မျက်စိမမြင်ဘူးကြားတော့ ဆရာတော်ကြီးလည်း သက်နှင့်အသစ်နဲ့ သွားနိုင်လာနိုင်မှာ မဟုတ်ဘူး။ ကေသီသက်နှင်းချန်ထားပြီး နေရင်းထိုင်ရင်းဝတ်လို့ရတဲ့ သင်းပိုင်သင်္ကန်းပဲ လှူပါတော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီး ရှေ့မှာမြင်ရတာ ရွှေရောင်တော်ဘုရားတဲ့။ ဟုတ်ပြီ၊ ဟောဟိုကျောင်းက အောင်းပေါက်ဆရာတော်ကျောင်းလို့ ကိုရင်လေးတစ်ပါးက ပြောတယ်။

ဒါနဲ့ ကျောင်းရှိရာကို လှမ်းလာခဲ့လိုက်တယ်။

အင်း ...။ ကိုယ်တွေ့ချင်တာ ဝိဇ္ဇာခရေပုဂ္ဂိုလ်ထူး အောင်းပေါက်ဆရာတော်။ ခုကြုံရမှာက ဘုန်းကြီးအရူး မျက်မမြင် အောင်းပေါက်ဘုန်းကြီး။ ရောက်မှတော့ ပဲတွေ့တာကောင်းပါတယ်။

စစ်ကွင်းဆရာတော် ကျောင်းလေ့ကားခြေရင်းနားရောက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါက်ကနေ သက်န်းဖို့လို့ဖားလျား ဆံပင်ငုတ်တိုနဲ့ ဘုန်းကြီးအိုတစ်ပါး ဝရုန်းသုန်းကား ပြေးဆင်းလာတာမြင်ရတယ်။

သင်္ကန်းဖို့လို့ဖားလျားနဲ့ ဘုန်းကြီးအိုကြီးက စစ်ကွင်းဆရာတော်ကို လှမ်းကြည့်ပြီး . . .

"မောင်စန္ဒောမဟုတ်လားဟေ့"

"ဟင် . . ."

"စစ်ကွင်း . . . စစ်ကွင်းနဲ့။ မင်းကိုး မောင်စန္ဒောရဲ့"

အလို . . . တစ်ခါမှ မမြင်ဖူး၊ မသိကျွမ်းဖူးတဲ့ ဘုန်းကြီးအို၊ အရူးလိုလိုကြီးက မိမိကို တန်းသိနေပါလား။ စစ်ကွင်းဆရာတော် အံ့သြပြီးကြည့်နေတယ်။ ဟယ် . . . ဘုန်းကြီးမှာ မျက်စိနှစ်ကွင်း မရှိပါလား။

မျက်ကွင်းဟောက်ပက်ကြီး။

ရပ်နေ မေးနေပုံက စိတ်တည်ငြိမ်သူ သဏ္ဌာန်မဟုတ်။

ခပ်ကြောင်ကြောင်၊ ခပ်ရွတ်ရွတ်၊ အရူးလိုပုံစံ။

မဟုတ်မှလွဲရော လမ်းမှာတွေ့ခဲ့တဲ့လူတွေပြောတဲ့ အောင်းပေါက်ဆရာတော် ဦးသာမှူး။ ဘုန်းကြီးမျက်မြင်အရူးဆိုတာများလား။ ဘုရားရေ . . . မိမိကို သူသိနေတယ်။

"မောင်စန္ဒောရယ်၊ ဒီလောက်နေပူကြီးထဲ လမ်းလျှောက်လာတယ်လို့။ ကရင်မဂူမှာ အခြေအနေကောင်း မဟုတ်လား"

"ဘုရား . . . ဘုရား"

"မောင်စန္ဒော . . . မင်းက အင်းအတတ်မှာပြီးမြောက်နေတဲ့ ပုဂ္ဂိုလ်ပါကွယ်။ နေပါဦး . . . ဘာကိစ္စနဲ့ ငါ့ထံလာတာတုံး"

ဟုတ်ပြီ။ သေချာပြီ။ ခုမှရောက်လာတဲ့ သူ့အကြောင်းကို တန်းခနဲ ပြောနိုင်မှတော့ ဒါ . . . ဝိဇ္ဇာရေ အောင်းပေါက်ဆရာတော် သေချာတယ်။ စစ်ကွင်းဆရာတော် မျက်စိမရှိ၊ မမြင်တဲ့ ဘုန်းတော်ကြီးကို ရိုသေစွာလက်အုပ်ချီလိုက်ပြီး . . .

"မှန်ပါ ဆရာတော်အရှင်ထံမှာ ပညာရပ်များ သင်ယူလေ့လာတတ်မြောက်ချင်၍ လာရောက်ရကြောင်းပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလား။ ရှင်အဇ္ဇဂေါဏက 'ဓာတ်လုံး'။ မောင်စန္ဒောက 'အင်း' အထုပ် တစ်ရာ ဆရာတော်တို့ ဇာဂရုပုဏ္ဏားတို့က သက်တော်ရှည်၊ အောင်မင်းခေါင်က ဝိဇ္ဇာမဟိဒ္ဓိ။ ကိုင်း . . . ကိုင်း . . . ဗမာလူစွမ်းတွေ သိန်းသန်းပေါ်လေ ကောင်းလေ ပဲ။ ကဲ . . . ကျောင်းပေါ်တက် မောင်စန္ဒော . . ."

အောင်းပေါက်ဆရာတော်က မျက်စိမရှိ မမြင်ပေမဲ့ ကျောင်းပေါ်ကို အထိ အခိုက်မရှိ တက်သွားတယ်။ စစ်ကွင်းဆရာတော်က နောက်ကတက်ခဲ့ပြီး ကျောင်းပေါ် ရောက်တော့ ဆရာတော်ကို သက်န်းသုံးထည် ကပ်လှူတယ်။

"ငါ့ကိုလှူဖို့လား"

"မှန်ပါ့ဘုရား"

"သင်းပိုင်တစ်ထည်ပဲ လှူပါ မောင်စန္ဒော။ ဒီသင်းပိုင်က မင်းငါ့အတွက် သဒ္ဒါပေါက်တဲ့ သင်းပိုင်ပါ"

"အရှင်ဘုရား . . . ဟို ဟို"

"မပြောနဲ့ မောင်စန္ဒော။ မောင်စန္ဒောလမ်းမှာတွေ့တဲ့ ရွာကျောင်းသားတွေ က အောင်းပေါက်ဆရာတော်က အရူးကြီးဟာ ပြောလို့ ဒကုဋ်သက်န်းမလှူတော့ ပါဘူး စိတ်ဆုံးဖြတ်တယ်။ နောက်တစ်ခါ လူတစ်ယောက် ရွှေရောင်တော်ရောက် ကာနီး အောင်းပေါက်ဘုန်းကြီးက အရူး၊ စိတ်မနံ့ဘူး၊ မျက်စိလည်း မမြင်ဘူး။ သူ့နား ရောက်ဆဲရေးတိုင်းထွာနေတာ။ သွားတွေ့မနေပါနဲ့ ပြောလို့ မောင်စန္ဒော သဒ္ဒါလျော့ သွားတယ်မဟုတ်လား"

ဆရာတော်ကြီးက မရှိမမြင်တဲ့ ဟောက်ပက်မျက်လုံးနဲ့ စစ်ကွင်းဆရာတော် ကို စိုက်ကြည့်ပြီးမေးလိုက်တာ။ စစ်ကွင်း အံ့လည်းအံ့သြ၊ မျက်နှာလည်းပူ၊ ရှက် လည်းရှက်ဖြစ်လာတယ်။

"သဒ္ဒါလျော့သွားပြီး မင်းက ကေသီသက်န်းမလှူတော့ပါဘူးလေ။ ရူး လည်းရူး၊ မျက်စိလည်းမမြင်တော့ သွားစရာရှိတာမှမဟုတ်ပဲလို့ မင်းတွေးပြီး ဆုံးဖြတ် လိုက်တာ။ ဟုတ်ရဲ့လား မောင်စန္ဒော"

"ဘဘုန်းဘုရား။ တပည့်တော် တောင်း . . . တောင်းပန်ပါတယ်ဘုရား"

"ရတယ် မောင်စန္ဒော။ ငါမင်းကိုခွင့်လွှတ်တယ်။ မင်းသဒ္ဒါပေါက်ခဲ့တဲ့သင်း ပိုင်သာ ငါ့ကိုလှူတော့။ သင်းပိုင်ပဲ ငါလက်ခံမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘဘုန်းဘုရား။ တပည့်တော်မှားပါတယ် ဘုရား။ အပြစ်ကို ခွင့်လွှတ်ပေးပါ။ တောင်းပန်ပါတယ် ဘုရား။ အရှင်ဘုရား ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာ တပည့်တော်သိပါပြီဘုရား။ ဤသုံးထည်သောသင်္ကန်းကို အလှူခံတော်မူပါ အရှင်မြတ်ဘုရား''

စစ်ကွင်းဆရာတော် ငိုသံပါကြီးနဲ့ တောင်းပန်တာပေါ့။

သူ စိတ်ကူးသမျှ အောင်းပေါက်ဆရာတော် သိနေတယ်။

ရွာသားတွေ၊ နွားကျောင်းသားတွေပြောတဲ့ စကား သူသိနေတယ်။

စစ်ကွင်းဆရာတော်ရဲ့ ကရင်မဂူထဲကအကြောင်း ဆရာတော်ကြီးသိနေတယ်။ ဘုရား ဘုရား။ သာမန်ပုဂ္ဂိုလ်မဟုတ်ပါလား။ ငါသူများပြောစကားနဲ့ ဆရာတော့်အပေါ် တွန့်တိုစိတ်မွေးမိတာ ရှက်စရာကောင်းပါပေါ့လား။ အပြစ်ရှိပါပေါ့လား။

အကြိမ်ကြိမ်ရှိခိုးတောင်းပန်တော့မှ သင်္ကန်းသုံးထည်ကို လက်ခံတော့တယ်။ ဒီသင်္ကန်းတွေကိုလည်း သူမဝတ်ရုံပါဘူးတဲ့။ မောင်စန္ဒောလည်း ကုသိုလ်ရအောင် ပြည်ရွှေဆံတော်ဘုရား သွားလှူလိုက်မယ်။ ခဏစောင့်ဆိုပြီး အခန်းထဲဝင်သွားတယ်။ ခဏနေတော့ ပြန်ထွက်လာတယ်။

''မောင်စန္ဒော''

''ဘုရား ...''

''မင်းလည်း ကုသိုလ်ရ၊ ငါလည်း ကုသိုလ်ရပကွယ့်။ မောင်စန္ဒော ပြည်ရွှေဆံတော်ဘုရားကိုရောက်ရင်၊ ဝင်ဖူးပြီးကြည့်ကွယ့်။ မောင်စန္ဒောလှူတဲ့ သင်္ကန်းသုံးထည် တွေ့ရမကွယ့် ...''

အလွန်အံ့သြစရာကောင်းတယ်။

အခုလေး လှူလိုက်တဲ့ သင်္ကန်းသုံးထည် ပြည်ရွှေဆံတော်ဘုရား သွားလှူလိုက်ပြီကွဲ့။ ဒါကြောင့်လည်း အောင်းပေါက်ဆရာတော်၊ ဝိဇ္ဇာဓရပညာရှင် သိဒ္ဓိမဟိဒ္ဓိပုဂ္ဂိုလ်ထူးရယ်လို့ ကျော်ပေသကိုး။ ဆန်းပေသကိုးလို့ ဝမ်းသာခဲ့ရတယ်။

သည့်နောက် အောင်းပေါက်ဆရာတော်ထံမှာ ဝိဇ္ဇာဓရပညာရပ်တွေ လျှို့ဝှက်ဝိဇ္ဇာပညာတွေကို လေ့လာသင်ယူခဲ့သလို နောင်တလည်း ရမဆုံးခဲ့ဘူးတဲ့။

''မောင်တို့ပြောရင် ယုံပါ့မလားမသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ပြောပါဆရာကြီး။ ကျွန်တော်တို့ စိတ်ဝင်စားလွန်းလို့ပါ ခင်ဗျာ''

''နောင်အခါ ... စစ်ကွင်းဆရာတော်ကြီးဟာ အဝေးမှာရောက်နေတဲ့သူကို ချက်ချင်းရောက်လာအောင် ခေါ်နိုင်တဲ့ပညာ ရရှိတတ်မြောက်သွားခဲ့တယ်''

''ဟုတ်လား''

''အိန္ဒိယနိုင်ငံမှာ မတရားချုပ်နှောင်ခံနေတဲ့ မြန်မာနိုင်ငံသားနှစ်ယောက်ကို ရွှေတိဂုံဘုရားကကျောင်းမှာ ဆွမ်းစားနေရင်းကနေ ခဏာရပ်ပြီး အင်းပညာ၊ လောကီပညာနဲ့ ခေါ်လိုက်တာ။ ပြောရင်မယုံနိုင်စရာ ကြားနေတာလို့ ထင်ကြမယ်။ အိန္ဒိယနိုင်ငံမှာ မတရားချုပ်နှောင်ခံရတဲ့ သားအမိ အခန်းတစ်ခုထဲက ဘွားကနဲထွက်ပေါ်ရောက်ရှိလာတယ်။ ဆွမ်းကပ်နေတဲ့ ဒကာ၊ ဒကာမတွေဆို အရမ်းအံ့သြကုန်တာကွယ်။ ဒါကြောင့် ပထမံ ဝိဇ္ဇာခရထွက်ရပ်ပေါက်လို့ ခေါ်တာ။

စစ်ကွင်းဆရာတော် အောင်းပေါက်ဆရာတော်ထံမှာ ပညာတွေရတယ်။ ဝိဇ္ဇာခရ လျှို့ဝှက်ပညာတွေလည်း ရခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၄

"ဒီနေရာမှာ အဓိကပြောချင်တာက မောင်တို့ရော၊ မယ်တို့ရော ဝိဇ္ဇာကြီးတွေနဲ့ မတွေ့ချင်ဘူးလား"

"တွေ့ချင်တာပေါ့ ဆရာကြီး"

"ဝိဇ္ဇာမိုရ်ကြီးတွေနဲ့ရော မဆုံချင်ဘူးလား"

"ဆုံချင်ပါတယ် ဆရာကြီး"

"အေး ...။ အချို့မှာ ဝိဇ္ဇာနဲ့တွေ့တာတောင် ဝိဇ္ဇာမှန်း မသိဘူးကွယ်။ အရူး၊ အပေါ၊ သူတောင်းစားလို့ထင်ပြီး အိမ်ဝလာရပ်ရင် မောင်းနှင်ထုတ်ကြတယ်"

ဆရာကြီးမင်းသိဒ္ဓိနောင်ပြောတဲ့စကား မှန်လိုက်တာ။

ကျွန်တော် အင်းဝိဇ္ဇာဦးစည်တော်နဲ့ ပက်ပင်းဆုံခဲ့ရပါလျက် သဒ္ဓါတရား တွန့်တိုမိလို့ ကြီးပွားမယ့်ကိန်းက လွဲခဲ့ရတယ်လေ။ အစ်ကိုကံဆိုင်ကြီးတို့ ရသေ့ကြီး ဦးကျိုင်းတို့ကတော့ ဝိဇ္ဇာစကား နားလည်သဘောပေါက်တော့ ရတာလည်းရှိ၊ မရတာလည်းရှိပေါ့။

"မှတ်ထား ငါ့တူတို့ရဲ့။ ဝိဇ္ဇာမှာ လိပ်စာရှိသလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



''မရှိပါဘူး ဆရာကြီး''

''ဟုတ်တယ်။ ဝိဇ္ဇာကိုလိပ်စာမမေးနဲ့။ လိပ်စာတောင်းရင် အိပ်ရာပြောင်းရော။ ဆရာလေးတို့''

''ဟုတ်ကဲ့ ခင်ဗျာ''

''ဝိဇ္ဇာစကားရော လူတိုင်းနားလည်လား''

''မလည်ပါဘူး ခင်ဗျ''

''ဟုတ်တယ်။ ဝိဇ္ဇာစကားကို ပြိတ္တာများနားမလည်ဘူးတဲ့။ ရင်နာနာနဲ့ပြောတဲ့စကား လူလေးတို့ရဲ့။ ဝိဇ္ဇာမိုရ်ကြီးတွေ ကားစီးလာသလားဟေ့''

''မစီးပါဘူး ခင်ဗျ''

''ဒါဖြင့်ဘာစီးလာတုံး''

''ဆိုက်ကားစီးလာပါတယ် ခင်ဗျ''

''ဝါး ... ဟား ... ဟား ... ဟား။ ဟား ... ဟား ... ဟား''

မှဆိုးစာရေးဆရာကြီး ဦးလေးမောင်ရဲ့ အဖြေကြောင့် ကိုတင်ထွန်းတို့ ဆရာသိန်းဝင်းတို့က အော်ပြီး ရယ်ကြရောဗျာ။

''မှဆိုးကြီး ကောဇောပျံစီးလာတယ် လုပ်ပါဗျ''

''မှဆိုးကြီး အိပ်ငိုက်ပြီး ယောင်ပြောတာနဲ့ တူပါရဲ့''

ဒီမှာ ... ဆရာကြီးမင်းသိဒ္ဓိနောင်က ...

''လူလေးတို့ ... မှဆိုးကြီးဦးလေးမောင်ပြောတာ မှန်တယ်''

''ဗျာ ...''

''ဟုတ်ရဲ့လား ဆရာကြီးခင်ဗျ''

''ဟုတ်တယ်။ မင်းတို့ပုဏ္ဏားတော် ပညာရှိ ဖိုးဇာဂရုအမည်ကြားဖူးလား''

''ကြားဖူးပါတယ် ခင်ဗျ''

မြတ်မင်းဟန်က ခပ်တည်တည်နဲ့ ကြားဖူးတယ်ဝင်လုပ်တယ်။

ဒီလူကြားဖူးတာဆို ဝီစကီ၊ ဘရန်ဒီနဲ့ ဘဲကင်ပဲ ကြားဖူး မြင်ဖူးတာ။ ခု ... သူကကြီးကျယ်လို့ ...။

''ဖိုးဇာဂရုဆိုတာ သာယာဝတီမင်းလက်ထက်က ပုဏ္ဏားပညာရှိပဲကွယ့်။ တစ်ခါမှာတော့ အခါပေးမှားသွားတယ်။ အခါပေးမှားတယ်ဆိုတာ ဘယ်နေ့ဘယ်ရက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန် ဘာကိုဆောင်ပြီး ကြွစည်သော် . . . အောင်မြင်အံ့။ သို့မဟုတ် ပြောင်းလဲအံ့၊ အဲလိုကြိုတင်ပြီး အောင်မြင်ရန်လုပ်ဖို့ အချိန်ခါ နရည်ရွေးပေးတာကို 'အခါ'ပေးတယ်လို့ ခေါ်တယ်။ ပုဏ္ဏားတော်ပညာရှိ ဇာဂရု၊ တစ်ကြိမ်မှာ အခါပေးလွဲမှားသွားလို့ ခြေတစ်ဖက် အဖြတ်ခံရတယ်။

သူ . . . သွားရင် ချိုင်းဒေါက်နဲ့ သွားရတယ်။

သူ့အသက် (၁၀၈) နှစ်ရှိတယ်။ ဒါ . . . နာရေးကြော်ငြာရဲ့ ဖော်ပြချက်ပဲ ရှိသေးတယ်။ သူ့ကိုဓာတ်ပုံရိုက်လို့မရဘူး။ ရိုက်ရင်မထင်ဘူး။ သူခွင့်ပြုရင် ပုံထင်တယ်။ တစ်ခါ အဝတ်အကျီဆို အထည်သုံးလေးထည် ထပ်ဝတ်တာ။ ဝတ်လည်း မကြပ်ဘူး။

သူ . . . မျက်တောင်မခတ်ဘူး။

သူ့တပည့်တွေထံလာရင် ဆိုက်ကားစီးပြီးလာတယ်။

ရန်ကုန်၊ မန္တလေးနဲ့ အခြားထင်ရှားတဲ့မြို့က လူဂုဏ်ထံတွေက ကားအကောင်းစားနဲ့လာကြိုလည်း ကားမစီးဘူး။ ဆိုက္ကားပဲစီးတယ်။ ရွှေလင်းပင် ထီးတော်တင်ပွဲတုန်းက လာသမျှ ပရိတ်သတ်တစ်ထောင်ကျော်ကို ဆန်တစ်တင်းနဲ့ လုံလောက်အောင်၊ စားဝအောင် သူစီရင်ပေးခဲ့တယ်ကွယ့်။

သိဒ္ဓိ ဘယ်မျှမြောက်တယ် ထင်လဲ။

ယောက်ျားသားတွေရဲ့ပေါင်ပေါ်မှာ ဓားအသွားထက်ထက်တင်ပြီး တူနဲ့ထုတာများ လုံးဝသွေးမထွက်စေပါ။ ရှရာဒဏ်ရာ မရှိစေရဘူး။ အဲဒီလို သိဒ္ဓိပြီးမြောက်တဲ့ပုဂ္ဂိုလ်ကွယ့်။

သူ့အသက်ကို မှန်းလို့မရဘူး။ ဇာဂရုပုဏ္ဏားပညာရှိရဲ့ ကြိုဟောပြောချက်တွေ တဘောင်တွေက အလွန်မှန်ကန်တာများတယ်။ ပြီး . . . မင်းတို့သိတဲ့ ဝိဇ္ဇာဓိုရ်အောင်မင်းခေါင် . . .

သူလည်း လိုအပ်ရင်အရှုးလိုနေပြီး နယ်စဉ်လှည့်တာ။

ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါး

ဘုရားကယ်လိမ့်မယ်လို့ လမ်းတကာ ရွာတကာကိုလျှောက်ပြောပြီး ရတနာသုံးပါးမြဲအောင် သတိပေးလေ့ရှိတယ်။

"ဘိုးတော်ဦးစိရော ကြားဖူးလား"

"မကြားဖူးဘူး ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သာသနာပြုရသေ့ကြီး ဦးစီလို့ခေါ်တယ်။ မတ္တရာမြို့နယ် ရွှေတိုင်စုမှာ ချက်မြုပ်ပဲ။ ရဟန်းလည်းဝတ်ဖူးတယ်။ နောင်တော့ ရသေ့ဝတ်ဘဝနဲ့ ဝိဇ္ဇာဓိုရ်အောင် မင်းခေါင်နဲ့ ကချင်တောင်တန်းမှာ တရားကျင့်ခဲ့တဲ့ ရသေ့ကြီးဦးစီပဲ။

အရှုးလိုနေပြီး ရွာဝင် မြို့စဉ်လှည့်တယ်။

ဦးစီကို အရှုးလို့ သမုတ်ကြတယ်။

အဲဒီအရှုးလို့ခေါ်ကြတဲ့ ရသေ့ကြီးဦးစီက လွယ်မောက်တောင်မှာ စေတီတည် ခဲ့တယ်။ နဂါးရုပ်တုတွေရံလို့ပေါ့။

မြူခိုးရစ်မှောင် နဂါးရစ်တောင်လို့ အမည်တွင်ခဲ့တာပေါ့။

ပညာလည်းတော်တယ်။ သူရေးခဲ့တဲ့စာအုပ်တွေဆိုရင် ဆယ်အုပ်ကျော် စာရင်းရှိတယ်။

နောက်ထပ်ပြောရရင် ...

ပုပ္ပားက ဘိုးဝါယမ သူ့ကိုမာဃဝါဇိတ်လို့လည်း ခေါ်ကြတယ်။ ကျော် ပန်းကောင်းသားတဲ့။ သူမွေးဇာတိရေင်ရွာက သူ့ကို အရှုးလို့သတ်မှတ်ထားတယ်တဲ့ ဟေ့။

ဘုရားစာတွေရွတ်ရင်းက သီချင်းအော်ဆို က,ချင်က,တာ။

နောင်တော့ ဘိုးဝါယမ သင်္ကန်းဝတ်နဲ့ဖြစ်လာတယ်။

သင်္ကန်းဝတ်နဲ့နေပြန်တော့လည်း သူ့ကို ဘုန်းကြီးအရှုးခေါ်ကြပြန်ရော ကွယ်။ မခေါ်လို့လည်း ရမလား၊ သူ့လက်မှာ လက်ပတ်နာရီတွေ အလုံးသုံးဆယ် နီးပါး ပတ်ထားတာ။

နာရီတွေက အကောင်းနည်းနည်း၊ အစုတ်များများပဲ။

သို့သော် ... သူများတွေပေးတဲ့ နာရီအစုတ်တွေ သူ့လက်မှာပတ်ထားရင် နာရီက စက်ကောင်းပြီး အချိန်မှန်လို့ကွာ။

လက်စွပ် ... လက်စွပ်ကလည်း လက်ဆယ်ချောင်းမှာအပြည့်။ လက်တစ် ချောင်းမှာ ကြေးလက်စွပ်၊ ငွေလက်စွပ်၊ သံလက်စွပ် သုံးလေးကွင်း ဝတ်ထားတယ်။

လူငယ်တွေက 'သူဌေးဘုန်းကြီး ဘုန်းကြီးသူဌေး'လို့ စကြ၊ နောက်ကြတာ ပေါ့။ ဘိုးဝါယမ ဂရုမစိုက်ပေါင်ကွာ။ သူကလည်း သူ့ရည်ရွယ်ချက်နဲ့ သူရှုးတာပဲ ဥစ္စာ။ သို့သော် ရှုးမှမြတ်နေပါရောဟေ့။ သူက ... မင်းကိုငါမ,စမယ်ပြောပြီး သစ်



www.burmeseclassic.com

www.burmeseclassic.com



ပွန့်သစ်ခက်ပေးမယ်။ ရှိရှိသေသေဆောင်ထား။ အုံ့ညြဖို့က မကြာခင် စီးပွားဖြစ်လာတာပဲ။ မင်းကို ဝက်မမွေးနဲ့၊ နွားမွေးလို့ပြောရင်၊ နွားမွေးလိုက်။ အကျိုးပေးရော။ အကယ်၍ နွားမွေးလို့ပြောရဲ့သားနဲ့ဝက်မွေးရင် ရှိတဲ့စီးပွားပါပြုတ်ပြုတ်ပြုန်းရော။

ရှေ့ဘာဖြစ်မယ်ကို သူကြိုသိတယ်။

သိပေမင့် တဲ့ဒိုးမပြောဘူး။ ပြောသင့်သူကို ရိပ်ဖမ်းသံဖမ်းပဲပြောတယ်။

ရော့ . . . ဒီကျောက်ခဲဆောင်ထား။ ဒီမတ်စေ့ဆောင်ထား၊ ယုံရင်ယူ၊ မယုံရင်မယူနဲ့ပြောတာ။ ဆောင်ထားရင် ထူးခြားရော။

ပုပ္ပားတောင်ကလပ်က ကျောက်တုံးတွေမှာ စမအက္ခရာ စ . ဓ . ဗ . ဝ တွေရေးထားတယ်။ မာဃဝါဇိတ်၊ ဝိဇ္ဇာမာယလို့ ရေးထားတယ်။ အမြင်မတော်ရင် ပေရော။

ဖိုးဝါယမ ရောက်သွားတဲ့ရွာမှာ ပလိပ်ရောဂါဖြစ်ပြီး သေလိုက်တာမှ မနည်းဘူး။ အချို့ မိသားစုတစ်စုလုံးသေတယ်။ အချို့ ရွာလုံးကျွတ် ပလိပ်ရောဂါနဲ့သေတယ်။

ကျင်းတူးပြီးမမြှုပ်နိုင်လို့ စုပေါင်းမြေမြှုပ်သင်္ဂြိုဟ်ရတာရှိတယ်။ သချိုင်းမှာ ပုံခဲ့ပြီး အဝေးပြေးကြတာ ရှိတယ်ကွယ်။

ပလိပ်ရောဂါဖြစ်ပြီဟော့ဆို ဘုန်းကြီးတောင် သရဏဂုံတင်ရင်း ကျောင်းပည်းရောက် သေလည်းသေတာပဲ။ ကူးစက်တာ သိပ်မြန်တယ်။

နှစ်ကျပ်ခွဲဆိုတဲ့ရွာမှာ ပုလိပ်ရောဂါစဖြစ်နေလို့ ရွာထဲလည်း အပြင်လူမဝင်ရဲ။ အထဲလူလည်း အိမ်ပြင်မထွက်ရဲကြ။ အသုဘလိုက်မပို့ရဲကြ ဖြစ်နေတယ်။

ဘိုးဝါယ မရောက်လာတာမြင်ရော၊ ဘိုးဝါယမအကြောင်း သိသူတွေက အဘိုးကယ်ပါလို့ ပြောကြရော။

“ဘာဖြစ်ကြလို့တုံး”

“ပုလိပ်ရောဂါ အဘရဲ့။ သေလိုက်တာမှ တဖြောက်ဖြောက်နဲ့။ ကယ်ပါဦး အဘရယ်”

“ဟိုဘက်ရွာတွေရော ဖြစ်ကြလား”

“ရွာလုံးကျွတ်သေတဲ့ရွာ၊ သေကုန်ပြီ အဘရဲ့”

“အေးအေး . . . မာဃဝါဇိတ်ရောက်လာပြီ၊ အဘရောက်လာပြီ မပူကြနဲ့”

“အဘ သားတို့ ဘာလုပ်ပေးမလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး သမီးတို့ ဘာပစ္စည်းစုပေးရမလဲ"

"သဲသန့်သန့် ရသမျှယူခဲ့ကြဟဲ့ သမီးတို့ရဲ့"

အဲဒါ နှစ်ကျပ်ခွဲရွာသူ ရွာသားတွေ သဲတွေရှာပြီး ဘိုးဝါယမထံ လာပေးကြတယ်။ ဘိုးဝါယမက သူ့သင်္ကန်းထဲ သဲတွေထည့်ထုပ်တယ်။

အဲဒီသဲတွေကို မန်းမှုတ်ပြီး အိမ်စေ့ သဲတွေပစ်ပေါက်ပြီး . . . နဘယံ ဘေးမရှိစေကြနဲ့၊ ဒုက္ခဆင်းရဲ ကင်းကြပါစေ . . .။ မကောင်းတဲ့အပတွေ ခုချက်ချင်း ရွာထဲက ထွက်လို့အော်ပြီးပြောတယ်။ အိမ်စေ့အောင် သဲမန်းနဲ့ လိုက်ပက်တယ်။

ဘိုးဝါယမ သဲမန်းထိတဲ့အိမ်တွေ ဘာပလိပ်ရောဂါမှ မဖြစ်ကြဘူး။ ဘိုးတော်အောင်မင်းခေါင်လည်း အဲလိုပဲ သဲမန်းနဲ့ ပလိပ်ရောဂါရှင်းခဲ့ဖူးတယ်။

ပြောချင်တာက . . .

ဝိဇ္ဇာပုဂ္ဂိုလ်ကြီးတွေ ဝိဇ္ဇာဓိုရ်ကြီးတွေဟာ အထက်ကချတဲ့အမိန့်ကြောင့် အရှုးအဝိဋ္ဌာန်နဲ့ လူ့လောကထဲ လှုပ်ရှားကြရတာပဲ။ အဲဒါ အရှုးကွ။ ဘာကွနဲ့ မဆဲနဲ့။ ခဲနဲ့မပေါက်နဲ့။ အော်ငေါက် မလွှတ်ကြနဲ့။ ဝိဇ္ဇာကျင့် ကျင့်နေသူဖြစ်ရင် ကိုယ့်မှာ အပြစ်ဖြစ်ရော။

အချို့ ဘုန်းကြီးရူး၊ ရသေ့ရူး၊ ယောဂီရူး၊ လူရူးတွေက ရိုးရိုးစိတ်ရောဂါသမားတွေမဟုတ်ဘူး။ ဝိဇ္ဇာကြီးတွေ . . .။ အရှုးတိုင်းတော့ ဝိဇ္ဇာပိုင်းက မဟုတ်ဘူး။

ဝိဇ္ဇာကြီးတွေ၊ လောကီပညာရှင်ကြီးတွေ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးတွေရဲ့ ထူးခြားတဲ့အကြောင်းက ပြောရင်အများကြီး။ ပြောစရာတွေ၊ အားကျလေးစားစရာတွေ ရှိတယ်။

သူတို့ကွယ်လွန်တော့လည်း ထူးဆန်းတာပဲ။

"သိပါရစေ ဆရာကြီးခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားကြကွယ်။ ဒီအကြောင်းတွေကို စာပေပညာရှင်တွေ၊ စာရေးဆရာ သုတေသီတွေလည်း စာထက်အက္ခရာ တင်ထားကြတာရှိပါတယ်။

သုတေသီအားလုံးကို ကျေးဇူးတင်တယ်။

''ရာကျော်ဆရာတော်ကြီးတော့ မောင်တို့ကြားဖူးမှာပေါ့''

''ကြားဖူးပါတယ် ခင်ဗျ။ သက်တော်မည်မျှရှိတယ်လို့ ဘယ်သူမှမသိလို့ ရာကျော်ဆရာတော်ခေါ်ကြတယ်လို့ ပြောကြပါတယ်ခင်ဗျ''

''ဟုတ်တာပေါ့ဗျာ။ ရာကျော်ဆရာတော်ဘုရားကြီးက (၁၃၁၆) ခုနှစ်၊ တပို့တွဲ လပြည့်ကျော် (၉) ရက် ဗုဒ္ဓဟူးနေ့မှာ ပျံလွန်တော်မူတယ်။ ရာကျော်ဆရာတော်ကြီး မြန်မာ–ယိုးဒယားနယ်စပ်မှာ သီတင်းသုံးတော့ ယိုးဒယားဆရာတော်ခေါ်ကြတယ်။ ပြီး ... ရှင်သဒ္ဓမ္မကိတ္တိလို့လည်း ခေါ်တယ်ကွယ့်''

''ဆရာကြီးခင်ဗျာ''

''ပြောပါ ... စာရေးဆရာ''



www.burmeseclassic.com

www.burmeseclassic.com



''ရာကျော်ဆရာတော်ဘုရားကြီးရဲ့ အုတ်ဂူဖောက်ထွင်းခံရတယ်ဆိုတာ ဟုတ်ပါသလား ခင်ဗျ''

''ဒီလိုပါကွယ်။ ရာကျော်ဆရာတော်ကြီးကို အထူးသီးသန့်ပြုလုပ်ထားတဲ့ ခေါင်းကြီးထဲမှာ အလောင်းတော်ကိုထည့်သွင်းတယ်။ သည့်နောက် ရှေးပထမ်ကျမ်းများအတိုင်း နောက်တစ်ဘဝ သက်တော်ဆက်မည့် ဆေးအစီအရင် ဆေးပြား ဓာတ်ပြားတွေလည်း တစ်ပါတည်း ထည့်လိုက်တယ်။ ပြီး ... ဆရာတော်ကြီးရဲ့ တန်ဖိုးကြီးမားတဲ့ ဝိဇ္ဇာပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်းဆိုင်ရာ ပစ္စည်းတွေ၊ အလောင်းတော်ရုပ်ကလာပ်နဲ့ အတူ ထည့်သွင်းလိုက်တယ်။

ဒီလိုထူးခြားတဲ့ အစီအရင်၊ အစီအမံတွေနဲ့ ဂူသွင်းသဂြိုဟ်ထားတဲ့အကြောင်း ရာကျော်ဆရာတော်ကြီးကို ကြည်ညိုတဲ့ဆရာတော်တစ်ပါးက ဈာပနာပွဲမှာ အမှတ်မဲ့ ပြောကြားတယ်ကွယ့်။

ဒီမှာ ရာကျော်ဆရာတော်ကြီးရဲ့ သိဒ္ဓိ မဟိဒ္ဓိတွေကို စိတ်ဝင်စားလွန်းလို့ အကွက်ချောင်းနေတဲ့ လူမသမာတွေက တစ်လမပြည့်ခင် အုတ်ဂူကိုဖောက်ထွင်း

အလောင်း သံသေတ္တာကိုခိုးကြတယ်။ သို့သော် ... အခေါင်းကိုဖြိုဖွင့်ရတယ်။ ဆရာတော်ကြီးရဲ့အခေါင်းက သစ်သားတစ်ထပ်အခေါင်း။ အတွင်းက သံ သေတ္တာခေါင်းကွယ့်၊ သံမဏိသေတ္တာခေါင်းဖြစ်တော့ သော့တွေက အထူးစပါယ်ရှယ် သော့တွေနဲ့ခတ်ထားတာ။

ဘယ်သူမှဖွင့်လို့မရဘူး။ (၉)ရက်ကြာတော့မှ သံမဏိသေတ္တာခေါင်းကို ပြန်ရှာတွေ့ခဲ့ကြတယ်တဲ့။

''ဘာလို့ ဂူကိုဖောက်ရတာလဲ ဆရာကြီးရယ်''

''အလောင်းတော်နဲ့အတူ သိဒ္ဓိဝင်ပစ္စည်းတွေ၊ ဓာတ်ပြား၊ ဆေးပြားတွေ လိုချင်လို့ တာကိုး။ ဝိဇ္ဇာခရ ဆေးပြား၊ ဓာတ်ပြားဆိုတာ လူတိုင်းမရနိုင်ဘူး။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေမှရတာ။ ဒီပြာကို ပျားရည်နဲ့ အညွှန်းအတိုင်းစားရင် အသက်ရှည်တယ်။ ရာကျော်ဆရာတော်ကြီး အသက်ရှည်တာ ကြည့်လေ။ ဘယ်သူမှ အတိအကျ မသိနိုင်ဘူး။ ခန့်မှန်းအသက် (၂၇၀) နှစ်ခန့် ရှိမယ်လို့ ပထမံသချာနည်းနဲ့ တွက်ချက်ကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာလို့ အဲဒီနည်းနဲ့တွက်ရတာလဲ ဆရာကြီး''

''ဘာလို့ အဲဒီနည်းနဲ့တွက်ယူရသလဲဆိုတော့ အမရပူရခေတ်မှာ စိုးစံတဲ့ ဘိုးတော်ဦးပိုင်းရယ်၊ ဘိုးဘိုးအောင်ဖြစ်လာမယ့် မောင်အောင်ရယ်၊ ရဟန်းတစ်ပါး ပျံတဲ့ ရှင်သဒ္ဓမ္မကိတ္တိတို့ဟာ နွမ်းပါးစဉ်က အတူနေကြတဲ့ သူငယ်ချင်းတဲ့၊ ဒီအကြောင်း ကို ရာကျော်ဆရာတော်က ဝိဇ္ဇာမိုရ်ရှိအောင်မင်းခေါင်ကို ပြောပြတာတဲ့။ စဉ်းစားလေ။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်စာရင်းဝင်တွေလေ။ အသက်ကိုဆန့်ရာမှာ သီလသမာဓိအားရှိ တယ်။ လောကီဓာတ်ပြာ၊ ဆေးပြာရဲ့ သိဒ္ဓိအစွမ်းတွေရှိတယ်။ ဒီလောကီဆေးတွေ ကို အလောင်းတော်နဲ့ ထည့်ပေးတာကိုသိတော့ လိုချင်လောဘနဲ့ ဖောက်ကြတာ ပေါ့။ ဝိဇ္ဇာရဲ့ပစ္စည်းကို ပြိတ္တာတွေ ဘယ်နိုးယူလို့ရမလဲ သားတို့ရယ် ...''



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ရာကျော်ဆရာတော်ဘုရားကြီးအကြောင်း သိရှိသူများ၏ ပြောကြားချက်နှင့် ...

ဆရာကျော်စံလင်း ပြုစုသော သိဒ္ဓိမဟိဒ္ဓိပုဂ္ဂိုလ်ထူးများစာအုပ်၊ ဆရာကြီး ဦးဖေခင်၊ ဆရာမောင်ပန်းမွှေး၊ ဆရာကြီးဦးပေါ်ဦး စသည့်စာပေပညာရှင်များ ...။

ဆရာစကြာကောင်းစံ သူရဇ္ဇမဂ္ဂဇင်းမှ ဆရာအေးလွင် (ကသာ)ရဲ့ ဆောင်းပါး များနဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ အစ်ကိုကံဆိုင်ကြီးပေးခဲ့သော ပုဂ္ဂိုလ်ထူးများဆိုင်ရာ စာအုပ်များဖတ်မိတော့မှ ... ရှင်၊ လူဝိဇ္ဇာမိုရ်ရကြီးများ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးများ ရဲ့အကြောင်းကို အံ့ဖွယ်သိခဲ့ရတယ် ခင်ဗျာ။

ဒါကြောင့် စာပေပညာရှင်များ။

သုတေသီများ၊ အတွေ့အကြုံများကို ပြန်လည်ပြောပြချက်များကြောင့် ... ကျွန်တော်စိတ်ဝင်စားနေတဲ့ ဝိဇ္ဇာကြီးတွေ၊ ဝိဇ္ဇာမိုရ်ရကြီးတွေ၊ သိဒ္ဓိမဟိဒ္ဓိ ပုဂ္ဂိုလ်ကြီး တွေအကြောင်း မှတ်သားလေးစားဖွယ် သိခဲ့ရတယ်။

ဘိုးတော်အောင်မင်းခေါင်အကြောင်းကိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်လားကြီး"အမည်နဲ့ ရသဝတ္ထုအဖြစ် ရေးသားခဲ့ပြီးပါပြီ။ ကျွန်တော့်
ဇာတ်ကိုဝမ်းကွဲ ဝိဇ္ဇာနဲ့တွေ့ပြီးမှ ကံခေရတဲ့အကြောင်းပြောဖို့အတွက် ...

ပုဂ္ဂိုလ်ထူးကြီးတွေရဲ့ အံ့ဖွယ်အကြောင်းကို ပြန်လည်ရေးသား ပူဇော်ဖြစ်နေ
ကာသိုလ်ပြုရတာပါ။

ကျေးဇူးတော်ရှင် ရာကျော်ဆရာတော်ကြီးသည် အင်္ဂရတ်ပညာလည်း ကျွမ်း
ကျင်တယ်။ ပေါက်မြောက်အောင်မြင်တဲ့ ဓာတ်လုံးပါ ရရှိပြီးနောက် ဝိပဿနာပိုင်း
ဆက်လက်အားထုတ်ခဲ့တယ်တဲ့။

ထူးဆန်းချက်တစ်ခုမှာတော့ ...

ရာကျော်ဆရာတော်ကြီးမှာ သက်န်းသားနဲ့ချုပ်ထားတဲ့ လွယ်အိတ်
အဟောင်းလေးတစ်ခုရှိတယ်။ ဒီလွယ်အိတ်ထဲကို ရာကျော်ဆရာတော်ကြီး လက်နဲ့
နှိုက်လိုက်ရင် လိုအပ်တဲ့ပစ္စည်း ထွက်လာတာပဲတဲ့။

ဒီလွယ်အိတ်ထဲနှိုက်ပြီး ဟိုတုန်းက ငွေဆယ်တန်တွေကိုကြတာ။ အဲဒီတုန်း
က ရှင်ကိုတ္တိတဲ့။ ဘိုးဘိုးအောင်၊ ဘိုးတော်ဦးပိုင်းတို့နဲ့အတူနေခဲ့တဲ့ ရှင်ကိုတ္တိပေါ့။

သက်န်းလွယ်အိတ်က ဘယ်လောက်မှကြီးတာမဟုတ်။

သို့သော် ... နှိုက်လိုက်တိုင်း ငွေစက္ကူတစ်ဆယ်တန်တွေ ထွက်လာတာ၊
ကြဲတာ ကုန်ကို မကုန်နိုင်ဘူး။ တပည့်တွေက တွေးကြတာပေါ့။ ဆရာတော်ကြီး
လွယ်အိတ်ထဲမှာ ငွေစက္ကူတွေအများကြီးရှိမယ်။ ငါတို့ မုန့်ဖိုးနှိုက်ယူမယ်ဆိုပြီး
ဆရာတော်ကြီးမရှိတုန်း လွယ်အိတ်ထဲ နှိုက်ကြတယ်။ ပိုက်ဆံနဲ့တူတာ ကျပ်တန်
တစ်ရွက်တောင် မတွေ့ရဘူးတဲ့။

ပြီး ... ဘိုးပီယ ကွယ်လွန်ပုံကိုကြည့်ဦးဗျာ။

ဘိုးတော်ပီယက မျက်စိမမြင်ရှာဘူးဗျ။

ပုပ္ပားကို ဂန္ဓာရီထွက်ရင်း၊ ကျင့်ရင်းက မျက်စိကွယ်ခဲ့တာ။ ထူးခြားတာ
က ဘိုးတော်ပီယက အရက်သောက်တယ်၊ သူသောက်တဲ့အရက် ချက်ချင်း ရေဖြစ်သွား
တယ်။ ပြောပုံအရဆို အရက်ကို မောင်းထောင်ချိုင့်နဲ့ ထည့်သောက်တာတဲ့ဗျာ။

ဘိုးတော်တစ်ပါး အရက်သောက်တာ ဘယ်လိုလူက လိုလားနှစ်သက်မှာ
လည်းဗျာ။ သို့သော် ဘိုးတော်ပီယလက်ထဲရောက်ရင် ဘာအရက်ဖြစ်ဖြစ်ဗျာ တော



www.burmeseclassic.com

www.burmeseclassic.com



အရက်၊ ဘီအီး၊ နိုင်ငံခြားအရက် ကြိုက်တဲ့အရက်သာပေးလိုက် သူ့လက်ထဲရောက်ရင် ရေဖြစ်သွားတာပဲ။

မယုံလို့ အဘပီယသောက်တဲ့အရက်ကို တပည့်ခံတောင်းသောက်ကြည့်တာ ရေစစ်စစ်ဖြစ်နေတာ အံ့ဖွယ်ကြုံကြတယ်။

သူက လူနာကို ဆေးတိုက်ပြီးမကုဘူး။

လူနာကို စိတ်နဲ့စိုက်ကြည့်ပြီး ပျောက်ပါစေလို့ ပြောလိုက်တာ။ ရောဂါပျောက်တာပဲ။

ဘိုးတော်ပီယကို မဟိဒ္ဓိပုဂ္ဂိုလ်လို့ ဆိုကြတယ်ခင်ဗျ။ ပုပ္ပားနဲ့ ဒေးစွန်ပါမှာ ပျံတယ်လို့ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဘိုးပီယပါပဲဗျာ။ သူက ကျောက်ပန်းတောင်းသားခင်ဗျ။

အရက်ကိုရေဖြစ်စေတဲ့ ဘိုးပီယ ထွက်မယ်တဲ့၊ အသေထွက်လား၊ အရှင်ထွက်လား၊ အားလုံးကြွစိတ်ဝင်စားကြပေါ့။

ဒေးစွန်ပါတောင်မှာ ထွက်မယ်တဲ့။

လာလိုက်ကြတဲ့တပည့်တွေ၊ အုတ်အုတ်ကျက်ကျက်နဲ့။

သို့သော် . . . မန္တလေးမှာ ခန္ဓာဝန်ချတယ်။ ဘိုးပီယကို သူအမြဲဆောင်ထားတဲ့ကလာသယ ဆေးလွယ်အိတ်ကြီးနဲ့အတူ မန္တလေး အုတ်စက်သချိုင်းမှာ ဂူသွင်းမြှုပ်နှံကြတယ်။

တစ်လကြာတော့ ဂူအဖောက်ခံရတယ်။

ထူးခြားတာက ထည့်ပေးလိုက်တဲ့ ဘိုးပီယရဲ့ သိဒ္ဓိဝင်ဆေးလွယ်အိတ်မရှိတော့ဘူး။ အချို့လူတွေ အတော်ခက်တယ်ဗျာ။ ကိုယ့်တာသာလည်း ဖြစ်မြောက်အောင် မကျင့်ကြဘူး။ ဖြစ်မြောက်သွားတဲ့ ပုဂ္ဂိုလ်ထူး ကွယ်လွန်ရင် ဂူဖောက်ပြီး ပုဂ္ဂိုလ်ထူးရဲ့ ပစ္စည်းကို ရှာကြ၊ ယူကြတယ်။

ရရောရလို့လားဗျာ။ ရတယ်ရယ်လို့ မကြားဖူးဘူး။

ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်ကြီးတွေ၊ ဝိဇ္ဇာကြီးတွေကရော ဂူဖောက်ယူတာကို သိမြင်အောင် စောင့်ရှောက်ကြလို့လားဗျာ။ ဒီလိုနဲ့ ပုဂ္ဂိုလ်ထူးတွေရဲ့ ဂူအဖောက်ခံရတယ်။ သေတဲ့လူရဲ့နားထင်ကိုခွဲပြီး ဓာတ်လုံးရှာကြတယ်။ ရဟန္တာလို့အမည်ကျော်တဲ့ အရှင်မြတ်တစ်ပါး ပျံလွန်တော်မူလို့ ဂူသွင်းသဂြိုဟ်ကြတယ်။

သိပ်မကြာဘူး၊ အုတ်ဂူအဖောက်ခံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့တိုင် ရုပ်အလောင်းတော်ခေါင်း ဘယ်ရောက်သွားမှန်း မသိရ။ ဘာလုပ်ဖို့ အလောင်းတော်ယူသွားမှန်း မသိ။

ရတဲ့လူတွေ သိဒ္ဓိမြောက်ကြပြီလား။

အရှင်သူမြတ်ကြီးတို့ရော နှလုံးစိတ်ဝမ်း အေးချမ်းကြပါမည်လား။ ထွက်ရပ်ပေါက်ဝိဇ္ဇာကြီးတွေကရော ခွင့်လွှတ်ပါမည်လား။ အဘဘိုးပီယကတော့ ခန္ဓာမပြောင်းခင် မှာခဲ့တယ်။

(အရဟံ)ကိုလည်း ထုံအောင်ရွတ်စမ်းပါတဲ့။

ငါလည်း ・・・ (အရဟံ)တစ်လုံးပဲ ထုံအောင်စိပ်ပြီး ဂန္ဓာရီလှည့်နေတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com

# ၂၇

ပုဂ္ဂိုလ်ထူးတွေ ခန္ဓာပြောင်းပုံက အလွန်ထူးဆန်းတယ်ဗျာ။ ကျွန်တော် [illegible] ကြားနာခဲ့ရတဲ့ စစ်ကွင်းဆရာတော် ခန္ဓာဝန်ချပုံက . . . အံ့ဩစရာပဲ . . .။

စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသနဲ့ အောင်းပေါက်ဆရာတော်အကြော[illegible] အသေးစိပ်ရေးရင် လုံးချင်းတစ်အုပ်စာမကရှိနိုင်မယ်တဲ့။

စစ်ကွင်းဆရာတော်ရဲ့ 'အင်း' စွမ်းပုံကို ရေးရင်လည်း 'အင်း'နောက်[illegible] ကုန်မှာစိုးရတယ်လို့ ဆိုကြရဲ့။ အင်းတွေရဲ့ အစွမ်းတွေက နည်းမှမနည်းပဲ။ [illegible] တွေရဲ့ သိဒ္ဓိကို စစ်ကွင်းဆရာတော်က ထိုက်ထိုက်တန်တန် နားလည်တာ။

ကွယ်လွန်သူ အာဇာနည်ခေါင်းဆောင်များထဲက ဝန်ကြီး ဒီးဒုတ်ဦး[illegible] ကို သူအန္တရာယ်ကင်းစေတဲ့ 'ထိပ်အုပ်အင်း'ကို စီရင်ပေးခဲ့တယ်ဆိုပဲ။

ဒီးဒုတ်ဦးဘချိုကလည်း စစ်ကွင်းဆရာတော်ရဲ့ ပညာအစွမ်းတွေကို ယုံ[illegible] တယ်။ ဆရာတော်စီရင်ပေးတဲ့ ထိပ်အုပ်အင်းကို သူ့မောင့်ကျက်သရေခေါင်း[illegible] ထဲမှာထည့်ထားပြီး ဆောင်းလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘချို ကွယ်လွန်တဲ့နေ့မှာ ထိပ်အုပ်အင်းပါတဲ့ ခေါင်းပေါင်းကို မဆောင်းပဲ အခြားခေါင်းပေါင်းကို ဆောင်းခဲ့မိတယ်။

ဇူလိုင် (၁၉) ရက်နေ့မှာတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ လူမသာမာတွေ လက်ချက်နဲ့ ကွယ်လွန်ခဲ့ရတယ်။ အကယ်၍သာ စစ်ကွင်းဆရာတော်စီရင်ပေးတဲ့ ထိပ်အုပ်အင်းပါ ခေါင်းပေါင်းကို ခါတိုင်းလိုပဲ ခေါင်းပေါင်းခဲ့မယ်ဆိုရင် ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်မယ်လို့ ယူဆရမှာပဲဗျာ။

စစ်ကွင်းဆရာတော် ခန္ဓာပြောင်းဖို့ ဖန်လာခဲ့ပြီ။

တစ်နေ့ ... ဆရာတော် ဦးဝိလာသ စစ်ကွင်းဆရာတော်ထံ ကြွလာတယ်။ စစ်ကွင်းဆရာတော်က နေရာထိုင်ခင်းပေးပြီးနောက် လျှောက်ထားတယ်။

"အရှင်ဘုရား။ အကြောင်းထူးများရှိလို့ပါလား ဘုရား"

ဒီမှာ ဆရာတော်ဝိလာသက ...

"မောင်စန္ဒော့ရဲ့ဆရာ ဦးက္ကန္ဒာသဖက မှာလိုက်တယ်ကွယ့်"

"ဘယ်လိုများ မှာလိုက်သည်လဲ ဘုရား"

ဆရာတော်ဝိလာသ မျက်နှာသိပ်မကောင်းရှာဘူး။ သို့သော် ပြောရတာပဲ။

"မောင်စန္ဒော ထွက်ရပ်လမ်းမြန်းဖို့ အချိန်ကျပြီတဲ့"

"မှန်ပါ။ အချိန်ကျပြီတဲ့လား ဘုရား"

စစ်ကွင်းဆရာတော်ရဲ့ ဆရာရင်း ဦးက္ကန္ဒာသဖက ပထမံ လောကီဝိဇ္ဇာရေ ပညာရှင်လေ။ ပထမံဂိုဏ်းတော်ရဲ့ ပညာပိုင်းဦးဆောင်အဖွဲ့မှာ ထိပ်ပိုင်းက ရပ်တည်နေတဲ့ ဆရာအရှင်"

ဆရာလုပ်သူက မှာတာဆိုတော့ ရှိသေစွာနာယူတယ်။

"မောင်စန္ဒော ထွက်ရပ်လမ်းကို မြန်းရတော့မှာမို့ 'ထွက်စမ' လာယူပါလို့ မှာလိုက်တယ်"

"မှန်ပါဘုရား။ အမြန်လာယူပါ့မယ် ဘုရား"

ဆရာတော် ဦးဝိလာသဖ ပြန်ကြွပြီး မကြာခင်မှာပဲ ပုပ္ပားမှာသီတင်းသုံးနေတဲ့ မကျွေးဖူးတော်ရှင် ဆရာသခင် အရှင်က္ကန္ဒာသဖထံ အရောက်သွားခဲ့လိုက်တယ်။

"မောင်စန္ဒော ရောက်လာပြီလား"

"မှန်ပါ့ ရောက်ရှိပါပြီ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တန်ပြီ တပည့်"

"မှန်ပါ . . . သဘောပေါက်ပါတယ် အရှင်ဘုရား"

"ရော့ . . . ဒါထွက်စမပဲ။ ပထမံဂိုဏ်းတော်ရဲ့ အကျိုး ငါတပည့် အများကို ဆောင်ခဲ့ပြီးပြီ။ လူသတ္တဝါတွေရဲ့အကျိုးလည်း ကူညီစောင့်ရှောက်ခဲ့ပြီးပြီ။ အနာဂတ် ဘဝအတွက် ကျင့်စဉ်ကျင့်ရပ်တွေလည်း အဆင့်မြင့်ခဲ့ပါပြီ။ ထွက်ရပ်လမ်းဆိုတာ တပည့်တို့လောကီကိစ္စထဲမှာ မနစ်မွန်းစေချင်လို့ ပို၍သန့်စင်လေးနက်တဲ့ ဘဝသစ် ကို ပြောင်းကူးစေတာပဲ . . ."

"မှန်ပါ . . .။ ရိုသေစွာလိုက်နာပါ့မည် ဘုရား"

"ရှေးရှေးက ပုဂ္ဂိုလ်တွေ ဝိဇ္ဇာကြီးတွေလည်း အချိန်တန်ရင် ထွက်ရပ်လမ်း ကို မြန်းကြရတယ်။ အလေးအနက်ပြုရန်အဆင့်ကို ရောက်ကြရတာပဲ တပည့်"

"မှန်ပါ။ နောက်ဆုံးအနေဖြင့် တပည့်တော် ဆရာအရှင်ကို ရိုသေစွာ ရှိခိုး ကန်တော့ခဲ့ပါတယ် ဘုရား"

"သာဓု . . . သာဓု . . . သာဓု"

ဆရာအရှင် ဦးကုန္တာသဖကို ရိုသေစွာရှိခိုးကန်တော့ပြီး ထွက်စမကို ယူလို့ ရန်ကုန်ရွှေတိဂုံဘုရား သိတင်းသုံးရာကျောင်းကို ပြန်ရောက်လာတယ်။

တပည့်တွေ၊ ရှင်ရဟန်းတွေကလည်း စစ်ကွင်းဆရာတော် ပုပ္ပားကို ရှတ် တရက်ကြွသွားလို့ ဘာများအရေးပါလိမ့်လို့ စော့်မျှော်နေကြတာ။ ဆရာတော်ပြန် ရောက်လာတော့ ဝမ်းသာကြတာပေါ့။

အဲဒီနေ့က . . .

၅၊ ၁၀၊ ၁၉၆၄ ရက်နေ့ ည . . . (၇) နာရီအကျော် . . .။

သိတင်းသုံးနေကျ ကုလားထိုင်မှာ တည်ငြိမ်စွာထိုင်ပြီး . . . တပည့်တွေမျက် မှောက်မှာပဲ . . .

ဆရာသခင်ချီးမြှင့်လိုက်တဲ့ 'ထွက်စမ'ကို ကြေးဖလားထဲ ရေနဲ့ဖျော်လိုက် တယ်။

တပည့်ရဟန်းတွေ၊ တပည့်ဒကာတွေကို စကားလည်း သိပ်မပြော၊ မျက်နှာ လည်း တည်ငြိမ်လွန်းပြီး မည်သူမှ မခိုင်းစေဘဲ မိမိဖာသာ ကြေးဖလားတစ်လုံးကို မော့ သောက်နေတဲ့ ဆရာတော်ကို ငေးကြည့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဆရာတော် စကားနည်းလှချည်လား။

ပုပ္ပားကပြန်လာပြီးကတည်းက စကားနည်းသွားခဲ့တာ။

စမအကြောင်း၊ အင်းအကြောင်း၊ မပြောတော့ပါလား။

ဝိဇ္ဇာဓရပညာ၊ လောကီဂမ္ဘီရပညာတွေရဲ့ ဆန်းကြယ်ပုံတွေအကြောင်း ခါတိုင်းလို သွန်သင်ပြောပြခြင်းမရှိဘဲ နှုတ်ဆိတ်လှချည်လား။ အားလုံးသောတပည့်တွေ စစ်ကွင်းဆရာတော်ကို ဝိုင်းအကဲခတ်ကြည့်နေကြတယ်။

ဆရာတော်ဘုရား ... နေမကောင်းလို့ပါလားဘုရားလို့ မမေးရဲကြဘူး။ ဒီမှာ စစ်ကွင်းဆရာတော်က တပည့်တွေကို ကြည့်ပြီး ...

"တပည့်တို့ ..."

"ဘုရား ..."

"ငါသည် လောကီပညာ၊ ဝိဇ္ဇာဓရပညာ၊ သမထပညာ စသည့် ဝိဇ္ဇာတို့နှင့် ဆက်စပ်သောပညာ။ လောကီ လောကုတ္တရာပညာတို့ဖြင့် တပည့်သားမြေးတို့အကျိုး ပညာဂုဏ်ရည်တို့နဲ့ ကြည့်ရှုစောင့်ရှောက်ခဲ့ပြီးပါပြီ။ အခု ငါသည် .. ထွက်ရပ်လမ်းသို့ ကြွတော့မယ်။ ဝမ်းမနည်းကြနဲ့။ မငိုကြပါနဲ့။ ဆရာတို့ရှေ့က ရှင်မထီးအပါအဝင် ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ ... ဝိဇ္ဇာ အစရှိတဲ့ ဝိဇ္ဇာကြီးတွေလည်း အချိန်တန်ရင် ထွက်ရပ်လမ်းကိုမြန်းကြတယ်။ အဝေးကနေ လူသားတွေရဲ့ကောင်းကျိုးကို စောင့်ရှောက်ကယ်မကြတယ်။ လူ့ဘဝဆိုတာ တွေ့၊ ဆုံ၊ ကြုံ၊ ကွဲပါပဲ တပည့်တို့။ မင်းတို့ တပည့်များအပေါ် ဆရာလိုအပ်ခဲ့တာရှိခဲ့ရင် ဆရာ့ကို နားလည်ပေးကြပါ။ တပည့်တို့ ပထမံဂိုဏ်းတော်ကြီး အကျိုးလည်း ဆောင်ရွက်နိုင်ပါစေ။ ဘာသာ၊ သာသနာ၊ အကျိုးလည်း ဆောင်ရွက်နိုင်ကြပါစေ ...။ လူအချင်းချင်းနဲ့ သတ္တဝါတို့အပေါ်မှာလည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့နှင့် ငြိမ်းချမ်းစွာ မျှဝေ၊ ပေးဝေနေထိုင်ပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာကြပါစေ။ ဆရာကောင်းတပည့်များအဖြစ် ပန်းကောင်းပန်နိုင်ကြပါစေ ..."

"သာဓု ... သာဓု ... သာဓု ဘုရား ..."

တပည့်အပေါင်းတို့ဟာ ဆရာအရှင်ရဲ့နှုတ်တော်က ယခုလို ဖွင့်ဟပြောပြတာ ကြားရတော့ ရင်ထဲမှာ လှိုက်ခနဲ ဆို့နင့်သလို ဖြစ်သွားခဲ့ကြတယ်။ ဘို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာသခင် ထွက်ရပ်လမ်းကိုမြန်းတာသည် မြင့်မြတ်သော အလုပ်စခန်း ဖြစ်တာပါ လားလို့ အသိရပြီး မျက်ရည်စို့စို့၊ ရင်ညို့ညို့နှင့် သာဓုခေါ်လိုက်ကြတယ်။

သူတို့ ဆရာအရှင်ကိုကန်တော့ပြီး ဦးခေါင်းတွေ ပြိုင်တူမော့လိုက်ချိန်မှာ ...

ပထမံ ဝိဇ္ဇာဓရ စစ်ကွင်းဆရာတော် အရှင်စန္ဒောဘာသ ရေနဲ့ဖျော်ထားတဲ့ 'ထွက်စမ'အင်းကို တည်တည်ငြိမ်ငြိမ် သောက်ချလိုက်တယ်။

တပည့်တွေက အသက်မျှ မရှူဝံ့တဲ့ ရင်တထိတ်ထိတ်နဲ့ ကြည့်နေကြတယ်။ အချို့က ပါးပြင်ပေါ်ကို မျက်ရည်တွေစီးကျလို့၊ လူကြီးယောကျ်ားသားတွေက မျက်လွှာကိုချပြီး ရင်ဖိုနေကြ။

အားလုံးကြည့်နေစဉ်မှာပဲ ...

ပထမံ ဝိဇ္ဇာဓရ စစ်ကွင်းဆရာတော်ကြီး ကုလားထိုင်ပေါ်မှာ ထိုင်လျှက် ရှိလျှက်နဲ့ ငြိမ်သက်သွားခဲ့တယ်။

''အမယ်လေး ... ဆရာတော်ဘုရားရဲ့ ဟီး''

''တပည့်တော်မတို့ကို ပစ်ထားခဲ့ပြီလား ဘုရား''

''ဘာဘုန်းဘုရား ... ဟီး ... ဟီး''

ကျောင်းခန်းထဲမှာ ဟစ်အော်ငိုသံတွေ စီညံသွားတယ်။ ငိုကြပါစေလေ။ သူတို့ လေးစားအားကိုးရတဲ့ ကျေးဇူးသခင် ဆရာအရှင် မျက်စိရှေ့တွင် ခန္ဓာတစ်ပါးကို သိမ်းတာ မြင်ကြရတော့ ကြေကွဲဝမ်းနည်းစွာ ငိုကြပြီပေါ့။

သူတို့ တပည့်အားလုံးတို့သည် ဆရာအရှင်ကို မျက်ရည်စို့ရွှဲ ရှိုက်သံသည်းသည်းနဲ့ ထပ်မံရှိခိုးကန်တော့လိုက်ကြတယ်။

သူတို့ရဲ့ ဆယ်ချောင်းသောလက်တွေမှာ မျက်ရည်တွေစိုရွှဲကြလို့ ...။



www.burmeseclassic.com

www.burmeseclassic.com

# ၂၈

ပညာလောကရဲ့ ဆန်းပြားပုံ ဝိဇ္ဇာလောကရဲ့ အံ့ဩစရာကောင်းပုံတွေဟာ ပြောရင် ယုံနိုင်စရာမရှိဘူးဗျာ။

ကုသိနာသယ မဟာဗိဒ္ဓိစေတီဂိုဏ်းတော်ကြီးရဲ့ စေတစ်လုံးရှင် ဘိုးတော်ပွင့်ကြီး မန္တာဝန်ချထွက်ရပ်လမ်းမြန်းပြီးနောက် ဘိုးတော်ပွင့်ရဲ့ ရုပ်ကလပ်တော်အား ရန်ကုန်ကနေ 'ပန်းတိမ်တောင်'ကို သယ်ယူပုံဆိုရင် အံ့ဩစရာတွေနဲ့ပဲ။

(၄၅) ရက်ပြည့်တော့ ဘိုးတော်ပွင့် ရုပ်ခန္ဓာထည့်ထားတဲ့ ခေါင်းသေတ္တာကို ဖွင့်ကြည့်လိုက်ရော ခေါင်းထဲမှာ အပိုထည့်ပေးလိုက်တဲ့ ပုဆိုးတစ်ထည်ပဲရှိတော့တယ်။ ရုပ်ခန္ဓာမရှိတော့ဘူး။

ဘိုးတော်ပွင့်ရဲ့ ခေါင်းအနီးမှာ တပည့်ရင်းတွေ (၄၅) ရက် အစာမစားမသောက်ပဲ စောင့်ရှောက်ကြည့်နေတာတဲ့။

ကျွန်တော့်ရဲ့ယောက္ခမ ဆရာကြီးဦးတင်မောင်က ဘိုးတော်ပွင့်ကြီးရဲ့တပည့်တစ်ဦးပါ။ ကုသိနာသယစေတီဂိုဏ်းတော်ရဲ့ ဆရာတစ်ဦးလည်း ဖြစ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အဖေဆရာကြီး ဦးတင်မောင် (ဝင်း)သန်လျင်ပြောပြလို့ အဖေကြီးဘိုးတော်ပွင့်ရဲ့ ပညာခန်းအကြောင်းတွေလည်း သိရတယ်။

အဖေဆရာကြီးဦးတင်မောင် (ဝင်း)ရဲ့ စေတိယကျောင်းတော်ကြီးထုံးစံ ရေစင်ရေမန်းနဲ့ ကုသခဲ့တဲ့ ပယောဂရှင်းတမ်းတွေအကြောင်း ကျွန်တော် မျက်မြင်ကိုယ်တွေ့ သိခဲ့ရတာ အများကြီးပါပဲဗျာ။

ဒါကြောင့် . . .

ဘိုးတော်ပြူး၊ ဘိုးတော်အေး၊ ဘိုးတော်ပွင့်စတဲ့ သိဒ္ဓိမဟိဒ္ဓိပုဂ္ဂိုလ်ထူးများ အကြောင်းကို အဖေဆရာကြီးရဲ့ကျေးဇူးကြောင့် ပိုသိခဲ့ရတယ်။

ဒါနဲ့အတူ အဖေနွဲ့၊ အဖေရှင်၊ အဖေလှုတို့အကြောင်း အဖေကြီးဦးအောင်မျိုးသာအကြောင်း အဘရာကျော်ဆရာတော်တို့ ထူးခြားဆန်းကြယ်ဘဝတွေကို သိရှိကြားနာခဲ့ရတယ်။

အဖေဆရာကြီး ဦးတင်မောင်(ဝင်း) ရှာစဉ်လိုက်ပြီး၊ ပညာပြန့်ပွားရေး ကိုယ်ပယောဂကုသရေးကိစ္စတွေမှာပါ ပါဝင်ကူညီခဲ့ဖူးတော့ ဂိုဏ်းတော်ကြီးရဲ့ ပညာအာနိသင် စက်သည် သီလလုံရင် သီလသမာဓိအားကောင်းရင် ကောင်းသလို စွမ်းအင်သိသိပြောင်မြောက်တာကို လက်တွေ့မြင်ခဲ့ရတယ်။

ဒါကြောင့် . . . ကျွန်တော် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတွေရေးတော့ ကြုံခဲ့ကြားခဲ့၊ သင်ယူခဲ့၊ လေ့လာခဲ့တာတွေကို ပြန်ပြီးရသပါအောင် ရေးဖွဲ့ရပါတယ်။

ဒါနဲ့အတူ အကြောင်းသင့်စွာ ကြုံခဲ့ရပါလျှက် အင်းဝိဇ္ဇာပုဂ္ဂိုလ်ကြီးနဲ့တွေ့ကြုံ အရှုံးအမှတ်နဲ့ မခန့်လေးစားလုပ်ခဲ့မိလို့ လွဲချက်ကံခေရပုံကို စဉ်းစားရင် ယနေ့ထိ ငါအသုံးမကျတဲ့ကောင်ပါလားလို့ ပြန်ဝေဖန်မိတယ်ဗျာ။

အဲဒီအချိန်တုန်းက ကျွန်တော့်ရဲ့အဖေဆရာကြီး ဦးတင်မောင်(ဝင်း)လည်း ကွယ်လွန်သွားပြီဆိုတော့ ဆရာနဲ့ဝေးလေ လူကတုံးလာလေ ဖြစ်တာပေါ့။

ဟော . . . အခု ကျွန်တော် အင်းဝိဇ္ဇာကြီးနဲ့ တွေ့ဆုံခဲ့ဖူးတဲ့ လူနှစ်ဦး သုံးဦးနဲ့ ဆုံခဲ့ရပြီးပြီ။

တစ်ယောက်က အစ်ကိုကံဆိုင်ကြီး။

နောက်တစ်ယောက်က ရသေ့ကြီးဦးကျိုင်းထော်။



www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၂၀၀၀)ပြည့်နှစ်မှာ ကျွန်တော် ရသေ့ကြီးဦးကျိုင်းထော်(ခေါ်) သူဌေးဦးကျိုင်းထော်အိမ်ကိုရောက်သွားခဲ့တယ်။ အချို့က သူ့မှန်ပုဟင်းခါးဆိုင်တွေရဲ့ အမည်ကိုစွဲပြီး သူဌေးဦးတမ်းတလို့လည်း ခေါ်ကြတယ်ဗျ။

သူဌေးဦးတမ်းတ၊ ကျိုင်းထော်အိမ်ရောက်တော့ သူဌေးကိုမတွေ့ရဘူး။ မမြင်ဘူးတဲ့လူသစ်အမျိုးသမီးကြီးနှစ်ဦးကို တွေ့ရတယ်။

''အစ်မကြီးခင်ဗျ။ ဦးတမ်းတရှိပါသလားခင်ဗျ''

''ဦးကြီးကိုကျိုင်းကို ပြောတာလားရှင့်''

''ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်က ဦးကျိုင်းရဲ့မိတ်ဆွေပါ။ စာရေးဆရာပါ။ ဦးကျိုင်းနဲ့တွေ့ချင်လို့ပါ ခင်ဗျ''

''ဪ ... ဂမ္ဘီရစာရေးဆရာ ဦးမှိုင်းလား''

''ဟုတ်ပါတယ်ခင်ဗျာ''

''ဦးကြီးကျိုင်းထော် မရှိပါဘူး ဆရာ။ ထိုင်ပါဦးဆရာ။ ဆရာ့အတွက် ဦးကြီးကျိုင်းက စာတစ်စောင်ပေးခဲ့တာရှိတယ်။ ကျွန်မသွားယူလိုက်ဦးမယ်''

အသက် (၃၀)ကျော်ခန့် သွက်လက်ချက်ချာတဲ့ မိန်းမချောကြီးက အတွင်းခန်းထဲကို ဝင်သွားတယ်။ ဒါနဲ့ ကျန်တဲ့ အသက် (၄၀) ခန့် အသားဖြူဖြူ တုတ်တုတ်ခိုင်ခိုင် အမျိုးသမီးကြီးကို မေးရတာပေါ့။

''ဦးကျိုင်းက ခရီးထွက်သွားလို့လား အစ်မကြီး''

''ဟုတ်ကဲ့ရှင့် ...''

''ဘယ်အရပ်ကိုသွားတာလဲဟင်။ ဘယ်တော့ပြန်ရောက်မယ်ပြောသွားလဲ ခင်ဗျ''

''အဲဒါတော့ မသိဘူးရှင့်။ ဦးကြီးကျိုင်းက ဘယ်သွားမယ်လည်း မပြောဘူး။ ဘယ်နေ့ပြန်လာမယ်လည်း မပြောဘူး။ သူပြောသွားတာက ဒီအိမ်ခြံကိုစောင့်ရှောက်ကြ။ လုပ်ငန်းတွေလည်း ခါတိုင်းလိုပဲ လုပ်ကိုင်ကြ။ ရတဲ့ငွေထဲက လုပ်အားခယူပြီး ကျန်ငွေကို ဘဏ်မှာစုထားတဲ့''

ဒီမှာပဲ အသက် (၃၀) နှစ်ခန့် အမျိုးသမီးက စာတစ်စောင်ယူလာပြီး ကျွန်တော့်ကိုပေးလို့ အမြန်ပဲ ဖွင့်ဖတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



*တူမောင် စာရေးဆရာ –*

*ငါ့တူက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဖြစ်စဉ်တွေကို စိတ်ဝင်စားသူမို့ ကျုပ်[illegible] စရာရှိတဲ့ ဇာတ်သိမ်းပိုင်းကို ပြောပြပ့ါမယ်။*

*အခု . . . ကျုပ်လက်ဖဝါးပေါ်က အင်းဝိဇ္ဇာဦးစည်တော် လက်ဝါးထပ် [illegible] ပေးခဲ့တဲ့ အင်းစမကွက်မရှိတော့ဘူး။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ (၄) ရက် ကျုပ်[illegible] မနက်မှာ လက်ဝါးပေါ်က အင်းစမတွေပျောက်သွားတယ်။ မိုးလင်းလို့ နေထွက်[illegible] (၈) နာရီခန့်မှာ ကိုရင်လေးတစ်ပါး ကျုပ်အိမ်ကိုကြွလာတယ် စာရေးဆရာ။*

*ထူးခြားတာက ကိုရင်လေးတစ်ကိုယ်လုံးလည်း အင်းတွေ၊ စမတွေ၊ [illegible] စာတန်းတွေပြည့်လို့ပဲ။ ကျုပ်ကိုလာခေါ်တာတဲ့။ အင်းဝိဇ္ဇာဦးစည်တော် ခေါ်ခိုင်း[illegible] ကိစ္စဝိစ္စတွေ ပြီးအောင်ရှင်းခဲ့လို့ပြောတယ်။*

*အခု . . . ကျုပ် ကိုရင်လေး ရှင်အင်းမြိုင်နဲ့ အင်းဝိဇ္ဇာဦးစည်တော်[illegible] လိုက်ပါသွားခဲ့ပါပြီ။ ကံမကုန်ရင် ပြန်ပြီး ကျုပ် . . . ကြုံတွေ့ခဲ့တာတွေကို [illegible] မယ်။ အခု . . . သွားရတဲ့ခရီးဟာ ကျုပ်ဘဝအတွက် အကောင်းဆုံးခရီးတစ်[illegible] ကိုရင်လေးရှင်အင်းမြိုင်က ပြောတယ် စာရေးဆရာ။*

*ဦးတမ်းတ (ခေါ်) ဦးကျိုင်း[illegible]*

ဩော် . . . သူဌေးကြီးဦးတမ်းတ အင်းဝိဇ္ဇာကြီး ကြုံပြောခဲ့တဲ့အတိုင်း [illegible] ပေါ်က စမအင်းပွား ကွယ်ပျောက်သွားခဲ့ပြီကိုး။ ဦးကျိုင်းရဲ့လက်ဝါးပေါ်မှာ [illegible] တစ်ခု ဖြစ်တည်စွဲမြဲနေတာ နှစ်ပေါင်းသုံးဆယ်နီးပါးခန့်ရှိမယ်ဗျာ။

ခုတော့ . . . စမအင်းလည်းပျောက်။

ရှင်အင်းမြိုင် ကိုရင်လည်းရောက်။

သူဌေး ဦးတမ်းတ (ခေါ်) ရသေ့ကြီးဦးကျိုင်း (ခေါ်) ဦးကျိုင်းထော် [illegible] သံနဲ့ ပြည်ကြီးဝင်ပြီနဲ့ တူရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ၂၉

အမေကြီးနန်းဇာတိညိုလည်း ဘယ်ရောက်သွားမှန်းမသိ။ သူ့အိမ်သေးသေးလေးရှိရာကို ကျွန်တော်ရောက်ခဲ့တယ်။ အိမ်ကလေးက နွယ်တွေတောင်တက်လို့။ ချုံတွေ၊ မြက်တွေ၊ အိမ်ရှေ့တောထလို့။

အမေနန်းဇာတိညို ဘယ်ပြောင်းသွားလဲ မေးကြည့်တော့ မည်သူမှ မသိကြ။ ကျွန်တော်ကြုံခဲ့ရတဲ့ ပုဂ္ဂိုလ်တွေသည် ထူးဆန်းအံ့ဖွယ်ပညာရပ်တွေကို ပိုင်ဆိုင်ကျွမ်းကျင်ကြပါသော်လည်း အခြေတကျ နေခွင့်မရကြသလိုပဲဗျာ။

နောက်ဆုံး ကျွန်တော်ကြုံတွေ့ခဲ့ရတာက . . .

အစ်ကိုကံဆိုင်ကြီး . . . ။

သူ့ဘဝကို ကျွန်တော်နှမြောလိုက်တာရယ်ဗျာ။ သူက ကျွန်တော့်ကို ပြောပြတယ်ဗျာ။

တစ်နေ့ . . .



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ပဲ သူ့အဂ္ဂိရတ်ဖိုရုံကို နှစ်အတန်ကြာပျောက်နေတဲ့ အင်းဝိဇ္ဇာကို ရုတ်တရက်ရောက်လာတယ်။ သူရောက်လာတဲ့အချိန်တုန်းက ငါမွဲတေ ဆင်းရဲနေတဲ့ အချိန်ပဲ။

ငါ့ခေါင်းပေါ်မှာ အဂ္ဂိရတ်ဖိုက ပြာမှုန်တွေဖွေးလို့ပေါ့။

''ဟေ့ကောင် ... ကံဆိုင်''

ခေါ်သံကြားလို့ မော့ကြည့်လိုက်တော့ အင်းဝိဇ္ဇာကြီးဖြစ်နေတာ မြင်ရတဲ့ ငါ ဝမ်းသာအားရနဲ့ ထိုင်ကန်တော့လိုက်တယ်။

''မင်းဘဝကို မင်းဖျက်ဆီးခဲ့တာပဲ ကံဆိုင်''

''ကျွန်တော်မှားပါပြီ ဆရာကြီးခင်ဗျား''

''မိုက်တဲ့ကောင်ပဲ။ ကိုယ် ဘယ်အဆင့်ရောက်နေတယ်ဆိုတာ သဘော မပေါက်တဲ့ကောင်။ ငါလိုချင်တဲ့ လူစာရင်းထဲမှာ မင်းမပါတော့ဘူး လူမိုက်။ မင်းကို ပြောချင်တာက ကံကောင်းခြင်းဆိုတာ အမြဲတမ်းမရှိဘူးကံဆိုင်။ ဝိဇ္ဇာလမ်းပေါ်ရောက် ရင် မင်းအစမ်းသပ်ခံရမှာပဲ။ အဲဒီတောင်ကကျော်မှ ငါတို့ရှိရာကို လာလို့ရမှ။ ခုတော့ ... မင်းဘဝ မင်းစီရင်တော့ ...''

အဲဒီလိုပြောပြီး ပျောက်သွားတာ ငါ့ညီရာ ...

ငါကန်တော့တောင်းပန်တာတောင် မရဘူးကွာ။

မင်းလည်း လူညံ့။ ငါလည်း လူမိုက်ပါပဲ ငါ့ညီရာ။

သူနောင်တ အတော်ရနေတယ်ဗျာ။ လွန်ခဲ့တဲ့ကာလတွေက ကျွန်တော့်ကို သူ အင်းဝိဇ္ဇာကြီးအကြောင်း ပြောပြခဲ့တယ်။

သူ အဂ္ဂိရတ်သမား မဖြစ်ခင်အချိန်က အတော်စီးပွားတက်ခဲ့တယ်။ စီးပွား တက်ရုံမကဘူး ရှင်ရော၊ လူရော၊ အရပ်ရော နတ်ရော ရှိသေလေးစားသူ ဖြစ်ခဲ့ရ တယ်။

အခု ... အစ်ကိုကံဆိုင်ရဲ့ ဘဝနေဝင်ချိန်ရောက်နေပြီ။

လွန်ခဲ့တဲ့နှစ်အတန်ကြာက သူ အင်းဝိဇ္ဇာကြီးအကြောင်း ဒီဖိုရုံလေးမှာ ပြော ခဲ့တယ်။ ဒီတုန်းက သူစီးပွားရေး အရမ်းကြီးမဆုတ်ယုတ်သေးဘူး။

အခု ... သူ လူတွေနဲ့ သိပ်စကားမပြောတော့။

တွေ့တဲ့လူကို သူ ဖိုထိုးလို့ရတဲ့ ဓာတ်လုံးရေစိမ်တိုက်ကျွေးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခြားဖိုထိုးဖက် အင်္ဂရိတ်ထိုးဖက်တွေနဲ့လည်း မသင့်မြတ်ဘူးတဲ့။ စကားပြောရင် အစ်ကိုကံဆိုင်ကြီးက သူက ရှင်အဖွဲ့ဂေါဏ ဝင်စားတာ။ သူ့ဓာတ်လုံးနဲ့ ရှင်အဖွဲ့ဓာတ်လုံးနဲ့က ညီအစ်ကိုဆို ဖောက်လာရောတဲ့။

တစ်ချိန်တုန်းက သူ့ဓာတ်လုံးတွေစွမ်းတယ်လို့ သိရတယ်။

အခု ... သူ့ခါးပိုက်ထောင်ထဲမှာ လက်သန်းဖျားခန့်ဓာတ်လုံးကနေ ဂေါ်လီလုံးခန့်ဓာတ်လုံးထိ အများကြီးရှိနေတယ်။

ဆိုက်ကားသမားတွေကို ဓာတ်လုံးရောင်းတယ်။

မြင်းလှည်းမောင်းတဲ့ မြင်းလှည်းဆရာကို ဓာတ်လုံးရောင်းတယ်။ သူ ဘာလို့ ဒီလိုဖြစ်ခဲ့ရတာလဲ။

သူရူးသွားတာလား။ ဟုတ်သေးပါဘူး။ အင်းဝိဇ္ဇာကြီးနဲ့တွေ့ပြီး စမအင်းကျပ်တန်တစ်ရွက်နဲ့ စီပွားတက်လာဥစ္စာ။

အခု ... လွယ်အိတ်ဖောင်းဖောင်းကြီးလွယ်ပြီး ရွာစဉ်အနှံ့လျှောက်သွားတယ်။ ဓာတ်သိတွေက သူ့ကို ဦးဖင်းမောင်ကံလို့ ခေါ်ကြတုန်း။ ဆေးတော်များ ချိုးမြှင့်ပါဦးဟု ယုံယုံကြည်ကြည်တောင်းနေ၊ အားကိုးနေကြဆဲ ...။

သူ ... ကျွန်တော့်ကို ဇာတ်စုံ၊ ဇာတ်ကုန် မပြောခဲ့ဘူးဗျာ။

သူဘာလို့ ဘဝရဲ့ အဆစ်အချိုးတစ်ကွေ့ကို ပြောမပြရတာလဲ။ မပြောရက်လို့လား။ ပြောမထွက်လို့လား။ သူ့ကိုသနားလိုက်တာ။ ခုတော့ ... သိုက်စာတွေပျက်ပြ၊ တဘောင်စာတွေရွတ်ပြ။



www.burmeseclassic.com

www.burmeseclassic.com

# ၃၀

ကျွန်တော် ကပ္ပိယကြီး ဦးကြေးရောင်ထံရောက်သွားတော့ ကပ္ပိယကြီးက [illegible] ဝမ်းသာအားရကြိုဆိုပြီး နေရာပေးတယ်။

"ရှော့ဗျ။ ဒါက ကပ္ပိယကြီးစားဖို့ ခင်ဗျ"

"ဘာတွေတုံး စာရေးဆရာကြီးရ"

"ကပ္ပိယကြီး သွားတွေနဲ့ယှိုင်နေ မဟုတ်လား"

"အေးလေ။ အသက်ကြီးပြီ အိုပြီကိုကွာ"

"အဲဒါ . . . သွားတွေပြန်ခိုင်အောင် တောင်ငူကကွမ်းသီးနဲ့ ကျောက်[illegible] တောင်း ထန်းလျှက် ဝယ်လာတာဗျ။ စားစမ်းပါဗျာ"

"ဟာ . . . မောင်မှိုင်းရာ။ ငါ့ကို သက်တမ်းရှည်ရှည်မနေရအောင် မ,[illegible] ကိုးကွ။ ကျောက်စရစ်ခဲ၊ သကြားလုံး ဝယ်လာပေးရင်ပြီးရောကွာ"

"ဟား ဟား ဟား ဟား ဟား။ ကပ္ပိယကြီးက ကျုပ်ကို ပြန်ရွဲ့နေပြီ ဗျာ။ နောက်တာပါဗျ။ ကပ္ပိယကြီးကို ချစ်လို့နောက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



''ဟော့ဟော့။ တော်ပါမောင်။ တော်ပါ။ မင်းတို့ချစ်တာ ကြောက်လို့ပါကွာ။ ပြောရင်း ကြက်သီးထ,ပါ့ကွာ။ ဟား ဟား ဟား ဟား''

ကပ္ပိယကြီး ဦးကြေးရောင်ကလည်း ခပ်ပျော်ပျော်နေတတ်သူဆိုတော့ ရယ်စရာတွေ ပြန်ပြောတတ်တယ်ဗျ။

သူ့ကိုယ်လုံးက ငါးဆယ်ဝင်အိုးလောက်ရှိတယ်။

ပိတ်ဖြူ ပုဆိုးပေါ်မှာ ကွမ်းသီးလုံးခန့်ချက်ကြီးက စူထွက်လို့။ ချက်ကြီးက ဘာလို့စူနေတာလဲ ကပ္ပိယကြီးလို့မေးတော့ ခါတ်လုံးမြှုပ်ထားလို့တဲ့။

''ရော့ဗျာ။ ဒါက မန်းမရွေး''

''ဒီမှာ ပေပါကွာ။ ကောင်းကောင်းကန်းကန်းလုပ်လို့''

''ဒါက ချောကလက်တောင့်ဗျ''

''ဟင်း ... ချောကလက်များ ကောင်းကောင်းကန်းကန်းလုပ်လို့။ ဒီမှာ နို့စားများမတွေ့စားဖို့ ကောက်ရိုးနဲ့နယ်ကျွေးတာ ချောကလက်ကွ''

''ကပ္ပိယကြီး မဖောက်နဲ့ဗျာ။ ခင်ဗျားမစားချင်ရင် ဘုန်းကြီးကျောင်းသားတွေ မပေးလိုက်''

''နေ ... နေပါကွာ။ စားမှာပါ။ ဝယ်လာတာမနည်းရင် ပြီးတာပဲကွာ။ နေပါဦး။ ငါ့လူစာရေးဆရာ။ မင်းတို့ ဘုန်းကြီးကျောင်းဘက်မလာတာ ကြာပြီပဲကွ။ ငါက မေ့သပြီတောင်မှတ်တာ''

''တောက် ...။ ကပ္ပိယကြီးဗျာ စေတနာပျက်အောင်''

''အေးပါ ... အေးပါ။ မင်းက အသက်ရာကျော်နေချင်မှ ...''

''ဘာဗျ .. ဘာ''

''အဲ ... အဲ ဖြည်းဖြည်းလုပ်ပါကွာ။ လန့်သွားတာပဲ။ စူနေတဲ့ချက်တောင် လန့်ပြီး အထဲဝင်သွားပြီ။ နေပါဦး မင်းကဘာကိစ္စနဲ့ ငါ့ဆီရောက်လာတာလဲ''

ကျွန်တော်က ခပ်တည်တည်လုပ်ပြီးမေးနေတဲ့ ကပ္ပိယကြီးကို ...

''သိချင်တာရှိလို့ဗျာ''

''ငါ့အသက်ကလွဲရင် ကျန် ... ကျန်တာ မေးချင်တာမေး''

''ကပ္ပိယကြီး ကျွန်တော် အစ်ကိုကံဆိုင်ကြီးအကြောင်း သိချင်တယ်ဗျ။ အကိုကံဆိုင်နဲ့ ကပ္ပိယကြီးတို့ အတူနေခဲ့ဖူးတယ်ဆို''



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးဝတ်နဲ့တုန်းကတော့ အတူနေပေါ့ကွာ"

"အခု . . . ကိုကံဆိုင်ကြီးရဲ့အခြေအနေက အတော့်ကိုနွမ်းပါးပြီး ဘယ်လို ပြောရမလဲဗျာ။ ဘာတွေဖြစ်နေမှန်းမသိဘူးဗျ။ အဲဒါ သိချင်တာ"

ဒီမှာ ကပ္ပိယကြီးက . . .

"စာရေးဆရာ ကံဆိုင်အကြောင်း ဘာတွေသိတုံး"

"သူ . . . ပင်လယ်မှာလှေမှောက်ပြီး အသူရယ်ရွာကို ရောက်သွားတယ်။ နောက်ဆုံး အင်းဝိဇ္ဇာလူထူးကြီးကယ်လို့ မသေမပျောက်ပြန်ရောက်လာတယ်။ အင်း ဝိဇ္ဇာပေးတဲ့ စမအင်းကျပ်တန်ကြောင့် စီးပွားဖြစ်လာတယ်။ အဂ္ဂိရတ်ထိုးတယ်။ ဒါပဲ သိတယ်ဗျ"

"ကျန်တဲ့ နောက်ပိုင်းဇာတ်ကို မသိဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် မသိဘူး။ ကျွန်တော် နယ်မှာရောက်နေတော့ ကပ္ပိယကြီးရဲ့ ကိုကံဆိုင်ကြီးတို့နဲ့ ကင်းကွာနေတယ်လေ"

"ကံဆိုင်ရဲ့ နောက်ပိုင်းဇာတ်ကြီး သိချင်တယ်ပေါ့"

"ဟုတ်တယ် သိချင်တယ်"

"ဒါကြောင့် ငါ့ဆီရောက်လာတာပေါ့"

"ဟုတ်ကဲ့"

"ကံဆိုင်အကြောင်း တစ်မြို့လုံးသိကြတာပဲကွာ"

"ဘယ်လိုကြောင့် သိကြတာတုံး"

"နားထောင်"



www.burmeseclassic.com

www.burmeseclassic.com

# ၃၁

''မင်းအစ်ကိုကံဆိုင်ကြီး ပင်လယ်မှာ တံငါလှေလိုက်ရင်း လှေမှောက်တယ်၊ မင်းပြောသလို အသူရကာယ်ရွာကိုရောက်တယ်။ ဒီကိစ္စက မင်းကိုသူပြောပြပြီးပြီ မနော်''

''ပြောပြပြီးပြီဗျ''

''ဒီမှာ သူ ဟိုအင်းကတုံးလူကြီးပေးလိုက်တဲ့ စမအင်းကျပ်တန်လေးက ဘဝကိုစပြောင်းသွားတာပဲ စာရေးဆရာ''

သူ . . . တံငါလှေလိုက်တဲ့အလုပ် မလုပ်တော့ဘူး။

သူ့အဘိုးကို ကုန်ရောင်း၊ ကုန်ဝယ် လုပ်ကျွေးခဲ့တယ်။ စီးပွားလည်းတက်လာတယ်။ သူ့အဘိုး ကွယ်လွန်ပြီးနောက် ကိုကံဆိုင် မြို့ပေါ်ကိုတက်လာပြီး စီးပွားရေးလုပ်ခဲ့တယ်။

အထူးသဖြင့် သံသေတ္တာလုပ်ငန်းနဲ့ အကျိုးပေးပြီး ကြီးပွားလာတာကွ။ လယ်တွေလည်း ဝယ်ထားတယ်။ အိမ်သစ်လည်း ဆောက်ပြီးပြီ၊ လယ်တွေကို ဆရင်းငှားနဲ့ လွှဲပြီးလုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တစ်ကြိမ် လင်းရောင်ခြည် ဘုန်းကြီးကျောင်းမှာ အလှူကြီးတန်းကြီး ပေးတာကွ။ အဲဒါ နှစ်ဆက်တိုက်ပဲ။

တစ်နှစ် သင်္ကြန်မှာ ငါတို့လင်းရောင်ခြည်ကျောင်းတိုက်မှာ သူပဥ္ဇင်းခံတယ် ကွ။ မူလကတော့ သင်္ကြန်တွင်းပဲပေါ့ကွာ။

တစ်နေ့ . . .

ဆွမ်းစားချိန်မှာ ဦးဇင်းကိုကံကိုမတွေ့လို့ ငါလိုက်ရှာတော့ ငါတို့ကျောင်းထိုင် ဆရာတော်ကြီးရဲ့ မယ်တော်ပုံအုတ်ဂူနားမှာ လူတစ်ယောက်နဲ့ စကားပြောနေတာကွ။ ငါကလည်း စပ်စပ်စုစု ဝါသနာပါတော့ မယ်တော်ဂူကိုကွယ်ပြီး နားထောင်တာပေါ့။

ငါ့လူရေ သူနဲ့စကားပြောတဲ့လူကြီးက ကတုံးကြီးနဲ့ဟေ့။ ကတုံးပေါ်မှာ အင်း ကွက်တွေ ပတ်စေ့ထိုးထားလို့ကွ။ အမလေး ကျောကုံးပေါ်မှာ အာဋာဝကဘီလူးရုပ် နဲ့ ခန္ဓာအနှံ့မှာ နေရာလွတ်မကျန် အင်းကွက်တွေချည်းပဲ။

''ဦးဇင်းဖြစ်နေပြီကိုး''

''သင်္ကြန်ငါးရက်ဝတ်လို့ပါ အဘ''

''ဒီမှာ ဦးဇင်းကံဆိုင် သုံးနှစ်တိတိဝတ်ပါ။ သုံးနှစ်ပြည့်ရင် ဆက်ဝတ်ချင် ဝတ်၊ မဝတ်ချင်နေ။ သုံးနှစ်ပြည့်ပြီး နောက်နေ့ရောက်ရင် ဦးဇင်းကို ကောင်လေး တစ်ယောက် ဆင်နဲ့လာကြိုလိမ့်မယ်''

''ဆင်နဲ့လာကြိုမယ် ဟုတ်လားအဘ''

''ဟုတ်တယ်။ ဆင်စီးပြီး လိုက်ခဲ့ပါ''

''ဘယ်လိုလိုက်ရမှာလဲ ဒကာကြီး''

''မမေးနဲ့ဦးဇင်း။ သုံးနှစ်သင်္ကန်းဝတ်နေတုန်းမှာ လာဘ်ရွှင်လိမ့်မယ်။ ကိုယ် ကျိုးမသုံးနဲ့။ သိမ်ကျောင်းဇရပ်ဆောက်ရာမှာ လှူပေး။ အရေးကြီးတာ ဦးဇင်းဘုန်းကံ ကြီးနေတုန်း မိန်းမအဖျက် ဝင်လာလိမ့်မယ်။ အဲဒီအာရုံကို ရှောင်ဖြစ်အောင်ရှောင် ပါ။ ရှောင်နိုင်ခဲ့ရင် နာမည်ကျော် ဆေးဆရာကြီးဘဝနဲ့ လူသတ္တဝါတွေအသက်ကို ကယ်တဲ့ ရေစင်ဆရာကြီးဖြစ်လာလိမ့်မယ်။ ရောက်လေရာက စည်တီးပြီးကြိုလိမ့် မယ်။ အကယ်၍ သုံးနှစ်သင်္ကန်းဝတ်နေတုန်း မ,ဖျက်လို့ပျက်ခဲ့ရင် သုံးနှစ်ခေါ်ပြီး ပြီး အိပ်ရာထဲ လဲလိမ့်မယ်။ သုံးနှစ်ပြည့်မှ ရောဂါပျောက်မယ်။ ရောဂါပျောက်ရင် လူ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုရောက်ပြီလို့မှတ်။ ကျုပ်ပြောတဲ့အတိုင်း သုံးနှစ်ကိုအကောင်းဆုံး ကျော်လွှား နိုင်ခဲ့ရင် ဆင်နဲ့လာကြိုမယ်။ ကျုပ်တို့ ဒေးစွန်ပါတောင်ကနေ မြင်းတွေနဲ့ရုံးပြီး ကြို မနမယ်။ ဟုတ်လား''

''ကောင်းပါပြီ အဘဒကာကြီး။ ဦးဇင်းကြိုးစားပါ့မယ်''

''ရော့ ... ဒါသိဒ္ဓိဝင် စမအင်းပိုက်ဆံပဲ။ ဒုတိယအကြိမ်ပေးတာပါ။ ဦးဇင်း ယုံကြည်တဲ့လူကို ကြီးပွားအောင် ဆောင်ရွက်ပေးပါ။ ဒီစမအင်းကို ငွေဖလားထဲမှာ အခြားကျုပ်တန်နဲ့ရောထားရင် အင်းပိုက်ဆံပွားတယ်။ ပွားရင် ဦးဇင်းဘုန်းကံတက်၊ သိဒ္ဓိမြောက်လာပြီလို့သာမှတ်။ အင်းစမ မပွားရင် သမထကို (၇) ရက်စူးစိုက်လုပ်။ ကျုပ် ... ဦးဇင်းမောင်ကံဆိုင်ကြီးကို ဝိဇ္ဇာမိုရ်ကြီးတွေနဲ့ တွေ့ပေးချင်လို့၊ ဂရုတစိုက် မပွးနေတာပါ။ စည်းမပေါက်စေနဲ့။ သစ္စာကတိ မကျိုးပေါက်စေနဲ့။ အဘသွား တော့မယ်''

''အဘအင်း''

''ဘာလဲ မောင်ပဉ္ဇင်း''

''အဘအင်းနဲ့ တွေ့ချင်ရင်လာဖို့ လိပ်စာပေးခဲ့ပါလား''

''ဟား ဟား ဟား ဟား ဟား။ ဖြစ်ရလေ မောင်ကံဆိုင်ရယ်။ ခုထက်ထိ လိပ်စာတောင်းတုန်းပဲ။ ဒီမှာ မောင်ကံဆိုင်ကြီး လိပ်စာပေးရင် ဝိဇ္ဇာပဂေးလို့မှတ် နဲ့။ ပြိတ္တာဝေးအောင်သာနေ။ သွားပြီ''

အဲဒီလို ဦးဇင်းကံဆိုင်ကို ပြောဆိုမှာကြားပြီး တရွေ့ရွေ့ ထွက်ခွာပျောက် ကွယ်သွားတယ်။

''ဦးဇင်း''

''အလို ... ကပ္ပိယကြီးပါလား''

''ဆွမ်းစားဖို့ပြင်ပြီးပါပြီ။ ဦးဇင်းမတွေ့လို့ လိုက်ရှာတာပါ''

''ဟုတ်လား။ လာ ... လာ သွားကြစို့''

''ဦးဇင်း ...''

''ဘာလဲ ကပ္ပိယကြီး''

''စောစောက ဦးဇင်းနဲ့စကားပြောနေတဲ့လူကြီးက ဘယ်သူတုံး''

''ဗျာ ... ဦးဇင်းနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ကတုံးပေါ်မှာရော၊ ကိုယ်ပေါ်မှာရော အင်းတွေ စမတွေ့ အပြည့်ပဲ။ ကျောကုန်းပေါ်မှာဘီလူး ..."

"လာ ... လာ ကပ္ပိယကြီး။ တော်ကြာ ဦးဇင်းမတွေ့လို့ ဆရာတော်ဆူနေ ဦးမယ်။ လာ ..."

သူ ငါ့မေးခွန်းစကားကို မဖြေဘဲ စကားဖြတ်လို့ ရှေ့ကနေ သုတ်သုတ် ထွက်သွားရောကွ။

ငါ့ကိုတွေ့ရင် သူကျောင်းမှာ ရှောင်ရှောင်နေတယ်။ နောင်တော့ သူမမျက် နိုင်တော့ဘူး။ ငါနဲ့ စကားပြောရတာပဲ။ သူက သုံးနှစ်သင်္ကန်းဝတ်ဖို့ ဆုံးဖြတ်လိုက်တာ ကိုး။

ဒီတော့ နေ့စဉ်တွေ့နေရတော့ မေးရတာပေါ့။

"ဦးဇင်း ..."

"ဘာတုံး ကပ္ပိယကြီး"

"ဘယ်လောက်ကြာကြာ သင်္ကန်းဝတ်မှာတုံး"

"အင်း ..."

"သုံးနှစ်တိတိပေါ့ ဟုတ်လား"

"ဟင် ..."

"ဟင်း ဟင်း ဟင်း ဟင်း။ ဦးဇင်းမပြောပေမင့် ကျုပ် ကပ္ပိယကြီး မြင်လည်း မြင်၊ ကြားလည်းကြားပါတယ် ဦးဇင်းရဲ့။ စိတ်ချပါ။ ဒီလျှို့ဝှက်ချက်အကြောင်းတွေ ကို ကျုပ် ဘယ်သူမှ မပြောပါဘူးဗျာ။ စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com

# ၇၂

ငါ့လူ စာရေးဆရာရေ။ အဲဒီအချိန်က (၁၉၈၈) ခုနှစ် အရေးတော်ပုံကာလ ကွ။ စစ်အုပ်ချုပ်ရေးကာလကွ။ ညမထွက်ရ အမိန့်ထုတ်ထားတယ်။

ထူးတာက။ ဦးဇင်းကံဆိုင်ပဲ။

ရှင်သီလဝိမော်များ အောင်နေလားမသိပေါင်ကွာ။ သူ ဆွမ်းခံကြွလေရာမှာ ဘုန်းကြီးကျောင်းသားနှစ်ဦး ထည့်ပေးရတယ်။ လောင်းကြ၊ လှူကြသလားမမေးနဲ့။ သပိတ်အပြည့်အလျှံပဲ။ နောက်က ကျောင်းသားတွေ ဆွဲအိတ်တွေနဲ့ လောင်းလှူတာကို ထည့်သယ်ရသကွာ။

ဦးဇင်းကံဆိုင်က သူ့ဆွမ်းဒကာတွေကို စမအင်းပါတဲ့ ငွေတစ်ကျပ်စွန့်တယ်။ အဲဒီ စမအင်းငွေတစ်ကျပ် ရသွားသူဟာ ဈေးသည်ဖြစ်ရင်၊ ဈေးရောင်းကောင်းတယ်။ ရုံးဝန်ထမ်းဆို မျက်နှာပွင့်တယ်။

မြင်းလှည်း ဆိုက်ကားသမားတွေရထားရင်၊ ဆွဲရသလား မမေးနဲ့။

နောင်တော့ . . . ဦးဇင်းကံဆိုင် ညနေခင်း ဟိုဟိုဒီဒီကြွရင် လမ်းနံ့ဘေးမှာ ဟန်းစီပြီး ကန်တော့ကြ။ စမအင်းငွေကျပ်တန်ကို မျှော်လင့်ကြတာပေါ့။

နောင်အခါ လူကြည့်ပြီးတော့မှ ချီးမြှင့်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေကွာ။ အရက်သမား၊ ဖဲသမားလက်ထဲရောက်သွားလို့ ဘယ်ဖြစ်မတုံး။ ဦးဇင်းချီးမြှင့်တဲ့ စမလာဘ်ခေါ်အင်းပိုက်ဆံရတဲ့သူတွေ လုပ်ငန်းကိုင်ငန်းကောင်းပြီး စီးပွားရေးဖွံ့လာတော့ ကျေးဇူးရှင်ဦးဇင်းကို လာလှူကြတာ ကျောင်းမှာလှူဘွယ်ပစ္စည်းကို ပြည့်လို့ ...။

ကုလားရော၊ တရုတ်ရော စုံနေတာပဲ။

ငွေစက္ကူများ အထပ်လိုက် လှူကြတာဟေ့။

ဦးဇင်းဝန်းကျင်မှာ ဂုဏ်သရေရှိ ယောက်ျား၊ မိန်းမတွေကို ဝပ်စင်းခယနေကြတာ။ နည်းရော့လား။

ရန်ကုန်တို့ နယ်တို့က ဒကာအလှူရှင်တွေဆို ကားအကောင်းစားတွေနဲ့လာကြ၊ လှူကြ၊ ဦးဇင်းကံဆိုင်ကို ပင့်ကြတာကွ။

စစ်အုပ်ချုပ်ရေးကာလ။ ညမထွက်ရပေမင့် ...။

ဦးဇင်းကံဆိုင် ညဘက် ဂျစ်ကားနဲ့ထွက်ပြီဟေ့ဆို လုံခြုံရေးအဖွဲ့တွေကရှိသေလေးစားစွာ သွားခွင့်ပြုကြတယ်။ စောင့်ရှောက်ပေးကြတယ်ဟေ့။

နဘယ် ဘေးမရှိပေါင်။ ဘုန်းကြီးကံကြီး ဦးဇင်းဟေ့ .. မောင်မှိုင်းရေ။

ဦးဇင်းကံဆိုင်ကို ဦးဇင်းလို့မခေါ်ကြဘူး။

ဘုန်းဘုန်းဘုရားတဲ့။ နောင်ဘုရားတဲ့။ ဘဘုန်းတဲ့။ ဆရာတော်ဘုရားတဲ့။ ကြည်ညိုလေးစားကြတာ။ မယုံနိုင်အောင်ပါပဲကွာ။ ဦးဇင်းကံဆိုင်ကလည်းရတဲ့အလှူငွေကို ဒီကျောင်းကနေ အခြားလိုအပ်တဲ့ ကျောင်းအကုန်လှူတာကွ။

သူများ ခြေလှုပ်ကြွလာရင် လမ်းတစ်လျှောက်မှာ ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမ၊ ဝဲယာထိုင်ပြီး ကန်တော့ကြ၊ လှူကြတာ။

တစ်ခါတစ်ခါ ... ငွေစက္ကူတွေကို ကြဲပစ်ခဲ့တာ။ ဘုရားထီးတင်ပွဲများ၊ ဦးဇင်းကံဆိုင်ရောက်လာရင် ငွေစက္ကူတွေ ဆုပ်ဆုပ်ပြီးကြဲတာများ လေထဲမှာ စင်ရော်ငှက်တွေ အုပ်ဖွဲ့လူးလာပျံနေသလိုပဲ။ ဘာအလှူပွဲဖြစ်ဖြစ် ဦးဇင်းကံဆိုင်ကြွလာရင် မျှော်ကြတာပဲ။ ကလေးတွေကဆို ...

''ဘဘုန်း မုန့်ဖိုးပေးပါ''

''ရော့ ... နှစ်ရာကျပ်''

''နည်းနည်းလေး ဘဘုန်းကလည်း''

''နည်းရင် ... ရော့ ... ငါးရာတန်တစ်ရွက်''



www.burmeseclassic.com

www.burmeseclassic.com



''ဘဘုန်း ... သားကိုရော ...''

''ရော့ ... ငါးရာတန်တစ်ရွက်''

အဲဒါ တောင်းတဲ့ကလေးတိုင်းကို ငါးရာတန်၊ နှစ်ရာတန်ပေးခဲ့တာ။ ကလေးတွေပျော်ရင် သူဝမ်းသာနေတာပဲ ...။

''ကလေးတို့ရေ ...''

''ဘုရား ...''

''ရတနာသုံးပါးကို သိလား''

''သိပါတယ် ဘုရား''

''သိရင် လက်အုပ်ချီပြီးရွတ်ကြပါ''

ကလေးတွေက မတ်တပ်ရပ်ရင်းက လက်အုပ်ချီကြတယ်။ ပြီး ... ပါးစပ်ကနေ သံပြိုင်ရွတ်ကြတယ်။

''ဘုရား ရတနာ''

''ဟုတ်ပြီ ...''

''တရား ရတနာ''

''ဟုတ်တယ်ဗျာ။ ပြီးတော့ ...''

''သံဃာရတနာကို ရတနာမြတ်သုံးပါးဟု ခေါ်ပါသည်''

''လိမ္မာလိုက်တဲ့ကလေးတွေကွယ်။ ဗုဒ္ဓဘာသာအမျိုးကောင်းသားသမီးလေးတွေ ပီသလိုက်တာ။ ကဲ ... ကဲ အားလုံးတန်းစီထားကြ။ ရတနာသုံးပါးကို နားလည်သိရှိ ရွတ်ဆိုရခြင်းကြောင့် သံဃာမ,ပါပြီ။ ရော့ ... ရော့ မုန့်ဖိုးရော့ယူကြ''

တန်းစီနေတဲ့ကလေးတွေကို ငါးရာတန်တစ်ရွက်စီဝေပေးတော့ ကလေးတွေ ဦးဇင်းကံဆိုင်ကို မြေပြင်မှာထိုင်ပြီး ရှိသေစွာကန်တော့ကြတဲ့မြင်ကွင်း မြင်စေချင်တယ်ကွာ။

ငါ့လူရေ .. သူလွယ်ထားတဲ့လွယ်အိတ်က သင်္ကန်းလွယ်အိတ်ပဲ။ လွယ်အိတ်နှုတ်က် ပိုက်ဆံတွေချည်းပဲကွာ။ ငါတို့ကြားဖူးတဲ့ ရာကျော်ဆရာတော်ကြီးရဲ့ ကုဋေသဿ လွယ်အိတ်အတိုင်းပဲ။ နှိုက်တိုင်းငွေပါတယ်။ ငွေပါတိုင်း ကြဲတာပဲမဟုတ်လား။

အချို့က ကုဋေသဿ လွယ်အိတ်များ ဦးဇင်းကံဆိုင်ရထားတယ်လို့ ထင်ကြသကွ။ ဆရာတော်ထံက စမအင်းငွေစက္ကူတစ်ရွက်ရဖို့ ဆရာတော်သွားရာ တကောက်ကောက်လိုက်တဲ့လူ နည်းရော့လား။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးလွန်ခဲ့တဲ့ (၁၉၇၅) ခုနှစ် ဝန်းကျင်တုန်းက ဘိုးဝါယမဆိုတဲ့ ဘိုးတော် ဝိဇ္ဇာတစ်ဦးရှိခဲ့ဖူးသကွ။ ကျောက်ပန်းတောင်းရေငံရွာသားပေါ့။ အရူး အရူးလို့ပြောများက နောင်ပိုင်း အစွမ်းအစတွေရရှိလာတဲ့သူပေါ့။

မိတ္ထီလာတို့၊ ပုပ္ပားတို့က ရှေးလူကြီးတွေ ဘိုးဝါယမဆို သိကြတာများတာ ပေါ့။ သူက ယုံကြည်သူတွေကို မတ်စေ့လေးတွေပေးလေ့ရှိတယ်။ ဘဝမှာ မာမာ မတ်မတ်ရှိအောင်ဆိုတဲ့ နိမိတ်နဲ့ပေးတာ။ တစ်ခါတစ်ရံမှာတော့ ကျောက်ခဲတွေကောက် ပြီး ပေးလေ့ ဝေလေ့ရှိတယ်။

ယုံရင်ဆောင်ကြ၊ မယုံရင် လှောင်ကြကွ။

ယုံရင်ပတ္တမြား၊ မယုံရင် အလကားပဲပေါ့။

နောက်ထပ်တစ်ယောက်ရှိသေးတယ်။ ဦးမိုးဟိန်းတဲ့။ မြစိမ်းတောင် စောင့် တည်ခဲ့တဲ့ ပုဂ္ဂိုလ်ထူးပေါ့။ သူလည်း ထူးခြားတဲ့ မဟိဒ္ဓိပုဂ္ဂိုလ်မို့ တပည့်သားမြေးများ တယ်ကွ။

နို့ဆီဗူးလေးလုံးမျှချက်ထားတဲ့ ထမင်းတစ်အိုးနဲ့ ထီးတင်ပွဲလာသမျှ လူ ပရိသတ်တစ်ထောင်ဦးကို ဝ,အောင်ကျွေးစေခဲ့တဲ့သူဗျ။ ဦးမိုးဟိန်းက လက်ပွ စွမ်းတယ်။ တပည့်သားမြေးတွေကို လက်ဖွဲ့ကြိုးတွေဝေလေ့ရှိတာ သူ့စေတနာပဲ ကွ။

အမယ် . . . ပထမတော့ ဝေချင်လို့ဝေတာပဲ။ ယူထားလိုက်၊ သာမန်အနေနဲ့ ယူတဲ့လူရှိတယ်။ နောင်တော့ ငါ့လူရေ အဖေကြီးမိုးဟိန်းဝေခဲ့တဲ့ လက်ဖွဲ့ကြိုးတစ် ချောင်း ရှေ့ပေးဝယ်ရအောင် တန်ဖိုးကြီးခဲ့ရသတဲ့ကွ။

ပြောချင်တာက သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ကြီးတွေဟာ တစ်ခုခုကိုတော့ ထူးထူးခြားခြားပေးဝေကြတာပဲကွ။

ထိုက်တဲ့သူ ယုံကြည်တဲ့သူ၊ လေးစားတဲ့သူမှာ . . . အကျိုးပေးတာပဲ။ တစ်ခါ အဲဒီသိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ဝိဇ္ဇာလိုင်းကပုဂ္ဂိုလ်တွေအနေနဲ့လည်း အကျင့်သီလ စင်ကြယ် နေသမျှ စေတနာမှန်နေသမျှ သူတို့ရဲ့ပညာပိုင်းဆိုင်ရာက သူတို့ကို သိဒ္ဓိမြောက်အောင် ဖြစ်စေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

# ၃၃

အခု ကြည့်စမ်း ... ရှေးစကားပုံရှိသားကွာ။ ဟိုဒင်းလက် ပတ္တမြားရောက် ဆန်ခြောက်ပြည်နဲ့ လဲစားသတဲ့။ တစ်ခါ ... ဖြစ်ချိန်တန်ရင်ဖြစ်ပြီး၊ ပျက်ချိန်တန်ရင်လည်း ပျက်တာပဲကွ။ နောက်တစ်ချက် ...။

ဘဝမေ့ရင်လည်း ပျက်တာပဲ။

သီလမစင်ကြယ်ရင်လည်း သိဒ္ဓိတွေ၊ ဘုန်းကံတွေပျက်တာပဲ။

ကတိသစ္စာမတည်ရင်ရော သစ္စာစူးတာပဲ။

ဦးဖင်းကံဆိုင်ကြီး ကံဇာတာတက်နေချိန်တုန်းက တိုင်ထိပ်မှာ မကျပဲတင်နေတာ။ လေတိုက်လို့လည်း မကျဘူး။ ကိုင်လှုပ်လို့လည်း ပြုတ်မကျဘူး။ အေး ... သူ့ဘဝ သူဖျက်၊ သူ့သီလ သူဖျက်တော့ လေမတိုက်ပဲ၊ ကိုင်မလှုပ်ပဲ ...။

သိဒ္ဓိတွေပြုတ်ကျ အက်ကွဲလာတယ်။

မဟိဒ္ဓိတွေ ကြွေကျလွင့်စင်သွားခဲ့တယ်။

ဖြစ်ပုံက ဒီလိုကွ ...



www.burmeseclassic.com

www.burmeseclassic.com



တို့ဘိုးတော်ရဲ့ စမအင်းငွေစက္ကူက လာဘ်ခေါ် 'အင်း' အတိုင်းပဲ။ ဦးဇင်းကံဆိုင်ရဲ့ သိဒ္ဓိဝင်လာဘစမအင်းငွေစက္ကူရခဲ့ဖူးသူတွေ ဥစ္စာစီးပွားတိုးလာလို့ ...။

ဘုန်းကြီး လာဘ်လည်းရွှင်တာပေါ့။

ညှော်လည်းများတာပေါ့။ ကျောင်းမှာ လာသမျှညှော်သည် သက်သက်လွတ်နေ့တိုင်းကျွေးရတယ်။ ကျောင်းလည်းစိုပြည်၊ ငါတို့လည်း မပူမပင်ရ။

တို့များက သူသိဒ္ဓိစွမ်းလာလို့ အမည်ပေးကြတယ်။

ဘိုးတော်ကံဆိုင်တဲ့။

ပညတ်သွားရာ ဓာတ်သက်ပါတယ်ကွာ။ သူ့ကို ဘိုးတော်ကံဆိုင်လို့ ခေါ်လာကြတယ်။ ဦးဇင်းကံလို့လည်း ခေါ်ကြတယ်။ ဘဘုန်းလည်းခေါ်ကြတယ်။ သို့သော် ဦးဇင်းကံဆိုင်အသက် ခုမှ (၄၀) စွန်းရုံမျှပဲရှိတယ်။

သူ့မှာ လယ်ရှိတယ်။ ကျွဲ၊ နွားရှိတယ်။ ခြံရှိတယ်။ အိမ်ရှိတယ်။ ဘဏ်မှာ ငွေလုံးငွေရင်းရှိတယ်။ ရွှေထည်ပစ္စည်းရှိတယ်။

ဒါတွေက သူသက်န်းမဝတ်ခင် အင်းဝိဇ္ဇာကြီးနဲ့တွေ့ပြီးချိန်က စလို့ဖြစ်လာတဲ့ စည်းစိမ်ဥစ္စာ။ သူ့ငါ့ကိုပြောပြချက်အရဆိုရင် တံငါလှေမှောက် မုန်တိုင်းမိပြီး အသုရကာယ်ရွာကိုရောက်သွားခဲ့တယ်။ အင်းဝိဇ္ဇာလို့ နောင်သိရမယ့် အင်းကတုံးကြီး လှေကြီးနဲ့ကယ်လို့ သူအသက်ရှင်ရတာ။

ဒီတော့မှ ... အသုရကာယ်ရွာရောက်ခဲ့မှန်း သိတယ်။

အင်းကတုံး (အင်းဝိဇ္ဇာ)ကြီးပေးခဲ့တဲ့ စမအင်းတစ်ချပ် လက်ထဲရောက်ကတည်းကစပြီး ကိုကံဆိုင် လုပ်ငန်းတွေတစ်ခုပြီးတစ်ခု အောင်မြင်ပြီး စီးပွားဖြစ်လို့ ရလာတဲ့ ပစ္စည်းတွေ။

အခု ... ဘိုးတော်ကံဘဝနဲ့ လှူတန်းလို့ရတဲ့ငွေနဲ့ ဝယ်စုထားတာမဟုတ်ဘူး။ သက်န်းဝတ်ဘဝနဲ့ အလှူခံရတဲ့ငွေကို သူက လိုအပ်နေရာတွေမှာ လှူဒါန်းခဲ့တာ။ ဒါ ငါတို့အသိဆုံးပဲ။

ဟော ...။

"တစ်နေ့မှာတော့ ခေတ်ပေါ်ကားတစ်စီးနဲ့ အရွယ်ကောင်း အမျိုးသမီးတစ်ယောက် ကျောင်းကိုရောက်လာတယ်။ မိန်းမက ကိုယ်လုံးကိုယ်ပေါက် တယ်ဖြူးပဲတော့"

"ဘယ်လိုဖြူးတာလဲဗျ။ မုဒုလက္ခဏာပျို့ပါ ရွတ်စမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မင်းကလည်းကွာ။ မောင်မှိုင်းရာ ကပ္ပိယကိုများ မိန်းမအလှ ရွတ်နိုင်းရတယ်လို့ ဖွီ . . . ။ မင်းအဲဒါမျိုးကြားချင်ရင် စာရေးဆရာမင်းကြည်လှိုင်ဆီ သွားကွ။ ဒီကောင်က ရှင်ဥပဂုတ္တအပင့်ရော၊ ရေငန်ပိုင်ဦးရှင်ကြီးတင်တာရော၊ နတ်တွေပင့်တဲ့ လင်္ကာတွေတင်မကဘူး ရှာရှာဖွေဖွေဖွဲ့တာပါ ရွတ်ပြလိမ့်မယ်ကွ"

"မင်းကြည်လှိုင်ကို ကျွန်တော်သိတယ် ကပ္ပိယကြီးရ။ အခု 'လင်နဲ့မယား သေလောက်အောင်ချစ်နည်း'ဆိုတဲ့စာအုပ်ကို ရေးနေတယ်"

"ဟုတ်လား။ သူရေးရင်ဖတ်လို့ကောင်းမှာကွ။ နေပါဦး မင်းကြည်လှိုင်က ဒီအကြောင်းတွေကို ဘယ်လိုသိတာတုံးဟ။ ခါတ်ပုံ သရုပ်ဖော်ပုံတွေပါဦးမယ်နဲ့တူတယ်"

"ဟာဗျာ။ ကပ္ပိယကြီးကတော့ ဘာလဲ ဖတ်ချင်လို့လား"

"ဟုတ်ပါဘူးကွာ။ လက်ဆောင်ဝယ်ပေးချင်လို့ပါကွာ"

ကပ္ပိယကြီးက ပျာပျာသလဲ ငြင်းရှာရဲ့ဗျာ။

"ကပ္ပိယကြီး ကိုမင်းကြည်လှိုင်ရေးမယ့်စာအုပ်ကို ဘယ်သူ့ လက်ဆောင်ပေးချင်လို့လဲဗျ။ လုပ်ပါဦး"

ဒီမှာ သူက မျက်နှာပူပူနဲ့ပြောတယ်။

"ငါ့တူ ဘုန်းကြီးလူထွက် လူပျိုကြီးအတွက်ပါကွာ"

"ဘာလဲ . . . ကပ္ပိယကြီးတူက လူထွက်ပြီး မိန်းမယူတော့မလို့လား"

"မသေတော့၊ မသေချာသေးပါဘူးကွာ။ ယူမယ်လို့တော့ အိပ်ရင်းနဲ့တောင် ယောင်ယောင်ပြောနေတာကြောင့်ပါ"

"နေပါဦး ကပ္ပိယကြီးတူက ဘယ်သူတုံး"

"မောင်ထွန်းတင်တဲ့ကွာ။ ဇလွန်ဈေးကြီးရှေ့ကကွ"

"ဩော် . . . မှတ်မိပြီ။ အသားဖြူဖြူ ဝဝတုတ်တုတ် မိန်းကလေးတွေရှေ့ ဖြတ်လျှောက်ရင် မကြာခဏချော်လဲတဲ့လူကို ပြောတာမဟုတ်လား"

"အေးပေါ့။ ငမှိုင်း မင်းသိနေတာပဲကိုး။ ငါ့အစ်မ မဟ္ဘာစိန်ကမွေးတဲ့ သားအကြီးကောင်ပေါ့ကွာ။ အခု အသက်(၄၀) နားကပ်နေပြီ။ ရူးပေါ်ပေါ်ကြီးကွ။ သူ့အမေ ငါ့အစ်မကလည်း သူ့သားကို မိန်းမယူစေချင်တာ။ တစ်ခါကလည်း ဟင်္သာတမြို့နယ်က ပဲကုန်သည်ကိုကျင်ဝှက်ရဲ့ သမီးအကြီးမ အဲ . . . အဲ နာမည်က ဘာတဲ့။ အဲ . . . အဲ



www.burmeseclassic.com

www.burmeseclassic.com



မခင်မွှန်းတည့်တဲ့။ ငါ့တူနဲ့ နှစ်ဖက်မိဘများသဘောတူလို့ လူငယ်ချင်းရင်းနှီးတော့ မောင်ထွန်းတင်နဲ့ ကောင်မလေး နှစ်ယောက်ထဲ ပေးတွေ့ကြတာပေါ့။ ငါ့တူ ထွန်းတင် ရယ်ကွာ။ ချစ်ကြောင်း ကြိုက်ကြောင်း တစ်လုံးမှမပြောဘူး မောင်မှိုင်းရာ''

''ကပ္ပိယကြီး ...''

''ဟေ ...''

''ခင်ဗျားတူက ကောင်မလေးကို စကားမပြောဘဲ ဘာတွေလုပ်သတုံးဗျ။ ကောင်းခန်းရောက်နေပြီ။ ပြောပါဗျ ...''

''ထွန်းတင်ကွာ။ ရည်းစားစကား ရေလာမြောင်းပေးမပြောဘဲ ကောင်မလေး ရှေ့ထားပြီး သူနှာခေါင်းထဲက နှပ်ချီးဖတ်တွေကို လက်နဲ့နှိုက်ကော်ပြီး နှပ်ချီးလုံးလေး တွေ လုံးနေသကွာ။ တောက် ...''

''အမလေး အေ့ ဝေါ့ ... ဝေါ့''

''တောက် ... ငါတို့ဇလွန်သားမျိုးရိုးထဲက ဒီလို အူကြောင်ငတုံး။ ဒီတစ် ကောင်ပဲ ပါပေလို့သာပေါ့။ နှစ်ယောက်ပါရင် ဇလွန်ဟာသံ့ာတ ဘယ်လိုလုပ်မျက်နှာ ပြရမှာတုံး။ မောင်မှိုင်းရ ... ဟင်''

''ကပ် ... ကပ်ပိယကြီး ဟို ... ဟို ကောင်မလး၊ မ ... မ ခင်မွှန်းတည့် နဲ့ရော ... ညား ... ညား''

''ဗွီ ... ဘယ်လိုလုပ်ညားရမှာတုံးဟ စာရေးဆရာဖွတ်ကျားရ။ ဒီလိုကျွဲ နှပ်ချီးနှိုက်ပြီးလုံးနေတဲ့ ယောကျ်ားနဲ့ညားရင် သူလည်း နှပ်ချီးလုံးနဲ့ ထမင်းစားရမှာ ရွံ့ပြီး နှုတ်တောင်မဆက်ဘူး။ ပြေးရောကွာ။ ကောင်မလေး ချောချောလှလှလေးကွာ။ ဒါကြောင့်ပြောတာပေါ့ ငါ့လူရာ။ မင်းသူငယ်ချင်း စာရေးဆရာ မင်းကြည်လှိုင်ရဲ့ 'လက် နဲ့မယား သေလောက်အောင်ချစ်နည်း' စာအုပ်ထွက်ရင် ငါ့ကိုဝယ်ပေးလို့ ပြောရ တာ။ ဟိုကောင်ငါ့တူ ဘုန်းကြီးလူထွက် ဖတ်ဖို့ကွ။ ဖတ်ဖို့ ...''

ကပ္ပိယကြီးက သူ့တူကို အတော်ချစ်ပုံရတယ်ဗျာ။

''ကဲ ... ကဲ။ သိပ်ဆန္ဒမစောပါနဲ့ဗျာ။ ကျွန်တော်ဝယ်ပြီးပေးပါ့မယ် ဟုတ် လား။ ကဲ ... စောစောက ကားအကောင်းစားနဲ့လာတဲ့ မိန်းမချောလေးကိစ္စ ဆော် ဦးဗျ''



www.burmeseclassic.com

www.burmeseclassic.com

# ၃၄

"အမျိုးသမီးနာမည်က ... သီတာအေးမြတဲ့"

"နာမည်က အမိုက်စားပဲဗျ"

"လူက ပိုမိုက် ... အဲလေ။ ဘွာ .. ဘွာ။ လူကလည်း ချောမှချောကွ။ အသက်က (၃၀) ဝန်းကျင်ခန့်ရှိမယ်။ ဝတ်ပုံစားပုံကလည်း ခေတ်မီစတိုင်ပဲ။

သူလာရင် ငါတို့ဦးဇင်းကံဆိုင်ကြီးအတွက် မုန့်ပုံးတွေ သုံးလေးပုံးပါတယ်။ ပန်းသီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ စပျစ်သီး၊ အစုံဝယ်လာတာ။ ကိုယ်တိုင် ဘုရားပန်းလဲပြီး ဆွမ်းပွဲ သစ်သီးပွဲပြင်တာ။

ငါတို့ဦးဇင်းကလည်း အဲလိုလုပ်ပေးတာ သဘောကျတယ်။

မိန်းမက စကားပြောရင်၊ မျက်စနဲ့ မျက်နှနဲ့ကွ။ ဦးဇင်းကံဆိုင် ဆွမ်းစားရင် အနီးမှာ ယပ်တောင်တစ်ချောင်းနဲ့ ကုသိုလ်ယူနေတာ။ မသီတာအေးမြပဲ ...။

အပြုံးကလည်း မင်းတို့စာရေးဆရာတွေ ဖွဲ့သလိုပေါ့ကွာ။

နှင်းရည်ဖျန်းပက်ထားသလိုပဲပေါ့။ အဟတ် ...။

ဦးဇင်းသက်န်းတွေ လျှော်ဖွပ်ပေးတယ်။ မီးပူတိုက်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မအေးမြ အဲလိုမလုပ်ပါနဲ့။ ထိုင်နေပါ ဒကာမ"

"ကုသိုလ်ချင်လို့ပါ ဦးဇင်းရဲ့"

"ကဲ ... သဘောပါဗျာ"

ဘေးကမြင်ရတဲ့ ဦးဇင်းတွေတောင် နှာခေါင်းရှုံ့လာကြတယ်။ တော်ကြာ ဆွမ်းစားဆိုပြီး ကားအကောင်းစား (ပါဂျဲဒိုး)နဲ့ ရန်ကုန်အိမ် ပင့်သွားပြန်ပြီ။

တော်နေကြာ အဒေါ်အိမ်က ဦးဇင်းကိုဆွမ်းကပ်ချင်လို့ဆိုပြီး လာပင့်ရပြန် ပြီ။ တော်ကြာ ဦးဇင်းဘုဉ်ပေးဖို့ဆိုပြီး အိုဗာတင်း စတုမဓု၊ အင်္ဂလိပ်အားဆေးတွေ ဝယ်လာတယ်။

ဒါကြောင့် ... ငါက ဦးဇင်းကိုသတိပေးရတယ်။

"ဦးဇင်းကံ ..."

"ပြော ... ကပ္ပိယကြီး ဘာအလိုရှိတုံး"

"ဦးဇင်းကံကို မေးစရာရှိလို့ပါ ဘုရား"

"မေး ..."

"ဟို ... ဦးဇင်းကံဆီ မကြာခဏလာနေတဲ့ ကလေးမလေးက ဘယ်ကတုံး ဦးဇင်းကံ"

"သြော် ... ဒကာမ မအေးမြကိုပြောတာလား ကပ္ပိယကြီး"

"မှန်ပါ့ဘုရား"

"ရန်ကုန် .. မင်္ဂလာဒုံမှာ မအေးမြတို့ကနေတယ်။ သူတို့ ခုနေတဲ့တိုက်က သူ့ မွေးစားအမေတိုက်မှာနေတာ။ ဆွေကြီးမျိုးကြီးထဲကပါ ကပ္ပိယကြီး"

"ဦးဇင်း သတိတော့ထားနော်"

"ဘာဖြစ်လို့တုံး"

ဦးဇင်းကံဆိုင်က ငါပြောစကားကြောင့် မျက်လုံးကျယ်ပြီး မေးရောကွ။ ငါက လည်း ကိုယ်နဲ့မဆိုင်တာ ဝင်ပါတာမဟုတ်ဘူး စာရေးဆရာ။ ဘုန်းကံမြင့်လာပြီ။ ငွေ ရှိသေး၊ ရှင်ရှိသေး၊ အရပ်ရော၊ မြို့ရော၊ နယ်ရော လေးစားနေတဲ့ အောင်မြင်မှုတဝ ယိမ်း ယိုင်သွားမှာစိုးလို့ မနေနိုင် မထိုင်နိုင် ဝင်ပြောရတာ။ ငါ တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူးလို့ ပြောနေတာ"

"ဘယ်လိုကြုံတာတုံး ကပ္ပိယကြီးရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးလွန်ခဲ့တဲ့ ငါးနှစ်တုန်းက သူဌေးသား၊ ပညာတတ်တစ်ဦး ဒီကျောင်းကိုရောက်လာတယ်။ ဖဲရိုက်တယ်၊ အရက်သောက်တယ်၊ ဒီလိုနဲ့ သူချစ်ရတဲ့ ကောင်မလေးတစ်ဦးတွေ့ရော၊ မကောင်းမှုတွေ အကုန်စွန့်လိုက်ပြီး သူ့ချစ်သူနဲ့လက်ထပ်ဖို့ အားလုံးသဘောတူစီစဉ်ကြတာပေါ့။ နှစ်ဖက်မိဘ ပိုက်ဆံရှိတော့ မင်္ဂလာဆောင်ကို ခမ်းခမ်းနားနား ခန်းမမှာဆောင်ဖို့ လုပ်နေပြီ။

နက်ဖြန် မင်္ဂလာဆောင်။

သတို့သမီးကောင်မလေးက သုံးခွမြို့နယ်ကနေ မင်္ဂလာပွဲ အချိန်မီပြင်ဆင်ပြီး ရောက်လာမှာ။

ဖြစ်ချင်တော့ သတို့သမီးဝတ်စုံနဲ့ အပြီးပြင်ဆင်လာတဲ့ မိန်းကလေးကားက ဘရိတ်ပေါက်ပြီး သစ်ပင်ဝင်တိုက်မိတာ။

သတို့သမီးနဲ့ ဒရိုင်ဘာ ပွဲချင်းပြီးသေသွားတယ်။

သတို့သားလည်း၊ ရူးလောက်အောင်ဖြစ်ပြီး မင်္ဂလာခန်းမကနေ ဆေးရုံကိုအော်ပြေးတာပေါ့။ တိုတိုပြောရင် ကောင်လေး ချစ်သူစိတ်နဲ့ အရက်ပြန်သောက်တယ်။ လမ်းပေါ်မှာ လဲအောင်သောက်တာကွ။

သို့သော် ... အမြင်မှန်ရတော့ သူရဟန်းဝတ်လိုက်တယ်။

အရက်လုံးဝပြတ်သွားတယ်။

လူတိုင်းက အရက်သမား ဦးဇင်းလေးကို ဂုဏ်ယူကြတာပေါ့။ သနားကြတာပေါ့။ အဲဒါ (၁၀) နှစ်တိုင်တိုင် ယုံကြည်လေးစားရအောင် ဖြစ်ပြီးမှ ...

ကွာ ... နမြောဖို့ကောင်းလိုက်တာနယ်။

ပွဲတိုင်း သာမှုနာမှုတိုင်း၊ ကျောင်းထိုင်ဆရာတော်နောက်က ပူးတွဲပါဝင်လေ့ရှိတဲ့ ဦးဇင်းလေး။

မ,ဝင်ဖျက်တော့ ပျက်ရောကွာ။

သူ ... အဲဒီဒကာမကို လူထွက်ပြီးယူလိုက်တယ်။

စီပွားရေးမလုပ်ဘဲ အရက်ပြန်သောက်တယ်။ ဒီလိုနဲ့ မယားနဲ့ကွဲပြီး သူလည်း အရက်သမားဘဝနဲ့ လမ်းဘေးမှာသေသွားတယ်။

တော်လာ၊ ကျော်လာရင် အဖျက်ကဝင်တာပဲကွ။

ဒါကိုမြင်လို့ တိုးတိုး သတိပေးရတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဇင်းကံ ဦးဇင်း ဒီဘဝ၊ ဒီအခြေအနေ ဘယ်လိုရောက်လာတာလဲ သိတယ် နော် ဦးဇင်း"

"သိပါတယ် ကပ္ပိယကြီး"

"သုံးနှစ်ပြည့်ပလား"

"ဗျာ ..."

ငါက သူ့အင်းဝိဇ္ဇာကြီးထံမှာ သုံးနှစ်သက်န်းဝတ်ပြီးမှ လူထွက်မယ်လို့ ကတိ ပေးထားတာ။ ဒါကို အစ,ဖော်ပေးလိုက်တော့ သူအံ့ဩနေတယ်။

"ကပ္ပိယကြီး"

"ဘုရား ..."

"ကပ္ပိယကြီး သိနေတယ်လား"

"သိတာကြာပါပြီ ကိုယ်တော်"

"အင်းပါ ... အင်းပါ။ ကျုပ်ကတိထားခဲ့တဲ့အတိုင်း သုံးနှစ်တိတိ ရဟန်း ဘဝနဲ့နေမှာပါ"

"အခု ဘယ်နနှစ်ရှိပတုံး ကိုယ်တော်"

"နှစ်နှစ်ကျော်သွားပြီဗျ"

"သတိထားပါ ကိုယ်တော်။ ကိုယ်တော့်ရဲ့ဘဝသည် ရန်သူ၊ မလိုသူကြောင့် မတိမ်းပါးနိုင်ဘူး။ သို့သော် ..."

"သို့သော် ဘာဖြစ်တုံး ကပ္ပိယကြီးရဲ့။ ပြောပါ"

"ဣတ္ထိယလို့ခေါ်တဲ့ မိန်းမကြောင့် အထူးသဖြင့် ကိုယ်တော့်လို ငယ်ရွယ် ချမ်းသာတဲ့ ရဟန်းငယ်မျိုး ယိမ်းယိုင်လဲကျသွားနိုင်တယ်။ သတိထားပါ ဘုရား။ ကိုယ့်ကို တူသားရဟန်းလို သဘောထားပြီး အမှန်းခံပြောရတာပါ ဘုရား"

"ကျေးဇူးပါပဲ ကပ္ပိယကြီးရယ်။ ဦးဇင်းသဘောပေါက်ပါပြီဗျာ။ မစိုးရိမ်ပါနဲ့ နော ..."



www.burmeseclassic.com

www.burmeseclassic.com

# ၃၅

တစ်ညမှာတော့ ဦးဖင်းကံဆိုင်နေတဲ့ တစ်ပါးကျောင်းကနေ ညည်းညူသံကြားရတယ်။ ပြီး . . . အော့အန်သံလည်း ကြားရတယ်။

"အား . . . ဟူး"

"အော့ . . . ဝေါ့။ အော့ဝေါ့ . . . အား ကျွတ်ကျွတ်ကျွတ်"

မီးရောင်လည်းမမြင်ရ။ ဦဖင်းကံဆိုင် ဘာများဖြစ်လို့ပါလိမ့်။ ဖျားလို့လား။ အောင့်လို့လား။ ငါ အပြေးရောက်ပြီး တံခါးကိုခေါက်လိုက်တော့ တံခါးပွင့်သွားတယ်။

"ဦးဖင်းကံ . . . ဦးဖင်းကံ"

"အော့ . . . အော့ . . . ဝေါ့ . . . အား"

ငါမီးခလုတ်ကိုဖွင့်လိုက်ရော မြင်ရချက်က စိတ်မချမ်းသာစရာပါကွာ။ ကြမ်းခင်းပေါ်မှာအန်ထားတဲ့ သွေးတွေပြန့်ကျဲလို့။

ဦးဖင်းကံရဲ့ လက်ခြေမှာလည်း သွေးတွေပေကျံလို့။

"ဦးဖင်း ဘာဖြစ်လို့လဲ ဟင် . . . ဟင်"

"ချောင်း . . . ချောင်း . . . . ဆိုး . . . ဆိုး အော့ . . . ဝေါ့"



www.burmeseclassic.com

www.burmeseclassic.com



ငါထွေးခံထိုးပေးလိုက်တယ်။ ထွေးခံထဲမှာ သွေးတွေရဲတွတ်နေရဲ့။

"အဆုပ်ရောဂါရှိလို့လား"

"မ . . . မရှိဘူး။ အား . . ."

"ခု ဘာဖြစ်တာလဲ။ အစားမှားသွားလို့လား"

"ဟူး . . ."

"ဆေးရုံသွားရင်ကောင်းမယ်နဲ့တူတယ် ဦးဇင်းကံ"

အန်ထားတဲ့သွေးတွေ များနေတယ်။

"မသွားဘူး ရတယ်။ သောက်ရေခပ်ပေး ကပ္ပိယကြီး"

သောက်ရေတစ်ခွက် ခပ်ပေးလိုက်တော့ သောက်ရေခွက်ထဲ လက်ညှိုးရဲ့ ရေကိုမွှေပြီး ခပ်တိုးတိုးရွတ်ဆိုလို့ ရေကိုအကုန်သောက်ချလိုက်တယ်။ သည့်နောက် ကုတင်ပေါ်မှာ လှဲနေလိုက်တယ်။

ဘာမှမပြောဘူး။

ဘာဖြစ်လို့လဲ မပြောဘူး။ နဖူးပေါ်လက်တင်ပြီး တစ်စုံတစ်ရာကို စဉ်းစားနေ သလိုပဲ။ ငါက ရေပတ်အဝတ်စိုနဲ့ သွေးကွက်တွေကို သန့်ရှင်းရေးလုပ်လိုက်တယ်။

သန့်ရှင်းရေးလုပ်ပြီးတော့ ငါကမေးတယ်။

"ဦးဇင်းကံ . . . တပည့်တော် ဘာလုပ်ပေးရမလဲ"

"ရတယ် ကပ္ပိယကြီး။ ပြန်အိပ်တော့"

"မှန်ပါဘုရား။ အကြောင်းရှိရင် ခေါ်ပါဘုရား"

ငါပြန်လာတဲ့အထိ မှိန်းနေတုန်းပဲ။ ငါစဉ်းစားကြည့်တာပေါ့ကွာ။ တစ်ခါမှ ချောင်းဆိုးသံမကြားရပါဘူးကွာ။ ခု ဘယ့်နှယ့်ကြောင့် သွေးအန်ရတာတုံး။

www.burmeseclassic.com

www.burmeseclassic.com

## ၃၆

မိုးလင်း အရုဏ်ဆွမ်းစားပြီးနောက် သူတစ်နေရာကို ဖုန်းဆက်တယ်။ မကြာခင် မသီတာအေးမြရဲ့ ပါဂျဲရိုးကားရောက်လာပြီး ဦးဇင်းကံဆိုင်ကို ခေါ်သွားတယ်။

ဒကာရင်းတွေဆိုတော့ ဆေးရုံဆေးခန်း ပြပေးမလို့နဲ့တူရဲ့။

ညနေစောင်းရောက်မှ ကျောင်းပြန်ရောက်လာတယ်။

နောက်နေ့မိုးလင်းတော့ သိက္ခာချပြီး လူဝတ်လဲလို့ ကျောင်းကနေထွက်သွားတယ်။ သူ့ကို မသီတာအေးမြက ကားနဲ့လာကြိုခေါ်သွားတယ်။ ငါတို့ လုံးဝစိတ်မကောင်းဘူးကွာ။ သူ့ကို ကျောင်းကကိုရင်တွေ၊ ဦးဇင်းကြီးတွေ၊ ဘုန်းကြီးကျောင်းသားတွေကအစ ခင်မင်သံယောဇဉ်ဖြစ်နေကြတာ။

ကိုကံဆိုင် (ဦးဇင်းကံ)ကားပေါ်တက် လက်ပြနှုတ်ဆက်သွားတာကို ကြည့်ပြီး ကိုရင်လေးတွေ မျက်ရည်ဝဲနေကြလေရဲ့။

ဒီကိုရင်လေးတွေကို သူနေ့တိုင်း မုန့်ဖိုးပေးနေကျလေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ . . . သူက တစ်လမ်း၊ ကိုယ်ကတစ်လမ်း . . .၊ နောက်နေ့ တရားပွဲမှာ ကိုကံဆိုင်နဲ့ မသီတာအေးမြတို့ ရုံးတက် လက်မှတ်ထိုးကြတယ်။ ပျော်ပျော်ပါးပါး သွားကြလာကြနဲ့။

သိပ်မကြာဘူးကွ . . .။

တစ်နှစ်တောင်မရှိပါဘူးကွာ။

ကိုကံဆိုင်ကြီး အိမ်ခြံ၊ လယ်၊ ရွှေငွေ အကုန်ပြောင်ရောဟေ့ . . .။

"ဘာဖြစ်လို့လဲဗျ"

"ဟ . . . သူယူတဲ့မိန်းမ၊ သူ့မယားက မိန်းမလည်ကွ။ အပျိုမဟုတ်ဘူး။ အိမ်ထောင်နှစ်ဆက်တဲ့ဗျား။ အမွေရမယ့် သူ့အဒေါ်တိုက်ဆိုတာ ရှိုးတာတဲ့။ ဘာမှ မတော်ဘူး။ အဲဒီအိမ်မှာ အလကားပဲတင်း၊ ပိုင်းလုပ် ပိုင်းစားနေတာ"

"ဘုရားရေ . . . ပါဂျဲဒိုးကားကရော"

"အဲ့ဒါလည်း သူ့ကားမဟုတ်ဘူး။ သူ့သူငယ်ချင်း သူ့လို 'အလည်မ'ရဲ့ကားကို ခဏယူလာတာ။ အမှန်က ပိုင်းလုံးမ။ ခုတော့ . . . ရှိသမျှ စည်းစိမ်ပြောင်ပြီ။ သွေးတွေလည်းအန်နေပြီ။ သူသွေးအန်တော့ တီဘီရောဂါပါဆိုပြီး မပေါင်းနိုင်ဘူးပြောလို့ ကွာရှင်းပေးခဲ့ရတယ်။ မင်းနဲ့တွေ့တဲ့အချိန်က အဂ္ဂိရတ်ထိုးပြီး ဟန်မပျက်၊ ဣန္ဒြေမပျက် လူမြင်ကောင်းအောင် လုပ်နေတာကွ။

ခုတော့ . . . သူ ဒဏ်ထိသွားပြီ။

ဝိဇ္ဇာပိုင်းကပုဂ္ဂိုလ်နဲ့ ကတိကဝတ်စကားတွေကို ဖျက်ခဲ့ပြီ။ အင်းဝိဇ္ဇာကြီး သတိပေးတာကို ဥပေက္ခာပြုပြီး မ,နောက်ကိုလိုက်ပြီး မိုက်ဖက်ပါခဲ့တော့ . . .။

အခု . . . ငမွဲဘဝကိုရောက်သွားပြီ။

ရှုးကြောင်ကြောင်စကားတွေ ပြောနေပြီ။

နေမကောင်းဘူး။ အဘရယ်လို့ပြောရင် ဓာတ်လုံးကိုရေစိမ်တိုက်ရော။ သို့သော် သူစီးပွားမတက် မဖြစ်တော့ပေမဲ့ ဆေးစွမ်းနေတုန်းပဲ။ အဲဒါ သူ့ဓာတ်လုံးက အကျိုးပေးနေတုန်းပဲ။ ဒီဓာတ်လုံးနဲ့ ရွာစဉ် လှည့်လျှောက်သွားနေတာပဲ။

ရွာတွေကလည်း သူ့ကိုခင်ကြတယ်၊ သနားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကံဆိုင် ဘုန်းကံတက်နေချိန်တုန်းက သူ့သိဒ္ဓိဝင်ကျပ်တန်ကြောင့် ကြီးပွားသူတွေက သူ့အခုလိုဘဝရောက်တော့ နည်းနည်းပါးပါး ပေးကမ်းကြတယ်။ အချို့က မျက်နှာလွှဲသွားတယ်။

အချို့ လမ်းမှာတွေ့တာတောင် နှုတ်မဆက်ကြတော့ဘူး။

ငါတို့ကတော့ တို့ကျောင်းရောက်လာရင် ထမင်းစားပြီးမှသွားလို့ပြောရတယ်။ သူ ဘယ်သူ့ထံကမှ ငွေတစ်ရာမချေးခဲ့ဘူး။ နောက်ဆုံးကျန်တဲ့ မြေနဲ့အိမ်ကို ရပ်ကွက်လှူလိုက်တယ်။

စာကြည့်တိုက်ပဲလုပ်လုပ် ...၊

ရပ်ကွက်ရုံးပဲလုပ်လုပ်၊ ဓမ္မာရုံပဲလုပ်လုပ်၊ ကြိုက်သလိုသာလုပ်။ နိဗ္ဗာန ပစ္စယောဟောတု ...။

ဒီကနေ ခြေသလုံးအိမ်တိုင် လျှောက်သွားနေပေမင့် ...။

ကျန်းမာရေးမကောင်းလို့ ဆရာမနိုင်ရောဂါရှိလို့ လာပင့်ရင် သူ့ခါတ်လုံးနဲ့ ဖိပေး၊ ပွတ်ပေး၊ ဆွဲချ၊ သပ်ချ၊ ရေစိမ်တိုက် ...။

အတော်များများပျောက်ကြတယ်။

အဲဒါ ... ငွေနဲ့ကန်တော့ရင် မယူဘူး။

"ချမ်းသာချင်လို့ ဆေးကုနေတာမဟုတ်ဘူးကွ။ သတ္တဝါအသက်ကယ်ချင်လို့ ကုတာ။ သူများတွေချမ်းသာအောင် မောင်ကံ အများကြီး လုပ်ပေးခဲ့ဖူးတယ်။ မင်းတို့သူဌေးတွေ မဆင်းရဲစေနဲ့၊ ဆင်းရဲပြွပြာကျရင် မောင်ကံလိုပဲ လမ်းတွေ့တာတောင် မျက်နှာလွှဲသွားကြလိမ့်မယ်။ အေး ... မင်းတို့ ဆေးဖိုးဝါးခပေးချင်ရင် ကုသိုလ်ရအောင်ပေး။ ငွေတစ်ကျပ်ပဲ။

"အဘ ကျပ်တန်မရှိလို့ပါ။ ငါးထောင်တန်ပဲ ..."

"တော် ...။ ကျပ်တန်ပဲလိုချင်တယ်။ ကျပ်တန်မရှိရင် ကွပြီဟေ့"

လူနာတစ်ယောက်ဆို ခန္ဓာကိုယ်က နှစ်ဆယ့်လေးနာရီ မီးကင်ထားသလို ပူနေတာ။ အရေပြားတွေ ခြောက်နေပြီ။ ဆံပင်တွေမရှိတော့ဘူး။ ရေအိုးကိုပိုက်ပြီး အိပ်ရတယ်။ အင်္ဂလိပ်ဆေး၊ မြန်မာဆေး၊ ဘယ်ဆေးမှ မတိုးဘူး။ ဒီတော့ လမ်းညွှန်ကြလို့ ဆရာကံဆိုင်ကို ရှာကြတယ်။

လိုက်ရှာတော့ ဘယ်မှမတွေ့ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဖိုရုံမှာလည်း မရှိ။ သူ့တပည့်အိမ်တွေမှာလည်း မရှိ။

ဘယ်ရွာများ ဆေးသွားကုသလဲ၊ လူလွှတ်စုံစမ်းကြတာပေါ့။ လူနာက ရောဂါ ပျောက်ချင်နေပြီလေဗျာ။ ဆရာကို မျှော်နေတာ နေ့စဉ်ပဲ။

ဒီလိုနဲ့ ဆရာကံဆိုင်ကြီးကို သွားတွေ့ပါရောဟေ့။

''ဘယ်နေရာက သွားတွေ့တုံးဗျ''

''လှေတစ်စင်းပေါ်မှာ သွားတွေ့တာ''

''လှေပေါ်မှာ သူကဘာလုပ်တာတုံး ကပ္ပိယကြီး''

''သူ ... မွေးဇာတိ တံငါရွာကလှေတဲ့၊ လှေကိုကြိုးဖြုတ်ပြီး လှေပေါ်အိပ် နေတာ၊ ရောက်ချင်ရာရောက်ပေါ့။ လှေက ရေကျနဲ့ မျောပါသွားရောဟေ့။ တော်သေး တာပေါ့။ ပင်လယ်ဝအမျောမှာ ငါးဖမ်းစက်လှေ (တန်ကေး)က ကယ်လိုက်လို့ ပြန်တွေ့ ရတာ၊ ငါးဖမ်းစက်လှေကြီးက ကျွမ်းကျင်သူတွေ လှေကိုဆယ်တော့ သူ့ကို လှေထဲမှာ အိပ်မောကျလျှက်တွေ့တာတဲ့၊ မသေကောင်း မပျောက်ကောင်းကွာ၊ တန်ကေး ငါးဖမ်း စက်လှေက မာလိန်မှူးက ရန်ကုန်အိမ်ကိုဖုန်းဆက်တယ်၊ ခင်ဗျားတို့တွေ့ချင်တဲ့ ဆရာ ကံဆိုင်ကြီး(ခေါ်) ဘုန်းကြီးကံဆိုင်ကို တွေ့ထားပြီတဲ့၊ ရန်ကုန်ခေါ်ခဲ့မယ်လို့ ဖုန်းဆက် လိုက်တယ်''

''မာလိန်မှူးက ဘုန်းကြီးကံဆိုင်ကို သိလို့လား''

''ဒီလိုကွ၊ ငါးဖမ်းစက်လှေပေါ်မှာ ဘုန်းကြီးကံဆိုင်ကိုသိတဲ့ စက်လှေအမှု သားနှစ်ဦးပါတယ်၊ ဘုန်းကြီးကံဆိုင်ဘဝနဲ့ ထင်ရှားနေတုန်းက ဘုန်းကြီးကျောင်းကို ရောက်ဖူးတော့ သိတာပေါ့။ ဒီအကြောင်း မာလိန်မှူးကိုပြောပြတာပေါ့။ မာလိန်မှူးက လည်း အပူကြီးရောဂါဖြစ်နေတဲ့ သူ့အစ်ကိုရောဂါကို ကုပေးချင်လို့ ဆရာကောင်းကို စုံစမ်းနေတုန်း အခန့်သင့်တာနဲ့ သူ့မရီးအိမ်ဖုန်း ပြန်ဆက်တာတဲ့ကွ။

တိုတိုပြောကြပါစို့လေ။

မာလိန်မှူးဦးသောင်းညွှန့်ဦးက ဆရာကံဆိုင်ကို ပင့်ခေါ်သွားတယ်၊ လူနာရှင် မိသားစုနဲ့တွေ့ပေးတယ်။ ဒီတုန်းက ကံဆိုင်မှာ ခါးဝတ်ခါးစား အင်္ကျီ၊ ပုဆိုးအစွမ်းနဲ့ ဖွားဖက်တော် လွယ်အိတ်တစ်လုံးပဲ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၃၇

''ဆရာ့ကို ကျွန်မတို့ အနှံ့လိုက်ရှာတာကြာပြီ ဆရာ''

''တွေ့လား''

''ခုမှပဲ တွေ့တော့တယ်။ ဝမ်းသာလိုက်တာ ဆရာရယ်''

''နင်တို့တွေ့တာမှ မဟုတ်ဘဲ။ မာလိန်မှူးတွေ့တာ ဥစ္စာ။ စကားပြင်ပြောကြ''

''အဲ ... အဲ ...''

အိမ်ရှင်မိသားစု ကြောင်သွားတယ်။ မုတ်ဆိတ်ပါးသိုင်းမွေးဒုတ်တိုနဲ့ အရူးရုပ်ပေါက်နေတဲ့ ဆရာဆိုသူက၊ ဘုကန့်လန့်ဝေါက်ပြော ပြောလိုက်တော့ လန့်သွားကြတယ်။

''အဲ ... အဲ မတ်ကလေးနဲ့တွေ့လို့သာပေါ့ ဆရာရယ်''

''စကားအပိုတွေ မပြောကြနဲ့''

''ဟုတ် ... ဟုတ်''

ပိုက်ဆံချမ်းသာတဲ့ သူဌေးမိသားစုကို ဝေါက်ဟောက်နေတာဘဲ့ကွ။



www.burmeseclassic.com

www.burmeseclassic.com



"လူနာက သူလား"

"ဟုတ်ပါတယ် ဆရာ"

"နာမည်က ဘာတဲ့လဲ"

"ဦးဇော်ဖေမြိုင်လို့ ခေါ်ပါတယ် ဆရာ"

"အဂါ်သားလား"

"ဟုတ် . . . ဟုတ်"

"အဂါ်သား၊ ရာဟုဂြိုဟ်အိမ်ကျနေတာပဲ။ ငါလူနာကို ကြည့်လို့ရမလား"

"ကြည့် . . . ကြည့်ပါဆရာ။ ကြည့်ပါ"

ဆရာကံဆိုင်က အရိုးပေါ်အရေတင် ဆံပင်မရှိ မျက်ကွင်းဟောက်ပက်နဲ့ ပါးစပ်ဟာစိဟာစိလုပ်နေတဲ့ လူနာရဲ့လက်ကို ကိုင်လိုက်ရော ဖျတ်ကနဲ လက်ကိုရုတ်လိုက်တယ်။

"ပူလှချည်လားဟ"

"ဟုတ်ကဲ့ဆရာ။ အမြဲပူနေတာပဲ။ စောင်ခြုံပေးလို့မရဘူး။ ရေပဲလောင်း လောင်းခိုင်းနေတယ် ဆရာ"

"ဒီလိုပူတာ ဘယ်လောက်ကြာပတုံး"

"တစ်နှစ်နဲ့သုံးလ ရှိသွားပြီ ဆရာ"

"ဟေ . . . သူ့ကိုယ်ပေါ် ကြက်ဥဖောက်တင်ရင် ခဏလေးနဲ့ ကျက်သွား နိုင်တယ်"

"ဟုတ်ပါတယ် ဆရာ"

"ဆရာစုံသွားပြီလား"

"စုံသွားပါပြီ ဆရာ။ ဘာဆေးမှမတိုးပါဘူး"

"ဒီလူနာကိုကုဖို့ ငါ့ကိုအပ်မှာလား"

"အပ်ပါတယ် ဆရာ"

"ငါကုမှသေသွားရင် ဘယ်လိုလုပ်မတုံး"

"ကံပေါ့ ဆရာရယ်။ သေနေ့စေ့လို့ သေတယ်ပဲ မှတ်ရမှာပေါ့"

ဒီမှာ ဆရာကံဆိုင်က အင်္ကျီအိတ်ထဲ လက်ကိုင်ပုဝါနဲ့ထုပ်ထားတဲ့ ခတ်ထုပ် ကိုထုတ်ပြီး လူနာရဲ့နဖူးပေါ် ခေါင်းလုံးတင်ထားလိုက်ရော . . .။

www.burmeseclassic.com

www.burmeseclassic.com



ခါတ်လုံးဟာ နီရဲလာပြီး မီးဖုတ်ထားသလိုကို ရဲဝင်းနေရော။

ခါတ်လုံးပေါ်မှာလည်း အခိုးအငွေ့တွေ ဝေ့ဝဲလို့တဲ့။

အနီးရှိလူတောင် အငွေ့ဟပ်လို့ ပူသတဲ့။ လူနာကတော့ မျက်စိစုံမှိတ်ပြီး တဆတ်ဆတ်တုန်နေတယ်။ ဆယ့်ငါးမိနစ်ခန့်ကြာမှ ...။

"ရေဖလားအပြည့် ရေခပ်ခဲ့"

"ဟုတ် ... ဟုတ်ကဲ့ပါရှင် ..."

အိမ်ရှင်အမျိုးသမီးကြီးက ကြေးဖလားနဲ့ရေပြည့်လှခပ်ပြီး ဆရာကံကိုပေးတယ်။ ဆရာကံက ... လူနာနဖူးပေါ်မှာ မီးခဲလိုရဲနေတဲ့ ခါတ်လုံးကို လက်နဲ့ကိုင်ယူပြီး ရေဖလားထဲ ချလိုက်တယ်။

"ရှဲ ..."

"ဟုန်း ..."

"ရှဲ ... ရှဲ ... ရှဲ ... ရှဲ"

"ဟာ ..."

"အို ..."

ရေခွက်ထဲကျသွားတဲ့ခါတ်လုံးက ရဲကနဲမြည်ပြီး အငွေ့တွေ ဟုန်းကနဲ ထ, တောက်ပျံတက်သွားတာကို မြင်တော့ အိမ်သားတွေ အံ့သြကြတာပေါ့။ မီးခဲလိုဖြစ်နေတဲ့ ခါတ်လုံးကို ဆရာကံက လက်နဲ့ကိုင်ပြီး ရေထဲချတာလေကွာ။

"နှမကြီး"

"ရှင် ... ဆရာ"

"လူနာနဲ့ ဘာတော်လဲ"

"ကျွန်မအမျိုးသားပါ ဆရာ။ သူ ... သူ့ အခြေအနေ"

"လူနာ သုံးရက်အိပ်မောကျနေလိမ့်မယ်။ ဒီနေ့ကစလို့ သုံးရက်ပြည့်ပြီး လေးရက်မြောက်မနက်မှာ လူနာရဲ့ကိုယ်ခန္ဓာပေါ်ကို နွားနို့ ခပ်နွေးနွေး ဖြည်းဖြည်းချင်း လောင်းချ၊ ခြေထောက်ကနေ အပေါ်ကိုဆန်ပြီး လောင်းချ။ အဲဒီမှာ လူနာထ,ခုန်လိမ့်မယ်။ မကြောက်နဲ့။ အကယ်၍ လူနာသည်မထ,ဘူး။ မခုန်ဘူးဆိုရင် သေပြီလို့မှတ်၊ နာရေးကိစ္စဆက်လုပ် ... ဒါပဲ။ ငါသွားမယ်"

"ဆရာ နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကံက ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောပြီး ပြန်မလှို့လုပ်ရော ... လူနာရှင်က ငွေစက္ကူတစ်ထုပ်ကို ပန်းကန်ပြားထဲထည့်ပြီး ကန်တော့တယ်။

"နှမ ..."

"ရှင် ..."

"ကျပ်တန်တစ်ရွက်မရှိဘူးလား။ ရှိရင်ပေးစမ်း"

"မရှိဘူးဆရာ။ ကျပ်တန်က ရှားသွားပြီ"

"ငါက ငွေသိန်းထုပ်၊ သောင်းထုပ်၊ မလိုပါဘူး။ ကျပ်တန်တစ်ရွက်ပဲလိုတာ။ ကိုင်း ... သွားပဟေ့"

ဘယ်လိုမှ တားလို့မရဘူး။

ခြေကြွ၊ ဆေးကုခလည်း မယူဘူး။

ဘာမှလည်း မစားဘူး။

"ဆရာ့ကိုတွေ့ချင်ရင် ဘယ်လိုလာရမလဲ ဆရာ။ ဟင် ဟင်"

"လိပ်စာလားဟေ့"

"ဟုတ် ... ဟုတ်ကဲ့ပါရှင်"

"လိပ်စာလိုချင်ရင် ပြိတ္တာတွေဆီမှာ သွားတောင်း"



www.burmeseclassic.com

www.burmeseclassic.com

## ၃၈

သုံးနှစ် အပူကြီးတဲ့ရောဂါနဲ့ အိပ်ရာထဲလဲနေတဲ့ လူနာ ဆရာကံပြောတဲ့ အတိုင်းပါပဲ။ သုံးရက်၊ နေ့ရော ညရော အိပ်နေတယ်။

လူသေကောင်အတိုင်းပဲ။

အချို့က သေပြီမှတ်လို့ ခြေဖျားလက်ဖျားတွေ စမ်းကြည့်တယ်။ အရင်လို မီးခဲလိုမပူတော့ဘူး။ ရေစိမ်ထားသလို အေးစက်နေလို့ စိုးရိမ်သွားကြရော။ တစ်ဦးက သကြီးကို လက်နဲ့စမ်းတယ်။ သကြီးမခုန်ဘူးတဲ့။ နှာခေါင်းကလည်း အသက်ရှူသံမကြား ရ။

"ဟဲ့ စိန်မြချယ်။ ညည်းယောက်ျား အသက်မရှူတော့ဘူးအေ့"

"အိပ်နေတာ မဟုတ်လား"

"သေပြီအေ့ . . . ခြေတွေလက်တွေ အေးစက်နေပြီ။ နှာတိုနေတာရော မြင်လား"

"ဆရာက . . . သုံးရက်အိပ် . . ."

"တော်စမ်းပါအေ။ အရှုးအိမ်ဦးတင် ဆရာလုပ်တယ်လို့၊ ရွှေတွေ၊ ငွေတွေ ပါမသွားတာ ညည်းကံကောင်းတယ်မှတ်အေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မိန်းမလည်း စိတ်ညစ်နေပြီ။

မတ်တော်သူ မာလိန်မှူးက ဒီည (၁၂) နာရီဆို ဆရာပြောသလို သုံးရက်အိပ်တာ စေ့ပြီပဲဗျာ။ ဟိုဘက်ကူးရင် နွားနို့နဲ့သာလောင်းပေါ့။

ဆွေမျိုးတော်သူ မိန်းမကြီးက မျက်စောင်းထိုးပြီးပြောရော ...

''သေနေတဲ့လူ နွားနို့လောင်းမယ် ဟုတ်လား''

''ဆရာခိုင်းထားတာပဲ ကြီးတော်ရ ...''

''ရူးလည်း ရူးကြပါကွယ်။ ဘုန်းကြီးရူးနဲ့ လေ့လူးနဲ့တွေ့တာမျိုးပေါ့။ ကိုယ် ... ငါပြန်မယ်။ ဒီညတော့ အချိန်မရှိတော့ဘူး။ မနက်ကျမှ နာရေးကိစ္စတိုင်ပင်ပြီး စီစဉ်ကြတာပေါ့။ အင်း ဒုက္ခ ဒုက္ခ။ ဘုရား ဘုရား။ အချိန်တန်အိုရ၊ နာရ၊ သေရတာပဲအေ။ ဖြစ်ပြီးရင်ပျက်တာပဲ မြချယ်ရဲ့။ အနိစ္စအမြဲမရှိဘူးတဲ့။ ဟိုဆရာတော်ဟောတာအေ။ ဘယ်သူပါလိမ့် အရေးထဲ ဆရာတော်နာမည်မေ့နေတယ် သွားပဟေ့''

ကလေးတွေရော၊ မတ်တော်မောင်ကရော အမြဲတမ်းဆရာလုပ်တတ်တဲ့ အဖွားကြီး တတ်သိပညာရှင်ကြီးကို နှာခေါင်းရှုံ့ပြကြတယ်။

''ဘယ်လိုလုပ်မတုံး မရီး''

''ငါ ... ဆရာ့ကိုယုံတယ်။ ၁၂ နာရီကျော်ရင် ပြော။ ဟဲ့ မခင်စိန်''

''ရှင် အန်တီ''

''နွားနို့ကြိုပြီးသား အအေးခံထားရဲ့လား''

''နွေး ... နွေးလေး ရပါပြီ အန်တီရှင့်''

''တို့များ နောက်ဆုံးအနေနဲ့ လုပ်ကြည့်ကြတာပေါ့။ ဆရာစုံ လက်လျှော့ထားရပြီးပြီပဲ မတ်ကလေးရယ်။ အစ်မခံနိုင်ရည်ရှိပါတယ်''

ဒီလိုနဲ့ ညဥ့် (၁၂) နာရီထိုးသံ နာရီကမြည်လာတယ်။

ဒေါ်စိန်မြချယ် မတ်တော်သူကိုတစ်ချက်ကြည့်ပြီး မေးဆတ်ပြလိုက်တယ်။ မာလိန်မှူး ဦးသောင်းညွန့်က ခပ်နွေးနွေး နွားနို့ရည်ကို အစ်ကိုလုပ်သူခြေဖမိုးကမနေ စလောင်းလိုက်တယ်။ လူမမာအရိုးပိန်ကတော့ ပါးစပ်ဟ, မျက်လုံးမှိတ်ပြီး စန့်စန့်ကြီး။

သူ့ခန္ဓာကိုယ်ပေါ် ခပ်နွေးနွေးနွားနို့ရည်လောင်းချတာလည်း သိပုံမရဘူး။ တကယ်ပဲ သေပြီနဲ့တူပါရဲ့။ မိသားစုတွေလည်း ရင်တထိတ်ထိတ်နဲ့ ကြည့်နေကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မာလိန်မှူးက နွားနို့ရည်ကို ရင်ပတ်ပေါ်လောင်းပြီးနောက် လည်ပင်းနဲ့ မျက်နှာပေါ်ကို လောင်းချနေတယ်။

အထူးသဖြင့် ခပ်နွေးနွေးနွားနို့တွေကို မျက်နှာပေါ် လက်ကျန်ကုန် လောင်းချလိုက်ရော ပထမ လူနာဦးခေါင်းယမ်းလာတယ်။

''ဟယ် ...''

ပြီး ... မျက်စိဖွင့်လိုက်၊ မှိတ်လိုက် လုပ်တယ်။

ဟော ... ခြေထောက်နှစ်ချောင်း ကွေးလာပြီ၊ လှုပ်လာပြီ။

ဟင် ... လက် ... လက် ညာဘက်ကဖြည်းဖြည်းမြောက်လာပြီ ...

''ဖောင်း ...''

''ဝုန်း ...''

''အမလေး ... သောက်ပလုတ်တုပ်''

''ကျား ...''

''ဝုန်း ...''

ဒေါ်စိန်မြချယ်ရော ကလေးတွေရော ကြောက်လွန်းလို့ တစ်ယောက်ကို တစ်ယောက်ဖက်ပြီး မကြည့်ရဲကြဘူး။

လူနာ ဦးဇော်ဖေမြိုင်ဟာ အံကြိတ်အော်ဟစ်ပြီး သူ့ညာလက်ဝါးနဲ့ ကြမ်းခင်း လျှာထိုးပြင်ကိုရိုက်လိုက်တာ ဖောင်း၊ ဝုန်းမြည်ပြီး ဖုန်တွေ အမှုန်တွေ လွင့်စင်ထ,ကုန်ပါရော။

''အ ... အစ်ကို ... အစ်ကို''

လူမမာ အရိုးပိန်က နွားနို့ရည်ပေကျံနေတဲ့ မျက်နှာနဲ့ မာလိန်မှူးကိုကြည့်လိုက်၊ ကြောက်နေတဲ့မိသားစုကိုကြည့်လိုက် ...။

''အစ်ကို ... ကျွန်တော်ပါ။ သောင်းညွန့်ပါ''

''အစ်ကို ... သတိရပြီ၊ နေကောင်းပြီလားဟင်''

''ငါ ... ငါ''

''ဟုတ်တယ်။ အစ်ကို ခန္ဓာကိုယ်ပူသေးလား ဟင် ဟင်''

''ဟင့်အင်း''

''အို ... ဝမ်းသာလိုက်တာဗျာ''

လူမမာ ပြန်ကောင်းကြီး ဦးဇော်ဖေမြိုင်က ...



www.burmeseclassic.com

www.burmeseclassic.com



"စိန်မြချယ် ..."

"ရှင် ... ကို ... ကိုဇော် ရှင် ... ရှင် နေကောင်းပြီနော်။ နော်။ ဟုတ်လား။ ဟုတ်လား"

"ကောင်းတယ်။ ဟို ... ဟို ဆ ... ရာ ... ရော"

"ရှင် ... ရှင် ဘယ်သူလဲ ဟင် ဟင်"

"ဝှန်း ..."

"အမလေး ..."

"ငါ့ ... ငါ့ကို ဆေးကုတဲ့ဆရာ ... ကို ပြောတာ။ သူ ဘယ်မှာလဲ"

"ပြန်သွားပြီ။ ပြန် ... သွားပါပြီ ကို ... ကိုဇော်ရယ်"

"ဟုတ်တယ်အစ်ကို။ သူ့အစ်ကိုကို ဆေးကိစ္စစီရင်ပေးခဲ့ပြီး ပြန်သွားတာ သုံးရက်ရှိပြီ ..."

ဒီမှာ သေရွာပြန် ငရဲမီးပြန် လူကောင်းတစ်ဖြစ်လဲ ကိုဇော်ဖေမြိုင်က ...

"ငါ ... ရေချိုးမယ်"

"ဟုတ် ... ဟုတ်။ ဟဲ့ ... ခင်စိန် ... ခင်စိန်"

"ရှင် ..."

"နင့် အဘရေချိုးမယ်တဲ့ ဟဲ့ ... ရေနွေးနဲ့စပ်ထားစမ်း"

"ဟုတ် ... ဟုတ်ကဲ့ပါရှင့်"

"မြချယ်"

"ရှင် ... ကိုဇော်ဖေ"

"မောင်သောင်းညွှန့်"

"ခင်ဗျာ အစ်ကို ... ကျွန်တော်ရှိပါတယ် ခင်ဗျ"

"ရေချိုးပြီးရင် ငါ့ကို ဆေးဆရာအိမ်လိုက်ပို့ ..."

"ဗျာ ..."

"အစ်ကို ... သူ့ လိပ်စာပေး ... ပေး မသွား ..."

"သူရှိတဲ့အရပ်ကို လိုက်ရှာရမယ်။ သူက ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်။ သူ့ကို ငါကိုယ်တိုင် ကျေးဇူးဆပ်ရမယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

## ၃၉

သူဌေးဦးဇော်ဖေမြိုင် ဇနီးဒေါ်စိန်မြချယ်၊ မာလိန်မှူးဦးသောင်းညွှန့်တို့ဟာ လင့်ခရူဇာကားနဲ့ ဆရာကံဆိုင်ရှိရာမြို့ကို ရောက်လာပြီး မေးမြန်းစုံစမ်းကြတယ်။

နောက်ဆုံး ငါတို့ ဘုန်းကြီးကျောင်းရောက်လာပြီး ဇာတ်စုံခင်းလို့ သိရတာပဲ။ ငါကလည်း ပြောတယ် . . .။

''ဆရာကံကိုတွေ့ဖို့က မလွယ်ဘူး''

''ဘာဖြစ်လို့လဲ ကပ္ပိယကြီး''

''သူက အတည်တကျမနေဘူး။ ဥဒဟို လျှောက်သွားနေတာ''

''ဆရာ့ကိုတွေ့ချင်တယ် ကပ္ပိယကြီးရယ်။ ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ဖြစ်လို့ပါ။ ကျေးဇူးပြုပြီး စုံစမ်းပေးပါလား ဟင်''

''အခု ဘယ်မှာ ခင်ဗျားတို့တည်းကြလဲ''

''ရွှေမြင်းပျံဟိုတယ်မှာ တည်းနေပါတယ် ခင်ဗျာ''

''ကျုပ် . . . စုံစမ်းကြည့်လိုက်ပါ့မယ်။ ထူးခြားရင် ပြောမယ်''

''ကျွန်တော့် ဖုန်းနံပါတ်ပါ ကပ္ပိယကြီး . . .''



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကျောင်းထိုင်ဆရာတော်နဲ့ ငါ့ကို စားဖွယ်ပစ္စည်း ဝတ္ထုငွေများ ကပ်လှူပေးခဲ့ပြီး ပြန်သွားကြတယ်။

နောက်နေ့ မိုးလင်းတော့ ကိုရင်လေးတစ်ပါး ကျောင်းကိုရောက်လာတယ်။ ကပ္ပိယကြီးနဲ့တွေ့ချင်လို့တဲ့။ ကိုရင်လေးကို ထွက်တွေ့လိုက်ရော ...။

အလို ... ကိုရင်လေးတစ်ကိုယ်လုံးမှာ အင်းစမကွက်တွေ ပြည့်နေတာပါလား။ ခေါင်းတုံးဦးပြည်းပေါ်မှာလည်း အင်းတွေပြည့်လို့ဟေ့။

"ကိုရင်လေးတစ်ကိုယ်လုံး အင်းတွေချည်းပါလား"

" ....."

"ဘယ်သူထိုးပေးတာလဲ ဟင်"

"ကပ္ပိယကြီး ဦးကြေးရောင်နော်"

"ဟုတ်ပါတယ် ကိုရင်။ ဘာကိစ္စရှိလို့ပါလဲ"

"ဒကာကြီးဦးကံဆိုင်က လိုက်ခဲ့ပါဆိုလို့ လာခေါ်တာပါ။ လိုက်ခဲ့ပါ"

"ကိုကံဆိုင် ခု ... ခု ဘယ်မှာလဲ ကိုရင် ဟင် ဟင်"

"ထောင်မလဲရွာမှာ။ သူ နေမကောင်းဘူး။ သူထွက်တော့မယ်လို့ချည်း ပြောတယ်။ ကပ္ပိယကြီးကို တွေ့ချင်တယ်တဲ့ ..."

ဒါနဲ့ သူဌေးဦးဇော်ဖေမြိုင်တို့ကို ဖုန်းဆက်ခေါ်ပြီး သူတို့ကားနဲ့ ထောင်မလဲရွာကို အမြန်လာခဲ့လိုက်တယ်။

ရွာထိပ်ဇရပ်ရောက်တော့ ကိုရင်လေးက ...

"အဲဒီဇရပ်ရှေ့မှာရပ် ဒကာကြီး"

"ကိုရင်မောင်အင်း ... ကပ္ပိယကြီးပါလားဟေ့"

"ပါတယ် ... သူပဲ။ ဆရာကံရော"

"ဇရပ်ပေါ်မှာ လာကြ"

"ဟင် ဆရာကံ ... ရော။ ဟေ့ ... ဆရာကံ။ ဘယ်ရောက်သွားတုံးဟ ..."

ဇရပ်ပေါ်မှာ ဘယ်သူမှ မရှိဘူးကွာ။

အထူးသဖြင့် ဦးဇင်းကံဆိုင် (ခေါ်) ဆရာကံဆိုင်မရှိတော့ဘူး။ ရှိနေတာ ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ ပုတီးတစ်ကုံးနဲ့ သောက်ရေအိုးတစ်လုံးပဲ တွေ့ရတယ်။ ကိုရင်လေးကလည်း ဒကာကြီးမောင်ကံရော မေးနေတယ်။ သို့သော် ဆရာကံ ရုတ်

www.burmeseclassic.com

www.burmeseclassic.com



ချည်း ပျောက်ခြင်းမလှ ပျောက်သွားတာကို ပြောဆိုနေတုန်းမှာပဲ ...။ ငါတို့ရှိနေတဲ့ဇရပ်ရှေ့ကို အငှားကားတစ်စီး ထိုးဆိုက်လာတယ်။ ကားပေါ်ကနေ အလွန်ကို ဝဖီးနေတဲ့ မိန်းမတစ်ဦးကို လူနှစ်ဦးက တွဲခေါ်လာတယ်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ ခင်ဗျာ"

လူကြီးတစ်ဦးက မေးလိုက်တော့ ပါးစုံကြီးတွေ ဖောင်း၊ လည်ပင်းအစ်ဖောင်း၊ ရာဝင်အိုးလို ဝ,ဖီးနေတဲ့ မိန်းမက ...။

"အ ... အစ်ကိုနဲ့ ... တွေ့ ... ချင်လို့ပါ"

"ဘယ်အစ်ကို ပြောတာပါလဲ ခင်ဗျာ"

ငါ့လူရေ ဒီနေ့ကျမှ ဆရာကံဆိုင်ကို တွေ့ချင်သူ ပေါ်များနေပါ့ကွာ။ သတင်းက ဘယ်လိုပျံ့သွားလို့မသိ။ လာလိုက်ကြတာနှယ်။

"အစ်မကြီး ဘယ်အစ်ကိုကို ပြောတာလဲ ခင်ဗျ"

"ဆ ... ဆရာ ကံ ... ဆိုင် ... ကြီး ကိုတွေ့ချင်လို့ ..."

"ဆရာကံမရှိတော့ဘူးဗျ။ ဟို ရန်ကုန်ကလာတဲ့ ဧည့်သည်တွေရော၊ ကပ္ပိယကြီး တွေ့ဖို့လာကြတာပဲ။ ဘယ်ရောက်သွားမှန်းမသိဘူးဗျာ။ အစ်မကြီးက ဆေးကုခံချင်လို့လား"

"မ ... မ ဟုတ်ပါ။ ပါ ... ဘူးရှင့်။ အစ်ကို့ကို အဲ ... အဲ"

"အစ်မကြီးနဲ့ ဆရာကံနဲ့က အသိတွေလား ဟင်"

"ဟုတ် ... ဟုတ်ကဲ့"

"ဆရာကံလာရင် ဘယ်သူလာတယ်လို့ ပြောပေးရမလဲ အစ်မကြီး"

"ဟိုလေ ... ဟို ... အဲ အဲ ..."

"ပြောပါ ဘယ်သူလို့ ..."

"မသီတာအေးမြလို့ ပြောပေးပါရှင်"

"ဟုတ်ကဲ့ပါခင်ဗျ။ ပြောလိုက်ပါ့မယ် ခင်ဗျ"

သူမဝဝကြီးက ကားပေါ်ကိုလူတွဲနဲ့ မနည်းတက်ဝင်ပြီး ကားကိုမောင်းနှင်လိုက်တယ်။ ကားမောင်းရင်းက ငါ့မျက်နှာကို မျက်လုံးစွေပြီး ကြည့်လိုက်တယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... မသိတာအေးမြ ... မသိတာအေးမြ။

ဦးဇင်းကံဆိုင်ကို လူဝတ်လဲအောင်ဆွဲဆောင်ပြီး လူရော၊ ပစ္စည်းရော၊ ဥစ္စာရော ရယူခဲ့တဲ့ မိန်းမ ...။

ဟိုတုန်းက ... ခေတ်ဆန်ဆန်၊ သေးသွယ်နုကြွလှပနုပျိုရုပ်ရည်နဲ့ ..

အခု ... ရာဝင်အိုးလောက် ဝဖီးပြီး မတ်တပ်မရပ်နိုင်ရှာဘူး။ လူတွဲနဲ့ ရပ်ရတယ်။ မျက်လုံးကျဉ်းကျဉ်း နှာခေါင်းသေးသေး ဖြစ်သွားပြီ။ ဦးဇင်းကံဆိုင် ရင်ခုံရတဲ့ အလှအပဆွဲဆောင်မှုတွေ ဘာမှမရှိတော့ဘူး။

သူ ... အခု ဘာလာလုပ်တာလဲ ငါမသိ။

သူ့ ... ပုံစံက ရောဂါသည်ရုပ်မျိုးဖြစ်နေပြီ။

ဒီလိုကြီးမျိုး ဝဖီးနေရင် နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချို သေချာပေါက်ဖြစ်နိုင်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

# ၄၀

း

ကျွန်တော် ကပ္ပိယကြီးဦးကြေးရောင်ဆီက ပြန်လာခဲ့ပြီးနောက် အစ်ကိုကံဆိုင်ကြီးရဲ့ အံ့ဖွယ်ဘဝဇာတ်လမ်းတွေကို ကြားသိခဲ့ရတယ်။

ကျွန်တော်လည်း အစ်ကိုကံဆိုင်ကို ပြန်တွေ့ချင်တယ်ဗျာ။

ကျွန်တော် စာရေးဆရာဆိုတာ သူသိထားတော့ သူ ... ကျွန်တော့်ကို ဘာတွေပြောချင်နေမလဲပေါ့။ အစ်ကိုကံဆိုင်မှာ ဘာအခက်အခဲရှိလဲ။ ရှိရင် ... ကျွန်တော် ကူညီလို့ရတာ ကူညီချင်တယ်လေ။

သူ့ကို တွေ့ချင်သူတွေထဲမှာ ... သုံးနှစ်နီးပါး ကိုယ်ပူရှိန်နေ့တိုင်းတက်နေတဲ့ ကျိန်စာသင့်နေသလို ရောဂါဆန်းခံစားခဲ့ရတဲ့ ဦးဇော်ဖေမြိုင်လည်းပါတယ်။

ဦးဇော်ဖေမြိုင်ရဲ့ ရောဂါကို အစ်ကိုကံဆိုင်က ဓာတ်လုံးနဲ့ စုပ်၊ နွားနို့နဲ့ ဖျန်း၊ ဓာတ်လိုလို နည်းလမ်းနဲ့ ကုပေးခဲ့တာ။

အခု ... ရောဂါပျောက်ပြီ။

ဆရာဘာလုပ်ချင်လဲ၊ ဘုရားတည်ချင်လား၊ ကျောင်းဆောက်ချင်လား၊ နိုင်ငံခြားသွားချင်လား၊ ကမ္ဘာကိုပတ်ချင်လား။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆောင်မှုပေးချင်လွန်းလို့ ရှာနေတာ။

ပြီးတော့ ဒေါ်သီတာအေးမြ။ အစ်ကိုကံဆိုင်ရဲ့ဇနီး။

ခုတော့ ... ပြိတ္တာကြီးလို ကြီးထွားအသားတိုး အဆီအစ် အနေအထားနဲ့ အစ်ကို့ကို အရေးတကြီး လိုက်ရှာနေတယ်။ သူ့ဝေဒနာကို ကုပေးစေချင်လို့လား။ ဒါမှ မဟုတ် တရားပျက်၊ သီလပျက်၊ ရှာန်လျှောအောင်လုပ်ခဲ့ စီးပွားပြုတ်ပြုတ်ပြုန်း အောင် ကာမတဏှာနဲ့ ပြုစားခဲ့တဲ့ သူ့အမှားကို ဝန်ချတောင်းပန်ချင်လို့လား။

ဒါမှမဟုတ် ...။

ငရဲကို အတူသွားဖို့ အဖော်မရှိတာနဲ့ အစ်ကိုကံဆိုင်ကို အဖော်လာခေါ် ဘာလား။ ကျွန်တော် အစ်ကို့ကို သနားလိုက်တာ။

အစ်ကိုကံဆိုင် ဇရပ်ပေါ်ရှိချိန်တုန်းက ဘာလို့ ရုတ်ခြည်းပျောက်သွားတာ လဲ။ အစ်ကိုကိုယ်ပျောက်နေပြီလား။ သိဒ္ဓိပြီးမြောက်နေလို့လား။

ဘာကြောင့် ... ဘာကြောင့် ... ဘာကြောင့် ... ဘာကြောင့်။

ဒီလိုနဲ့ ရက်ကိုလစားခဲ့တယ်။

ကျွန်တော်လည်း ခရီးသွားကိစ္စတွေနဲ့ အိမ်မှာမရှိ။ ခရီးသွားရာက ပြန်ရောက် တော့ ဇနီးလုပ်သူက ...

"မောင့်ကို စာတစ်စောင်လာပေးသွားတယ်"

"ဘယ်နေ့ကပေးတာလဲ မိန်းမ"

"တစ်နေ့က မောင်။ ဒီနေ့ဆို နှစ်ရက်ရှိသွားပြီ"

"စာအုပ်တိုက်က ကိုတင်ထွန်းတို့လားကွ ဟေ"

"ကိုတင်ထွန်း မဟုတ်ဘူး။ ကိုရင်လေးတစ်ပါး"

"ဘာ ... ဘာ ... ဘာပြောတယ်။ ကိုရင်တစ်ပါး ဟုတ်လား။ နေဦး ...။ ဒါလေ ... ကိုရင်လေးပုံစံက ဘယ်လိုပုံစံလဲ မြန်မြန်ပြောစမ်း မိန်းမ"

ကျွန်တော် စာကိုမဖတ်သေးဘဲ အလျင်စလိုမေးလိုက်တယ်။

"ကိုရင်လေးက အင်းတွေနဲ့ ..."

"ဘာ ... ဘာ အင်းတွေနဲ့ ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ကတုံးပေါ်မှာလည်း အင်းတွေထိုးထားတယ်။ ပါးပြင်ပေါ်မှာလည်း ပရဲထိုးထားသလိုပဲ။ အင်းတွေ စမတွေပြည့်လို့။ လက်နှစ်ဖက်ပေါ်မှာတော့ ပါဠိစာတွေရေးထားတာ အများကြီးပဲ ..."

ကျွန်တော် ကိုရင်လေးပေးခဲ့တဲ့စာကို အမြန်ဖောက်ဖတ်လိုက်တယ်။

"မောင်မှိုင်း ...

အစ်ကို ... မင်းကိုတွေ့ချင်တယ်။ အမြန်လာခဲ့။

ပြောပြစရာတွေလည်း ရှိတယ်။ ကပ္ပိယကြီးလည်း ခေါ်ခဲ့ ...။

မင်းလာရမယ့် လိပ်စာက ..."

အစ်ကို ကံဆိုင် ...။

ကျွန်တော် ပါလာတဲ့ပစ္စည်းတွေကို မိန်းမထံအပ်ခဲ့ပြီး ကပ္ပိယကြီးရှိနေတဲ့ (.....) ကျောင်းကို အမြန်ရောက်သွားလိုက်တယ်။ ကပ္ပိယကြီးကို အကျိုးအကြောင်း ပြောပြတော့ သူလည်းလိုက်မယ်လို့ ပြောတယ်။

နှစ်ယောက်သား ကားတစ်စီးငှားပြီး (.....)ကို ဦးတည်သွားခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ၄၁

ကျွန်တော်တို့ (.....)က အိမ်အိုကြီးကို ရောက်သွားတော့ အထဲမှာ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်နေကြတာ မြင်ရတယ်။ ကျွန်တော်နဲ့ ကပ္ပိယကြီး ခြံထဲကို တန်းဝင်ပြီး အိမ်ထဲကို ဝင်မလို့လုပ်တော့ ...။

အဖွားအိုတစ်ဦးက ...

"မြို့ကလူလားကွယ်"

"ဟုတ်ပါတယ် အမေကြီး။ ဒါ ဆရာကံဆိုင်ကြီးနေတဲ့ ..."

"သားနာမည်က ... မောင်မှိုင်းလား"

"ဟုတ်ပါတယ်ခင်ဗျာ။ မောင်မှိုင်းပါ ခင်ဗျာ"

"စာရေးဆရာ ဟုတ်တယ်နော်"

"ဟုတ်ပါတယ် အမေကြီး ကျွန်တော် စာရေးဆရာပါ။ အစ်ကိုကံဆိုင် စာရေးခေါ်လို့ လာခဲ့တာပါ"

ကျွန်တော့်ကို အမေကြီးက သီဝေဝေမျက်လုံးနဲ့ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကံပြောတယ်။ သူ့ညီဝမ်းကွဲစာရေးဆရာ လာလိမ့်မယ်တဲ့။ မျှော်နေတာ နှစ်ရက်ရှိသွားပြီ သားစာရေးဆရာရယ်"

အမေကြီးက ဆို့ဆို့နင့်နင့်လေသံနဲ့ ပြောရှာတယ်ဗျာ။

"အစ်ကိုကံဆိုင်ကို တွေ့ပါရစေ အမေကြီးခင်ဗျာ"

"လာလာ။ အထဲကို ဝင်ပါကွယ်"

ကျွန်တော်နဲ့ ကပ္ပိယကြီးဦးကြေးရောင်တို့ အိမ်ထဲကိုဝင်လိုက်ကြတယ်။ လူတွေ ဝိုင်းနေတာမြင်ရပြီး မလှမ်းမကမ်းမှာတော့ ကိုရင်လေးတစ်ပါး ထိုင်နေတာမြင်ရတယ်။

"ကိုရင် ..."

"ပြော ... အမေကြိုင် ... သူ ဘယ်သူလဲ"

"ကိုရင်စာသွားပေးတဲ့အိမ်က စာရေးဆရာပါ။ ရောက်လာပါပြီ"

ကိုရင်လေးရယ်ဗျာ။ အသက်ကရှိလှ (၁၂-၁၃) နှစ်ခန့်ပဲရှိမယ်။ ကတုံးပေါ်မှာ စမအင်းတွေပြည့်လို့။ ပါးပေါ်မှာလည်း ပါးရဲထိုးထားသလားထင်ရတယ်။ ကျွန်တော့်ဇနီးသည်ပြောတာ မှန်နေတာပဲ။

"ဒကာ ရောက်လာပြီလား။ ကပ္ပိယကြီးလည်း ပါလာတာကိုး"

"မှန်ပါ ကိုရင်။ စာရေးဆရာနဲ့ လိုက်လာတာပါ"

"ကိုရင် ... ဟို ... ဟိုဟာ ဘယ်သူလဲ ဟင်"

ကျွန်တော် ဖျာတစ်ချပ်ပေါ်မှာ စန့်စန့်ကြီးဖြစ်ပြီး မျက်နှာကို လက်ကိုင်ပုဝါဖြူအုပ်ထားတဲ့ လူသေအလောင်းကိုကြည့်ပြီး မေးလိုက်တယ်။

"အဲဒါ ..."

"အဲဒါ ... ဒကာကြီး ဆရာကံဆိုင်ကြီးပဲ ဒကာတို့"

"ဗျာ။ အစ်ကိုကံဆိုင်"

"ဘုရားရေ ... ဒါ ... ဒါ ဦးဇင်းကံ။ အဲလေ ဆရာကံဟုတ်လား"

"ဟုတ်တယ်။ မနက်အရုဏ်တက်ချိန်မှာ ကွယ်လွန်သွားတယ်။ သူ ဒကာစာရေးဆရာကို သတိတရဖြစ်နေတယ်။ တွေ့ချင်တယ်တဲ့။ ငါညီကို ငါကြုံခဲ့ရတဲ့ အဖြစ်သနစ်တွေ ပြောချင်တယ်တဲ့။ ဒီဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေကို ငါ့ညီ စာရေးဆရာရေးမှ အများကသိပြီး ဆောင်ရန်၊ ရှောင်ရန် သိလာကြမယ်။ ကုသိုလ်နဲ့ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခွဲခြားသိလာကြလိမ့်မယ်။ အမှားနဲ့အမှန်လည်း ပိုသိလာကြလိမ့်မယ်တဲ့။ သူ ညတုန်းက တစ်ညလုံး စာရေးဆရာတို့၊ ကပ္ပိယကြီး ဦးကြေးရောင်အကြောင်းတို့ ပြီး သူကြုံတွေ့ခဲ့ရတဲ့ ပုဂ္ဂိုလ်ထူးတစ်ဦးအကြောင်းတို့ကို အားရပါးရပြောပြနေတာ"

"သူ မကျန်းမာဘူးလား"

"တစ်ခါတော့ . . . သွေးတွေအန်တယ်။ အဲဒီတုန်းက ကပ္ပိယကြီးတောင် လာသေးမဟုတ်လား"

ဒီမှာ ကပ္ပိယကြီးက . . .

"ရောက်လည်းရောက်၊ ဆရာကံလည်း ပျောက်သွားတာပဲ ကိုရင်ရဲ့"

"ဒါကတော့ သူ့အကြောင်းနဲ့ သူပေါ့။ သူမတွေ့ချင်တဲ့သူ ရှိလို့နေမှာပေါ့။ ခုဟာက . . . သွေးလည်းမအန်ဘူး။ ရွာတော်တော်များများ သွားလာပြီးပြီ။ ဒီနေ့ တနင်္လာနေ့က သူ့မွေးနေ့တဲ့။ ငါပြန်တော့မယ်လို့ပြောတယ်။ ကိုရင်ကမေးတယ်။ ဒကာကြီး ဘယ်ပြန်မှာလဲလို့ မေးတော့ . . . ဝန်ချတောင်းပန်စရာရှိလို့ ဆင်အိပ်တောင်နဲ့ ဝိဇ္ဇာတောင်ကို သွားတော့မယ်တဲ့။ ကိုရင်ကတော့ ထပ်မမေးတော့ပါဘူး။ သူ့အကြောင်းသိလို့ပါ။ ကျန်လူတွေက မေးနေကြတာ။ ဘယ်လိုမေးမေး သူမဖြေဘူး။ ရော့ . . . ဒါ . . . ဒကာကံပေးခဲ့တဲ့စာ။ ဟောဒီတတ်လုံးလေးက အကယ်၍ ကပ္ပိယကြီးဦးကြေးရောင် လာရောက်ခဲ့ရင် ပေးလိုက်ပါတဲ့။ ရောက်မလာရင် ငါ့အခေါင်းထဲ ထည့်ပေးလိုက်တဲ့"

ကိုရင်က ကျွန်တော့်ကို စာတစ်စောင် . . . ။

ကပ္ပိယကြီးဦးကြေးရောင်ကို လက်သန်းဖျားခန့် ဓာတ်လုံးလေးတစ်လုံးပေးတယ်။ ကပ္ပိယကြီးက ရိုရိုသေသေလှမ်းယူပြီး အစ်ကိုကံဆိုင်ကြီးရဲ့ ရုပ်အလောင်းကိုကြည့်လို့ နှုတ်ခမ်းနှစ်ခု တုန်နေရှာတယ်ဗျာ။

ကျွန်တော် စာအိတ်ကိုဖောက်ပြီး အစ်ကိုကံရေးခဲ့တဲ့ စာကိုဖတ်လိုက်တယ်။

သို့ . . .

*ညီလေးစာရေးဆရာ။*

*ပြောပြချင်တာတွေ အများကြီးရှိလို့ နောက်ဆုံးပြောပြခြင်းအနေနဲ့ ပြောချင်တာကြောင့် ကိုရင်သံကိစ္စကို စာပေးခိုင်းလိုက်ရတာ။ ညီလေးစာရေးဆရာ ဂမ္ဘီရ*



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်ဆန်းကြယ်တွေရေးနေတဲ့သူမို့ ဝိဇ္ဇာကြီးတွေအကြောင်း၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်ထူးတွေအကြောင်း အစ်ကိုကြုံခဲ့တာတွေ ပြောပြချင်ခဲ့တာ။ ခုတော့ .. ပြောဖို့ အချိန်မရတော့ဘူးကွာ။

တစ်ခုပဲပြောခဲ့မယ် ညီလေးရာ။ မင်းရော ငါရော ပုဂ္ဂိုလ်ထူးနဲ့ဆုံခဲ့တာတောင် မင်းက အပြောမတတ်လို့လွဲ ...။ ငါက ကတိသစ္စာမတည်ဖောက်ပြန်လို့ မွဲခဲ့ရ။ ကွဲခဲ့ရတာပေါ့။ မင်္ဂလာသိဒ္ဓိကို အကြွင်းနာရာဂက္ကူတွဲယနဲ့ လဲစားတော့ ဝဲစားဖြစ်ပြီပေါ့။ ဒီဒဏ်ကို ငါ ကျေနပ်စွာ ခံယူလိုက်ပါပြီ ငါ့ညီ။ ဝိဇ္ဇာကိုတွေ့ရင် လိပ်စာ မမေးနဲ့။ ဝိဇ္ဇာဆိုတာ မျက်နှာကိုကျောက်စီပြီးရောက်လာမှ မဟုတ်ဘူး။ လိပ်ပြာလှမှ ဝိဇ္ဇာမမယ်။

ညီလေး။ ကပ္ပိယကြီးကို ငါအတွေ့မခံဖြစ်တာ တောင်းပန်ပါတယ်လို့ ပြောပေးပါ။ ငါမတွေ့ချင်တော့တဲ့သူ ရောက်လာလို့ ငါဖရုပ်ပေါ်ကနေ ရှောင်သွားတာပါလို့ ပြောပါ။

ကပ္ပိယကြီး ကြုံအသိပေးတဲ့ စကားရယ်။ ငါ့ကျေးဇူးရှင် ပုဂ္ဂိုလ်ကြီး သတိပေးတဲ့ စကားသာ နားထောင်ခဲ့ရင် ငါမိုက်မဲတဲ့ဘဝကို ရောက်ခဲ့ရမှာ မဟုတ်ဘူး။

ငါ့ညီ ဝိဇ္ဇာလည်းမရှာနဲ့။ လိပ်စာလည်းမမေးနဲ့။ အဲဒီပုဂ္ဂိုလ်ထူးတွေ မင်းရဲ့ ဝန်းကျင်မှာ ရှိနေတယ်။ ကိုရင်လေးရှင်သံကိစ္စကို လေးစားစွာ ဆက်ဆံပါ ငါ့ညီ။

အနန္တော အနန္တငါးပါးလည်း မပစ်မှားနဲ့။

ဝိဇ္ဇာကြီးတွေလည်း မပြစ်မှားနဲ့။

ဂိုဏ်းတော်ကြီးတွေလည်း မပြစ်မှားနဲ့။

သူတို့သည် သူတို့ပညာပိုင်း ကျင့်စဉ်ပိုင်းနဲ့ ကြုံတုန်း ကြုံခိုက် ဝင်ကူညီစောင့်ရှောက်သွားကြတာ။

သူတို့မှာ အန္တိမ ရည်မှန်းချက်ရှိပြီးသား ညီလေး။

မေတ္တာပို့ပေးပါ ...။

ငါ့ညီကိုစောင့်ရှောက်ပါလိမ့်မယ်။ ငါ့ညီရာ ... အမှန်တော့ မင်းတို့ငါတို့ဟာ ပုဂ္ဂိုလ်ထူးတွေနဲ့ နီးပြီးမှ ဝေးနေကြတာကွ။ စိတ်ကို ပြုပြင်လိုက်ညီလေး။

အစ်ကိုကတော့ အမှားတွေကျူးလွန်မိခဲ့ပြီ။

ခွင့်လွှတ်နိုင်တာလည်း ခွင့်လွှတ်ခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



*အစ်ကို ဒဏ်သွားဖြေရတော့မယ်။*

*ဆရာသခင်တွေက အစ်ကို့ကို ခွင့်လွှတ်ပါ့မလားမသိ။ ဒူးထောက်တောင်း ပန်လို့မှ ရပါ့မလား။*

*အစ်ကို ...*

*ငရဲနဲ့ စရံသပ်ထားတဲ့ ဘဝဆိုးတစ်ခုရှိခဲ့တော့။*

*အစ်ကို ဝိဇ္ဇာတောင်ကို ဝန်ချတောင်းပန်ဖို့လာနေတာကို သူတို့လက်ခံပါ့ မလား။ အင်း ... ခုမှ ကိုယ့်ဘဝကိုယ် ဝမ်းနည်းနေမြောတ,သလိုက်ပါဘိကွယ်။*

*အစ်ကိုကံဆိုင်ကြီး*

ကျွန်တော် အစ်ကိုကံဆိုင်ကြီးရဲ့ ရုပ်အလောင်းကို မျက်ရည်နဲ့ ထိုင်ကန် တော့လိုက်တယ်။

သူ ဝိဇ္ဇာတောင်ကို ခရီးနှင်နေတာ။ ဆင်အိပ်တောင်ကို ရှေးရှုနေ သလား။

ရောက်မှ ရောက်ရဲ့လား။

အင်းဝိဇ္ဇာဦးစည်တော်ကို ဒူးဖက်တောင်းပန်မှာရော အဆင်ပြေရဲ့လား။ မေတ္တာရှင်ပုဂ္ဂိုလ်ကြီးတွေပဲလေ။

အမှားတစ်ခုကို ခွင့်လွှတ်ပြီး ဒဏ်ဖြေပေးလိမ့်မယ်တူပါရဲ့။ အစ်ကိုကံဆိုင်ရေ ရောက်အောင်သွားပါ အစ်ကို။ နောက်ပြန် လုံးဝလှည့်မကြည့်နဲ့။ အစ်ကို့စိတ်ဓာတ်ကို ကျွန်တော် သိပါပြီဗျာ။ သံယောဇဉ်ကို အစ်ကိုဖြတ်နိုင်ခဲ့ပြီပဲ။ တဏှာရာဂကို စွန့်ရဲ ခဲ့ပြီပဲ။

လူသတ္တဝါတွေရဲ့ ဒုက္ခဆင်းရဲကို အစ်ကိုတတ်စွမ်းသမျှ ကူညီကယ်တင်ခဲ့ ပြီပဲဗျာ။

အစ်ကိုစိတ်ကို မလျှော့နဲ့နော်။

အစ်ကို့ ရည်မှန်းချက်ရှိရာကို အစ်ကိုရောက်အောင်သွား။

ကျွန်တော်တို့ ကြိုးစားပြီး လိုက်ခဲ့မယ်။

ကျွန်တော့်ကို မေ့လိုက်။

အသုံးမကျတဲ့ ငမိုက်သားကျွန်တော့်ကို မေ့လိုက်။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးဦးကြေးရောင်ကိုလည်း မေ့လိုက်။

အင်္ဂရုတ်ဖိုရုံလေးကိုလည်း မေ့လိုက်။

အစ်ကို ချစ်ကြင်မြတ်နိုးခဲ့တဲ့ မသီတာအေးမြကို မေ့လိုက်။

ခေါင်းမော့ခဲ့ရတဲ့ ကောင်းကင် က,ကြိုးဘဝကို မေ့လိုက်။

ကျရှုံးခေါင်းငုံ့ခဲ့ရတဲ့ ဘဝအိပ်မက်တွေကို ပြန်မမက်နဲ့။

အစ်ကိုသံယောဇဉ်ကြီးလှတဲ့ တပည့်တွေကို နောက်ဆံမတင်းပါနဲ့။ မေ့လိုက်။ မေ့လိုက်၊ မေ့လိုက်၊ မေ့လိုက်။

ကျွန်တော် အစ်ကို့ကိုကန်တော့ရင်း အစ်ကို ဘဝသစ်သို့ လွတ်လွတ်ကျွတ်ကျွတ်သွားနိုင်အောင် စိတ်ထဲရှိသမျှ စိတ်နဲ့တိုက်တွန်းပြောဆိုနေစဉ်မှာပဲ . . .

"အင့်ဟီး"

ဟင် . . . ကြိတ်ရှိုက် ငိုလိုက်တဲ့ အသံပါလား။

ငိုသံက ခံစားချက်ကို အုံပွင့်အောင် တိုင်းတုန်အောင် ငိုတဲ့အသံမဟုတ်ဘူး။ ခပ်တိုးတိုး၊ ခပ်ငြင်ငြင်သာ၊ ရှိုက်ပြီးငိုတဲ့၊ ကြိတ်ငိုသံ။

ကျွန်တော် . . . ငိုသူကိုသိချင်လို့ ခေါင်းကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်တယ်။

မျက်နှာငုံ့ပြီး ရှိုက်နေတဲ့ အမျိုးသမီးတစ်ဦး။

သူ . . . တိုးညှင်းစွာ ရှိုက်ငိုရင်းက မျက်နှာကိုအသာမော့လိုက်တယ်။ အိုး . . . မျက်ရည်တွေ သူမရဲ့ပါးပြင်မှာ စီးလိမ့်စိုရွှဲလို့ပါလား . . .။

ကျွန်တော် သူမရဲ့မျက်နှာကို ငေးကြည့်နေမိတယ်။

သူမရဲ့ ရင်ဘတ်နှလုံးအိမ်မှာ မာယာတွေသာ ရှင်သန်လူးလွန့်နေတယ်လို့ ထင်မိခဲ့တာ။

ခုတော့ . . . နောက်ဆုံးနောင်တ။ နောက်ဆုံးချစ်ခြင်း၊ နောက်ဆုံးနှုတ်ဆက်ခြင်းတွေနဲ့ သူမ အစ်ကို့အလောင်းကို လက်အုပ်ချီ ကန်တော့လို့ပါလား။

အစ်မ မြသီတာ အေးမြ။

သူမရဲ့ မျက်လုံးအိမ်က တလိမ့်လိမ့်စီးကျလာတဲ့ မျက်ရည်လုံး၊ မျက်ရည်ဥတွေက ငြိမ်သက်နေတဲ့ အစ်ကိုရဲ့ ရင်ဘတ်ပေါ်ကို တစ်ပေါက်ခြင်း စီးကျလို့ . . .။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကံဆိုင်ရေ မျက်ရည်နဲ့ ဖွဲ့သီခြင်းကို အစ်ကိုတမြေ့မြေ့ ခံစားနေရော့လား။ နှလုံးမွေ့နေရော့လား ဟင်။

ပန်းစွယ်တော် ခွာဇလေဝ်ကယ်က။

လှမ်းမယ်နော် – ညာပြာသာဒ်ကိုတဲ့

ဝါတော်မြတ် ဆောက်တည်ကာ ...

မြိုင်သနင်း ကြိုင်သင်းလေးပါလှ၊ ပါလှ ...။

ပန်းစုကာတဲ့ ဆန်းမူရာ ...။

ဆန်းမူရာတဲ့ ပန်းစုကာ ... တဲ့။

ရွှေသီချင်းတစ်ပုဒ်ရဲ့ စာသားတွေကို အစ်ကိုကံ သတိရလားဟင်။

အစ်ကို ... လှည့်မကြည့်နဲ့။ မျက်ရည် မသုတ်နဲ့။ တေးသီပြီး မခေါ်ပါနဲ့။ အစ်ကို့ကို အမုန်းလူကြမ်းကြီး လုပ်ခိုင်းတာ မဟုတ်ပါဘူး အစ်ကို။

အစ်ကို့ကို ...

သူတို့ ...

ဆင်အိပ်တောင်က စောင့်နေကြမှာ။

ဝိဇ္ဇာတောင်က လှမ်းကြိုနေမှာ။

လှည့်မကြည့်နဲ့ ... လှည့်မကြည့်နဲ့ ... နောက်ပြန်မကြည့်နဲ့ ...။

သွားတော့ ... သွားတော့ ... သွားတော့ ...။



မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com